www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

# မင်းလူ

# ရင်ထဲကဆောင်းရာသီ

BURMESE CLASSIC .com



တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# မင်းလူ

# ရင်ထဲက ဆောင်းရာသီ

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ
ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲက ဆောင်းရာသီ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၅၃၀၈၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၃၉၁၀၀၇ တို့ဖြင့်

မျက်နှာဖုံးပန်းချီကို **Aung Kyaw** ရေးဆွဲ၍ ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က တတိယအကြိမ်အဖြစ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ ဒီဇင်ဘာတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် · ကိုမြင့်

ဤဝတ္ထုကို
၁၉၉၉ ခုနှစ်တွင် မင်းလူ ဇာတ်ညွှန်းရေး၍
ဒါရိုက်တာ မောင်ဝဏ္ဏက
လွင်မိုး၊ မြတ်လေး၊ ထွန်းထွန်းဝင်း၊ ရှုပ၊
ထွန်းအိန္ဒြာဗို၊ မြတ်ကေသီအောင်နှင့်
ကလေးသရုပ်ဆောင် အိမ့်ဖြူစိုးတို့ဖြင့်
ရုပ်ရှင်ကားကြီး ရိုက်ကူးခဲ့ရာ
လွင်မိုး၊ မြတ်ကေသီအောင်နှင့်
အိမ့်ဖြူစိုးတို့ အကယ်ဒမီရရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းသာစရာသတင်းနှစ်ခုကို တစ်ပြိုင်တည်း ကြားရသည်။

ထူးခြားချက်ကတော့ ထိုသတင်းနှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်သဘောဆောင်နေကြခြင်းပင် ဖြစ်၏။

ပထမသတင်း။

ခင်ခိုင် နိုင်ငံခြား ပညာတော်သင်သွားရဖို့ သေချာသလောက် ရှိသည်။ ဟာဝိုင်ယီတက္ကသိုလ်မှာ အမ်အက်စ်ဘွဲ့အတွက် နှစ်နှစ် (သို့မဟုတ်) သုံးနှစ် နေရမည်။

လူရွေးသည့် စာမေးပွဲတော့ ဖြေရဦးမည်။ သူတို့ဌာနမှာ အရည်အချင်း ကိုက်ညီသူ ငါးယောက်သာ ရှိသည်။ ထိုအထဲမှ နှစ်ယောက်ရွေးမည် ဖြစ်၏။

အားလုံးထဲမှာ ခင်ခိုင်က အထက်မြက်ဆုံး၊ လူကြီးတွေ မျက်စိအကျဆုံး ဖြစ်၏။ သူ့ထက် လုပ်သက်ရင့်သူ နှစ်ယောက်တော့ ရှိသည်။ သို့ရာတွင် တစ်ယောက်က ကျန်းမာရေး မကောင်း၊ နိုင်ငံခြားမှာ ရက်ရှည်လများ သွားမနေနိုင်။

သို့ဖြင့် ခင်ခိုင်အဖို့ အကောင်းဆုံးအခြေအနေဖြစ်နေ၏။ ရုံးမှ လူများကလည်း ခင်ခိုင်နှင့် အခြားတစ်ယောက်ဟု သူတို့ဘာသာ အတည်ပြုပြီးသား။ ကျန်တစ်ယောက် ဘယ်သူလဲဆိုတာ စဉ်းစားတွက်ချက် နေကြသည်။

ခင်ခိုင်၏ ရည်မှန်းချက် ပြည့်ဝအောင်မြင်ခြင်းပင် ဖြစ်၏။ သူ့ဘဝတွင် တွေ့ကြုံခဲ့ရသော ဝမ်းသာစရာ အကြောင်းတွေထဲတွင် အထွတ်အထိပ်အဖြစ် ထားရမည်။

ထိုစဉ်မှာပင် နောက်ထပ် ဝမ်းသာစရာအဖြစ်တစ်ခု ထပ်မံဖြစ်ပေါ်လာပြန်သည်။ သို့ရာတွင် ခင်ခိုင်အဖို့ ဝမ်းသာစရာတစ်ခုကိုသာ ရွေးချယ်ခွင့်ရှိ၏။

ခင်ခိုင့်မှာ ကလေးရှိနေခြင်းပင်။

❑

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလုပ်ကြမလဲ'

ဟု ခင်နိုင်က မေးသည်။ ငြိမ်းမောင်က သူ့ထုံးစံအတိုင်း တည်ငြိမ်အေးဆေးသော လေသံဖြင့်…

'ကျွန်းအာရေးကို ဂရုစိုက်ပေါ့'

ဟု ပြန်ပြောသည်။ သူ့ စိတ်လှုပ်ရှားနေတုန်းပဲ ဆိုတာတော့ သိသာ၏။ စီးကရက်အလိပ်တစ်လိပ်ကို မီးကူး၍ ညှိလိုက်သောကြောင့် ဖြစ်သည်။

'ကလေးရှိနေပြီဆိုရင် နိုင်ငံခြားသွားရမယ့် ကံဇာတာမပါဘူးလို့ပဲ သဘောထားလိုက်ပေါ့။ ဒီကိစ္စကို မေ့ပစ်လိုက်ပါတော့'

ခင်နိုင်သည် စိတ်ခံစားတတ်ကြ်နိုင်သူ ဖြစ်သည့်တိုင် မျက်ရည်ဝဲလာသည်။ ငြိမ်းမောင်က မေ့လိုက်ပါဟု ပြောသည်။ ဘယ်လိုလုပ် မေ့နိုင်ပါ့မလဲ။ တစ်သက်မှာ တစ်ခါသာ ရနိုင်သော အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးရသည့် အဖြစ်။

နိုင်ငံခြား ပညာတော်သင်သွားရဖို့ သေချာသလောက် ရှိသည်ဟု ခင်နိုင်က ပြောပြ သောအခါ ငြိမ်းမောင် ပျာပျာသလဲ ဖြစ်မသွားခဲ့။ ဝမ်းသာဟန်တော့ ပြသည်။

'ကိုယ် ဝမ်းသာပါတယ်။ ခင့်အတွက် အများကြီး ကောင်းလာနိုင်တာပဲ'

'ပြန်လာရင် ကားတစ်စီးလည်း ပါလာဖို့ သေချာတယ်လေ'

'ကားက အရေးမကြီးပါဘူး။ ပညာရယ်၊ ဗဟုသုတရယ်၊ အတွေ့အကြုံရယ်ပဲ အရေးကြီးတယ်'

ရတောင့်ရခဲ အခွင့်အရေးတစ်ခုအတွက် ငြိမ်းမောင် ဝမ်းသာအယ်လဲ မရှိလှသဖြင့် ခင်နိုင် အောင့်သက်သက် ဖြစ်ရသည်။

ငြိမ်းမောင်အကြောင်း သိနေသောကြောင့်သာ စိတ်မဆိုးမိခြင်း ဖြစ်၏။

'မော်တော်ကားကလည်း အရေးကြီးတာပဲလေ။ တစ်သက်မှ တစ်ခါ ဆိုသလို ရတဲ့ အခွင့်အရေးပဲ။ ထီပေါက်တာထက်တောင် ပိုပြီး ဖြစ်ခဲသေးတယ်။ ထီပေါက်တဲ့လူထက် နိုင်ငံခြားသွားရတဲ့လူ အရေအတွက် ပိုနည်းတယ် မဟုတ်လား'

'ထီထိုးတယ် ဆိုတာက စီးပွားရေးသက်သက်ပဲ။ ပညာတော်သင်ကိစ္စက စီးပွားရေး မဟုတ်ဘူး'

'အခြေအနေအရ ဒီလိုပဲ လုပ်ကြရတာ မဟုတ်လား။ ကိုယ် သုံးဖို့ရတဲ့ ငွေထဲက ချွေတာပြီး ကားဝယ်တာဟာ အပြစ်လို့ မပြောနိုင်ပါဘူး ကိုမောင်ရဲ့'

'ငွေပိုလို့ စုတာက တစ်မျိုးပေါ့။ မစားရက်၊ မသောက်ရက် စုတာကတော့ ကိုင်းပြည် သိက္ခာကျပါတယ်'



'သဘောသားတွေက နိုင်ငံခြားငွေ ရှာပေးနေတာပဲ မဟုတ်လား'

'ကိုယ်က သင်္ဘောသားတွေကို ပြောနေတာ မဟုတ်ဘူး။ သူတို့က ရှင်းတယ်လေ။ စကတည်းက အလုပ်လုပ်ပြီး ငွေရှာဖို့သွားတာ။ လခရဲ့တစ်ဝက်ကို နိုင်ငံအတွက် ပြန်လွှဲတဲ့အတွက် တာဝန်ကျေပြီးသား။ ကျန်တဲ့ပိုက်ဆံကို ဘာလုပ်လုပ်။ သူတို့ပိုင်တဲ့ ငွေပဲကိုး။ ပညာတော်သင်ကျတော့ တစ်မျိုး စဉ်းစားရမယ်။ ပညာတော်သင်တစ်ယောက်ရဲ့ အဆင့်အတန်းနဲ့အညီ နေနိုင်ဖို့ လုံလောက်တဲ့ ငွေကြေးထောက်ပံ့ထားတာ။ အဆင့်မီအောင်တော့ နေထိုင်စားသောက်သင့်တယ်'

'မြန်မာလူမျိုးရဲ့ ပင်ကိုယ်သဘာဝကိုက ချိုးချိုးကပ်ကပ် နေတတ်တာပဲ။ ထောက်ပံ့ကြေးငွေက ပိုထွက်လာတာပေါ့။ နောက်ပြီး ကိုမောင် စဉ်းစားကြည့်ပေါ့။ တစ်သက်လုံး ရုန်းကန်လှုပ်ရှားခဲ့ရတဲ့ လူတစ်ယောက် ကံကောင်းထောက်မ လို့ နိုင်ငံခြားသွားရတဲ့အခါ ကိုယ့်မိသားစုရဲ့ ဘဝရှေ့ရေးအတွက် ရတောင့်ရခဲ အခွင့်အရေးလေးကို လက်လွှတ်ခံနိုင်ပါ့မလား'

'အခြေအနေအရ စီးပွားရေးတွက် တွက်ရတာက တစ်ပိုင်းပေါ့လေ။ တော်ရုံသင့်ရုံ ကျန်အောင်လုပ်တာက အရေးမကြီးပါဘူး။ လူအထင်သေးခံရလောက် အောင် ကုတ်ကတ်ပြီး စုတာမျိုးကို ပြောတာ။ ကိုယ်ကြားဖူးတာ ရှိတယ်။ ကားဝယ်ဖို့ ငွေမပြည့်မှာစိုးလို့ ဈေးအပေါဆုံး ခေါက်ဆွဲပြုတ်ချည်းပဲ နေ့တိုင်းစားလို့ တခြားလူတွေက မစွတာခေါက်ဆွဲလို့ လှောင်ပြောင်ခံရတဲ့ လူတစ်ယောက် အကြောင်း၊ တခြားဘာမှမစားတော့ အာဟာရ မပြည့်စုံဘဲ ဆေးရုံတောင် တက်လိုက်ရတယ်တဲ့။

'နောက်တစ်ယောက်ကတော့ ကိုယ့်သူငယ်ချင်းပဲ။ နိုင်ငံတစ်နိုင်ငံမှာ အဲဒီနိုင်ငံရဲ့ သမိုင်းကြောင်းတွေ၊ အဖိုးတန် ရှေးဟောင်းအနုပညာလက်ရာတွေ ဂန္ထဝင်မြောက် ပန်းချီ၊ ပန်းပုတွေရှိတဲ့ ပြတိုက်ကြီးတစ်ခုကို ရောက်သွားတယ်။ ဒါပေမယ့် ဝင်ကြေး ငါးဒေါ်လာ ပေးရတယ်တဲ့။ သူက ငါးဒေါ်လာဆိုရင် စင်ကာပူမှာ ဂျင်းဘောင်းဘီ တစ်ထည်ဝယ်လို့ရတယ်လို့ ဈေးတွက် တွက်ပြီး ပြတိုက်ကို ဝင်မကြည့်ခဲ့ဘူးတဲ့။ ကဲ… မှတ်ကရော'

'ကိုမောင် နိုင်ငံခြား သွားရတဲ့အခါကျမှပဲ ရသမျှငွေကို အကျိုးရှိတဲ့နေရာမှာ အကုန်သုံးတော့ပေါ့။ ခင်ကတော့ ကိုယ့်အတွက် ကျန်အောင် လုပ်သင့်တာ လုပ်ရမှာပဲ'

ခင်နိုင်နိုင် နိုင်ငံခြားသွားရဖို့ အခြေအနေရှိခြင်းနှင့် ပတ်သက်၍ ငြိမ်းမောင်က သိပ် ဟက်ဟက်ပက်ပက် ဝမ်းမသာခဲ့သော်လည်း ကလေးရှိနေပြီဟု သိရသော အခါမှာတော့ တည်တည်ငြိမ်ငြိမ် နေတတ်သော ငြိမ်းမောင်သည် ရုတ်တရက် ပြောင်းလဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်--- တကယ်လား၊ ဆရာဝန်ဖြစ်ပြီလား။ ချောချောမောမော မွေးမယ်တဲ့လား။ ဘာ[illegible]တွေ သောက်ရမယ်တဲ့လဲ"

စသည်ဖြင့် ပူပူယာယာ ခတ်နေသည်။

ခင်နိုင့်ကို အရိပ်တကြည့်ကြည့် ကြည့်နေသည်။ တော်ရုံတန်ရုံ ပင်ပန်းသည့် အလုပ် တို့ပင် မလုပ်ရတော့။ ထမင်းဟင်းချက်ခွင့် မပြု။ ဆိုင်မှာ ဝယ်စားသည်။

နောက်တော့ ခွေမျိုးနီးစပ်ထဲက ဒေါ်ကြီးထွေးကို အိမ်မှာ ခေါ်ထားသည်။

ကိုယ်ဝန်ကို ဘယ်ဆရာဝန်ဆီအပ်လျှင် ကောင်းမလဲ နေ့တိုင်း တိုင်ပင်သည်။ ရုံးက ပြန်ရောက်လျှင် ဘယ်စပယ်ရှယ်လစ် ဆရာဝန်မကြီးကတော့ သဘောကောင်းတယ်တဲ့။ ဘယ်သူက ကျွမ်းကျင်တာ၊ ကိုယ်တိုင်မွေးပေးတာ စသည်ဖြင့် သတင်းတွေ စုံစမ်းပြီး ပြောတတ်သည်။

ခုလို သူ့ကို အလွန်ဂရုစိုက်သဖြင့် ခင်နိုင် ဝမ်းသာပါသည်။ သို့ရာတွင် လွတ်လွတ်ကျွတ်ကျွတ် မပျော်။ အားကစားပွဲမှာ အခြားအသင်းတစ်သင်းနှင့် ပူးတွဲ ဗိုလ်ဆွဲရသလိုပင်။ ဝမ်းသာမှုကို ထက်ဝက်ခွဲပေးလိုက်ရသည့် သဘော။

❑

ခင်နိုင်သည် ရှည်မှန်းချက် အလွန်ကြီးသူ ဖြစ်၏။ ဒီလိုရည်မှန်းချက် ကြီးရလောက်အောင်လည်း သူ့ဘဝ အခြေခံအကြောင်းတရားတွေ ရှိခဲ့၏။

သူတို့အဘိုးက ခရိုင်ဝန် ဖြစ်သည်။ ထို့ကြောင့် သူတို့အမေသည် တိုက်နှင့်ကားနှင့် အခြွေအရံတွေနှင့် ခမ်းနားတင့်တယ်စွာ နေခဲ့ရသည်။

ခင်နိုင်တို့အဖေနှင့် ချစ်ကြိုက်ပြီး ခိုးရာလိုက်ပြေးသည်။

ခင်နိုင်တို့အဖေက ခရိုင်ဝန်ရုံးမှ စာရေးကလေးမျှသာ ဖြစ်၏။ ထို့ကြောင့် လူကြီးတွေက သဘောမတူဘဲ စွန့်ပစ်ထားခြင်းခံရသည်။

ခင်နိုင်တို့အဖေလည်း အလုပ်ပြုတ်သည်။ လင်မယားနှစ်ယောက် ပင်ပန်းဆင်းရဲစွာ ရှမ်းကန့်လှုပ်ရှားခဲ့ကြရသည်။

မကြာခင်မှာပင် ခင်နိုင်တို့ အဘိုးနှင့်အဘွား ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သည်။

ကျန်သော ညီအစ်ကိုမောင်နှမများက ခင်နိုင့်အမေကြောင့် လူကြီးတွေ စိတ်ထိခိုက်ပြီး အသေစောရသည်ဟု စွပ်စွဲကြသည်။ ဥပဒေအရ ပေးသင့်ပေးထိုက်သော အမွေ ပစ္စည်းကိုလည်းမပေးဘဲ ငွေအား လူအားဖြင့် စနစ်တကျ အပိုင်စီးလိုက်ကြသည်။

ခင်နိုင် ငါးနှစ်သမီးတွင် အဖေ ဆုံးပြန်သည်။ သားအမိနှစ်ယောက်၏ အခြေအနေသည် အဆိုးဆုံးကို ရောက်ရှိသွားသည်။

အမေသည် ဘယ်လောက်ဆင်းရဲ ချို့တဲ့သည်ဖြစ်စေ ခင်နိုင့်ကို မဖြစ်ဖြစ်အောင် ကျောင်းထားသည်။

သမီးကို သူ့လို မဖြစ်စေချင်။ ဘွဲ့ရပညာတတ် ဖြစ်ရမည်။ တစ်နေ့သောအခါမှာ ချမ်းသာကြွယ်ဝလာစေရမည်။ ဒီလိုစိတ်ဓာတ်မျိုး ခင်နိုင့်မှာ စွဲဝင်နေအောင်လည်း လေ့ကျင့်ပုံသွင်းပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချို့ခ်သန့်သစ်ဘဝဖြင့် ရှေထီးဆောင်းခဲ့ရသည့် အကြောင်းများကို တပွပွ ပြောသည်။ အကောင်းဆုံး အသုံးအဆောင်များ၊ အရသာရှိဆုံး အစားအစာများ၊ အလှပဆုံး အဝတ်အစားများအကြောင်း ခင်ခိုင့်မျက်စိထဲ မြင်ယောင်လာအောင် ပြောပြသည်။ တကယ် တော်နေရသော အချိန်ဖြစ်သဖြင့် ခင်ခိုင့်စိတ်ထဲမှာ အလွယ်တကူ စွဲမြဲခဲ့လေသည်။

ထို့အပြင် ခင်ခိုင်၏ ဝမ်းကွဲသားချင်းများ အကြောင်း ပြောပြသည်။ အမေ၏ အစ်ကို၊ အစ်မများက အမွေကို အပိုင်စီးခဲ့ကြပုံ၊ မိမိတို့ ဆင်းရဲနေကြချိန်တွင် ထိုသူတို့က ကျိုကျိုတက် ချမ်းသာနေကြပုံ၊ ခင်ခိုင်နှင့် တစ်ဝမ်းသာကွဲသော မောင်နှမတွေက မော်တော်ကားဖြင့် အကောင်းဆုံးကျောင်းတွေကို တက်ရောက်သင်ကြားနေကြပုံ၊ သုံးမကုန်ဖြုန်းမကုန်ဖြစ်နေကြပုံများက ခင်ခိုင့်ကို အားကျမခံစိတ်ကို မွေးမြူစေခဲ့သည်။

အရွယ်ရောက်လာသော အချိန်တွင် ခင်ခိုင်၏ ထူးခြားသောအလှကို အမေ သတိပြုမိပါသည်။ ခင်ခိုင့်အလှမှာ အဆင့်အတန်းမြင့်သည်။

မိန်းကလေးတစ်ယောက်၏အလှသည် ဘဝဖြစ်လာနိုင်သည်။ အဆိုးဆုံးသော ဘဝလည်း ဖြစ်နိုင်သည်။ အကောင်းဆုံးလည်း ဖြစ်နိုင်သည်။ အမေ့အလှသည် အဆိုးဆုံးကို ဖြစ်စေခဲ့၏။ ခင်ခိုင့်ကို ဒီလို မဖြစ်စေရ။

အစားအသောက်ကို အဆုံးစွန်ထိ ချွေတာသည်။ ဟင်းမပါဘဲ ငါးပိရည်ဆမ်း၍ စားခဲ့ရသော အနပ်ပေါင်းများစွာကိုကျော်ဖြတ်၍ ခင်ခိုင့်ကို ဝတ်ကောင်းစားလှ ဆင်မြန်း ပေးသည်။

ခင်ခိုင့်ကို အပြင်မှာတွေ့သူတစ်ယောက်သည် ခင်ခိုင့်အဆင့်အတန်းကို ထိပ်တန်း ထဲကဟု၍သာ ခန့်မှန်းမိပေလိမ့်မည်။

ခင်ခိုင်ကိုယ်တိုင်ကလည်း အမေချပေးသည့် ပုံစံအတိုင်း တစ်သွေမတိမ်း လိုက်နာ သည်။

အမေမွေးမြူပေးသော စိတ်ဓာတ်အပြင် သူ့ပင်ကိုစိတ်ကလည်း အဆင့်မြင့်မြင့် မှန်းချင်သည်။ သို့ဖြင့် ခင်ခိုင်သည် ဆင်းရဲသော်လည်း အဆင့်မြင့်မြင့်ပြုမူပြောဆိုတတ်သူ တစ်ယောက် ဖြစ်လာ၏။

အမေနှင့်ပတ်သက်၍ သူ့တစ်သက်မှာတစ်ကြိမ်သာ လမ်းလွဲခဲ့ဖူးသည်။ ချစ်သူ တစ်ယောက် ရှိခဲ့ဖူးခြင်းပင်ဖြစ်၏။ သူ့ချစ်သူက ချောသည်။ လူရည်သန့်သည်။ သို့ရာတွင် အရည်အချင်းသိပ်မရှိ။ လူလတ်တန်းစားထဲက ဖြစ်သော်လည်း ရှေ့ရေး အတွက် မသေချာ။

အမေက သဘောတူမှာမဟုတ်မှန်း သူသိသည်။ သို့ရာတွင် ထိုသူကို သူချစ်သည်။ ထိုအချိန်တွင် ငြိမ်းမောင်နှင့် တွေ့သည်။



ငြိမ်းမောင်က အရာရှိကလေးတစ်ယောက် ဖြစ်၏။ ခင်ခိုင်တို့ရုံးကို အလုပ် ကိစ္စဖြင့် မကြာခဏ လာတတ်သည်။

သူက ခင်ခိုင့်ကို စိတ်ဝင်စားသည်။ နောက်တော့ ခင်ခိုင်တို့အိမ်ကို မကြာ ခဏ လာလည်သည်။

အမေက ငြိမ်းမောင်ကို သဘောကျသည်။ ငြိမ်းမောင့်က ရိုးသားသည်။ ရှေ့တက် လမ်းတွေ အများကြီးရှိသည်။ ပြီးတော့ မိဘတွေဆုံးပြီး အမွေခွဲဝေရရှိထားသည်။ ခင်ခိုင့်ကို မတောင်မတ မကြောင့်မကျထားနိုင်သည်။

ထိုစဉ်မှာ အမေ နေမကောင်းဖြစ်သည်။ ငြိမ်းမောင်က အမေ့ဆေးဝါးကုသရေး ကိစ္စအားလုံး တာဝန်ယူကူညီသည်။ ငွေအား၊ လူအား၊ အသိမိတ်ဆွေအားဖြင့် အင်တိုက် အားတိုက် ပံ့ပိုးပေးသည်။

အမေသည် ရောဂါကျွမ်းနေပြီ ဖြစ်သဖြင့် နာလန်မထူလာနိုင်သည့်တိုင် ငြိမ်းမောင်၏ ကျေးဇူးကို ကောင်းစွာ တုံ့ပြန်သွားခဲ့သည်။

'မောင်ငြိမ်းမောင်ကို လက်ထပ်ပါ သမီး။ သူဟာ သမီးကို တကယ်မေတ္တာစစ်နဲ့ ချစ်တာပါ။ သမီးကို တစ်သက်လုံးစိတ်အေးချမ်းသာ နေသွားနိုင်အောင် အဖက်ဖက်က ဖြည့်စုံတဲ့သူငယ်ပဲ။ အမေ့စကားကို သမီး နားထောင်မယ်ဆိုတာ အမေ သိတယ်။ အမေ့ဆန္ဒကတော့ သမီးကို အမေငယ်ငယ်က ချမ်းသာခဲ့သလို ချမ်းသာစေချင်တယ်။ အေး… အမေ ဆင်းရဲသလိုလည်း မဆင်းရဲစေချင်ဘူး'

ဟု နောက်ဆုံးစကား ပြောသွားသည်။

ငြိမ်းမောင်ကို ခင်ခိုင် မချစ်ပါ။ သို့ရာတွင် သူ့အတွက် အသင့်တော်ဆုံးလူဖြစ်သည် ကိုတော့ မငြင်းနိုင်။

ငြိမ်းမောင်က သူ့ကို တော်တော်ချစ်ကြောင်းကိုလည်း သူ သိသည်။ ငြိမ်းမောင်ကို ချစ်သူတစ်ယောက်လို မချစ်နိုင်သော်လည်း ခင်ပွန်းသည် တစ်ယောက်လိုတော့ ချစ်နိုင် လိမ့်မည်ဟု သူ ထင်သည်။

ထို့ကြောင့် ငြိမ်းမောင်ကို သူ လက်ထပ်ခဲ့ခြင်း ဖြစ်၏။

❑

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းမောင်က လူရိုး လူဖြောင့်ဖြစ်၏။ အေးအေးနေတတ်သော်လည်း တစ်ခါ တစ်ခါ ဒေါသကြီးသည်။ အမွေရထားသော ငွေများဖြင့် မပူမပင်နေနိုင်သည်။ ထိုငွေများကို ရင်းနှီးပြီး စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်လျှင် သူဌေးကလေးတစ်ယောက် ဖြစ်လာနိုင်သည်။

သို့ရာတွင် သူက ဝါသနာမပါ။ ရုံးအရာရှိဘဝကိုပင် ကျေနပ်သည်။

သူက လူတစ်မျိုး ဖြစ်၏။ အမှန်မှာ သူက တစ်မျိုးဖြစ်ခြင်း မဟုတ်။ ခေတ်ကြီးက တစ်မျိုးပြောင်းသွားခြင်းသာ ဖြစ်၏။

သူက ခေတ်နှင့် သိပ်အံမဝင်ဘူးဟု ခင်နိုင်က ပြောတတ်သည်။

ရုံးက သူ့ရာထူးသည် လုပ်တတ်ကိုင်တတ်လျှင် တော်တော်အလုပ်ဖြစ်မည့် နေရာ။ သူကတော့ နည်းနည်းကလေးမှ မတိမ်းမစောင်းအောင်နေသည်။ တချို့က…

'ကိုငြိမ်းမောင်ကို အလိုက် ငါးသောင်းပေးပြီး နေရာချင်းလဲချင်တယ်ဗျာ'

ဟု ရယ်စရာ ပြောကြသည်။

လက်ဖက်ရည် အလွန်ကြိုက်တတ်သော်လည်း ကိုယ့်ပိုက်ဆံနှင့် ကိုယ်သာ ဝယ်သောက်တတ်သော ငြိမ်းမောင်သည် အစပိုင်းတွင် တစ်ကိုယ်တော် ဖြစ်နေ၏။ တခြားရုံးသူ ရုံးသားများက ကိုမင်္ဂလာဆိုပြီး သိပ်မကြည်လင်ကြ။

နောက်တော့မှ ငြိမ်းမောင် စိတ်ထားကောင်းခြင်း၊ လက်အောက်ငယ်သားများကို ညှာတာခြင်း၊ သူတစ်ပါး အခက်အခဲတွေ့လျှင် ကိုယ်ဖို ရင်ဖို ကူညီတတ်ခြင်းကြောင့် လေးစားချစ်ခင်လာကြသည်။

ခင်နိုင်နှင့်လက်ထပ်ပြီးနောက် သူများတွေလို တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် ဘာလေးမယူဘဲ လွတ်လွတ်လပ်လပ်နေမည်ဟု စိတ်မကူး။

www.burmeseclassic.com

www.burmeseclassic.com



'ထားဆေးတွေ စားတာတို့၊ ဆေးထိုးတာတို့ မလုပ်နဲ့နော်။ အဲဒါတွေ ကိုယ်လုံးအကြိုက်ဘူး။ တို့ဆီမှာ ကျွေးနိုင်မွေးနိုင်တဲ့လူတွေက ကလေးနှစ်ယောက်၊ သုံးယောက်လောက်ပဲယူပြီး ဆင်းရဲမွဲတေနေတဲ့လူတွေက ကလေးတွေ အများကြီး မွေးနေကြတာ သဘာဝမကျဘူး။ ခင် မွေးနိုင်သလောက်သာမွေးပါ။ ကိုယ် ကျွေးနိုင်ပါတယ်'

ဟု ခင်ခိုင့်ကို ပြောခဲ့သည်။ ထို့ကြောင့်ပင် လက်ထပ်ပြီးမကြာခင်မှာပင် ခင်ခိုင် တလေးရှိလာခဲ့ခြင်း ဖြစ်၏။

သူ့ဘဝမှာ ပင်ပင်ပန်းပန်း လှုပ်ရှားခဲ့ရတာကြာပြီ။ ဘဝတစ်လျှောက်လုံးလိုလိုပဲ ဖြစ်၏။ ခုမှ အေးအေးသက်သာ နေရခါစပဲ ရှိသေးသည်။

ရှင်းရှင်းဆိုရလျှင် ခုမှ စိတ်ချလက်ချ သက်ပြင်းချနိုင်ရုံ ဘဝအတွက် လုံခြုံမှု ရှိရုံသာ ဖြစ်၏။ ခုလိုအချိန်မှာ ကလေးတွဲလောင်းနှင့် နေရသည့် ဒုက္ခကို မခံချင်သေး။ သို့ရာတွင် ခုတော့ ဘာမျှမတတ်နိုင်။

ဒီကြားထဲမှာ နိုင်ငံခြားသွားရမည့် ကိစ္စနှင့် တိုက်တိုက်ဆိုင်ဆိုင် လာတိုးသည်။ စာမေးပွဲဖြေသည့်ကာလ၊ အခြားစစ်ဆေးမှုနှင့် ပြင်ဆင်မှုများနှင့်ဆိုလျှင် နောက်ခြောက်လ လောက်မှာ သွားရမည်။

ထိုအချိန်ကား သူ ကလေးမွေးရမည့် အချိန်ပင်တည်း။

ခင်ခိုင် နိုင်ငံခြားကို သိပ်သွားချင်သည်။ ရိုးရိုးလေ့လာရေးမျှသာ မဟုတ်။ မဟာသိပ္ပံဘွဲ့တစ်ခု ယူရဖို့ ဖြစ်၏။ ထိုဘွဲ့ကို သူ သိပ်လိုချင်သည်။

ပြီးတော့ နှစ်နှစ်ဆိုသောအချိန်ကာလသည် မော်တော်ကားအကောင်းစားတစ်စီး ဝယ်ဖို့ လုံလောက်သည်။

သူ နိုင်ငံခြား သွားချင်သည်။

ဘွဲ့တစ်ခု ထပ်လိုချင်သည်။

ရာထူးကြီးကြီး လိုချင်သည်။

ကားကောင်းကောင်း စီးချင်သည်။

တစ်သက်လုံး အပူအပင် အကြောင့်ကြမရှိ ချမ်းသာစွာ နေချင်သည်။

သူ့ဘဝပေး အခြေအနေအရ သူ့စိတ်ဓာတ်သည် ဒီလိုဖြစ်နေဖို့ လိုအပ်သည်။ သူ မျက်နှာငယ်နှင့် နေခဲ့ရတာ ကြာပြီ။

❑

ငြိမ်းမောင်၏ သူငယ်ချင်း ဆရာဝန်မတစ်ဦး ရှိသည်။ မီးယပ်သားဖွားအထူးကုတော့ မဟုတ်။ ဂျီပီခေါ် အထွေထွေရောဂါကုဆရာဝန်သာ ဖြစ်၏။ သူနှင့် အရင်ပြမည်။ ပြီးတော့ ဘယ်သူ့ဆီမှာ ကိုယ်ဝန်အပ်ရင်ကောင်းမလဲဟု အကြံဉာဏ်တောင်းမည်။

ထိုစိတ်ကူးဖြင့် ဒွေဒွေဦးကို ဖုန်းဆက်သည်။ ညနေဆေးခန်းကို ငါးနာရီ လောက်လာခဲ့ဟု အဖြေရသည်။

ရုံးဆင်းချိန်နှင့် အနေတော်ပဲ။ ခင်ခိုင့်ရုံးကို ဖုန်းဆက်သည်။ ညနေ ရုံးဆင်းလျှင် စောင့်နေ၊ ဆေးခန်းသွားဖို့ လာကြိုမယ်ဟု ပြောမလို့ဖြစ်၏။

ခင်ခိုင် ရုံးမှာမရှိတော့။

ခုနပဲ ဆေးခန်းဝင်စရာရှိလို့ဆိုပြီး စောစောဆင်းသွားတယ်ဟု ဖုန်းကိုင်သူ အမျိုးသမီးက ပြောသည်။

ဆေးခန်းနာမည် မေးတော့ ပြောသည်။ သိပ်တော့ မသေချာဘူး။ သွားခါနီး သူတို့ချင်းပြောတာ နားစွန်နားဖျား ကြားတာဟု ဆိုသည်။

ငြိမ်းမောင်သည် ရုံးဆင်းချိန်မရောက်ခင် ပြန်လေ့မရှိ။ ဒီနေ့တော့ ခင်ခိုင့်ကို ဆေးခန်းမှာ မီအောင်သွားချင်သဖြင့် နာရီဝက်စောပြီး ထွက်ခဲ့သည်။

ဆေးခန်းနေရာက နည်းနည်းချောင်ကျသည်။ ဆေးခန်းဖွင့်လို့ ကောင်းသော စည်စည်ကားကား နေရာမျိုးမဟုတ်။ ဆရာဝန်၏ အိမ်ဖြစ်ဟန်တူ၏။

သူ ဆေးခန်းထဲဝင်သွားတော့ ခင်ခိုင့်ကို မတွေ့ရ။

ဆေးကောင်တာနောက်မှာထိုင်နေသော လူတစ်ယောက်က ပျာပျာသလဲ ဆီးကြိုပြီး ထိုင်ခိုင်းသည်။

'ဘာကိစ္စများ ရှိလို့ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲသော်… ကျွန်တော့်အမျိုးသမီး ဒီကိုလာတယ်ဆိုလို့'

'နာမည် ဘယ်သူပါလိမ့်ခင်ဗျာ'

'ခင်ခိုင်ပါ၊ မခင်ခိုင်'

'အဲဒီနာမည် ဒီစာရင်းမှာ မရှိ၊ သြော်… ခဏလေး'

ထိုသူထပြီး ရပ်လိုက်သည့်အချိန်မှာ အတွင်းခန်းထဲမှ ခင်ခိုင်နှင့် အဖော်ဖြစ်သူ အမျိုးသမီးတို့ ထွက်လာကြသည်။ ခင်ခိုင်က သူ့ကို တွေ့တော့ အံ့သြသွား၏။

'ဟင်… ကိုမောင်၊ ခင် ဒီကိုလာတာ ဘယ်လိုလုပ်သိလဲ'

'ရုံးကို ဖုန်းဆက်ကြည့်လို့ သိတာ။ ပြောတဲ့လူကလည်း နားစွန်နားဖျားကြားတာ ပြန်ပြောရတာဆိုတော့ ဒီကို ရောက်အောင် တော်တော်မေးစမ်းပြီးလာရတယ်'

ဆေးခန်းအပြင်ရောက်တော့…

'ကိုယ် ဆွေဆွေဦးနဲ့ ချိန်းထားလို့'

'ဆွေဆွေဦး ဟုတ်လား'

'ခင် မမှတ်မိလို့ပါ။ ကိုယ့်သူငယ်ချင်းပဲ။ တို့ မင်္ဂလာဆောင်တုန်းကတောင် လာသေးတယ်'

'သတိမထားမိဘူး။ မြင်ရင်သိမှာပဲ။ သူက ဆရာဝန်လား'

'အင်း… အိုကျိုတော့ မဟုတ်ဘူး။ သူ့ဆီသွားပြီး ဘယ်သူနဲ့ အပ်ရင်ကောင်းမလဲ အကြံဉာဏ်တောင်းမလို့'

'အို… ဒီလောက်တောင်မလိုပါဘူး။ တစ်ယောက်ယောက်နဲ့ အပ်လိုက်ပြီးတာပါပဲ။ သူများကို ဒုက္ခပေးသလို ဖြစ်နေမယ်'

'ရပါတယ်၊ ကိုယ်နဲ့သူနဲ့က ပြောမနာ ဆိုမနာတွေပါ'

ခင်ခိုင်နှင့် အဖော်လိုက်လာသော အမျိုးသမီးက နှုတ်ဆက်ပြီး လမ်းခွဲသွားသည်။ သူတို့နှစ်ယောက် ကားတစ်စီးငှားပြီး ဆွေဆွေဦး ဆေးခန်းသို့လာခဲ့ကြ၏။ လမ်းမှာ ငြိမ်းမောင်က မေးသည်။

'ခုနက ဟိုဆေးခန်းသွားတာ ကိုယ့်ကို ဘာလို့မပြောတာလဲ'

'ဘာရယ်မဟုတ်ပါဘူး။ ရုံးရောက်မှ သူငယ်ချင်းက သူ့အသိရှိတယ်၊ သေချာအောင် ပြကြည့်ပါလားဆိုလို့ သွားတာ'

'အဲဒီဆရာဝန်ကကော စပယ်ရှစ်လစ်လား'

'မဟုတ်ပါဘူး။ သူ့ဆီမှာ အပ်မှာလည်း မဟုတ်ပါဘူး။ သူငယ်ချင်းကို အားနာလို့သာ လိုက်သွားရတာ'

ဆွေဆွေဦးက သူတို့ကို ဝမ်းသာအားရ ဆီးကြိုသည်။ သူ့ဆေးခန်းက ငါးနာရီခွဲမှ



ဖွင့်မည်ဖြစ်၍ သူတို့နှင့် အေးအေးဆေးဆေးစကားပြောနိုင်ရန် ငါးနာရီမှာ ကြိုချိန်းလိုက်ခြင်း ဖြစ်သည်။

'ခိုင်က မမှတ်မိလို့၊ မင်္ဂလာဆောင်တုန်းက ကျွန်မတောင် မင်းကုသနဲ့ ယပတိ မင်္ဂလာဆောင်တုန်းက ဒီလိုပဲ နေမှာပဲလို့ နောက်ခဲ့သေးတယ်လေ'

'ကျွန်မ မှတ်မိပါပြီ။ ဒေါက်တာက နောက်ပိုင်း အိမ်လာမလည်တော့ ရုတ်တရက် မမှတ်မိဘဲ ရေးတေးတေး ဖြစ်သွားတာပါ'

ခင်ခိုင်နှင့် ဆွေဆွေဦးတို့ ချက်ချင်း ခင်မင်သွားကြသည်။

ငြိမ်းမောင်က ခုလည်း လူ့ခွစာလုပ်တုန်းပဲလားဟု ဆွေဆွေဦးက မေးသည်။ ခင်ခိုင်က…

'သူကတော့ ဘယ်တော့မှ မိုးခါးရေသောက်မယ့်လူ မဟုတ်ဘူးလေ'

'ဟုတ်တယ်။ သူက ငယ်ငယ်ကတည်းက ဒီလိုပဲ။ ဒီမှာ ငြိမ်းမောင်ရေ၊ ခုချိန်မှာ ငါတို့ဆရာဝန်တွေ သုံးတဲ့မိုးရေတောင် မိုးခါးရေ ဖြစ်နေပြီလား မသိဘူး'

ငြိမ်းမောင်က ပြုံးသည်။

'ဒါတွေ ထားစမ်းပါ၊ လာရင်းကိစ္စ ပြောပါရစေဦး။ သူ့ကို ဘယ်သူ့ဆီအပ်ရင် ကောင်းမလဲ'

'ဘယ်သူဖြစ်ဖြစ် ကောင်းတာပဲ'

'ဟာ… ငါပြောတာက လူနာကို ဂရုစိုက်တာတို့၊ ကျွမ်းကျင်တာတို့'

'ဟ… ကျွမ်းကျင်လို့ စပယ်ရှယ်လစ် ဖြစ်တာပေါ့'

'ငါ ကြားဖူးနေတာတွေ ရှိလို့ပါ။ ဆေးရုံမှာ ဝဒ်အပိုင်ရှိမှ ကောင်းတာဆို နောက်ပြီး တချို့ကျတော့လည်း ပါဝါရှိလွန်းအားကြီးလို့ သူ့လူနာဆို တခြားဆရာဝန်တွေက မတို့ရဲ၊ မထိရဲဘူးတဲ့။ မတော်တဆ မှားယွင်းသွားရင် အတုခံရမှာ စိုးလို့ ဒီတော့ ကြားထဲက လူနာက အချောင်ခံရတာပေါ့'

'ဆေးရုံဆိုတာကလည်း လူတွေနဲ့ ဖွဲ့စည်းထားတာပဲဟာ။ တစ်ခါတစ်ရံ အမှားအယွင်း ရှိတတ်တာပေါ့။ ဒါပေမယ့် ဖြစ်တောင့်ဖြစ်ခဲပါ။ စပယ်ရှယ်လစ်နဲ့ အပ်မှ ဂရုစိုက်တယ်ဆိုတာလည်း မဟုတ်ပါဘူး။ ဘယ်သူ့မှမအပ်လည်း တစ်နေ့ တစ်နေ့ ရာချီပြီး ချောချောမောမော မွေးနေကြတာပဲဟာ'

'ကဲပါဟာ၊ နင်နဲ့ရင်းနှီးတဲ့ အိုဂျီရှိရင် ပြောစမ်းပါ'

'ရှိပါတယ်။ မမနု အဲ… ဒေါက်တာ ဒေါ်မေနုဆီသွား၊ ငါ စာရေးပေးလိုက်မယ်။ သူ့ဆီမှာအပ်ရင် နည်းနည်းတော့ အပင်ပန်းခံရမယ်နော်'

'ဘာဖြစ်လို့'

www.burmeseclassic.com

www.burmeseclassic.com



'သူက ဗုဒ္ဓလိက အပြင်ဆေးခန်းမှာ မထိုင်ဘူး။ သမဝါယမဆေးခန်းမှာ ထိုင်တာ။ တစ်ခေါက်မှ တစ်ဆယ်ပဲပေးရတယ်။ ဒီတော့ လူများတာပေါ့။ မနက် ငါးနာရီလောက် သွားပြီး စာအုပ်ထပ်ရမယ်'

'ဝင်ဝန်းတာ အရေးမကြီးပါဘူး။ ကောင်းရင်ပြီးတာပဲ။ ကဲ··· စာသာ ရေးပေးလိုက်'

ဆွေဆွေဦးက စာတစ်စောင် ရေးသည်။ ငြိမ်းမောင်ကို လှမ်းပေးပြီးနောက် ခင်နိုင်၏ လက်မောင်းကိုကိုင်၍···

'ခင်··· အထဲခဏလိုက်ခဲ့၊ နည်းနည်း စမ်းကြည့်ရအောင်'

ငြိမ်းမောင်ကလည်း ခြေလှမ်းပြင်သဖြင့်···

'ဟော··· နင်လိုက်လို့ မရဘူး'

ငြိမ်းမောင် ရယ်လိုက်သည်။ စီးကရက်တစ်လိပ် မီးညှိသောက်ရင်း စမ်းသပ်ခန်း အပြင်ကပင် ထိုင်စောင့်နေလိုက်သည်။

ဆယ်မိနစ်ခန့်ကြာမှ ပြန်ထွက်လာကြသည်။

ဆွေဆွေဦးကို နှုတ်ဆက်ပြီး ထွက်လာကြသည်။ အခန်းဝအရောက်တွင် ဆွေဆွေဦးက···

'ဆွေပြောတာ မမေ့နဲ့နော်'

ခင်နိုင် ခေါင်းညိတ်ပြသည်။ ငြိမ်းမောင်က ဘာလဲဟု မေးသည်။ ဆွေဆွေဦးက···

'ငါတို့ မိန်းမချင်း ပြောရမယ့်ကိစ္စပါ။ နင်က နေရာတကာသိချင်လို့ ရမလား'

'ဒီကလေးနဲ့ ပတ်သက်တာဆို ငါ အကုန်သိချင်တယ်။ ငါ သိပ်စိတ်ပူတတ်နေပြီဟ'

'သားဦးဆိုရင် ဒီလိုပါပဲလေ'

ငြိမ်းမောင်နှင့် ခင်နိုင်တို့ မျက်လုံးချင်း ဆုံမိသည်။

❑

ဆရာဝန်မကြီးက သဘောကောင်းသည်။ စိတ်ရှည်သည်။ လူနာတွေ သိချင်သမျှ အချိန်ယူ ရှင်းပြတတ်သည်။ ဆောင်ရန်ရှောင်ရန်နှင့် သောက်သုံးရမည့် ဆေးဝါးများကို တိကျစွာ လမ်းညွှန်သည်။

သမဝါယမဆေးခန်း ဖြစ်၍ ဈေးနှုန်းသက်သာသည်။ ထို့ကြောင့် ဝင်ငွေနည်းသူတို့ လာပြနိုင်သည်။

မနက်အစောကြီးသွားပြီး စာအုပ်ထပ်ရတာတော့ ရှိသည်။ သို့ရာတွင် ခင်နိုင်က လနေသဖြင့် တစ်လမှတစ်ခါပဲ ပြရသောကြောင့် အပန်းမကြီးလှ။

ငြိမ်းမောင်နှင့် ခင်နိုင် မကြာခဏ ပြဿနာဖြစ်ရသည်။ ငြိမ်းမောင်က ခင်နိုင်ကို ဘာမှမလုပ်စေချင်။ သက်သက်သာသာ အေးအေးဆေးဆေး အနားယူ နေစေချင်သည်။

ခင်နိုင်က မနေတတ်။ ပင်ကိုက ဖွက်လက်ဖျတ်လတ်သူ ဖြစ်သဖြင့် လှုပ်ရှားသွားလာနေရမှ ကျေနပ်သည်။

ငြိမ်းမောင်ကလည်း ထိုင်တာ ထတာကအစ ဂရုစိုက်ပြီး ပြောနေသည်။ ခင်နိုင် ဆတ်ခနဲ ဖျတ်ခနဲထလျှင် ငြိမ်းမောင် အလန့်အတကြား ဖြစ်ရ၏။

'ဖြည်းဖြည်းလုပ်ပါ ခင်ရယ်၊ မတော်တဆ···'

ဒါလောက်နဲ့ ဘာမှမဖြစ်နိုင်ပါဘူး။ ရပ်ကွက်ထဲက တချို့မိန်းမတွေ ကိုယ်ဝန်ကြီးနဲ့ ရေခပ်၊ ဈေးရောင်း လုပ်နေကြတာပဲ'

'မတူဘူးလေ။ သူတို့က အလေ့အကျင့် ဖြစ်နေပြီကိုး'

'ခင်လည်း အလျှင်က ရေခပ်ခဲ့ဖူးပါတယ်။ ခြေမွေးမီးမလောင် လက်မွေးမီး မလောင် သူဌေးသမီးဘဝက လာတာမဟုတ်ပါဘူး'

'ဘယ်ဘဝကပဲလာလာ၊ အခု သက်သက်သာသာ နေလို့ရပြီမဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ခင်နိုင်ကတော့ ငြိမ်းမောင်စကားကို ဂရုမစိုက်။ သူက ငြိမ်းမောင်ကို ကြောက်သူ မဟုတ်။

တစ်ခါတစ်ခါကျတော့ ငြိမ်းမောင် ဒေါသဖြစ်ပြီး ဆူပူကြိမ်းမောင်းတတ်သည်။ ခင်နိုင်ကတော့ နေချင်သလို နေမြဲ။

ငြိမ်းမောင်က သူတစ်ယောက်တည်းမနိုင်သဖြင့် ဒေါ်ကြီးထွေးကို စစ်ကူ ခေါ်သည်။

'ဒေါ်ကြီးတူမကို ကြည့်ပြောဦး၊ ခုလို ကလေးရှိနေတဲ့ မိန်းကလေးတစ်ယောက်က နိုးနိုးဇတ်ဇတ်နေတာထိုင်တာ မသင့်တော်ဘူးဆိုတာ ဒေါ်ကြီးလည်းအသိပဲ'

အပျိုကြီးဖြစ်သော ဒေါ်ကြီးက…

'အလိုတော်၊ ကျုပ် ဘယ်သိပါ့မလဲ။ ကျုပ်မှ ကလေးမမွေးဖူးတာ'

ထိုအခါ ငြိမ်းမောင်က ဒေါ်ကြီးထွေးကိုပါ ဆက်၍ ကြိမ်းပြန်သည်။

❑

ငြိမ်းမောင်သည် ရုံးအလုပ်တွေ အိမ်ကို ယူပြီး လုပ်နေသည်။ ခင်နိုင်က အိပ်ရာပေါ်မှာ ခေါင်းအုံးနှစ်လုံးဆင့်မှီပြီး စာအုပ်တစ်အုပ် ဖတ်နေသည်။

ငြိမ်းမောင် အလုပ် လက်စသတ်တော့ ဆယ်နာရီကျော်ပြီ။ ခင်နိုင်ကတော့ ဘာသာပြန်လုံးချင်းစာအုပ်ကို စိတ်ဝင်စားစွာ ဖတ်နေဆဲ။

သူက မြန်မာဝတ္ထုထက် ဘာသာပြန်များကို ပို၍နှစ်သက်သည်။ အထူးသဖြင့် ရှယ်လီဒန်တို့၊ ရော်ဘင်တို့၏ အနောက်နိုင်ငံ စီးပွားရေး၊ လူမှုရေးလောကနောက်ခံ စာအုပ်များ၊ တစ်ခါတလေ မူရင်း အင်္ဂလိပ်စာအုပ်ကို ရှာဖတ်တတ်သည်။

'ခင်'

ငြိမ်းမောင်က ခေါ်သည်။ ခင်နိုင်က စာအုပ်မှ မျက်နှာမခွာဘဲ ခေါင်းဆတ်ရုံသာ ဆတ်ပြသည်။

'ဆယ်နာရီခွဲတော့မယ်။ အိပ်ဖို့ကောင်းပြီ။ အိပ်ရေးဝဝအိပ်ရမယ်လို့ ဆရာဝန်က မှာထားတယ် မဟုတ်လား'

'အင်းပါ၊ ဒီတစ်ခန်းပြီးရင် အိပ်မှာ'

ငြိမ်းမောင် ခုတင်ပေါ်အတက်တွင် အိပ်ရာခင်းပေါ်မှာ စွန်းပေနေသော နီညိုညို အကွက်တစ်ခုကို တွေ့သည်။ လတ်လတ်ဆတ်ဆတ်။

'ဟင် ခင်၊ ဒါ…ဒါ… ဘာလဲ၊ သွေး… သွေး မဟုတ်လား'

အလန့်တကြား ရေရွတ်သည်။ ခင်နိုင်က ခပ်အေးအေး။

'ဟုတ်တယ် ကိုမောင်၊ သွေးနည်းနည်း ဆင်းနေလို့'



'ဘာ… ကိုယ့်ကို ဘာဖြစ်လို့ မပြောတာလဲ။ ဒါ ဒါ သိပ်အရေးကြီးတယ် သိလား'

'ဒါမျိုး ဖြစ်လေ့ရှိပါတယ်။ သိပ်လည်း စိုးရိမ်မနေပါနဲ့'

'ဘာဖြစ်လို့ မစိုးရိမ်ရမှာလဲ။ မဖြစ်ဘူး၊ ဆေးရုံသွားရမယ်'

'အို… ကိုမောင်ကလည်း'

'ဟာ… မရဘူး၊ သွားရမယ်။ ကိုယ် ပစ္စည်းတွေ ပြင်လိုက်မယ်'

ငြိမ်းမောင် တကယ်ပြောနေသည်။ ခုတင်ပေါ်က ခုန်ဆင်းသည်။ ဗီရိုကို ဖွင့်သည်။ နောက်ဖေးဘက် ထွက်သွားပြန်သည်။ သူ ပြန်ဝင်အလာတွင် ခင်နိုင်က…

'ဒီလောက်လည်း စိတ်မပူပါနဲ့။ တကယ်လို့ ကိုမောင် စိတ်မချဘူးဆိုရင် ဆွေဆွေဦးဆီ ဖုန်းဆက်ကြည့်ပါလား'

'အဲဒါကောင်းတယ်။ ဟိုဘက်အိမ်ကနေ ဖုန်းသွားဆက်လိုက်ဦးမယ်'

လှည့်ထွက်ပြီးမှ တစ်ခေါက်ပြန်လာ၍…

'ဘယ်တုန်းက စဖြစ်တာလဲ'

'ညနေကပဲ'

'များသလား'

'သိပ်မဟုတ်ပါဘူး'

ငြိမ်းမောင် ပြေးထွက်သွားသည်။ ဖတ်လက်စ ဝတ္ထုအခန်းတစ်ခန်းတောင် မပြီးသေး၊ ငြိမ်းမောင် ပြန်ရောက်လာသည်။

'ဆွေဆွေဦး လာမယ်တဲ့။ ခု လောလောဆယ် အိပ်ရာပေါ်မှာ ငြိမ်ငြိမ်လေး လှဲနေပါလို့ ပြောတယ်'

'ခု လှဲနေတာပဲ'

'ခုဟာက ထိုင်လျက်လှဲတာ။ ပက်လက်လှဲနေဖို့ ပြောတာ။ ကဲ…'

ခင်နိုင်က မလှုပ်။ ငြိမ်းမောင် စိတ်တိုပြီး 'ခင်' ဟု သံပြတ်ဖြင့် ခေါ်မှ ခင်နိုင် လှဲနေလိုက်သည်။

'ညကြီးမင်းကြီး လာခိုင်းရတာ အားနာစရာကြီး'

'ဆွေဆွေဦးမှာ ကားရှိပါတယ်'

ဆွေဆွေဦး ရောက်လာပြီး ခင်နိုင့်ကို စမ်းသပ်သည်။ မေးခွန်းတွေ မေးသည်။ ဘယ် အချိန်က စဖြစ်သလဲ။ နည်းသလား၊ များသလား၊ ဘာအရောင်လဲ၊ အခဲအစတွေ ပါသလား။ ဗိုက်ထဲက နာသလား၊ ခါးကိုက်သလား၊ ခြေထောက်တွေ ညောင်းသလို ဖြစ်သလား။ မူးသလား၊ မအီမသာ ဖြစ်နေသလား။

www.burmeseclassic.com

www.burmeseclassic.com



ခင်နိုင်က ခေါင်းသာတွင်တွင်ခါသည်။

ဆွေဆွေဦးက ဆေးထိုးပေးသည်။ သောက်ဆေးပေးသည်။

'ကိစ္စမရှိပါဘူး။ ကောင်းသွားမှာပါ။ အိပ်ရာပေါ်မှာ ငြိမ်ငြိမ်လေး နေရမယ်။ ခေါင်းအုံးမပါဘဲ အိပ်ပါ။ ခုတင်ကို ခြေရင်းဘက်က နည်းနည်းမြှင့်ထား။ သုံးရက်လောက် ငြိမ်ငြိမ်လေးလှဲနေ၊ ဒါဆို ကောင်းသွားမှာပဲ'

'ဘာ··· ကိစ္စမရှိဘူးဟုတ်လား။ နင် ပေါ့ပေါ့လေး မပြောနဲ့။ ဒီလောက်တောင် သွေးတွေ ထွက်နေတာ'

'ဘာလိဒင်ဖြစ်တာ ငါသိပါတယ်။ အရေးမကြီးလို့ အရေးမကြီးဘူး ပြောတာ'

'ဟုတ်သားပဲ ကိုမောင်၊ သူက ဆရာဝန်ပဲဟာ၊ နားလည်လို့ ပြောတာပေါ့'

ခင်နိုင်က ဝင်ပြောသည်။ ငြိမ်းမောင်က···

'ဒါပေမယ့် သူက အိုဂျီမှမဟုတ်ဘဲ'

ငြိမ်းမောင်စကားက လွန်သည်။ တခြားဆရာဝန်ဆိုလျှင် ချက်ချင်းထပြန်သွားလိမ့်မည် ဖြစ်၏။ ဆွေဆွေဦးကတော့ ငြိမ်းမောင်အကြောင်း သိထားသူဖြစ်သဖြင့် စိတ်မဆိုး။

'ငါလည်း ဒပ်ဖရင်မှာ အလုပ်သင် လုပ်ခဲ့ဖူးပါတယ်ဟာ။ နယ်မှာ ဆေးခန်းသွားဖွင့်တုန်းကလည်း ကလေးအယောက်တစ်ရာလောက် မွေးပေးခဲ့ဖူးပါတယ်'

ငြိမ်းမောင်က မကျေနပ်သေး။

'ငါကတော့ စိတ်ချရအောင် ဆေးရုံသွားရင်ကောင်းမယ် ထင်တာပဲ'

ထပ်ပြောပြန်သည်။

'နင် သိပ်သွားချင်ရင်တော့ ငါ့မှာ ကားပါသားပဲ။ လိုက်ပို့လို့ ရတာပေါ့။ မလိုအပ်လို့ ပြောတာ၊ ဆေးရုံသွားရင်လည်း ဒီအချိန် စပယ်ရှယ်လစ်တွေ ရှိမှာမဟုတ်ဘူး။ ဆေးရုံကလည်း ငါ လုပ်ပေးတဲ့အတိုင်းပဲ ပေးရမှာ။ ဒီကနေ ဆေးရုံအသွား ကားဆောင့်တဲ့ဒဏ်ခံရတာပဲ ထူးခြားမှု ရှိမယ်'

'ဟုတ်သားပဲ ကိုမောင်။ ခင် ဆေးရုံတော့ မသွားချင်ဘူး'

ငြိမ်းမောင် တစ်ခုခုမပြောခင် ဆွေဆွေဦးက အလျှင်ဦးအောင်···

'ငါ့ကို ယုံစမ်းပါဟာ။ ဒီည ငြိမ်ငြိမ်လေးနေလိုက်။ မနက်ကျလို့ ဘာလိဒင် ဖြစ်သေးတယ်ဆိုရင် ဆေးရုံသွားပေါ့။ အကောင်းဆုံးက သုံးရက်လောက် အိပ်ရာပေါ်မှာ ငြိမ်နေလိုက်။ ပြီးတော့မှ မမနဲ့ဆီ သွားပြပေါ့'

ငြိမ်းမောင် ကျေနပ်လိုက်ရသည်။ ဆွေဆွေဦးက ရယ်လိုက်ပြီး···

'ဒီမှာ သူငယ်ချင်း၊ ဆရာဝန်တစ်ယောက်ကို ညကြီးအချိန်မတော်လည်း ခေါ်သေး



တယ်။ ကိုယ့်ကားနဲ့ ကိုယ်လည်း လာရသေးတယ်။ ဆေးလည်း အလကားကုပေးရသေးတယ်။ ဒါတောင် ကော်ဖီလေးတစ်ခွက် တိုက်ဖော်မရဘူးနော်'

'ဟာ···ဟုတ်သားပဲ။ ဆောရီးဟာ၊ ငါ သိပ်စိတ်ပူပြီး မေ့နေတာ'

'ဟုတ်ပါရဲ့၊ အားနာစရာ ကောင်းလိုက်တာ'

ခင်နိုင်ကလည်း ဝင်ပြောသည်။

'ကော်ဖီ မဟုတ်ဘူး။ မာလ်တိုဗာ တိုက်ပါ့မယ်။ ကိုးကန့်ပေါင်မုန့်လည်း ရှိပါတယ်'

'ကဲ··· ဒါဆိုလည်း မြန်မြန်လုပ်၊ ဆာလှပြီ'

ငြိမ်းမောင် အခန်းပြင် ထွက်သွားတော့မှ ဆွေဆွေဦးက···

'ခင် သောက်ခဲ့ဖူးတဲ့ ဆေးတွေ ဆွေ့ကို ပြောပြစမ်းပါ'

❑

နောက်တစ်နေ့ ငြိမ်းမောင် အိပ်ရာမှ နိုးသောအခါ ဘေးမှာ ခင်နိုင်မရှိတော့။ ငေါက်ခနဲ ထလိုက်သည်။

'ငြိမ်ငြိမ်နေပါလို့ ပြောထားလျက်သားနဲ့'

ဟု ရေရွတ်သည်။ တက်တစ်ချက် ခေါက်ပြီး ထထွက်လာသည်။

'ခင်···'

'ခင်···

ဟု တကြော်ကြော် ခေါ်သည်။ ရေချိုးခန်းထဲက ရေသံကြားသည်။ အားရပါးရ ဘွမ်းဗွမ်းမြည်အောင် လောင်းချိုးနေသည်။ ဂိတ်ထားသောတံခါးကို တစ်ချက်ထုပြီး···

'ခင်နိုင်'

ဒေါသသံဖြင့် ခေါ်သည်။ ခင်နိုင်က···

'ခင် ကောင်းသွားပါပြီ၊ ဘာလိဒင် မရှိတော့ဘူးလေ'

ခပ်အေးအေး လေသံဖြင့် ပြော၏။ ငြိမ်းမောင် တံခါးကို ဝုန်းခနဲ ဆောင့်ကန်လိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

'ကိုယ့်စကားကို နားထောင်စမ်းပါ ခင်ရယ်။ ကလေးကို ထိခိုက်သွားမှာ ကိုယ်သိပ်စိုးရိမ်လို့ပါ'

ခင်ခိုင်က အိပ်ရာပေါ် လှဲလျက်က ပြုံးသည်။ ငြိမ်းမောင်သည် ခုတင်မှာ တင်ပါးလွှဲထိုင်နေရာမှ ခြေထောက်ကို အိပ်ရာပေါ်တင်ပြီး တင်ပျဉ်ခွေလိုက်သည်။

'ခင်က ကိုယ်တိုင် ဝမ်းနဲ့လွယ်ထားရတာပါ။ ကိုယ့်ဘာသာ သိတာပေါ့။ ဘာမှ မဖြစ်နိုင်ပါဘူး'

'ဘယ်ပြောနိုင်မလဲ ခင်ခိုင်၊ ကလေး ဇာ်သမောက်ကို ပြုစုတယ်ဆိုတာ ဗိုက်ထဲမှာရှိစဉ်ကတည်းက ဂရုစိုက်ရတယ်။ ဒါမှ ကျန်းမာသန်စွမ်းတဲ့ ကလေးတစ်ယောက် မွေးဖွားလာမှာပေါ့။ ရောဂါတစ်ခုခု ကပ်ငြိပြီးပါလာရင် သိပ်ဒုက္ခရောက်တတ်တယ်'

'ကိုမောင် စိုးရိမ်တာက လိုတာထက် ပိုနေပြီ ထင်တယ်'

'မပိုဘူး။ ခင် မဆင်ခြင်တာတွေ အများကြီးပဲ။ ဟိုတစ်နေ့ကလည်း တို့ဟူးသုပ်တွေ ဝယ်စားတယ်မဟုတ်လား။ ခင် အသုပ်စားရင် အမြဲတမ်း ချဉ်ငန်စပ် စားတတ်တာ ကိုယ် သိတယ်။ ခင်နဲ့ မတည့်ဘူး'

'တို့ဟူးက ပဲနဲ့လုပ်တာလေ။ ပရိုတင်းဓာတ် အများကြီးပါတယ်'

'ပူပူနွေးနွေး ကြော်စားရင်တော့ ဟုတ်တာပေါ့။ လမ်းဘေးအသုပ်ဆိုင်က သန့်ချင်မှ သန့်မှာ။ ယင် နားချင်နားမယ်။ ပြီးတော့ ရေက မသန့်ရင် အသည်းရောင်ရောဂါ ဖြစ်နိုင်တယ်။ ကိုယ်ဝန်ဆောင် အဲဒီရောဂါဖြစ်ရင် မလွယ်ဘူးသိလား။ ကိုယ် စာအုပ်တွေလည်း ဝယ်ပေးထားတာပဲ။ မိခင်လောင်းတွေ ဆင်ခြင်သင့်တာတွေ အကုန်ပါတယ်'

'ခင် ဖတ်ပါတယ်'

'မဖတ်ပါဘူး၊ ကိုယ် သိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ခင်နိုင်ဘာ မငြင်းတော့။ ငြိမ်းမောင်က ခင်နိုင့်လက်ကို ဆုပ်ကိုင်ပြီး…

'ထို့ထက်ကိုယ်ကိုယ် ဂရုစိုက်ပါ ခင်ရယ်။ ကိုယ့်သားလေးကို ကျန်းမာသန်စွမ်းတဲ့ ကလေးတစ်ယောက် ဖြစ်လာစေချင်လို့ပါ'

'ဘာ… သားလေးဟုတ်လား။ ယောကျ်ားလေးမွေးမယ်လို့ ကိုမောင် ဘယ်လိုလုပ်သိသလဲ'

'သိတယ်၊ ကိုယ် အိပ်မက်မက်တယ်'

'ဘယ်လို မက်လို့လဲ'

'ငှက်ပျောသီးကို မက်တာ'

'အို…'

'ဟုတ်တယ်။ ငှက်ပျောသီးမှ ရိုးရိုးမဟုတ်ဘူး။ နွယ်ပင်ကနေသီးနေတဲ့ ငှက်ပျောသီး'

'ကြံကြံဖန်ဖန်၊ ငှက်ပျောသီးဟာ နွယ်ပင်က သီးရတယ်လို့'

'အိပ်မက်ပါလို့ ဆိုနေ။ အဲဒါ ဘယ်လိုအဓိပ္ပာယ်ကောက်မလဲ။ စဉ်းစားကြည့်စမ်း'

ခင်နိုင်က တွေ၍ စဉ်းစားနေသည်။ ဘာမျှတော့ မပြောချေ။

❑

မိန်းမတွေဟာ များသောအားဖြင့် ညကြီးအချိန်မတော်ကျမှ ဘာကြောင့်များ ဗိုက်နာတတ်ကြတာပါလိမ့်ဟု စဉ်းစားဖို့ အချိန်မရှိတော့။

မွေးဖို့ ခန့်မှန်းရက်ချိန်းအတိုင်းဆိုလျှင် ကိစ္စမရှိ။ သုံးလေးရက် အလိုလောက်ကတည်းက ဆေးရုံယူသွားဖို့ ပစ္စည်းတွေ အဆင်သင့်စုမိပြီး ဖြစ်နေလိမ့်မည်။ ကားတစ်စီးကိုလည်း ဆယ်ရက်စာလောက် ငွေပေးပြီး အိမ်မှာယူထားဖို့ စိတ်ကူးထားသည်။

ခုတော့ မွေးရက်ချိန်းစေဖို့ နှစ်ပတ်လောက်အလိုမှာ ခင်နိုင် ဗိုက်နာလာသဖြင့် ကသီလင်တဖြစ်ရ၏။

အချိန်က ညနှစ်နာရီ၊ ကားငှားဖို့ မလွယ်။

ရပ်ကွက်ထဲမှာ ကားရှိသည့်အိမ်တွေတော့ ရှိ၏။ ဒီအချိန်ကြီးမှာ နိုးရမှာ အားနာစရာကောင်းလှသည်။ သို့ရာတွင် မတတ်နိုင်။ ခုလိုကိစ္စမျိုးမှာတော့ ကူညီဖို့ လက်မနှေးကြကြောင်း သိသည်။

ထို့ကြောင့် ဆေးရုံယူသွားရမည့် ပစ္စည်းတွေ ဒေါ်ကြီးကို ပြင်ဆင်ခိုင်းပြီး ကားအကူအညီတောင်းဖို့ ထွက်ရသည်။ ဒေါ်ကြီးတွေးက…

'ငါ ကလေးမမွေးဖူးတာ'

ဆိုပြီး ယောင်ချာချာ လုပ်နေသေးသည်။

'ကျွန်တော်လည်း မွေးဖူးတာ မဟုတ်ဘူး။ လိုမယ်ထင်တာ အကုန်သာ ထည့်'

ဟု ပြောပြီး ထွက်ခဲ့ရ၏။

အိမ်တစ်အိမ်ရှေ့မှာ ဟီးနိုးဘုတ်စ်ကားတစ်စီး ရပ်ထားတာ တွေ့သည်။ ကားပေါ်မှာ ညစောင့်အိပ်သူတွေ ရှိတတ်သည်။

ကားစောင့်ကောင်လေးကို နှိုးပြီး ပြောပြသည်။ ကောင်လေးက အိပ်မှုန်စုံမွှားဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



'ဒွန်းဆော်တာ ကားစောင့်အိပ်ရတာပဲ အစ်ကိုရ။ မမောင်းတတ်ဘူး။ နောက်ပြီး ပိုင်ရှင်သာ…'

'အစ်ကိုလည်း ဒီရပ်ကွက်မှာ နေတာပါပဲ'

'ခဏနေဦး၊ ကားပိုင်ရှင်ကို နှိုးလိုက်မယ်။ ဆရာက သဘောကောင်းပါတယ်'

ကောင်လေး အိပ်ဘက်သွားပြီး ကားပိုင်ရှင်ကို နှိုးပေးသည်။ ကားပိုင်ရှင် ထွက်လာပြီး…

'သြော်… ကိုငြိမ်းမောင်ပါလား။ အမျိုးသမီး ဗိုက်နာလို့ဆို'

ငြိမ်းမောင် အားနာသွားသည်။ သူက ကားပိုင်ရှင်ကို မြင်ဖူးရုံသာရှိသည်။ နာမည် မသိ။ ကားပိုင်ရှင်ကတော့ သူ့ကို ကောင်းကောင်း သိနေပုံရ၏။

'ဟုတ်ပါတယ်၊ အဲဒါ…'

'ခဏလေး၊ ကျွန်တော် ကားသော့သွားယူဦးမယ်'

ဟီးနိုဘတ်စ်ကားကြီးဖြင့် ကိုယ်ဝန်ဆောင်တစ်ယောက်ကို လိုက်ပို့ရတာ ထူးတော့ ထူးခြားသည်။

ဆေးရုံရောက်တော့ ကားပိုင်ရှင်က စောင့်ပေးနေရမလား မေးသည်။

ငြိမ်းမောင်က ကျွန်တော် ဒီမှာပဲနေရမှာ။ ပြန်လို့ရပါပြီ။ ဒီလောက် ကူညီတာပဲ ကျေးဇူးကြီးလှပါပြီ ဆိုပြီး ခေတ်ဆီဖိုးဟု ငွေတစ်ရာ ပေးသည်။

ကားရှင်က အတင်းငြင်းသည်။ ရပ်ကွက်သားချင်း ကူညီဖို့ဝတ္တရားရှိသည်ဟု ဆိုပြီး မယူဘဲ ထွက်သွား၏။

ငြိမ်းမောင် ဆေးရုံအပြင်က ထိုင်စောင့်နေသည်။

မိန်းမတွေ စိတ်အလှုပ်ရှားဆုံးအချိန်က မင်္ဂလာဆောင်သော အချိန်ဆိုလျှင် ယောကျ်ားတွေ စိတ်အလှုပ်ရှားဆုံးအချိန်သည် သားဦးမွေးသည့် အချိန်ပင် ဖြစ်လိမ့်မည်။

ဆေးရုံအပြင်က ထိုင်စောင့်နေသူတွေထဲတွင် ငြိမ်းမောင်သည် စိတ်အလှုပ်ရှားဆုံး ဖြစ်လိမ့်မည်။ သူ ဂနာမငြိမ်။ ထိုင်ခြင်း၊ ရပ်ခြင်း၊ လမ်းလျှောက်ခြင်း ဟူသော ဣရိယာ ပုတ်သုံးပါးကို တစ်လှည့်စီ ပြောင်းနေသည်။ တစ်မျိုးမျိုးမှာ ကြာရှည် အတည်မနေနိုင်။

သူသည် ပင်ကိုအားဖြင့် တည်ငြိမ်အေးဆေးသူဖြစ်၏။ ထို့ကြောင့်ပင် ထူးထူးခြားခြား စိတ်လှုပ်ရှားမှုဖြစ်လာသောအခါ သူများထက် ပိုခြင်းဖြစ်လိမ့်မည်။

တခြားသူများမှာ သူ့လောက် လှုပ်လှုပ်ရှားရှား မဖြစ်။ ငြိမ်သက်စွာ ထိုင်ငိုင်ရင်း စောင့်နေကြသူများသာ ဖြစ်၏။ သူ့လို သားဦးမဟုတ်ကြသဖြင့် ဣန္ဒြေရနေခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။ သူတို့အားလုံးသည် လက်လုပ်လက်စား ချို့ချို့ငဲ့ငဲ့



သံများ ဖြစ်ကြ၏။ ဘာပဲဖြစ်ဖြစ် ကျွေးရမယ့် ပါးစပ်တစ်ပေါက်တိုးလာတာပဲဟု နှလုံးပိုက်ထားကြလေသလားတော့ မသိ။

ယောကျ်ားလေးလား၊ မိန်းကလေးလားဟု တွေးရင်း ရင်ထိတ်ရတာ စာမေးပွဲအောင် စာရင်းကြည့်ရတာနှင့်လည်း မတူ။ စာမေးပွဲဆိုသည်မှာ အောင်လျှင် ဝမ်းသာရသည်။ ကျလျှင် ဝမ်းနည်းရသည်။

ခုဟာက ယောကျ်ားလေးဆိုလျှင်လည်း တစ်မျိုး ဝမ်းသာရသည်။ မိန်းကလေး ဆိုလျှင်လည်း တစ်မျိုး ဝမ်းသာရသည်။ မတူညီသော ဝမ်းသာမှုနှစ်မျိုးအနက် ဘယ်ဟာ ဖြစ်မလဲဟု တွေးပြီး ရင်ခုန်ရတာမျိုး။

ငြိမ်းမောင်သည် စီးကရက်တစ်လိပ်ပြီးတစ်လိပ် ဆက်တိုက်ဖွာရင်း နာရီပေါင်း များစွာ စောင့်နေရသည်။

ကြာလာတော့ စိုးရိမ်စိတ်ကဲလာသည်။ ဘာကြောင့် အခုထိ မမွေးသေးတာလဲ။ ဘာ အခက်အခဲတွေ့နေလို့လဲ။

'မခင်နိုင်အိမ်က ရှိသလား'

နံနက် ဆယ်နာရီလောက်ကျမှ ဆေးရုံဝန်ထမ်းတစ်ဦး၏ အော်ခေါ်သံ ကြားရသည်။ သံတံခါးဆီ သူ ပြေးသွားသည်။

'ကျွန်တော် ခင်နိုင်…'

ဟု အယောင်ယောင် အမှားမှား ပြောမိ၏။ ဆေးရုံဝန်ထမ်းက သတိမထား မိ။ ပုံမှန်လေသံဖြင့်…

'ယောကျ်ားလေး မွေးတယ်'

'ယောကျ်ားလေး'

သူသည် လေထဲသို့ မြောက်တက်သွားသလို ခံစားရ၏။

'နေလို့ကောင်းရဲ့လား။ သူ… ကလေးကော'

'ကောင်းပါတယ်။ မွေးရတာ နည်းနည်းခက်လို့ ညှပ်ဆွဲရတယ်'

'ဟုတ်လား၊ ဘာမှတော့…'

'မဖြစ်ပါဘူး။ ကောင်းပါတယ်။ အခု ကော်ဖီနဲ့မုန့်နဲ့ ပို့ပေးပါလို့ မှာတယ်'

'ဟုတ်ကဲ့'

ထမင်းပို့ချိန်တွင် ခင်နိုင် မွေးခန်းထဲမှ မထွက်ရသေးသဖြင့် မတွေ့လိုက်ရ။ ညနေ ခြောက်နာရီကျမှ တွေ့ရသည်။ ကလေးကို မတွေ့ရ။ မေးကြည့်တော့မှ အသက် နည်းနည်းဝါသဖြင့် ကလေးအထူးခန်း ပို့ထားရသည်ဟု ဆို၏။

'စိတ်မပူပါနဲ့၊ ဒီလိုပဲ ဖြစ်တတ်တယ်။ အလင်းရောင် ပေးထားလိုက်ရုံ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသွားမှာပါ'

ဟု ခင်နိုင်က ပြောသော်လည်း သူ စိတ်မအေးနိုင်။

ဆရာမကြီး ခေါ်မေနဆီ သွားသည်။ ဒီလို စိုးရိမ်တကြီး မျက်နှာမျိုး တွေ့မြင်နေကျ ဖြစ်သော ဆရာမကြီးက နှစ်သိမ့်ပြုံး ပြုံး၍…

'စိတ်ပူစရာ မရှိပါဘူး။ အခု အလင်းကုထုံးနည်းနဲ့ ကုထားတယ်'

'အလင်းကုထုံး'

'ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးလေ။ ကလေးကို မီးချောင်းတွေရဲ့ အလင်းရောင်အောက်မှာ ထားပေးတာလောက်ပါပဲ။ နောက်ဆုံးတွေ့တဲ့ နည်းသစ်ပေါ့'

ဆောဘီယူနစ်ခေါ် ကလေးအထူးခန်းက သီးခြားအဆောက်အအုံတစ်ခု ဖြစ်သည်။ သူ သားကို သွားကြည့်သည်။

ဆရာမလေးတစ်ယောက်က မှန်ခန်းထဲမှနေ၍ သားကို ချီပြသည်။ သားသည် တစ်ချက် လူးလွန့်ပြီးနောက် ဆရာမလေးလက်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေသည်။ အသားကတော့ အဝါရောင်သမ်းနေတုန်း။ ရောဂါဝေဒနာ အကြီးအကျယ် ခံစားနေ ရပုံတော့ မပေါ်သဖြင့် စိတ်သက်သာရာရသည်။

□

နောက်တစ်နေ့တွင် ခွေခွေဦးလာသည်။ သားကိုလည်း သွားကြည့်သည်။

'ငါ မမနုနဲ့ တွေ့ခဲ့ပြီ။ သွေးထဲမှာ ရှိနေတဲ့ ဗီလီရူဘင် အဲ… နင် နားလည်အောင် ပြောရရင် အသားဝါတာဟာ သိပ်မကျချင်ဘူး။ ဒါကြောင့် သွေးလဲတဲ့နည်းနဲ့ ကုမယ်လို့ ပြောတယ်'

'ဘာ… သွေးလဲရမယ်'

'ဟ…ဟ သိပ်အလန့်တကြားမဖြစ်ပါနဲ့။ စိုးရိမ်စရာ မဟုတ်ပါဘူး။ လွယ်လွယ် ပြောရရင် အသားဝါစေတဲ့ ဓာတ်ပစ္စည်းတွေ ရှိနေတဲ့ ကလေးရဲ့သွေးကို ထုတ်ပစ်ပြီး သွေးအသစ်သွင်းပေးတဲ့ နည်းပေါ့။ ဒါဆို အမြန်ဆုံးကောင်းသွားမှာပါ'

ဆေးရုံမှာ ဆယ့်တစ်ရက် ကြာသည်။

ဆေးရုံမှ ဆင်းလာပြီးနောက် သားသည် ပုံမှန်အတိုင်း ဖြစ်သွား၏။ နို့လည်း ကောင်းကောင်းစို့သည်။ မီးချောင်းရောင်အောက်မှာ နေခဲ့ရသဖြင့် အပူဖုကလေး တွေတော့ ပေါက်လာသည်။ ဆရာဝန်ကြီး ညွှန်ကြားသောဆေးကို တိုက်လိုက် သဖြင့် ကောင်းသွားသည်။

□

ငြိမ်းမောင်သည် တည်ငြိမ် အေးဆေးသူဖြစ်၏။ စကားလည်းနည်းသည်။ နောက်လား၊ ပြောင်လား နေတတ်သူမဟုတ်။ သားကို မွေးပြီးနောက်မှာတော့ သူ့အချိုး ပြောင်းလာသည်။

ရုံးမှာ သူ့သားအကြောင်း လူတကာကို ပြောပြတတ်သည်။ သူ့သား အငိုသန် ကြောင်း၊ ညက တစ်ညလုံး မအိပ်ဘဲ ဝူးဝူးဝါးဝါးလုပ်နေသဖြင့် သူလည်း မအိပ်ရ ကြောင်း၊ ငိုလျှင် သူချီမှ အငိုတိတ်ကြောင်း စသဖြင့်။

ရုံးမှ လူများမှာ များသောအားဖြင့် ကလေးနှစ်ယောက်၊ သုံးယောက် ရပြီး သူတွေဖြစ်သဖြင့် သူပြောတာတွေက မထူးဆန်းတော့။ သို့ရာတွင် သူ့ကိုအားနာသဖြင့် စိတ်ဝင်စားဟန်ပြုပြီး နားထောင်ရသည်။

သူကလည်း သူ့သားအကြောင်းနားထောင်ပြီး မှတ်ချက်ပေးတတ်သူတွေကို လက်ဖက်ရည် တိုက်တတ်၏။

သူ ရုံးကပြန်လာလျှင် အရင်လို ခင်ရေ၊ ခေါ်ကြီးရေဟုခေါ်ပြီး တံခါးမဖွင့်ခိုင်း တော့။ သားမောင်ရေဟု အော်ခေါ်တတ်သည်။ သားကို အရင်ဆုံးဝင်၍ နှုတ်ဆက်သည်။ ကလေးက ဘာမျှသိတတ်သေးသည် မဟုတ်သော်လည်း…

'သားမောင်၊ ဒီနေ့ ဖေဖေ့ကို သတိရလို့ ငိုသေးလား။ ဩော်… ဟုတ်လား။ ရှူးရှူးတွေကော ဘယ်နှခါပေါက်သေးသလဲ'

စသည်ဖြင့် ကလေးကို စကားတွေပြောတတ်သည်။ သားကလည်း ဝူးဝါး အဲ့အင့် စသည်ဖြင့် ပြန်လုပ်လျှင် သူ သိပ်သဘောကျသည်။

သားကို ဇော်ငြိမ်းခိုင်ဟု နာမည်ပေးထားသော်လည်း အားလုံးက သူ ခေါ် သလို သားမောင်ဟူ၍ပင် လိုက်ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သားမောင် နည်းနည်းပါးပါး နေထိုင်မကောင်းဖြစ်လျှင် ငြိမ်းမောင် ပျာနေပြီ။ ဆွေဆွေဦးကို ဖုန်းဆက်ပြီး ခေါ်သည်။ ကလေးဝမ်းကောင်းရဲ့လား။ ဆီးသွားတာ မှန်ရဲ့လား။ သူကိုယ်တိုင် နေ့တိုင်းစစ်ဆေးသည်။

ဆွေးငါးစတုန်းက ကလေး၏ ဝမ်းကိုကြည့်၍ ဝမ်းပျက်နေပြီဆိုပြီး ဆွေဆွေဦးကို ဖုန်းဆက်ခေါ်သည်။

'တစ်နေ့ သုံးခါလောက်သွားတယ်။ အရောင်က ဝါတယ်။ ပြီးတော့ အရည်တွေ' ဆွေဆွေဦးက စိတ်ပျက်လက်ပျက်ဖြင့်…

'ငြိမ်းမောင်ရယ်၊ ငါတော့ သေချင်တာပဲ။ ငွေးခါစကလေးဆိုတော့ အဖတ်မှ မစားသေးတာ။ နို့ပဲစို့ရတာ အရည်ပဲပါမှာပေါ့ဟဲ့။ တစ်နေ့ သုံးခါလောက် သွားတာလည်း ပုံမှန်ပဲ။ နင့်ကလေး ဘာမှမဖြစ်ဘူး။ ဒီမှာ ငြိမ်းမောင်၊ ငါ့မှာလည်း တခြားလူနာတွေ ရှိသေးတယ်။ နင်တို့ချည်းပဲမဟုတ်ဘူး။ ငါ့များလည်း အဲ့နားပါဦး'

ဟု ပြောယူရသည်။

သားမောင် နေမကောင်းဖြစ်၍ တအီအီဖြစ်နေလျှင် ငြိမ်းမောင်က ကိုယ်ပေါ်မှာ ထမ်း၍သိပ်လေ့ရှိ၏။ အောက်ချလိုက်သည်နှင့် ကလေးက ငိုတတ်သည်။ ထိုအခါ ငြိမ်းမောင်က တစ်ညလုံး ထမ်းထားသည်။

ခင်နိုင်ကတော့ ငြိမ်းမောင်လောက် စိတ်မရှည်။ ညဘက် ကလေးနို့ဆာလို့ အော်ငိုသော်လည်း ထချင်မှ ထသည်။ ငြိမ်းမောင်က နှိုးလျှင်…

'နို့ဘူးပဲ ဖျော်တိုက်လိုက်ပါတော့'

ဆိုပြီး ပြန်အိပ်တတ်သည်။

သေးစိုသလား၊ အနီးလွတ်နေသလား စမ်းရတာလည်း ငြိမ်းမောင် တာဝန်လို ဖြစ်နေ၏။ ငြိမ်းမောင်ကတော့ မညည်းမညူလုပ်သည်။ ကလေးနှင့်ပတ်သက်၍ ပေါ့လျော့သည်ဟု ခင်နိုင်ကို အပြစ်မတင်။

တစ်ခုပဲ။ ညဘက် ကလေးကို နို့မတိုက်သည့်ကိစ္စတော့ ပြောသည်။

'ဒီတစ်ခုတော့ ကိုယ်လည်း လုပ်မပေးနိုင်ဘူး။ ခင် နို့တိုက်မှရမှာ။ နို့ဘူးထက် မိခင်နို့ကို ပိုပြီး စို့စေချင်တယ်'

ဟု ပြောသည်။

ခင်နိုင်ကတော့ ပြောပြီး နှစ်ရက်၊ သုံးရက်သာ ညဘက် နို့ထတိုက်သည်။ နောက်ပိုင်းတွင် မထဘဲ နေမြဲ။

တကယ်တော့လည်း ခင်နိုင်သည် ကလေးသိပ်ချစ်တတ်သူတစ်ယောက် မဟုတ်ချေ။ သူ့ဘဝတွင် ကလေးငယ်များနှင့်လည်း မနီးစပ်ခဲ့။ သူက တစ်ဦးတည်းသော



သမီးဖြစ်သဖြင့် မောင်တွေ၊ ညီမတွေလည်း မရှိ။ တူ၊ တူမတွေလည်း မရှိ။

အမေက သူ့ကို ပြုစုပျိုးထောင်ပေးခဲ့ရာမှာလည်း သားသမီးကိစ္စမပါ။ တကယ် ဆိုလျှင် သူ့မှာ ကိန်းအောင်းနေသော စိတ်ခံစားအရ သားသမီးဆိုသည်မှာ သူ့ဘဝ ကြီးပွားတိုးတက်အောင် ကြိုးစားရာတွင် နှောင့်နှေးစေသော အဟန့်အတားတစ်ခု ဟူ၍ပင် ထင်စရာ ရှိနေသည်။

သူ၏ ပင်ကိုစိတ်ရင်းက ဒီလောက်စိမ်းကား မာကျောတတ်သည်မဟုတ်ချေ။ သို့တိုင်အောင် သားမောင်ကို ကိုယ်ဝန်ရှိခဲ့သဖြင့် သူ အကြီးအကျယ်မျှော်လင့်ထားသော နိုင်ငံခြားသွားဖို့ကိစ္စ ပျက်ပြားသွားခဲ့ရခြင်းသည် အတွေးထဲကို မကြာခဏ ဝင်လာသည်။

ထိုသို့ ဝင်လာတိုင်းလည်း ထိုအတွေးကို အပြင်းအထန်ငြင်းဆန်ပြီး မောင်း ထုတ်ပစ်ရသည်။

ထိုအတွေးမျိုးဝင်မလာဖို့ဆိုတာကလည်း သားကို မကြည့်ဘဲ မမြင်ဘဲ နေမှဖြစ်မည်။ လုံးဝမဖြစ်နိုင်သောကိစ္စ။

သူ့နှလုံးသားထဲမှ တကယ့်စိတ်ထားအမှန်ကမူ သားကိုသိပ်ချစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ခင်ခိုင်သည် ရုံးတက်ရသည်ကို စိတ်မပါချေ။ တစ်ရုံးလုံးက သူ့ကို နိုင်ငံခြားသွားရမည်ဟု တစ်ပေးထားခဲ့ပြီးသား။ ခုတော့ တခြားသူတစ်ယောက်က သူ့နေရာကို ခင်ယူသွားခဲ့ပြီ။

ပညာတော်သင်အရွေးခံရသူ အမျိုးသမီးမှာ ခင်ခိုင်နှင့်တခြားစီဖြစ်၏။ ဘယ်နေရာမှာပဲ ယှဉ်ယှဉ် ခင်ခိုင်က အပြတ်အသတ်သာသည်။

ဘာပဲဖြစ်ဖြစ် ထိုအမျိုးသမီးက နိုင်ငံခြားကပြန်လာလျှင် ရာထူးတက်တော့မှာ သေချာသည်။ ခင်ခိုင်က သူ့ထက် ရာထူးတစ်ဆင့်နိမ့်သူအဖြစ် သူ့လက်အောက်မှာ နေရတော့မည်။ ဒါကို သူ လုံးဝ အဖြစ်မခံချင်။

ရုံးကလူတွေက သူ့ကိုကရုဏာသက်ကြသည်။ အားပေးစကား ပြောကြသည်။

ကံဆိုးသူတစ်ယောက်၊ အားနည်းသူတစ်ယောက်အဖြစ် အထင်ခံရတာကို ခင်ခိုင် အမုန်းဆုံး ဖြစ်၏။ သူတစ်ပါး၏ သနားသဖြင့် ကြည့်ခြင်းကို သူ လုံးဝ လက်မခံနိုင်။

ခင်ခိုင်သည် ရုံးလုပ်ငန်းအပေါ်မှာ စိတ်ပါဝင်စားမှု မရှိတော့။ ခွင့်ယူသည့်ရက်တွေ များလာသည်။ အလုပ်ကို ဝတ်ကျေတမ်းကျေသာ လုပ်ဖြစ်တော့သည်။

ဆက်ဆံရေးမပြေပြစ်တာတွေလည်း ရှိလာသည်။ အရင်က ခင်မင်ခဲ့သော ရုံးသူရုံးသားများနှင့်ပင် ခပ်တန်းတန်းလုပ်ချင်လာသည်။ အလုပ်ထွက်ဖို့တောင် မကြာခဏ စဉ်းစားမိလာသည်။

ထိုအချိန်တွင် ခင်ခိုင်အဖို့ အဆိုးဆုံးထိုးနှက်ချက်တစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။ ခင်ခိုင်တို့ရုံးသို့ ဒေါ်တင်ထား ရောက်ရှိလာခြင်းပင် ဖြစ်၏။ သူက အဖွဲ့စုမှူးအဖြစ် ခင်ခိုင်တို့အခန်းကို အုပ်ချုပ်ရမည်။ ခင်ခိုင်တို့၏ အထက်အရာရှိပင်။

ဒေါ်တင်ထားသည် ခင်ခိုင့်အစ်ကိုဝမ်းကွဲတစ်ယောက်၏ ဇနီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်နိုင်တို့အခေသည် စာရေးကလေးမျှသာဖြစ်သော အဖေနှင့်လိုက်ပြေးသဖြင့် မိဘများ၏ အဆက်အသွယ်ဖြတ်ထားခြင်း ခံခဲ့ရသည်။ မိဘများမရှိတော့သောအခါ အမွေပစ္စည်းများကို အခြားမောင်နှမများက အပိုင်စီးခဲ့ကြသည်။

ထိုသူများမှာ တစ်စထက်တစ်စ ချမ်းသာကြွယ်ဝပြီး ဩဇာအာဏာရှိသူများ ဖြစ်သောကြ၏။ ထိုသူတို့မှ မွေးဖွားလာသော သားသမီးများသည်လည်း အားလုံး ပညာတတ်၊ ရာထူးရာခံနှင့် တင့်တင့်တယ်တယ်နေနိုင်ကြသူတွေချည်း။

အမေ့ကို ဆွေမျိုးအသိုက်အဝန်းက ဝိုင်းဝယ်ထားခဲ့ကြခြင်း၏ ဂယက်သည် ခင်နိုင်အထိ ရိုက်ခတ်မှုရှိနေသည်။

ဒမ်းကွဲမောင်နှမအများစုက ခင်နိုင့်ကို ဆွေမျိုးအဖြစ် အသိအမှတ်မပြုချင်ကြ။ အဖေ့သွေးဟု လက်မခံ။ စာရေးလေးတစ်ယောက်မျှသာဖြစ်သော အဖေ၏ အဆက်အနွယ်ဟု ယူဆကြသည်။

တချို့ကဆိုလျှင် ခင်နိုင်သည် သူတို့ဆွေမျိုးအသိုက်အဝန်း၏ ရုက်စရာပြယုဂ်တစ်ခုအဖြစ်တောင် မြင်နေကြလေသည်။

တချို့က ခင်နိုင့်ကို သူစိမ်းပြင်ပြင်လို သဘောထားသည်။ တချို့က အခေါ်အပြောရှိသော်လည်း ခပ်တန်းတန်းခပ်နိမ့်နိမ့် ဆက်ဆံသည်။

အနည်းအကျဉ်းလောက်ကသာ သူ့အပေါ် နှမဝမ်းကွဲတစ်ယောက်လို သံယောဇဉ်ထားကြသည်။

ခင်နိုင်ကလည်း သူ့မာနနှင့်သူ။ ဘယ်သူ့ကိုမှ အောက်ကျို့ပြီး မဆက်ဆံခဲ့။

ဆွေမျိုးတွေအပေါ် စိတ်နာတတ်ဖို့၊ တစ်နေ့နေ့မှာ သူတို့ထက်သာအောင် လုပ်ပြဖို့ဆန္ဒသည် အစဉ်ကိန်းအောင်းနေသည်။ ဒီလိုဖြစ်အောင်လည်း အမေက ရိုက်သွင်းပေးခဲ့သည်။

ခင်နိုင့်မှာ ပျော့ကွက်တစ်ခုတော့ရှိနေသည်။ ထိုအချက်မှာလည်း အမေ တစ်ချက်ကလေး ခြေလှမ်းမှားခဲ့သောကြောင့် ဖြစ်၏။

ခင်နိုင် ဆယ်တန်းတုန်းက အမေ့စီးပွားရေးအခြေအနေ တော်တော်ဆိုးခဲ့သည်။ ကျန်းမာရေးလည်း နည်းနည်းကျသည်။ အတန်ငယ် သဘောထားပျော့ပျောင်းသော အမေ့အစ်ကိုကြီးတစ်ယောက်က အိမ်မှာလာနေဖို့ ခေါ်သည်။ အမေက နေချင်သည်မဟုတ်။ သို့ရာတွင် ခင်နိုင်၏ပညာရေးကို ငဲ့ကြည့်ပြီး နေဖြစ်သွား၏။

ခင်နိုင်တို့ဘကြီး (အမေ့အစ်ကိုအကြီးဆုံး)က အသက်ကြီးလာပြီဖြစ်၍ မာန်မာနတွေ လျော့ပါးလာသည်။ ညီမဖြစ်သူအပေါ် အနိုင်ကျင့်ခဲ့မိသည့်အတွက် နောင်တရမိဟန်တူသည်။ ပြန်လည် ကူညီထောက်ပံ့ဖို့၊ အထူးသဖြင့် ခင်နိုင့် ပညာရေးကို တာဝန်ယူဖို့



ဒိတ်ကူးရှိသည်။

သို့ရာတွင် ဘကြီး၏မိန်းမဖြစ်သူက ခင်နိုင်တို့ သားအမိအပေါ် တစ်မျိုးမြင်သည်။ သူတို့ပစ္စည်းကို ခွဲဝေသုံးစွဲဖို့ ရောက်လာသည်။ ဘကြီးကို စည်းရုံးပြီး အမွေရအောင် ကြံဖို့ဖြစ်သည်ဟု ယူဆသည်။

ထင်မည်ဆိုလည်း ထင်စရာ ရှိ၏။ ဘကြီးမှာ သားတစ်ယောက်တည်းရှိသည်။ သမီးမိန်းကလေးလိုချင်နေသည်။ ခင်နိုင့်ကို သမီးအဖြစ်မွေးစားတာမျိုး လုပ်လာနိုင်သည်။

ဒါဆိုလျှင် အမေ့အပေါ် ဘကြီး အနိုင်ကျင့်ခဲ့သည့်ကိစ္စအတွက် ပြန်လည် ပေးဆပ်ရာလည်းရောက်သည်။ ဘကြီး၏သား ခင်နိုင့်အစ်ကိုဝမ်းကွဲကလည်း ခင်နိုင့်ကို ကြင်နာဟန်ပြသည်။

ထိုအခါ ဘကြီး၏ မိန်းမနှင့် အစ်ကို၏မိန်းမ ဒေါ်တင်ထားတို့ ပူးပေါင်းပြီး ခင်နိုင်တို့ သားအမိကို တိုက်ခိုက်တော့သည်။

ဘကြီးနှင့် အစ်ကိုတို့ကွယ်ရာမှာ အမျိုးမျိုး ပညာပြသည်။ ပညာရှိနည်းဖြင့် သိမ်သိမ်မွေ့မွေ့ နှိပ်စက်ကြခြင်းပင် ဖြစ်၏။

ထမင်းစားချိန်မှာ မေ့ချင်ယောင်ဆောင်ပြီး ခေါ်မကျွေးဘဲနေတာတို့၊ ပြီးမှ ယော... သားအမိနှစ်ယောက် ဘယ်ပျောက်နေကြလဲ။ ထမင်းစားဖို့ လိုက်ရှာနေတာ။ ကဲကဲ စားကြဆိုပြီး အရိုးအရင်းလောက် ချန်ထားတာတို့မှာ အသေးအဖွဲသာ ဖြစ်၏။

အမေသည် ခံပြင်းလှသော်လည်း ခင်နိုင့်အတွက် စဉ်းစားပြီး ကြိတ်မှိတ် အောင့်အည်းနေရသည်။

ခင်နိုင်တို့ကိုဆက်ဆံပုံမှာ အစေအပါးသာသာလောက်သာ ရှိ၏။

အမေကလည်း ခင်နိုင်အတွက် နေသာထိုင်သာရှိအောင် သူ့မာနကိုချပြီး တတ်နိုင်သမျှ အိမ်အလုပ်ကို သိမ်းကျုံးလုပ်သည်။

ဒေါ်တင်ထားတို့ကလည်း အဝတ်လျှော်သည့် ကုလားမကို မရှိးသားဟုဆိုကာ ထုတ်ပစ်လိုက်သည်။ အဝတ်လျှော်သည့်တာဝန်ကို အမေနှင့် ခင်နိုင် ယူလိုက်ရသည်။ ဤသို့ဖြင့် သူတို့သားအမိကို အစေအပါးအဆင့်သို့ တဖြည်းဖြည်း လျှောကျသည်။

ထိုမျှမက အခြားသော ညီအစ်ကိုမောင်နှမ အသိုက်အဝန်း၏ စိတ်ကူကိုပါ ယူသည်။ ဒီအိမ်မှာ ခင်နိုင်တို့သားအမိအား လက်ခံထားသည်ကို ကန့်ကွက်ကြသည်။ သူတို့ရောက်လျှင် ဒီအိမ်ကို ဘယ်တော့မှမလာဆိုပြီး အဆက်အသွယ် ဖြတ်စပြုလာသည်။

မိန်းမတွေကြီးစိုးသောအိမ်မှာ ခင်နိုင်တို့ သားအမိ တဖြည်းဖြည်းအနေကျဉ်း လာသည်။ အမေသည် နဂိုကတည်းက သူတို့နှင့်ကင်းကင်းနေလိုသူ ဖြစ်၏။ သူ့မာနနှင့် တင်းထားလိုသူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ခုလို မဘတ်သာလွန်း၍ သည်းခံနေရသောအခါ အမေသည် တဖြည်းဖြည်း ဆိနိုက်လာသည်။ ပင်ပန်းသဖြင့် ကျန်းမာရေးလည်း မကောင်းလှတော့။ ရုပ်ကျလာသည်မှာ သိသာ၏။ စိတ်ထိခိုက်ခြင်းမှာ အဆိုးဆုံး။

သို့ဖြင့် ခင်နိုင် ဆယ်တန်းစာမေးပွဲ ဖြေပြီးသောအခါ ဖြစ်ချင်ရာဖြစ်ဆိုပြီး ထိုအိမ်မှ မြို့လည် ထွက်ခွာလာခဲ့ကြသည်။

ခင်နိုင် ဆယ်တန်းအောင်သည်။ ရုံးမှာဝင်လုပ်ရင်း လုပ်သားကောလိပ်တက်သည်။

အမေကလည်း ကြုံရာကျရာအလုပ်ကလေးတွေ တတ်နိုင်သမျှ လုပ်သည်။ တချို့အလုပ်များမှာ နည်းနည်းတော့ အောက်ကျို့ရသည်။ သို့ရာတွင် သူများဆီမှာ အောက်ကျို့ရတာက ကိုယ့်ဆွေမျိုးအရင်းဆီမှာ အောက်ကျို့ရကာထက် အများကြီး ခံသာသည်ဟု အမေ ယူဆသည်။

အရေးကြီးတာက အမေ လွတ်လွတ်ခုံးရှုံးခဲ့ရသော ပျော်ရွှင်ချမ်းမြေ့သည့်ဘဝမျိုး ခင်နိုင့်အလှည့်မှာ ပြန်ရဖို့သာ ဖြစ်၏။

❑

သူ မတွေ့လို၊ မမြင်လို၊ မျက်နှာချင်းမဆိုင်လိုသော အသိုက်အဝန်းမှ ဒေါ်တင်ထားသည် သူ၏အထက်အရာရှိအဖြစ် ကိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာခဲ့ပြီ။

ဒေါ်တင်ထားက မျက်နှာချိုသည်။ အပြောအဆို ပြေပြစ်ညင်သာသည်။ အပေါ်ယံကြည့်လျှင် ခင်မင်နှစ်လိုဖွယ်ပင်။

သို့ရာတွင် သူ့အတွင်းသဘောကို ခင်နိုင်က သိနေသည်။ သိမ့်သိမ့်မွေ့မွေ့လေးနှင့် ပညာပြတတ်သည်။ ချိုချိုသာသာပြောရင်း အထက်စီးက နှိမ်တတ်သည်။

သူ ရောက်လာခါစတွင် ရုံးသူရုံးသားတွေက သဘောကျကြသည်။ မမက ရှင်ကလေးကလည်း ချစ်စရာလေး၊ သဘောလည်းကောင်းတယ်ဟု ဆိုကြသောအခါ ခင်နိုင် စိတ်ထဲက ကျိတ်ပြုံးချင်သည်။

ခင်နိုင့်ကိုတော့ ရောက်ရောက်ချင်းနေ့မှာပင် ပညာသားပါပါ နှိမ်ခဲ့ပြီးပြီ။

ပြောင်းရမည့် အရာရှိဟောင်းက တာဝန်လွှဲပေးပြီးနောက် ဒေါ်တင်ထားနှင့် ရုံးခန်းမှ ဝန်ထမ်းများကို မိတ်ဆက်ပေးရန် ခေါ်လာသည်။

ဒေါ်တင်ထားသည် ရုံးခန်းထဲဝင်အလာတွင် အခန်းကိုတစ်ချက်ဝေ့ကြည့်လိုက်သည်။ ထိုစဉ်ကတည်းက ခင်နိုင့်ကို သူ မြင်ခဲ့ပြီးသားဖြစ်၏။ ခင်နိုင် ဒီရုံးမှာရှိကြောင်းကို မလာခင်ကပင် သိပြီး ဖြစ်ချင်လည်း ဖြစ်မည်။ သို့ရာတွင် ဘာမျှ မသိသေးဟန် ဆောင်နေသည်။

ခင်နိုင့် စားပွဲရှေ့ကိုရောက်လာတော့ ခင်နိုင်မနေသာဘဲ မတ်တတ်ရပ် လိုက်ရသည်။ စိတ်ထဲကတော့ ရှင့်အတွက် ရပ်တာ မဟုတ်ဘူး။ ဆရာ့အတွက်ဟု မာန်တင်းသည်။

"ဒါကတော့…"

အရာရှိဟောင်းက မိတ်ဆက်ပေးဖို့ စကားစလိုက်စဉ်မှာပင် ဒေါ်တင်ထားက…

www.burmeseclassic.com

www.burmeseclassic.com



'အော--- ခင်ခိုင်ပါလား၊ ကြည့်စမ်း၊ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တယ်။ ကိုကိုသအသိရင် သိပ်ဝမ်းသာမှာပဲ'

ဆိုပြီး အရာရှိဟောင်းဘက် လှည့်၍···

'ခင်ခိုင်က အိမ်က အမျိုးသားရဲ့ကာဆင်လေ။ အိမ်မှာနေပြီးတော့ပဲ ဆယ်တန်း အောင်သွားတာပေါ့'

နောက်ဆုံးစကားလုံးမှာ ယဉ်ယဉ်ကလေးနှင့် ထိုးနက်လိုက်ခြင်းပင် ဖြစ်၏။ တခြားလူတွေက မသိသော်လည်း ခင်ခိုင်ကတော့ မိမိကို ဒေါ်တင်ထား စတင် ထိုးနက်လိုက်ခြင်း ဖြစ်ကြောင်း သိ၏။

'ခိုင်းစရာရှိရင်တော့ ခင်ခိုင့်ကို ဖိခိုင်းရမှာပဲ။ ဆန်ရင်း နှာနှပ်ဆိုတဲ့ စကားလိုပေါ့။ ဒါမှ ကိုယ့်လူမို့ ပစားပေးတယ် အပြောမခံရမှာ'

ဆိုပြီး ခင်ခိုင့်ကို အလုပ်တွေပိနေအောင်လုပ်သည်။ ခင်ခိုင်သည် လုပ်ငန်း ကျွမ်းကျင်မှုရှိသည်။ သူခိုင်းတာကို အေးအေးလေး လုပ်နိုင်သည်။

သို့ရာတွင် ခင်ခိုင်သည် အရင်ကလိုမဟုတ်တော့။ အလုပ်ထဲမှာ စိတ်ဝင်စားမှု လျော့နေသည်။ ထို့ပြင် ဒေါ်တင်ထားခိုင်းတိုင်း မလုပ်လိုသော အာခံစိတ်က ရှိနေသည်။

ထိုအခါ အလုပ်မပြီးတာတွေရှိလာသည်။ မသေမသပ်ဖြစ်တာတွေ၊ မှားယွင်းမှုတွေ ဖြစ်လာသည်။ ဒေါ်တင်ထားက···

'ညီမကလည်းကွယ်၊ ဒီလောက်လုပ်သက်ရင့်နေပြီးမှ ဒါလေးတောင် မလုပ်နိုင်ဘူး ဆိုရင် သူများ ပြောစရာ ဖြစ်နေပါဦးမယ်'

ခင်ခိုင့်ကို အချိန်အတော်ကြာအောင် လက်ချာတွေ ပေးသည်။ သေးက စားပွဲတွေ ကြားနိုင်လောက်အောင် လိုအပ်သည်ထက် အသံကိုမြှင့်ပြီး ပြောသည်။ ခင်ခိုင့်အပေါ် ဘယ်လောက်စေတနာထားကြောင်း၊ တော်စေချင်တတ်စေချင်ကြောင်း စသည်ဖြင့် သွယ်ဝိုက်သောနည်းဖြင့် သိက္ခာချသည်။

ခင်ခိုင် သူတို့အိမ်မှာ နေခဲ့ရသည့်အကြောင်းတွေ ကွယ်ရာမှာ တခြားလူတွေကို ပြောပြမှာ ကျိန်းသေကြောင်း ခင်ခိုင်သိသည်။ ဟုတ်လည်း ဟုတ်သည်။ သူ့သူငယ်ချင်းတစ်ယောက်က ပြန်ပြောပြသည်။

ခင်ခိုင့်ဘဝသည် အလွန်သနားစရာကောင်းကြောင်း၊ ခင်ခိုင်တို့ သားအမိသည် ဆွေမျိုးအသိုက်အဝန်းထဲတွင် အချို့တဲ့ဆုံးဖြစ်ကြောင်း၊ တခြားသူတွေ တင့်တင့်တယ်တယ် ဖြစ်နေချိန်မှာ သူတို့သားအမိကတော့ စားရမဲ့သောက်ရမဲ့ ရောက်နေကြောင်း၊ ထို့ကြောင့် သူတို့မိသားစုက ခေါ်ယူစောင့်ရှောက်ခဲ့ရကြောင်း စသည်ဖြင့် ဒေါ်တင်ထားက ပြောသည် ဆို၏။



သူတို့သာ မထောက်ပံ့ခဲ့လျှင် ခင်ခိုင် ဒီအခြေအနေကို ရောက်လာမှာ မဟုတ်ဟုဆိုသည့် သဘောမျိုးဖြစ်အောင် လုပ်ခဲ့သည်။

လောလောဆယ်တွင် ဒေါ်တင်ထားကို သူ မနိုင်ကြောင်း ခင်ခိုင် သိလိုက်ပြီ။ ဒေါ်တင်ထားက အပြောချိုသည်။ ပရိယာယ်ကြွယ်ဝသည်။ ခင်ခိုင်က စိတ်ဆတ်သည်။ တစ်ခါတစ်ခါ ဒေါသထွက်ပြီး မဆင်မခြင်ပြောတတ် လုပ်တတ်သည်။ ကြာရှည်ခိုလှုံမလွယ်။

ဒေါ်တင်ထားကို အထက်အရာရှိအဖြစ် စိတ်ထဲက မပါဘဲ ရှိသေပြနေရတာကိုက ဆိုးလှပြီ။ ကြာလျှင် သူ့အဆိုး ဖြစ်လာမည်။

ဒေါ်တင်ထားက သဘောကောင်းသူ၊ စိတ်ထားပြည့်ဝသူအဖြစ် ရုံးက လူတွေထင်အောင် နေရာယူပြမှာ သေချာသည်။ ခင်ခိုင့်အပေါ် အပြစ်တွေပုံလာအောင် သွယ်ဝိုက်သောနည်းဖြင့် အကွက်ဆင်မှာ သေချာသည်။

ဒေါ်တင်ထား ရှိနေသမျှ ခင်ခိုင် ရာထူးတိုးဖို့ဆိုတာ မဖြစ်နိုင်တော့။ ရာထူးတိုးပေးစရာရှိလျှင် ခင်ခိုင့်ကို ဖယ်ထားပြီး တခြားလူကို ပေးလိမ့်မည်။

ဤသို့ဖြင့် သူသည် ကိုယ့်ယောက်မကိုတောင် ဦးစားမပေးဘဲ အဂတိ လိုက်စားမှုကင်းသူ၊ ဖြောင့်မတ်မှန်ကန်သူအဖြစ် လူတွေလေးစားကြည်ညိုလာအောင် လုပ်တော့မည်။ ခင်ခိုင့်ကိုစတေးပြီး သူ့အတွက် ကောင်းကျိုးဖြစ်အောင် လုပ်တော့မည်။

ခင်ခိုင်သည် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ရသည်။ အလုပ်ထွက်တော့မည်ဖြစ်ကြောင်း ငြိမ်းမောင်ကို ပြောလိုက်၏။ တိုင်ပင်ခြင်း မဟုတ်။ အသိပေးခြင်းသာ ဖြစ်၏။

ငြိမ်းမောင်က ဘာကြောင့် ထွက်ချင်တာလဲဟု တစ်ခွန်းသာ မေးသည်။

ခင်ခိုင်က ရှည်ရှည်ဝေးဝေး ရှင်းမပြတော့။ နိုင်ငံခြား ပညာတော်သင်သွားဖို့ ပျက်သွားပြီးနောက် ရုံးမှာနေရတာ မျက်နှာငယ်သည်။ ရှေ့ဆက်တိုးတက်ဖို့ လမ်းမရှိ ဆိုတာလောက်သာ ပြောသည်။ ငြိမ်းမောင်က မကန့်ကွက်။

'ခင် မလုပ်ချင်ရင် ထွက်လိုက်တာ အကောင်းဆုံးပေါ့။ ခင် အလုပ်လုပ်မှ စားရ သောက်ရမယ့် အခြေအနေမှမဟုတ်ဘဲ။ ကိုယ်ကတော့ သဘောကျပါတယ်။ ဒါမှ သားကို ခင် အချိန်ပြည့်ဂရုစိုက်နိုင်မှာပေါ့။ သားက နည်းနည်း ချုချာလာတယ် မဟုတ်လား'

ဟူ၍သာ ပြော၏။

ခင်ခိုင်သည် အိမ်မှာနေဖို့ အလုပ်ထွက်သည်မဟုတ်။ သူ့မှာ သီးခြားအစီအစဉ်ရှိနေကြောင်း ငြိမ်းမောင်ကို ပြောမပြလိုက်ချေ။

www.burmeseclassic.com

www.burmeseclassic.com

သားမောင်က ချူချာသည်။ မကြာခဏ ဖျားတတ် နာတတ်သည်။ ရာသီဥတု ပြောင်းတော့မည်ဆိုလျှင် တခြားသဘာဝလက္ခဏာရပ်များကို ကြည့်ဖို့တောင် မလို။ သားမောင် တစ်ခုခုဖြစ်တာကို ကြည့်၍ သိနိုင်၏။

မိုးနည်းနည်းအေးလျှင် ရင်ကျပ်သည်။ နေပူပြင်းလျှင် ကျောပူ ခေါင်းပူ ဖြစ်၏။ အမြဲလိုလိုကတော့ နှာရည်လေး တရွဲရွဲ ရှိနေတတ်သည်။

တစ်ခါတစ်ရံ အကြောင်းမဲ့သက်သက် ရုတ်တရက် ကိုယ်ပူရှိန်တက်လာတတ်၏။ အတူးသဖြင့် တစ်ခုခုကို လန့်ဖျပ်သွားသည့်အခါမျိုးဖြစ်၏။ ညအိပ်နေရင်းက လန့်ပြီး ကိုယ်ပူလာတာမျိုးလည်း ဖြစ်လေ့ရှိသည်။

ပြီးတော့ သားမောင်သည် အသက်တစ်နှစ်ကျော်သည်ထိ သွားမပေါက်သေး။ ကောင်းကောင်းလည်း မတ်တတ်မရပ်နိုင်သေး။ သူ့အရွယ် တခြားကလေးတွေလို စကားတစ်လုံးစနှစ်လုံးစ ပြောတာမျိုး၊ ချီမိုင်မိုင်လုပ်တာ၊ လက်ခုပ်တီးတာမျိုး မလုပ်နိုင်သေး။ ချူချာသဖြင့် ဖွံ့ဖြိုးမှု နောက်ကျဟန် တူ၏။

ဆွေဆွေဦး၏အကြံပေးချက်ဖြင့် ကလေးအထူးကုဆရာဝန်ကြီးဆီ ပြကြည့်သည်။ ရောဂါတစ်ခုခု ဖြစ်နေသည့် လက္ခဏာ မတွေ့ရ။

ထို့ကြောင့် သတ္တုဓာတ်များ ကြွယ်ဝသောအားဆေးများ ကျွေးခိုင်းသည်။ ကြက်ဥ၊ နွားနို့၊ အသည်းတို့ ကျွေးခိုင်းသည်။ သစ်သီးတွေ ကျွေးခိုင်းသည်။

ခင်ခိုင် အလုပ်ထွက်လိုက်သဖြင့် သား၏ကျန်းမာရေးကို ပိုပြီးဂရုစိုက်နိုင်လာမည်ဟု ငြိမ်းမောင် ထင်ခဲ့သည်။ ထိုသို့ မဟုတ်ချေ။

ခင်ခိုင်က သူ့အစီအစဉ်နှင့်သူ ရှိပြီးသား။ ကလေးထိန်း၊ ထမင်းဟင်းချက်ရန် အိမ်တွင်းပုန်းလုပ်မနေနိုင်။ သူ့ရည်မှန်းချက် အောင်မြင်အောင် လုပ်စရာတွေ အများကြီး

www.burmeseclassic.com

www.burmeseclassic.com



နိုးလာသည်။

သူ့ရည်မှန်းချက်က ခွေးမျိုးအသိုက်အဝန်းကြားမှာ လက်မထောင်နိုင်အောင် လုပ်ရမည်။ ချမ်းသာအောင် ကြိုးစားရမည်။ မိမိကို နှိမ်ထားခဲ့သူများကို ပြားပြား ဝပ်သွားအောင် အပေါ်စီးကဲ ဆက်ဆံနိုင်ရမည်။ အမေ့အပေါ် မတရားအနိုင်ယူ ခဲ့သည့်အတွက် လက်စားချေရမည်။ ဒါက သူ၏ အမြင့်ဆုံး ရည်မှန်းချက်။

လောလောဆယ်မှာတော့ သူ ဘာလုပ်ရမည် မသိသေး။ အိမ်မှာလည်း ထိုင်မနေနိုင်။ တစ်ခုခုတော့ ကြိုတင်ပြင်ဆင်ထားရမည်။

စိတ်ကူးတစ်ခု ရသည်။ နိုင်ငံခြားဘာသာ သိပ္ပံတက်ဖို့ဖြစ်၏။ ထိုကိစ္စ စီစဉ် နေတုန်းမှာ အင်္ဂလိပ်စာအရေးအသားအပြောအဆို တိုးတက်အောင်လုပ်မည်။

သူသည် အင်္ဂလိပ်စာမှာ အခံမနိမ့်လှ။ ဝတ္ထုတွေဖတ်နိုင်သည့် အဆင့်အထိ ရှိ၏။ အပြောမှာကျတော့ နည်းနည်းလိုနေသည်။ ပြောကျင့်မရှိ၍ သိပ်မရေလည်သေး။ အင်္ဂလိပ်လူမျိုးတစ်ယောက်လောက်မဟုတ်တောင် မြန်မာ့အသံ အင်္ဂလိပ်ပိုင်း အစီအစဉ်က သတင်းကြေညာသူတွေလောက် ပြောနိုင်ဖို့ လိုသည်။

ဤသို့ဖြင့် သူသည် အင်္ဂလိပ်စကားပြောသင်တန်း တက်လိုက်၊ စာအုပ်တွေ နှင့် အလုပ်ရှုပ်လိုက်၊ စကားပြောလေ့ကျင့်ခန်း တိတ်ခွေဖွင့်နားထောင်လိုက်နှင့် ရှိနေပြန်၏။

သားကို ထိန်းဖို့ မိန်းကလေးငယ်တစ်ယောက်ကို ခေါ်ထားသည်။ ချက်ရေး ပြုတ်ရေးနှင့် အိမ်ထောင်ထိန်းသိမ်းဖို့ကို ဒေါ်ကြီးထွေးက စီမံရသည်။

❑

ခင်နိုင် သားကို သိပ်ဂရုမစိုက်နိုင်သဖြင့် ငြိမ်းမောင် မကျေနပ်သော်လည်း ဘာမှမပြော သေး။ ခင်နိုင် စိတ်ကြီးတာ၊ မာနကြီးတာ သူ သိသည်။ ရည်မှန်းချက်မြင့်မြင့်ထားတတ် တာကိုလည်း သိသည်။

နိုင်ငံခြား ပညာတော်သင် မသွားရသည့်ကိစ္စ၊ ရုံးက နုတ်ထွက်လိုက်ရသည့် ကိစ္စတို့ ကြောင့် ခင်နိုင် စိတ်ထိခိုက်နေလိမ့်မည်။ ထို့ကြောင့် စိတ်ပြေရာပြေကြောင်း လျှောက် လုပ်နေသည်ဟု ထင်သည်။

စိတ်အနည်ထိုင်သွားသည့် အခါကျလျှင် သူဖြစ်စေချင်သလို ဖြစ်လာလိမ့်မည်ဟု မျှော်လင့်သည်။

ခင်နိုင်ကတော့ သူထင်သလိုမဟုတ်ချေ။ သားမောင်အပေါ် သံယောဇဉ်မှ ရှိပါရဲ့ လားဟု ထင်စရာပင် ဖြစ်လာ၏။

တစ်ရက်တွင် ငြိမ်းမောင် အိမ်ရှေ့ခန်းမှာ ပက်လက်ကုလားထိုင်နှင့်ထိုင်ပြီး စာဖတ်နေသည်။ သားက တစ်နှစ်ကျော်သည့်တိုင် လမ်းမလျှောက်နိုင်သေးသဖြင့် ကွင်း လှည်းကလေးဖြင့် ထည့်ထားရသည်။

သားမောင်သည် ငြိမ်းမောင်ဘေးနားမှာနေရင်းက ငြိမ်းမောင်၏လက်ချောင်းများကို ဆွဲကိုင်ပြီး ဆော့ကစားနေသည်။

ထို့နောက် ငြိမ်းမောင်၏ လက်ညှိုးကို ပါးစပ်ထဲထည့်၍စုပ်သည်။ ငြိမ်းမောင်သည် ကား ငြိမ်လျှင်ပြီးရောဆိုပြီး လွှတ်ပေးထားသည်။

ထိုစဉ် ငြိမ်းမောင်လက် စူးခနဲဖြစ်သွားသဖြင့်

'ဟာ…သားမောင်က ကိုက်တယ်ကွာ။ ဟင်… ကိုက်တယ်ဆိုတော့…'

ငြိမ်းမောင်သည် သား၏ သွားဖုံးကလေးကို စမ်းကြည့်သည်။ ခပ်စူးစူး [illegible]

www.burmeseclassic.com

www.burmeseclassic.com



[illegible]စ်ခုကို စမ်းမိ၏။ အောက်ဖက်သွားဖုံးမှာ…

'အာ… သားမောင် သွားတစ်ချောင်း ထွက်နေပြီ။ ဟော့… ခင်ရေ'

ငြိမ်းမောင် လှမ်းအော်ခေါ်သည်။ ခင်နိုင်၏ ထူးသံမကြားရ။ အိပ်ခန်းထဲ သွားခေါ်ကြည့်တော့မှ လင်ဗွာဖုန်း အင်္ဂလိပ်စကားပြောတိပ်ခွေကို နားထောင်နေ တာ တွေ့ရသည်။

'ခင်ရေ… သားမောင်လေ၊ သွားပေါက်နေပြီ သိလား'

ငြိမ်းမောင်က ဝမ်းသာအားရ ပြောလိုက်သည်။

ခင်နိုင်က…

'ဪ… ဟုတ်လား၊ ကောင်းတာပေါ့'

ဟု သိပ်မထူးခြားသည့်လေသံဖြင့် ပြောသည်။

သူ့ပုံစံမှာ အိမ်မှာစိုက်ထားသည့် ပန်းပင်က ပထမဆုံးပန်းတစ်ပွင့် ပွင့်လာတာ လောက်တောင် အားရဝမ်းသာ မရှိလှ။

ငြိမ်းမောင် အောင့်သက်သက် ဖြစ်သွားသည်။

သားမောင်သည် သွားပေါက်လာသဖြင့် မြင်မြင်ကရာကို ကိုက်ချင်ဖဲ့ချင်နေသည်။ နို့စို့ရင်းက သားမောင်ခဲသည့်ဒဏ်ကို ခင်နိုင်မခံနိုင်။ သားကို နို့ဖြတ်ဖို့ စီစဉ်သည်။ မုတ်ခါးသုတ်ထားသဖြင့် သားမောင် နို့ငုံပြီးတိုင်း ခါးလွန်းသဖြင့် ရှုံ့မဲ့နေသည်။ နို့ဆာလာလျှင် ထပ်ငုံ၊ ထပ်ခါးပြီး ငိုရသည်။ ငြိမ်းမောင် မကြည့်ရက်။

'စိုးပါစေတော့ ခင်ရယ်၊ နို့ဖြတ်မနေပါနဲ့တော့'

'မဖြတ်လို့ ဘယ်ဖြစ်မလဲ မောင်၊ ကလေးက နို့စွဲနေရင် တခြားဘာမှစားမှာ မဟုတ်တော့ဘူး'

'သားမောင်က နို့ ဘယ်လောက်များစို့ရလို့လဲ။ နေ့လယ်ကျတော့လည်း နို့ဘူး၊ ညတစ်ရေးနိုး ဆာတော့လည်း နို့ဘူး၊ အိပ်ခါနီးလေးပဲ ဒီနို့နဲ့ မှိန်းရတာ'

'ဒီအရွယ် နို့ဖြတ်ရတဲ့ အရွယ်ပဲ'

'သားမောင်ဟာ မိခင်နို့ကို စို့သင့်သလောက် မစို့ခဲ့ရပါဘူး။ ခင် အလုပ် က ထွက်လိုက်တော့ သားမောင်ကို အလျှင်ကထက် ပိုပြီး ဂရုစိုက်နိုင်လိမ့်မယ် လို့ ထင်ခဲ့တာ။ ခုတော့ ဘာမှမထူးဘူး။ ခင် ဘာတွေ လျှောက်လုပ်နေသလဲ'

'English Speaking ကျင့်တယ်လေ။ Foreign Language သင်တန်းတက်ဖို့ စီစဉ်နေတယ်လေ'

'အဲဒါတွေက ဘာလုပ်ဖို့လဲ'

'ဘာရယ် မပြောတတ်သေးဘူး။ အလကားနေ အလားပဲဆိုပြီး လုပ်နေတာပါ'



'အဲဒါတွေက သားမောင်ထက် ပိုအရေးကြီးသလား။ ကိုယ့်အဖို့တော့ သားမောင် ဟာ အရေးအကြီးဆုံးပဲ။ သားမောင်ကို ခုထက်ပိုပြီး ဂရုစိုက်ပါလို့ ကိုယ်ပြောချင်တယ်'

ငြိမ်းမောင်က ချုပ်တီးထားရတာလေသံဖြင့် ပြောသည်။ ခင်နိုင်က မတုန်လှုပ်။

'ခင် တတ်နိုင်သလောက်ဂရုစိုက်ပါတယ်။ ကိုမောင်က သိပ်သည်းလွန်းတာကိုး'

ဟု ခပ်အေးအေး ပြောလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ခင်နိုင်သည် ဘာမျှ ပြောင်းလဲမသွားချေ။ သားမောင်ကို ထူးချွန်ဂရုစိုက်လာခြင်း မရှိခဲ့။ နိုင်ငံခြားဘာသာသင်ပွဲမှာ ပြင်သစ်ဘာသာ သင်တန်းတက်သည်။ အိမ်ပြန် ရောက်တော့လည်း စာတွေ ပြန်ကြည့်၊ ပြန်ကျက်ရသည်နှင့်ပင် မအားနိုင်။

သားမောင်သည် အရင်ကတော့ သူ့အမေကို ကပ်ချင်သည်။ အမေက အကာဝ်မခံ မှန်းသိ၍တစ်ကြောင်း၊ နို့ဖြတ်လိုက်ရသောကြောင့်တစ်ကြောင်း ခင်နိုင့်ဆီ သိပ်မတာဝ် တော့။ ကလေးထိန်းသည့် မလှငွေနှင့် ဒေါ်ကြီးထွေးတို့ကိုသာ ကပ်တော့သည်။

ငြိမ်းမောင် ရုံးကပြန်လာပြီဆိုလျှင်တော့ သူ့နားက မခွာတော့။ ငြိမ်းမောင်ကလည်း သား၏အနွံ့အတာကို အလွန်ခံနိုင်သည်။

သူ ရုံးကပြန်လာလျှင် သားမောင်ရေဟုအော်ခေါ်တတ်၏။ သားက လမ်းလျှောက် နိုင်စ ပြုပြီဖြစ်သဖြင့် ရူးရူးရွှားရွှားအသံပြုရင်း လာကြိုတတ်သည်။

ငြိမ်းမောင်က သားကိုပွေ့ချီပြီး နမ်းသည်။ သူ့ပါးထိုးပေးလျှင် သားက ပြန်နမ်း သည်။ ပါးမှာပေသွားသောနှာရည်တွေကို သားက ပြန်သုတ်ပေးသည်။ ငြိမ်းမောင် သိပ်သဘောကျသည်။

ထို့နောက် သားသည် ငြိမ်းမောင်၏လက်ဆွဲအိတ်ကို လက်ညှိုးထိုးပြ၏။ သူ့အတွက် မုန့်တစ်ခုခု အမြဲပါလာတတ်သောကြောင့်ပင်။

သားမောင်သည် အသက်နှစ်နှစ်ခွဲကျမှ စကားတစ်ခွန်းစပြောသည်။ 'ပေပေ' ဟူသော စကားလုံးပင် ဖြစ်၏။

သူ့ကို ဘာမေးမေး၊ သားနာမည်ဘယ်သူလဲဆိုလည်း ပေပေဟု ပြောသည်။ ထမင်းစားပြီးပြီလားဆိုလည်း ပေပေဟုပင် ဖြေသည်။ မုန့်စားမလားဆိုလည်း ပေပေပဲ။

ငြိမ်းမောင်ကတော့ ဒါ သူ့ကို ဖေဖေလို့ခေါ်တာပဲဆိုပြီး ဝမ်းသာလို့ မဆုံး။

www.burmeseclassic.com

www.burmeseclassic.com



စကားမပြောသည့် နေ့ကဆိုလျှင် ငြိမ်းမောင် ဖြစ်နေပုံကိုကြည့်၍ တစ်အိမ်လုံး ရယ်ကြရသည်။ သူသည် သားမောင်ကိုချီ၍ အိမ်အနှံ့လျှောက်သွားနေ၏။ သားမောင်ကိုလည်း တစ်မေးတည်းမေး၊ သားမောင်က ပေပေ ပေပေဟုပြော၊ သူတို့ သားအဖ နှစ်ယောက်တည်းနှင့် ဆူညံနေ၏။

နောက်တစ်နေ့ကျတော့လည်း သားမောင် စကားပြောသည့်အထိမ်းအမှတ် အဖြစ် မုန့်မှာ တစ်ခန်းလုံးကို ဒံပေါက် ဝယ်ကျွေးသေးသည်။

သူမှာ သားမောင်အတွက် အရမ်းစိုးရိမ်ခဲ့ရသည်။ စကားမပြောတာ ဘာဖြစ်လို့လဲ၊ နားများပင်းနေလို့လား၊ လျှာခင် ဘာဖြစ်လို့လဲ၊ လည်ချောင်းမှာ ရောဂါဖြစ်နေသလား စသည်ဖြင့် စစ်ဆေးခဲ့ရ၏။

ဆရာဝန်တွေက အားလုံးကောင်းပါသည်။ ဒီလို စကားပြောနောက်ကျသည့် ကလေးမျိုး ရှိတတ်သည်။ နောက်တော့ ပြောပါလိမ့်မည်ဟု နှစ်သိမ့်ရသည်။

ကြက်ဖင်ဆီဘူးကျွေးရတာယ်ဆိုသဖြင့် ဒေါ်ကြီးထွေးမှာ ကြက်ဖင်ဆီဘူး များများ ရအောင် ရှာရတာအမော။

ဆီးသားကို ယောက်မသေးသေးလုပ်ပြီး ပါးစပ်ထဲ မွှေပေးတာလည်းလုပ်သည်။

ခင်နိုင်ကတော့ ငြိမ်းမောင်လောက် တက်ကြွမှုမရှိ။ အချိန်တန်တော့ ပြောမှာပေါ့ ဟူ၍သာ ဆိုသည်။ သားမောင်စကားပြောဖို့ထက် သူ ပြင်သစ်လိုပြောဖို့က ပို၍ အရေးကြီးသည့် ပုံစံမျိုး ဖြစ်နေ၏။

ငြိမ်းမောင်စိတ်ထဲမှာ ခင်နိုင့်ကို သံသယဝင်လာသည်။ ခင်နိုင် သူ့ကို ချစ်သူ တစ်ယောက်လို ချစ်ပြီး လက်ထပ်ခဲ့တာမဟုတ်မှန်းတော့ သူ သိသည်။ သူကလည်း ကျွန်တော့်ကို ချစ်ပါဟု မပြောခဲ့။ ကျွန်တော့်ကိုလက်ထပ်ပါဟူ၍သာ ပြောခဲ့ခြင်း ဖြစ်၏။ ခင်နိုင် သူ့အပေါ် ခင်ပွန်းသည်တစ်ယောက်လို ချစ်သလို ချစ်လျှင်တော်ပြီ။ ကျေနပ်ပြီ။ ဒီလို ချစ်နိုင်လိမ့်မည်ဟူ၍လည်း ယုံကြည်မျှော်လင့်ခဲ့သည်။

ခုတော့ တစ်မျိုး စဉ်းစားလာရပြီ။ ခင်နိုင် သူ့ကို လက်ထပ်ခဲ့တာဟာ အချစ်မှ ပါရဲ့လား။

သူ့ဘဝကို အာမခံချက်ပေးနိုင်မည့် လူတစ်ယောက်ဆိုသော အချက်တစ်ခု တည်းနှင့် လက်ထပ်ခဲ့တာလား။

သူ့ဘဝ တိုးတက်မြင့်မားရေးအတွက် ကြားခံ အဆင့်ဆင့်အဖြစ် အသုံးချနေတာ လား။

ထားတော့။

ခင်နိုင်က မိမိကိုချစ်ပါသည်ဟူ၍ ကတိပေးခဲ့ခြင်းမရှိ။ လက်ထပ်ဖို့ သဘောတူ



ခဲ့ခြင်းသာ ရှိသည်။ ခင်နိုင့်ကို ပိုင်ဆိုင်ခွင့်ရခြင်း၊ မိမိက ချစ်ခွင့်ရနေခြင်းကိုပင် သူ ကျေနပ်သည်။

သို့ရာတွင် သားကိစ္စကျတော့ တစ်မျိုး။ ခင်နိုင်သည် ကိုယ်တိုင် ဝမ်းနှင့် လွယ်ပြီး မွေးခဲ့ရသော သားကို မိခင်တစ်ယောက်အနေဖြင့် ချစ်သင့်သလောက် မချစ် သလို ဖြစ်နေသည်ကို နားမလည်နိုင်။

ခင်နိုင်သည် မိခင်စိတ် ခေါင်းပါးသူတစ်ယောက် ဖြစ်နေသလား။

သားသည် သူ့ဘဝ တိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်စရာ၊ နောက်ဆံ ငင်စရာ ဖြစ်သည်ဟု ခင်နိုင် ယူဆနေသလား။

ထိုသံသယများကို ဖျောက်ဖျက်ဖို့ သူ ကြိုးစားသည်။

ခင်နိုင်ဟာ ဒီလောက်ညံ့ဖျင်းတဲ့ စိတ်ဓာတ်ရှိမယ့်လူမျိုး မဟုတ်နိုင်ပါဘူး။ သူ့ပင်ကို သဘာဝကိုက ကလေးတွေနဲ့ ရင်းရင်းနှီးနှီးမနေတတ်တဲ့ အကျင့်ရှိလို့ နေမှာပါ။

ပြီးတော့…။

ဒါပဲ စဉ်းစားလို့ရသည်။ ခင်နိုင့်ဘက်က လိုက်ပြီး ကာကွယ်ကြည့်ဖို့ အချက် အလက်တွေက အလွန်နည်းသည်။

ငါ့ကိုက သားမောင်အပေါ် သူများအဖေတွေ ဂရုစိုက်တာထက် ပိုလွန်းအား ကြီးလို့ ခင်နိုင်က လျော့သလိုဖြစ်နေတာပါဆိုသောအချက်နှင့် ထပ်ကူဖို့ စဉ်းစား ကြည့်သော်လည်း မရ။

သံသယဘက်က မဲသာနေတာ အမှန်။

❑

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းမောင် ရုံးက အပြန်နောက်ကျသည်။ ဒီနေ့ ရုံးမှာ အလုပ်တော်တော်များသည်။ ခြောက်နာရီထိုးခါနီးမှ လက်စသတ်နိုင်သည်။ တော်တော်လည်း ပင်ပန်းသွား၏။

ဘာပဲဖြစ်ဖြစ် အိမ်ရောက်လို့ သားမျက်နှာကိုမြင်လိုက်ရလျှင် အမောပြေသွားဘတ်သည်ပင်။

ရုံးကားက လိုက်ပို့သော်လည်း လမ်းမှာ လက်ဖက်ရည်ဝင်သောက်ကြသဖြင့် ခုနစ်နာရီခွဲပြီးမှ အိမ်ပြန်ရောက်သည်။ သူက ထုံးစံအတိုင်း…

'သားမောင်ရေ'

ဟု အော်ခေါ်သည်။

ခါတိုင်းလို ပေပေဟု ပြန်အော်သံမကြားရ။ ခင်ခိုင်က ရုပ်မြင်သံကြား ကြည့်နေသည်။ သီချင်းသံကြောင့် သူခေါ်တာ သားမကြားတာ ဖြစ်မည်။

'ခင်… သားရော၊ သားမောင် မတွေ့ပါလား'

'သားမောင် နည်းနည်း နေမကောင်းဘူး'

'ဟင်… ဘာဖြစ်'

ငြိမ်းမောင် အခန်းထဲ ဝင်လာခဲ့သည်။ သားမောင်က အိပ်ရာပေါ်မှိန်းနေသည်။

ငြိမ်းမောင်က သား၏နဖူးကို စမ်းကြည့်၏။ ကိုယ်က တော်တော်ပူနေသည်။ သူ စိုးရိမ်သွား၏။

'ခင်… ခင်လာပါဦး'

ခင်ခိုင်က မကြား။ ရုပ်မြင်သံကြားမှ သီချင်းသံက ဆူညံနေ၏။

'ဒေါ်ကြီးတို့၊ လှငွေတို့'

www.burmeseclassic.com

www.burmeseclassic.com



သူ ကုန်အော်သည်။ လှငွေ ပြေးဝင်လာသည်။

'ရေအေးအေး တစ်ခွက်ခပ်ခဲ့'

လှငွေ ပြေးခပ်လာသော ရေကို မျက်နှာသုတ်ပဝါသန့်သန့်နှင့် စိမ်ပြီး ရေပတ် တိုက်ပေးသည်။ သားက တဟင်းဟင်း ညည်းသည်။

'နှင့်အစ်မ သွားခေါ်'

လှငွေက ခင်နိုင်ကို သွားခေါ်လာသည်။ ဒေါ်ကြီးလည်း ဝင်လာ၏။

'ကလေး နေမကောင်းတာ တစ်ယောက်မှအနားမှာမစောင့်ဘူး။ ဘာလုပ် နေကြ သလဲ'

'ကျွန်မ၊ ဟိုဒင်း.... မမ ထဘီတွေ မီးပူတိုက်နေတာ'

လှငွေက ပြောသည်။ ဒေါ်ကြီးကတော့...

'ငါလည်း ကလေးများသောက်မလားလို့ ကွေကာအုပ်ကျိုနေတာ'

ဟု ပြောပြီး မင်းမယားကိုလည်း ဆူဦးလေဆိုသော မျက်နှာပေးလုပ်နေ၏။

ငြိမ်းမောင် ခင်နိုင်ဘက် လှည့်ကြည့်သည်။ ထိုအခိုက်မှာပင် လှငွေက...

'ဟင်... မောင်လေး ဘာဖြစ်လဲမသိဘူး။ မျက်လုံးကြီးလန်လို့'

သားမောင်ကို အားလုံးဝိုင်းကြည့်ကြသည်။ သားက အပူကြီးပြီး တက်သွားခြင်း ဖြစ်၏။ မျက်ဖြူလန်နေသည်။ သွားစေ့နေသည်။ လက်တွေဆုပ်ပြီးကုပ်နေသည်။

ကလေးတက်သည့်အခါ လျှာခေါက်နေလျှင် အသက်ရှူလမ်းကြောင်း ပိတ် သွားတတ်သည်။

ငြိမ်းမောင်က သား၏ပါးစပ်ကိုဖြဲ၍ လက်ထိုးထည့်သည်။ လျှာခေါက် မသွား အောင် ဖိထားရသည်။ အမှန်တော့ ဇွန်းထည့်ပြီး ဖိထားရမည် ဖြစ်၏။

သားက သွားစေ့နေသဖြင့် လက်ကိုကိုက်ထားသလို ဖြစ်နေ၏။ ငြိမ်းမောင် နာဖို့ သတိမရ။

'ဆွေဆွေဦးဆီ ဖုန်းဆက်စမ်းပါ'

ခင်နိုင် ဖုန်းပြေးဆက်သည်။

'ဆွေဆွေဦး အခုလာခဲ့မယ်တဲ့။ ရေပတ်ဆက်တိုက်ပေးတဲ့။ အတက် ကျသွားတာနဲ့ ရေအေးအေး လောင်းချိုးပေးလိုက်လို့ ပြောတယ်'

ခင်နိုင့်အမူအရာက တည်ငြိမ်အေးဆေးသည်။ သို့ရာတွင် သူ့မျက်လုံးတွေက သားအတွက်စိုးရိမ်ကြောင်း ဖော်ပြနေသည်။ ငြိမ်းမောင် လက်တစ်ဖက်က သားပါးစပ်ထဲ ရောက်နေသဖြင့် ခင်နိုင်က ရေပတ်တိုက်ပေးရသည်။

ခဏအကြာတွင် သားလက်များ ပြေလျော့လာသည်။ မျက်ဖြူလန်နေတာလည်း



ပြန်ကျသွားသည်။ ပါးစပ်ပြန်ဟလာသဖြင့် လက်ပြန်ထုတ်လို့ ရသွား၏။

ရေအေးအေး လောင်းချိုးပေးလိုက်သဖြင့် ဆွေဆွေဦးရောက်လာသောအခါ ကိုယ်ပူကျစ ပြုပြီ။

ဆွေဆွေဦးက ဖီနိုတစ်လုံးထိုးပေးသည်။ သားငယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် သွားသည်။ ဆွေဆွေဦးက စမ်းသပ်ကြည့်ပြီး သောက်ဆေးတွေပေးခဲ့သည်။

ဆွေဆွေဦး ပြန်သွားပြီးတော့မှ ငြိမ်းမောင်လက်ကို သားကိုက်ထားသဖြင့် သွေး နေကြောင်း ခင်နိုင် တွေ့မိသည်။

'ဟင်... ကိုမောင့်လက်မှာ သွေးတွေနဲ့ပါလား'

ခင်နိုင်က ငြိမ်းမောင်လက်ကို တယုတယကိုင်ပြီး ဆေးထည့်ပေးသည်။

'ကိုမောင် အိပ်ချင်အိပ်လေ၊ ခင် သားမောင်ကို တစ်ညလုံး စောင့်ကြည့်ပါမယ်'

ဟု ပြောသည်။

ခင်နိုင်၏ စိတ်သဘောထားအမှန်ကို တိတိကျကျအကဲခတ်ဖို့ ခက်သည်ဟု ငြိမ်းမောင် တွေးနေ၏။

၂

www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့မနက်တွင် သားအဖျားမရှိသော်လည်း မလန်းဆန်းချေ။

နေမြင့်လာသောအခါ အဖျားတက်လာပြန်သည်။ ထို့နောက် ပြန်ကျသွားသည်။ အဖျားကျလျှင် ကိုယ်က အေးစက်သွားတတ်၏။

ဆွေဆွေဦး၏အကြံပေးချက်ဖြင့် ဆေးရုံတင်သည်။ စမ်းသပ်စစ်ဆေးကြည့်ပြီး ဦးနှောက်အမြှေးရောင်ခြင်းဖြစ်ကြောင်း သိရ၏။

ကလေးဆေးရုံမှာ ဆယ်ရက်ခန့်ကြာသည်။ ယောက်ျားစောင့်လို့မရသဖြင့် ခင်ခိုင်နှင့် ဒေါ်ကြီးတို့ တစ်လှည့်စီစောင့်ရသည်။ တစ်လှည့်စီဆိုသော်လည်း ခင်ခိုင်ကသာ အချိန် များစွာ စောင့်ခဲ့၏။ ဒေါ်ကြီးက အိမ်မှာ ချက်ရေးပြုတ်ရေး ရှိသေးသည်။

ပြီးတော့ ခင်ခိုင်ကိုယ်တိုင်က သားမောင်ကိုစိတ်မချ။ သူကိုယ်တိုင် မျက်ခြည်မပြတ် စောင့်ကြည့်ချင်သည်ဟု ပြောသည်။

ထိုရက်များအတွင်း ခင်ခိုင် တော်တော်ပင်ပန်းသည်။ အအိပ်ပျက် အစားပျက် ဖြစ်သဖြင့် ချောင်ကျသွားသည်။

ခင်ခိုင် ပင်ပန်းသည်ကို စိတ်မကောင်းတာတစ်ဖက်၊ သားအတွက် စိုးရိမ် ပူပန် ရတာတစ်ဖက်ဖြစ်သည့်ကြားက ငြိမ်းမောင် ကျေနပ်နှစ်သိမ့်စရာဖြစ်ရ၏။ အရေးကြုံ အခါကျတော့ ခင်ခိုင်ဟာ သားကို သိပ်ဂရုစိုက်ရှာပါကလားဟု သိလိုက်ရသောကြောင့် ဖြစ်၏။

ခင်ခိုင်သည် သူပြင်သစ်ဘာသာသင်တန်းလည်း သွားမတက်နိုင်။ သို့တိုင်အောင် သူ့သူငယ်ချင်းတွေဆီက မှတ်စုငှားပြီး ဆေးရုံပေါ်မှာ အချိန်ရခိုက် စာကြည့်ဖြစ်အောင် ကြည့်ခဲ့သေးသည်။ ခင်ခိုင် ဖွဲကြီးပုံကတော့ အံ့သြစရာလား၊ ချီးကျူးစရာလား မသိ။

သူက အရမ်းဂရုစိုက်ပြီး ကိုယ်ဖိရင်ဖိ ပြုစုနေသဖြင့် သားမောင်က နေမလည်သေး

www.burmeseclassic.com



တစ်ခါတစ်ခါ ကြည့်သည်။

သားမောင်၏ စိတ်ထဲတွင် သူ့ကို ဂရုတစိုက်လုပ်ဖို့မှာ မိခင်၏ အလုပ်မဟုတ်၊ ခင်ခိုင်၏အလုပ်ဟုသာ ထင်နေပုံရ၏။

ခင်ခိုင်အလျှင်က ဘာသိဘာသာနေခဲ့ခြင်းကို သားစိတ်မှာစွဲနေသည်။ အဖျားတက်၍ ဘယောင်ကတမ်းဖြစ်လျှင် အမေကို မတ၊ အဖေကိုသာ တမ်းတတတ်၏။ ခင်ခိုင်က…

'မေမေရှိတယ်လေ သားရဲ့၊ မေမေ ရှိတယ်လေ'

ဟု ဆိုပြီး ပွေ့ဖက်ထားသည့်တိုင် သားက သူ့အဖေကိုသာ တမ်းတမြဲ ဖြစ်၏။ ဒါကို ခင်ခိုင် နားလည်တတ်လျှင် စိတ်ထိခိုက်စရာကြီးပင်။

သို့ရာတွင် ခင်ခိုင်က စိတ်မကောင်းမဖြစ်ချေ။ အမှတ်တမဲ့ပင်နေလိုက်သည်။

ခင်ခိုင် သားအပေါ်ထားသည့်စိတ်ထားက ထူးဆန်းသည်။ သားကို သူချစ်တာတော့ အမှန်။ သားက သူ့ကို ပြန်ချစ်စေချင်သည့် ဆန္ဒ မိမိမှာ ရှိမရှိ သူသတိပြုမိပုံ မပေါ်ချေ။

ငြိမ်းမောင်ကတော့ သားအပေါ် ခင်ခိုင်က ခုလိုဂရုစိုက်နေတာကို ဝမ်းသာမိသည်။ ခင်ခိုင်ဟာ အရေးအကြောင်းကျမှ သူ့အချစ်ကိုပြတတ်တဲ့လူမျိုးပဲဟု စိတ်ချသွားသည်။

❑

သားမောင်သည် ဆေးရုံမှ ဆင်းလာပြီးနောက်ပိုင်း ခင်ခိုင့်ကိုသာ အမြဲကပ်နေသည်။ ဒေါ်ကြီးက ခေါ်လျှင် အော်ဟစ်ထုတ်တတ်၏။ လှဌေး အနားလာလျှင် ရိုက်လွှတ်သည်။

ဆေးရုံက ဆင်းမည့်နေ့က ထူးခြားသည့်ကိစ္စတစ်ခု ဖြစ်ခဲ့သေးသည်။ ငြိမ်းမောင်က…

'သားမောင် နေကောင်းသွားပြီ၊ အိမ်ပြန်ရတော့မယ်ပေါ့'

ဟု ပြောသောအခါ သားမောင်က…

'ပြန်ဘူး၊ ပြန်ဘူး'

ဆိုပြီး အော်ငိုခြင်းပင် ဖြစ်၏။ ဆရာဝန်က…

'အမယ်၊ ဇော်ငြိမ်းခိုင်က ဆေးရုံမှာ ပျော်နေပြီပေါ့၊ ဟုတ်လား'

ဟု ရယ်၍ ပြောသည်။

ငြိမ်းမောင်ကတော့ တစ်မျိုးတွေးသည်။ သားသည် ဆေးရုံမှာဆိုလျှင် အမေနားကပ်ခွင့်ရသည်။ အမေက ဂရုစိုက်သည်။ အိမ်မှာဆို ဒီအခွင့်အရေးမျိုးရတော့မည် မဟုတ်ဟု စိုးရိမ်နေလို့လား ဟူ၍ ဖြစ်နေ၏။

ညဆိုလျှင် သားမောင်က တစ်ချိန်လုံး မလွှတ်တမ်းဖက်ထားသဖြင့် အနေရ



ခက်နေသည်။ ပြီးတော့ သားမောင်သည် တစ်ညသုံးခါလောက် သေးပေါက်တတ်သည်။ ညတိုင်းပင် သူ့ရော သားမောင်ပါ ရွှဲရွှဲစိုရ၏။ တစ်ခါတစ်ခါ စိတ်မရှည်သည့် အမူအရာ ပြမိတတ်သည်။ သူ့စိတ်သူထိန်းပြီး ချုပ်တည်းထားရ၏။

ဆေးရုံက ဆင်းပြီး ငါးရက်အကြာမှာ ပြင်သစ်ဘာသာ သင်တန်းပြန်တက်သည်။ ငြိမ်းမောင်က တားသေးသည်။

'ဒီသင်တန်းမတက်ရလို့ ဘာဖြစ်သွားမှာမို့လဲကွာ။ ပြင်သစ်လို မတတ်လို့ ဘာအရေးလဲ။ ခင်က အင်္ဂလိပ်စာကောင်းကောင်းကျွမ်းကျင်တာပဲဟာ။ တော်လောက်ရောပေါ့။ သားမောင်ကလည်း ခုမှ နာလန်ထခါစ ရှိသေးတာ။ သားမောင်ကလည်း ခင်မရှိရင် နေတတ်မှာ မဟုတ်ဘူး'

'အို… ကိုမောင်ကလည်း… ဒီလောက်တောင် တက်လာခဲ့ပြီးမှ ရပ်လိုက်ရရင် နှမြောစရာကြီး။ သင်တန်းကလည်း ဒီနှစ်နောက်ဆုံးပဲဟာ။ ပြီးတော့ သားမောင်က ခင့်ကို ကပ်လွန်းနေတာလည်း ကြာတော့ လူတောင် လှုပ်တောင် မလှုပ်ရတော့ဘူး။ တစ်ခါတလေများ တစ်နေ့လုံး ရေတောင် မချိုးလိုက်ရဘူး'

ပြင်သစ်သင်တန်း စတက်သည့်နေ့က သားအိပ်ရာက မနိုးခင် အစောကြီး ထ၍ ပြင်ဆင်ပြီး ထွက်ရသည်။

သားမောင် အိပ်ရာက နိုးသောအခါ သူ့အမေကို မတွေ့သဖြင့် အော်ငိုသည်။ လှဌေးက ချော့မော့ပြီး ပွေ့ချီသောအခါ လှဌေးကို ကုတ်ခြစ် ရိုက်ပုတ်သည်။ ဒေါ်ကြီးက…

'အေး… သားလေးမငိုနဲ့နော်၊ ဘွားဘွားကြီးလေ သားစားဖို့ ပူတင်းတွေဖုတ်ထားတယ် သိလား'

'စားဘူး'

ဆိုပြီး အော်ငိုမြဲ ငိုသည်။ သူ့ငိုသံကြောင့် ငြိမ်းမောင် အိပ်ရာမှ နိုးလာ သည်။

'ဘာဖြစ်တာလဲ ဒေါ်ကြီး'

'သူ့အမေက အစောကြီးထပြီး ထွက်သွားတယ်လေ။ နိုးလို့ အမေကို မမြင်တော့ ငိုတာပေါ့'

ဟု မကျေနပ်လေသံဖြင့် ပြော၏။ ငြိမ်းမောင်က သားကို ပွေ့ချီလိုက်သည်။ ခက်တာပဲဟု တစ်ချက်ညည်းပြီး…

'မေမေက သားအတွက် မုန့်တွေသွားဝယ်တာပါ သားရဲ့'

'စားဘူး၊ မေရော၊ မေရော'

အရင်က သား ဘယ်လောက်ငိုနေနေ ငြိမ်းမောင် ကောက်ချီလိုက်လျှင် ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တိတ်သည်။ ခုကျတော့ ငြိမ်းမောင်တောင် ချော့လို့ မရချင်။

ဘလေး စိတ်ပြောင်းပါစေဆိုပြီး အပြင်ခေါ်သွားသည်။ လက်ဖက်ရည် ဆိုင်ဝင်ပြီး မုန့်ဆန်းထန်တွေ ချပေးပြီး…

'သားကြိုက်တာ စား'

သားမောင်က ပဲမုန့်တစ်ခြမ်းသာ စားသည်။ ပြီးတော့ တခြားမုန့်တွေကို ခြေမွပစ်သည်။

ငြိမ်းမောင်သည် ရုံးကို မသွားမဖြစ်သောကြောင့်သာ ထွက်ခဲ့ရသည်။ စိတ်က မအေးချင်။

ညနေကျတော့ ခင်ခိုင်က အရင်ပြန်ရောက်သည်။ သားမောင်ကို အိမ်ရှေ့ တံခါးပေါက်မှာ ငုတ်တုတ်ကလေး ထိုင်စောင့်နေတာ တွေ့လိုက်ရ၏။ ခင်ခိုင့်ကို မြင်သောအခါ အနှစ်နှစ်အလလ ကွဲကွာနေရသလို ဝမ်းသာအားရပြေးဖက်ပြီး ရှိုက်ကြီးတငင် ငိုသည်။

'သြော်… သားရယ်၊ မေမေက သားအတွက် မုန့်ဝယ်လာတယ်'

ခင်ခိုင်က ချော့ကလက်ဝိုင်းတစ်ခု ပေးသည်။ သားသည် သူ အလွန်ကြိုက်ခဲ့သော ချော့ကလက်ကို စိတ်မဝင်စားနိုင်။ ခင်ခိုင့်ကိုသာ ကုပ်တွယ်ရင်း အိမ်ထဲ ဝင်လိုက်လာသည်။

'အဝတ်အစား လဲပါရစေဦး သားရယ်'

အိပ်ခန်းထဲ ဝင်ခါနီးတွင် မီးဖိုခန်းထဲမှ ထွက်လာသော ဒေါ်ကြီးနှင့် ဆုံ သည်။ ဒေါ်ကြီးက…

'တစ်နေ့လုံး မေရော မေရောနဲ့ မေးပြီး ငိုနေတာပဲ။ ဘယ်လိုမှ ချော့လို့ မရဘူး။ ဘာမှလည်း ကျွေးလို့ မရဘူး။ မနက်က သူ့အဖေနဲ့ လက်ဖက်ရည်ဆိုင် မှာ မုန့်တစ်ခုလား စားခဲ့တာပဲ ရှိတယ်။ တစ်နေ့လုံး ဘာမှ မစားရသေးဘူး'

'ဟုတ်လား၊ သားကလည်း မေမေက အလုပ်ရှိလို့ သွားရတဲ့ဟာပဲ၊ ဘာဖြစ်လို့ ငိုရတာလဲ'

သားမောင်က ဘာမှ ပြန်မပြော။ ခင်ခိုင့်လုံချည်စကိုသာ ဆုပ်ဆွဲထား၏။ ဒေါ်ကြီးက…

'ညည်းနှယ်အေ၊ ဒီပြင်သစ်စာမတတ်တော့ ဘာဖြစ်သွားမှာမို့လဲ။ ကိုယ့် ယောကျ်ားကလည်း တင့်တင့်တယ်တယ်ထားနိုင်သားနဲ့၊ ကလေးက သိပ်သနားဖို့ ကောင်းနေပြီ'

ဒေါ်ကြီး၏ လေသံက အပြစ်တင်လိုဟန်ပါသည်။ ခင်ခိုင် မျက်နှာတစ်ချက် တည်သွားပြီး…

'ဒေါ်ကြီး နားမလည်ပါဘူး'



သူ့ကို နားမလည်ပါဘူးပြောသဖြင့် ဒေါ်ကြီး မကျေမနပ် ဖြစ်သွားသည်။ ထို့ကြောင့်…

'ကန်တော့အေ၊ ကန်တော့ ကန်တော့၊ ကျုပ် နားမလည်တဲ့ပြောမိတာ ခွင့်လွှတ်ပါ'

ဒေါ်ကြီး၏ ငေါ့သံကြောင့် ခင်ခိုင့်မျက်နှာထားတစ်ချက် တင်းသွားသည်။ ဘာမှ ခပြောဖြစ်ခင် ဒေါ်ကြီး လှည့်ထွက်သွားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

သားမောင်သည် ခင်ခိုင့်ကို အလစ်မပေးတော့ချေ။ ညအိပ်လျှင် မလွှတ်တမ်း ဖက်ထားသည်။ တပိုတပါးသွားချင်၍ ဖက်ထားသောလက်ကို အသာဖယ်လိုက်လျှင်ပင် ဆတ်ခနဲနိုး၍ "သွားဘူး၊ သွားဘူး" ဆိုပြီး အော်သည်။

သားနှင့် ခင်ခိုင် ဖြစ်နေပုံကို ငြိမ်းမောင်မြင်နေသော်လည်း ဘာမှမပြောဘဲ ငြင်သစ်သင်တန်းကိစ္စကိုလည်း ထပ်မပြောတော့။ ခင်ခိုင်သည် သူ ပြောတိုင်းရမည့်သူ မဟုတ်သောကြောင့်လည်း ဖြစ်၏။

သားက တမ်းတမ်းစွဲဖြစ်နေသည်ကို ခင်ခိုင် နားလည်ပြီး သူ့ဘာသာ သားကို ရှတစိုက်ရှိလာလိမ့်မည်ဟု မျှော်လင့်သောကြောင့်လည်း ဖြစ်၏။

ခင်ခိုင်သည် သားက သူ့ကို စွဲစွဲလမ်းလမ်းချစ်နေသည်ကို ကျေနပ်သည်။ ခွာလို့ သုပ်လို့မရအောင်ကပ်နေတာကိုတော့ သဘောမကျလှချေ။ သူက ကလေးအနံ့အတာကို သိပ်ခံချင်သူမဟုတ်။ ကလေးချစ်တာက တခြား ပွတ်သီးပွတ်သပ် တယုတယနေ တတ်တာက တခြားပင်။

သူ အပြင်သွားလျှင် အိမ်မှာ သားက တငိုငို တမှိုင်မှိုင် ဖြစ်နေသည်ကိုတော့ ခိတ်မကောင်း ဖြစ်မိ၏။ သင်တန်းဆက်မတက်ဘဲ နေလိုက်ရကောင်းမလားဟုပင် ခဉ်းစားမိသေးသည်။

သို့ရာတွင် ထိုစိတ်ကူးကို စိတ်ကူးအတိုင်းသာ ထားဖြစ်၏။ အမြဲတမ်း အိမ်ထဲ မှာချည်း ကုပ်ပြီးမနေနိုင်။ တစ်လျှောက်လုံး အိမ်တွင်းပုန်းလုပ်၍ ကလေးတစ်ယောက်၏ ဝေယျာဝစ္စတွေလုပ်ရင်း အချိန်ကုန်မခံနိုင်။

ပြီးတော့ သူ့ရည်မှန်းချက်ကို အပြီးတိုင် ဖျက်သိမ်းပစ်ရမည်ကိုလည်း မလိုလားချေ။

သူ့ကို မတရားအနိုင်ယူခဲ့သော၊ တစ်လျှောက်လုံး အဖက်မတန်သူဟု ခပ်နှိမ်နှိမ်

www.burmeseclassic.com



သင်ဘောခဲ့သော ဝမ်းကွဲမောင်နှမတွေထက် သာအောင် ကြိုးစားရဦးမည်။ သူတို့ကို အဆောင်ကြာ ပြန်ကြည့်နိုင်အောင် လုပ်ရဦးမည်။ ဒါကိုတော့ ဘယ်အရာကမှ မဟန့်တားနိုင်။ ခြေဆင့်သုက်နိုင်။

သားသည် ဆေးရုံကဆင်းခါစမို့သာ အကျင့်ပါပြီး မိမိကိုကပ်နေခြင်းပင်ဖြစ်၏။ နောက်ကျလျှင် အလျင်လို ဒေါ်ကြီးတို့၊ လှငွေတို့နှင့် ပြန်၍နေသားကျသွားလိမ့်မည်။

နောက်တစ်ခုက ပြင်သစ်သင်တန်းမှာ သူ့အခြေအနေကောင်းနေခြင်းပင် ဖြစ်၏။ အတန်းထဲမှာ သူက စာအံတော်ဆုံး၊ ပြင်သစ်စကားပြော အပီသဆုံး၊ ပြင်သစ်စာကို လက်ရေးလက်သားကအစ ကျွမ်းကျင်စွာ အရေးသားနိုင်ဆုံး။

ထို့ကြောင့် ဌာနမှူးက သူ့ကိုခေါ်၍ ဌာနမှာ ဆရာမပြန်လုပ်ဖို့ စိတ်ကူး ရှိမရှိ မေးသည်။

ထိုအတူ ဆရာမတစ်ယောက်က ပြင်သစ်သံရုံးပြန်ကြားရေးဌာနတွင် အလုပ်နေရာ လစ်လပ်မှုရှိသဖြင့် မကြာမီခန့်ထားဖို့ရှိသည်။ စိတ်ဝင်စားလျှင် ပြောပေးနိုင်သည်ဟု ကမ်းလှမ်းထားသေးသည်။

ဒီလိုအခွင့်အရေးမျိုးတွေကို လက်လွှတ်ဖို့ဆိုသည်မှာ မိုက်မဲရာ ကျပေမည်။

သို့ဖြင့် သင်တန်းကို တက်မြဲတက်ဖြစ်၏။ နောက်ရက်များတွင် သားမောင် အလစ်မှာ မျက်ခြည်ဖြတ်ပြီး ထွက်ရသည်။ လွယ်တော့ မလွယ်လှ။ သားမောင်ကလည်း တစ်ချိန်လုံး အလစ်မပေးဘဲနေသည်။

တစ်ခါတစ်ခါ တူတူပုန်းတမ်းကစားမည်ဆိုပြီး သားမောင်ကို ပုန်းခိုင်းထားတုန်း လစ်ထွက်ရသည်။ သားမောင်ကို လှငွေက ထမင်းစားခန်းထဲမှာ မုန့်သွားယူမည်၊ မီးဖိုထဲမှာသွားနှိုက်မည်ဟု ဖြားယောင်းခေါ်သွားတုန်း ပြေးရတာလည်း ရှိသည်။ သားမောင် အိမ်ရှေ့ရောက်နေတုန်း နောက်ဖေးပေါက်ထွက်ရတာလည်း ရှိ၏။

သားမောင်ကလည်း ခံရဖန်များတော့ ပါးလာသည်။ တစ်ခါတစ်ရံခု ငိုခိုင်အထွက်မှာ သားက မိသွားပြီး အတင်းပြေးလိုက်လာသည်။ လှငွေက ဖမ်းချုပ် ပွေ့ချီထားသောအခါ တက်မတတ် ချက်မတတ်ငိုရင်း ကျန်ရစ်ခဲ့ရှာသည်။

ဒေါ်ကြီးကတော့ ခင်ခိုင်ကို လုံးဝမကျေနပ်။ ငြိမ်းမောင်ကိုယ်တိုင်က ဘာမျှ မပြောသောကြောင့်သာ အောင့်အည်းနေရခြင်း ဖြစ်၏။

တစ်ရက်မှာတော့ ဒေါ်ကြီးက မီးဖိုထဲမှာချက်ပြုတ်နေရင်း…

'ဒါလောက်တောင် ပြင်သစ်လိုတက်ချင်ရင် ပြင်သစ်ကိုပဲ လင်လုပ်ထားပါလား။ ဗမာကို ဘာဖြစ်လို့ ယူထားတာလဲ'

ဟု လှငွေကိုပြောနေစဉ် ရေချိုးခန်းကိုအသွားမှာ ခင်ခိုင် ကြားလိုက်သည်။



...နေ့ကစ၍ ဒေါ်ကြီးအပေါ် ခင်ခိုင် ခပ်တန်းတန်းဖြစ်သွား၏။

❑

www.burmeseclassic.com

www.burmeseclassic.com

ခင်ခိုင် ရေချိုးပြီး အလှပြင်နေသည်။ သားမောင်ကလည်း အလစ်မပေးဘဲ ဘေးမှာထိုင်၍ အကဲခတ်နေ၏။

ဒီနေ့ အရေးကြီးသည်။ ပြင်သစ်သံရုံးမှ ပြန်ကြားရေးအတွင်းဝန်က ကျောင်းကို လာလည်မည်။ သင်တန်းသားများနှင့် လက်ဖက်ရည်ပွဲကလေးလုပ်ရင်း စကားပြောကြမည်။ သင်တန်းသားများကိုယ်စား ခင်ခိုင်က မိတ်ဆက်စကားပြောရန် ဌာနမှူးက တာဝန်ပေးထားသည်။

တော်ရုံတန်ရုံအခွင့်အရေးမဟုတ်။ ရတောင့်ရခဲဖြစ်၏။ ခင်ခိုင့်ကို စကားပြောခိုင်းသဖြင့် အတန်းထဲမှာ အတော်ဆုံးဟုသတ်မှတ်ခံရခြင်းမည်သည်။ အတွင်းဝန်ဆာသဘောကျ ကျေနပ်သည်ဆိုလျှင် သံရုံးမှာအလုပ်ရဖို့ လုံးဝကျိန်းသေသွားပြီ။

ထို့ကြောင့် ဒီနေ့ အတတ်နိုင်ဆုံး အစွမ်းကုန်သပ်ရပ်ပြီး အထက်တန်းကျကျ ပြင်ဆင်သွားရမည်။ အနောက်တိုင်းပုံစံအထက်တန်းကျလို့တော့ မရ။ မြန်မာဆန်ဆန် ဝတ်စားရမည်။ ရင်ဖုံးအင်္ကျီလက်ရှည်၊ ချိတ်ထဘီ၊ ကတ္တီပါဖိနပ်စီးမည်။ မိတ်ကပ်အစား သနပ်ခါးရည်ကို သုံးမည်။

ဆံထုံးကတော့ မြန်မာပုံစံထုံးလို့ မဖြစ်။ မင်္ဂလာဆောင်တွေမှာသာ ဒါမျိုး ထုံးကြတော့သည်။ ပြင်သစ်နောက်တွဲဆံထုံးက မြန်မာအဝတ်အစားနှင့်လည်း လိုက်ဖက်သည်။ သူ့မျက်နှာကျနှင့်လည်း အဆင်ပြေသည်။

မျက်နှာ လိမ်းခြယ်ပြီးသွားသည်။ နှုတ်ခမ်းပါးပါးတော့ ဆိုးမှဖြစ်မည်ဟု တွေးသည်။ စိတ်ထဲကပင် အရောင်ကို ရွေးကြည့်သည်။ မရမ်းရောင်ဖျော့ဖျော့ဆိုလျှင် အနေတော်ပဲ။ နှုတ်ခမ်းဆိုးလိုက်သောအခါ သူ့အလှက ပို၍ပေါ်လွင်လာသည်။

ဆရာမတစ်ယောက်ဆီမှာ အပင်ပန်းခံသင်ယူထားသော ပြင်သစ်ဆံထုံးပုံစံ

www.burmeseclassic.com

www.burmeseclassic.com



ချေ့ သုံးသည်။ ခံထုံး ထုံးရင်းက ပြင်သစ်ရေမွှေး သုံးသင့် မသုံးသင့် စဉ်းစားနေစဉ်…

ရုန်းသံမှတစ်ဆင့် သူ့နောက်ဘက် ကြမ်းပြင်ပေါ်မှ မြင်ကွင်းကိုတွေ့လိုက်ရသောအခါ အလန့်တကြားအော်၍ ထလိုက်မိ၏။

'ဘာလုပ်တာလဲဟင်၊ ဒါ… ဒါ ဘာလုပ်'

သားအနီးသို့ သူ ပြေးသွားသည်။

သားမောင်၏ လက်ထဲမှာ ကတ်ကြေးတစ်လက်။ သားသည် ခင်နိုင် ဒီနေ့ ဝတ်သွားဖို့ အဆင်သင့်ထုတ်ထားသော ချိတ်ထဘီကို ကတ်ကြေးနှင့် တစ်ပိုင်းစီ တိုက်ညှပ်နေခြင်းပင် ဖြစ်၏။

သူလုပ်နေပုံမှာ ကလေးတစ်ယောက်အနေနှင့် ပျော်ရွှင်စွာ ဆော့ကစားနေသလို မဟုတ်။ အံကိုကြိတ်လျက် ချိတ်ထဘီကို ရန်သူတစ်ယောက်သဖွယ် အငြိုးကြီးစွာ အမဲဖျက်နေသောပုံစံပင် ဖြစ်၏။ သူ့အမေ အပြင်ထွက်ခြင်းကို ပြင်းထန်စွာ ကန့်ကွက်နေသည့် အပြုအမူပင်တည်း။

ခင်နိုင်ကတော့ ထူပူသွားသဖြင့် မစဉ်းစားမိ။ မင်္ဂလာဆောင်တုန်းက ဝတ်ခဲ့သော ခုနှစ်ရာကျော်တန် ချိတ်ထဘီ၊ ဒီနေ့ပွဲအတွက် အထောက်အကူပြုမည့် ထဘီ။ ဒါပဲ စိတ်ထဲ စွဲမိပြီး…

'ပေးစမ်း'

သားမောင်၏ လက်ထဲက ကတ်ကြေးကို ဆောင့်ဆွဲလိုက်သည်။

ဆတ်ခနဲအရှိန်နှင့် အဆွဲတွင် ကတ်ကြေးကွင်းထဲမှာ ရောက်နေသော လက်မကလေးက ကန့်လန့်ခံနေသဖြင့် နာသွားပြီး သားမောင် အားခနဲအော်လိုက်သည်။

ခင်နိုင်ကတော့ ဒါကို သတိမပြုမိ။ ဒေါသအရှိန်ဖြင့်…

'ငါ ထိုးထည့်လိုက်မယ်'

ဆိုပြီး သားမောင်ကို ကတ်ကြေးနှင့် ရွယ်လိုက်သည်။

သား၏ကိုယ်ကလေး နောက်ကို ရှိန့်ခနဲ ဖြစ်သွား၏။ မျက်လုံးကလေး ပြူး၊ ပါးစပ်ကလေး အဟောင်းသားဖြင့် ခင်နိုင့်ကို မော့်ကြည့်နေသည်။ ငိုလည်း မငို။

ခင်နိုင်သည် သားမောင် ဘာဖြစ်သွားသည်ကို ဂရုစိုက်ဖို့ အချိန်မရ။ ဗီရိုထဲမှ အင်းလေးထဘီကို အလျင်အမြန်ရှာရသည်။ အဝတ်အစား ခပ်သုတ်သုတ်လဲပြီး ထွက်လာခဲ့၏။

လမ်းရောက်မှ တစ်ခုသတိပြုမိသည်။ သားမောင်သည် သူ့ရှေ့မှောက်မှာ ပင် ခင်နိုင် ထွက်လာခဲ့ပါလျက် ခါတိုင်းနေ့များလို အဘယ်ကြောင့် မငိုရသနည်း။

☐



ခင်နိုင်သည် ကျောင်းရောက်သောအခါ သားမောင်ကိစ္စကို သတိမရတော့။ မိတ်ဆက်လက်ဖက်ရည်ပွဲမှာ ပျော်စရာကောင်းသည်။ သင်တန်းသားများ ကိုယ်စား ခင်နိုင်က မိတ်ဆက်စကား ပြောရသည်။

ပြီးတော့ လက်ဖက်ရည်သောက်ကြရာတွင် ခင်နိုင်သည် ဌာနမှူး ပြင်သစ် အတွင်းဝန်တို့နှင့်အတူ တစ်စားပွဲတည်း ထိုင်ရသည်။

ပြင်သစ်အတွင်းဝန်နှင့် ခင်နိုင်တို့ လေပေးဖြောင့်နေကြ၏။ ဌာနမှူးကလည်း ခင်နိုင့်အတွက် ဂုဏ်ယူသည့်ဟန်ပန်ဖြင့် စကားဝင်ထောက်တတ်သည်။

ခင်နိုင်က ပြင်သစ်စကားပုံများကို ကြားညှပ်ပြောပြီး ဥပမာပေးတတ်သဖြင့် အတွင်းဝန်က တပြုံးပြုံးနှင့် သဘောကျနေသည်။ သံရုံးမှာအလုပ်ရဖို့ ကျိန်းသေ ပြီဟု ခင်နိုင် သိလိုက်သည်။

အပြန်ကျတော့ သားကိုသတိရသည်။ မနက်က ရုတ်တရက်မို့ သားအပေါ် ဒေါသဖြစ်မိသည်။ ဒီလောက်ထိ အော်ငေါက်ပစ်ဖို့မသင့်ဟု ထင်လာသည်။ မျက်လုံး ကလေးပြူးပြီး ကြည့်နေသော သားမျက်နှာကို မြင်ယောင်ပြီး သနားသွားမိ၏။

ထို့ကြောင့် သားကြိုက်သော နိုင်ငံခြားဖြစ်ချော့ကလက်အကောင်းစား ဝယ် သွားသည်။ သားကို ပြန်ချော့ရမည်။

အိမ်ပြန်ရောက်တော့ ခါတိုင်းလို အိမ်ဝမှာစောင့်နေတာမတွေ့ရ။

'သားရေ… မေမေပြန်လာပြီ'

ဟုအော်ရင်း အိမ်ထဲဝင်သည်။

အိမ်ရှေ့ခန်းမှာ ငြိမ်းမောင်၏ပေါင်ပေါ် ထိုင်နေသော သားမောင်ကို တွေ့ရသည်။ သားက အရင်လို သူ့ကို ပြေးဖက်ခြင်းမရှိ။ တစ်ချက်သာ စိုက်ကြည့်သည်။ ခင်နိုင်က…

'သားအတွက် ချော့ကလက် ဝယ်လာတယ်၊ ရော့'

သားကမယူ။

'ယူပါသားရဲ့၊ မေမေ အပြန်နောက်ကျလို့ စိတ်ကောက်နေတာလား ဟုတ်လား။ ရော့လေ သားမောင်'

သား၏လက်ထဲသို့ ထည့်ပေးလိုက်သည်။ သားက ချော့ကလက်ကို ကိုင်ပြီး ထွက်သွားသည်။ ခင်နိုင်က ငြိမ်းမောင်ကို မေးသည်။

'ကိုမောင် ဒီနေ့ပြန်လာတာ စောတယ် ထင်တယ်'

'ဟုတ်တယ်၊ အိမ်ကနေ ဖုန်းဆက်ခေါ်လို့'

'ဖုန်းဆက်ခေါ်တယ် ဟုတ်လား။ ဘာဖြစ်လို့'

www.burmeseclassic.com

www.burmeseclassic.com



'သားမောင် တက်သွားလို့'

'သင် ဟုတ်လား'

ငြိမ်းမောင် ခေါင်းတစ်ချက်ဆတ်ပြီး…

'ကလေး ဘာဖြစ်ပြီး ကျန်ခဲ့တယ်ဆိုတာတောင်, မသိရအောင် မင်းကိစ္စက အထိုးလောက်အရေးကြီးနေလို့လဲ'

'ခင်ထွက်သွားတော့ သားမောင် ဘာမှမဖြစ်ပါဘူး'

'ဘာမှမဖြစ်ဘူး ဟုတ်လား'

ငြိမ်းမောင် ကုလားထိုင်တွင် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

'ဘာမှ မဖြစ်ဘူးလို့ မင်းထင်တယ် မဟုတ်လား။ အေး… မင်း ဘယ်သိမလဲ။ ကလေး ဘယ်လိုဖြစ်ကျန်ခဲ့တယ်ဆိုတာ ဂရုစိုက်ဖို့ အချိန်မရဘူး မဟုတ်လား။ မင်း ပြင်သစ်သင်တန်းကို အချိန်မီပြေးဖို့ စိတ်စောနေတာကိုး'

မနက်တုန်းက သားမောင်နှင့်ခင်ခိုင်တို့ ဖြစ်ပျက်ပုံကို လှငွေက မြင်သွားသည်။ မီးဖိုခန်းထဲမှာ ချက်ပြုတ်နေသော ဒေါ်ကြီးကို သွားပြောသည်။

ဒေါ်ကြီးက 'ခက်တာပဲ၊ ကလေးက အလိုလိုမှ အားငယ်နေရတဲ့အထဲ ဘယ်လို မိန်းမစားမှန်း မသိပါဘူး။ ကဲကဲ… ကလေးကို သွားခေါ်လိုက်ဦး၊ တားမရတဲ့အတူတူ သူ့အမေ အပြင်ထွက်တာမမြင်ရရင် အငိုသက်သာတာပေါ့အေရယ် ဆိုသဖြင့် လှငွေ ကလေးခေါ်ဖို့ သွားသည်။

အခန်းထဲမှာ ခင်ခိုင်မရှိတော့။ သားမောင်ကို စောစောကအတိုင်း ငုတ်တုတ် ထိုင်လျက်သား တွေ့ရ၏။

'သားမောင် လာလာ၊ မမလှလှဆီလာ'

လှငွေက သားမောင်ကိုလက်ကမ်းရင်း ရှေ့မှာထိုင်ချလိုက်သည်။ လှငွေ လန့် သွား၏။ သားမောင်သည် မျက်လုံးကလေးကြောင်ပြီး တစ်နေရာတည်းကို စိုက်ကြည့် နေသည်။

'ဟဲ့… သားမောင်'

လှငွေက သားမောင်ကို လှမ်းကိုင်လိုက်သည်။ တစ်ကိုယ်လုံး အေးစက်နေ၏။

'သားမောင်၊ သားမောင်'

ပြန်မထူး။ အတင်းဆွဲလှုပ်သောအခါ တစ်ချက်ရှိုက်သလို ဆို့သလို ဖြစ်ပြီး မျက်ဖြူလန်တက်သွားသည်။

'အမလေး လုပ်ပါဦး ဒေါ်ကြီးရဲ့၊ သားမောင် ဘာဖြစ်သွားမှန်း မသိဘူး'

လှငွေ အသံကုန်အော်သည်။ ဒေါ်ကြီး ပြေးဝင်လာသည်။ သားမောင် သတိလစ်ပြီး



တက်နေပြီ။

'ဟဲ့… ကြက်သွန်နီတစ်ဥ ပြေးယူစမ်း၊ ထိပ်နှစ်ဖက်ကို ဓားနဲ့လှီးခဲ့'

လှငွေ ပြေးယူသည်။ ကြက်သွန်နီနှင့် ငယ်ထိပ်ကိုဖိပြီး မှုတ်ပေးသည်။ လှငွေက ငြိမ်းမောင်ပြောထားသည်ကို သတိရသဖြင့် ပြတင်းပေါက်တွေ အကုန်လှန်ဖွင့်သည်။

ခဏကြာတော့ သားမောင် မျက်လုံးပြန်လည်လာသည်။ ကုပ်ခွဲနေသော ခြေလက် များ ပြေလျော့လာသည်။

လှငွေအား ငြိမ်းမောင်ဆီ ဖုန်းဆက်ခိုင်းသည်။

ငြိမ်းမောင် အပြေးအလွှားရောက်လာသောအခါ သားမောင်အခြေအနေကောင်းနေပြီ ဖြစ်၏။ သို့တိုင်အောင် တစ်ချက်တစ်ချက် တုန်ခနဲ တုန်ခနဲ ဖြစ်သွားသေးသည်။

ငြိမ်းမောင်ကို မြင်တော့မှ အတင်းဖက်၍ ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

'ဘယ်လိုဖြစ်တာလဲ'

ဒေါ်ကြီးက ဖြစ်ပျက်သမျှကို ပြောပြသည်။ ငြိမ်းမောင် မျက်မှောင်ကုပ်ရင်း နားထောင်နေသည်။ ဘာမျှတော့ မပြော။

သားမောင်ကို ဆွေဆွေဦးဆီ ခေါ်သွားသည်။ ဆွေဆွေဦးနှင့် မတွေ့သဖြင့် ဈေး သာလမ်းက ဆေးခန်းတစ်ခုမှာ ဝင်ပြခဲ့ရသည်။

'မင်းလုပ်ပုံကို မင်းဟာမင်း စဉ်းစားကြည့်ပေါ့ ခင်ခိုင်၊ ငါကတော့ ဘာမှ ထပ်မပြောချင်တော့ဘူး'

ငြိမ်းမောင်က ထိုမျှသာ ပြောသည်။

ခင်ခိုင်သည် သူမှားမှန်းသိသဖြင့် ငြိမ်းမောင်ကို အချေအတင်ပြောဖို့ စိတ် မကူးတော့။ သားမောင်အပေါ် ဂရုစိုက်ဖို့တော့ ဆုံးဖြတ်လိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

'နှင့်သားကို ကြည့်ရတာ တစ်မျိုးပဲ။ လေးနှစ်အရွယ်ကလေးတစ်ယောက်အနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အားမရဘူး ငြိမ်းမောင်'

ဒွေးဒွေးဦးက သားမောင်ကိုစမ်းကြည့်ပြီး ပြောသည်။ ဟိုနေ့က သူ့ဆီ ငြိမ်းမောင်တို့သားအဖ လာကြောင်းသိရသဖြင့် ညဘက်ဖုန်းဆက်သည်။ ငြိမ်းမောင်က အခြေခံအပျက်ပြောပြသဖြင့် အိမ်ကိုရောက်လာခြင်း ဖြစ်၏။

'နင် ဘယ်လိုထင်လို့လဲ'

ငြိမ်းမောင်က မေးသည်။

'ဒါကတော့ တပ်အပ်မပြောနိုင်ဘူး။ စပယ်ရှယ်လစ်နဲ့ ပြကြည့်မှ သေသေချာချာ ပြောနိုင်မှာပဲ။ ငါကတော့ နျူရိုနဲ့ ဆိုင်တယ်လို့ ထင်တယ်'

'ငါလည်း နင့်ကို ပြောမလို့ပဲ။ ငါ့စိတ်ထဲ စနိုးစနောင့် ဖြစ်နေတာကြာပြီ'

သားမောင်သည် ဖွံ့ဖြိုးမှုတွင် အစစအရာရာနောက်ကျသည်။ သွားပေါက်ခြင်း၊ မတ်တတ်ရပ်ခြင်း၊ စကားပြောခြင်းတို့တွင် ပုံမှန်ထက်များစွာ နောက်ကျခဲ့သည်။ ချူချာတဲ့ကလေးမို့ ထင်ပါရဲ့ဟု တွေးခဲ့မိသည်။

နောက်ပိုင်း အာဟာရဖြစ်အောင်ကျွေး၊ အားဆေးတွေတိုက်သဖြင့် ကိုယ်ကာယဖွံ့ဖြိုးခဲ့သော်လည်း အသိဉာဏ်ကတော့ သိပ်တိုးတက်မလာခဲ့ချေ။ စကားလည်း သိပ်မပြော။ သွားဘူး၊ စားမယ်၊ ဖေဖေ၊ မေမေ၊ မမလှလှ၊ ဘွားဘွားကြီး စသောနှစ်လုံးတွဲ၊ သုံးလုံးတွဲစကားတွေလောက်သာ ပြောနိုင်သည်။ ဝါကျရှည်များ မသုံးနိုင်သေး။

လေးနှစ်အရွယ် ကလေးတစ်ယောက်အနေဖြင့်ဆိုလျှင် ဘာမှုမတတ်သေးဟုဆိုရမည်။ ဒီအရွယ် ကလေးငယ်တစ်ယောက်သည် သီချင်းတွေ၊ ကဗျာတွေ ဆိုနိုင်ရ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ တစ်နှစ်သုံးလေး၊ ကကြီး ခကွေး၊ အေဘီစီဒီ သင်လျှင် သင်သလောက် တတ်ရတော့သည်။ လူကြီးနှင့် အချီအချ စကားပြောနိုင်ရမည်။

သားမောင်ကတော့ ပုံပြောပြတာတောင် ကောင်းကောင်းနားမထောင်တတ်သေး။ ချေးသေးကိုစွလည်း မထိန်းနိုင်သေး။ ကစားနေရင်းက သေးပေါက်ချ၊ ချေးပါချ တုန်းပင်။

ဆွေဆွေဦး၏ အကြံပေးချက်အတိုင်း ဦးနှောက်နှင့်အာရုံကြောအထူးကု ဆရာဝန်ကြီးဆီ သွားကြသည်။ ဆရာဝန်ကြီးက…

'ဦးနှောက်ဖွံ့ဖြိုးမှု နှေးကွေးတဲ့ ရောဂါပဲ။ ဉာဏ်စဉ်မမီတဲ့ ရောဂါလို့ ဆိုပါတော့ဗျာ။ အသက်လေးနှစ်ရှိပေမယ့် သူ့အသိဉာဏ်က နှစ်နှစ်သားအသိ ဉာဏ်လောက်ပဲ ရှိတဲ့ သဘောပေါ့။ ငယ်ငယ်က ချူချာတာ ခဏခဏတက်တာကြောင့် ဦးနှောက်ကို ထိခိုက်ခဲ့တာလည်း ဖြစ်နိုင်တယ်။ မိခင်ရဲ့ ဝမ်းထဲမှာတုန်းကတည်းက တစ်စုံတစ်ခုသော အကြောင်းကြောင့် ရောဂါရလာတာလည်း ဖြစ်နိုင်တယ်'

ဆရာဝန်က သောက်ဖို့ ဆေးစာများ ရေးပေးသည်။ ပြုစုစောင့်ရှောက်နည်းတိုလည်း ညွှန်ကြားသည်။

'ကောင်းကော ကောင်းလာနိုင်ရဲ့လား ဆရာကြီး'

ခင်ခိုင်က စိုးရိမ်စွာ မရဲတရဲ မေးသည်။ ဆရာဝန်ကြီးက…

'အမှန်အတိုင်း ပြောရရင်တော့ ဒီရောဂါမျိုးက ရှင်းရှင်းပျောက်သွားဖို့ မလွယ်ဘူး။ ဦးနှောက်ဆိုတာကလည်း လူ့ခန္ဓာကိုယ်မှာ အရေးအကြီးဆုံးနဲ့ အနူးညံ့ဆုံး မဟုတ်လားဗျ။ တခြားအစိတ်အပိုင်းတွေလို ဘယ်နေရာမှာ ဘာဖြစ်လို့ ဘယ်လိုလုပ်လိုက်ဆိုပြီး တိတိကျကျ ပြောလို့ မရဘူးလေ

'နောက်ပြီး ဒီရောဂါမျိုးက ခွဲစိတ်ကုသလို့ရတာလည်း မဟုတ်ဘူး။ ပြုစုပုံဂရုစိုက်ပုံပေါ်မှာလည်း တည်တယ်။ ဗမာအယူအဆနဲ့ ပြောရရင် ကံနာဝဋ်နာလို့ ဆိုရမှာပေါ့။ သူ့ကံတရားကလည်း ရှိသေးတယ်လေ။ စိတ်တော့မပျက်ပါနဲ့။ ကလေးကလည်း ငယ်ပါသေးတယ်။ အချိန်ယူပြီး ဖိဖိစီးစီး ကုသွားရင် လုံးဝ အကောင်းပကတိ မဖြစ်တောင် လူတော်တိုးနိုင်တာလောက်တော့ ဖြစ်လာမှာပါ'

သားမောင်အနေဖြင့် အကောင်းပကတိဖြစ်လာဖို့ မလွယ်ကြောင်း ငြိမ်းမောင်ရော ခင်ခိုင်ပါ ရင်ထဲကအလိုလိုသိနေကြသည်။ ဦးနှောက်အသိဉာဏ်ဖွံ့ဖြိုးမှု နိမ့်ကျနေသဖြင့် ကျုပ်မပြည့်သောလူတစ်ယောက်အကြောင်း ရိုက်ကူးထားသည့် ချာလီဆိုသော ဓာတ်ကားကို ကြည့်ဖူးသည်။

မြန်မာလိုပြန်ရိုက်သော ဖန်းစကားဓာတ်ကားကိုလည်း ကြည့်ဖူးသည်။ ဦးနှောက်



ပုံမှန်ဖြစ်လာအောင် ဆရာဝန်များက သုတေသနပြု ခွဲစိတ်ကုသရာ မအောင်မြင်ဘဲ ဝိုး၍ဆိုးသော အကျိုးဆက်များဖြစ်လာသည့် ဓာတ်လမ်း၊ သားမောင်သည် ချာလီလို ကျုပ်မပြည့်သော ပေါချာချာလူတစ်ယောက် ဖြစ်လာတော့မှာပါကလား။

ခင်ခိုင် ရင်ထဲကနင့်သွားသည်။ သူ့အဖေ ပေါင်ပေါ်မှာထိုင်နေသော သားမောင်ကို ငေးကြည့်သည်။

သားမောင်သည် တုတ်ထိုးသကြားလုံးကိုလျက်ရင်းက ဆရာဝန်ကြီးကို ငေးကြည့်နေ၏။ ဆရာဝန်ကြီးက သူ့ကိုပြန်ကြည့်၍ပြုံးပြသောအခါ သားမောင်က လျှာထုတ်ပြလိုက်သည်။

❑

သားမောင်၏ အပြုအမူများသည် ထူးခြားစွာ ပြောင်းလဲသွားသည်။ ခင်ခိုင့်ကို လုံးဝ မကပ်တော့ခြင်းပင် ဖြစ်၏။ ခင်ခိုင်ကျောင်းသွားလျှင် သူနှင့် ဘာမှမဆိုင်သလို ဘာသိဘာသာ နေသည်။ ပြန်လာတော့လည်း အပြေးအလွှား ကြိုဆိုခြင်းမရှိတော့။

တစ်ရက် နှစ်ရက်တော့ ခင်ခိုင်က ဟန်ကျသလိုလို ထင်မိသေးသည်။

ညအိပ်လျှင်လည်း အလျင်လို သူ့ဘက် အတင်းတိုးကပ်ပြီး ဖက်ထားတာမျိုး မလုပ်တော့။ အရင်က ခင်ခိုင်နှင့် ငြိမ်းမောင်တို့ကြားမှာ အိပ်နေရာက ခုဆိုလျှင် ငြိမ်းမောင်၏ ဟိုဘက်မှာသွားအိပ်တတ်သည်။

သူ့ကို မြင်လျှင် သားကရှုံ့တွံ့တွံ့ ဖြစ်နေ၏။ ခင်ခိုင်က ပွေ့ဖက်နမ်းရှုတ်လျှင် ငြိမ်ခံနေပြီး အသာရုန်း၍ထွက်သွားတတ်၏။ သားက သူ့ကို စိတ်ကောက်နေတာဟု ခင်ခိုင် ထင်သည်။

ထိုရက်များမှာ သူ့သင်တန်းစာမေးပွဲ စစ်ခါနီးဖြစ်၍ ခင်ခိုင်လည်း စာတွေ ကြည့်နေရသည်။ သားက သူ့နားမကပ်တာဘဲ ခပ်ကောင်းကောင်းဟု ယူဆမိသေးသည်။

စာမေးပွဲပြီးမှပင် သားကို အတိုးချပြီးဂရုစိုက်တော့မည်ဟု စိတ်ကူးထားလိုက်သည်။

စာမေးပွဲပြီးသွားတော့ သူ ထင်သလို ဖြစ်မလာကြောင်းသိရလေသည်။ သားမောင်ကို ဘယ်လိုမှ ချော့မော့စည်းရုံးလို့ မရတော့ခြင်းပင် ဖြစ်၏။

သားသည် သူ့ကို ရှောင်နေသည်။ သူရှိနေသည့် နေရာနားမှာ မနေဖြစ်အောင် ကြိုးစားသည်။ သူနှင့် ပက်ပင်းတိုး၍ အပွေ့အချီခံရသောအခါ စိတ်ကျဉ်းကြပ်သလို အမူအရာ ရှိနေသည်။

ဒီလောက် အမေကို အသည်းအသန်ကပ်ခဲ့သည့် ကလေးက ခုလို ရှောင်ဖယ် ဖြစ်နေသည်ကို ခင်ခိုင် နားအလည်ရခက်နေသည်။ ထိုအကြောင်းကို ငြိမ်းမောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး

ငြိမ်းမောင်ကလည်း အစပိုင်းတော့ မသိသေးချေ။ ခုရက်ပိုင်းမှာ ရုံးအလုပ်တွေက များသည့်အပြင် သားအတွက် ဆေးတွေရှာဝယ်တာနှင့် အလုပ်ရှုပ်နေသည်။

အင်စီပါဘောလ်ဆိုသော ဆေးက တော်တော်ရှားနေသည်။ လူသုံးနည်းသဖြင့် ဆေးအဝင်လည်း နည်းသည်။ ဈေးတွေနှံ့အောင် လျှောက်ရှာမှ တစ်ပုလင်းရလာသည်။ တစ်ရာငါးဆယ် ပေးခဲ့ရသည်။

အိမ်မှာရှိသည့် အချိန်အတွင်းမှာလည်း သားကို အရိပ်တကြည့်ကြည့်လုပ်ရင်း သားနှင့်စကားပြော၊ သားနှင့် အတူတူ ကစားနှင့် ခင်ခိုင် ဘာဖြစ်နေသည်ကို ဂရုမစိုက်နိုင်။

သားက ငြိမ်းမောင်ကိုတော့ ခါတိုင်းလိုပင် တွယ်တွယ်တာတာရှိသည်။

တစ်ရက် ငြိမ်းမောင်က သားနှင့်အတူတူကစားရန် ကစားစရာတွေ စုထားသည့် သေတ္တာကိုမွှေနှောက်ရင်း ချော့ကလက်တွေတွေ့သည်။ တော်တော်များသည်။ ဆယ်ခု၊ ဆယ့်ငါးခုလောက်ရှိမည်။ ဒီထဲထည့်ထားတာ ဘယ်လောက်တောင် ကြာပြီမသိ။ တချို့ အရည်တွေပျော်ပြီး ပုရွက်ဆိတ်တွေအုံခဲနေသည်။

‘ဟာ… ဘယ်လိုဖြစ်တာလဲကွ၊ ချော့ကလက်တွေ ဘာဖြစ်လို့မစားဘဲ သိမ်းထားရတာလဲ သားရဲ့’

ငြိမ်းမောင်က အရည်မပျော်သေးသော ချော့ကလက်တစ်ခုကိုယူသည်။ ပုရွက်ဆိတ်တွေ ခါပြီး သားကို လှမ်းပေးသည်။ သားက ခေါင်းခါပြီး…

‘စားဘူး’

ဟု ငြင်းသည်။

ငြိမ်းမောင်စိတ်ထဲ ထူးဆန်းသည်ဟု ထင်မိ၏။ သားမောင်သည် ချော့ကလက်ကို အလွန်ကြိုက်သည်။ လက်သုံးလုံးလောက်ရှိသည့် ချော့ကလက်တစ်ပြားကို ပြိုက်ခနဲကုန်အောင် ဝါးပစ်သည့်အပြင် ခဲစက္ကူပြတ်မှာ ကပ်နေသော အစအနများပါမကျန် လျက်ပစ်တတ်သည်။ ခုတော့ ချော့ကလက်ပေါင်းများစွာကို ဒီသေတ္တာထဲ ဘာကြောင့်စွန့်ပစ်ရသနည်း။

ထိုအခိုက်မှာ ခင်ခိုင် အခန်းထဲ ဝင်လာသည်။

‘ဘာဖြစ်တာလဲ ကိုမောင်’

‘ထူးတော့ ထူးတာပဲ။ သားက ချော့ကလက်တွေကိုမစားဘဲ ဒီထဲလာထည့်ထားတယ်။ တော်တော်များတယ်။ ဘယ်လိုဖြစ်တာလဲ မသိဘူး’

ခင်ခိုင် ချော့ကလက်တွေကိုကြည့်ပြီး မျက်နှာပျက်သွားသည်။ ထိုချော့ကလက်



များမှာ သားအတွက် သူဝယ်လာခဲ့ခြင်းပင် ဖြစ်လေသည်။

ချော့ကလက်အလွန်ကြိုက်သော သားသည် သူဝယ်လာသော ချော့ကလက်များကို ဘာကြောင့်မစားဘဲနေရသနည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

ခင်ခိုင်က ငြိမ်းမောင်ကို သူနှင့်သားတို့အကြား ဆက်ဆံရေး ပြောင်းလဲနေပုံကို ပြောပြသည်။

'သားမောင်က တစ်မျိုးဖြစ်နေတယ်။ အရင်ကလို ခင်ခိုင့်နားကို သိပ်မကပ်တော့ဘူး။ သူ့စိတ်ထဲ တစ်ခုခုဖြစ်သွားသလား မသိဘူး'

'ခင်က ဆူလိုက် ငေါက်လိုက်လုပ်လို့ ကြောက်သွားတာ ဖြစ်မှာပေါ့။ အရင်တုန်းက သားက ကပ်လွန်းလို့ စိတ်ညစ်တယ်ဆို။ အခု မကောင်းဘူးလား'

'အရင်က ကျောင်းတစ်ဖက်နဲ့အလုပ်ရှုပ်နေလို့ပါ။ ခုတော့ ကျောင်းလည်းပြီးပြီ ဆိုတော့ သားကို ပိုဂရုစိုက်နိုင်လာပြီ'

'ခင်က ဒီအတိုင်းနေမှာမို့လို့လား။ တစ်ခုခုလုပ်ဦးမှာမဟုတ်လား။ အဲဒီအခါကျမှ သားက ပြန်ကပ်နေရင် ခက်မယ်။ အခုအတိုင်း သားက ခင့်ကို သိပ်မကပ်တော့တဲ့ အကျင့်ရနေတာ ပိုမကောင်းဘူးလား'

'သားက ခင့်ကိုမကပ်ဘူးဆိုတာက ရိုးရိုးသားသား ပုံစံမျိုးမဟုတ်ဘူး ကိုမောင်။ တမင်ရှောင်နေတာမျိုး။ ပြီးတော့ကြည့်ပါလား၊ ခင်ဝယ်လာတဲ့ ချော့ကလက်တွေ မစားဘဲနေတာ။ ခင်က သူ့ကို ငေါက်လိုက်မိရုံကလေးနဲ့ ဒီလောက်တောင် ပြောင်းလဲသွားတာ ထူးဆန်းနေတယ်။ ပုံမှန်မဟုတ်ဘူးလို့ ထင်တယ်'

'ပုံမှန်မဟုတ်တာက သေချာတယ်လေ။ သားက ရောဂါသည်ပဲ။ သူ့ ဦးနှောက်က ပုံမှန်အတိုင်း ဖွံ့ဖြိုးတာမဟုတ်ဘူး။ ဒီတော့ တခြားကလေးတွေ နဲ့ ပြုမူပုံချင်း တူချင်မှ တူမယ်။ ခင့်အနေနဲ့ သားကို အရင်ကထက်ပိုပြီး ဂရုစိုက်ရမှာပေါ့။ သားအနေနဲ့ ခင့်အနားကပ်လိုကရင် ဟိုတစ်ခါလို အအော်အငေါက်ခံရမလားလို့ ကြောက်နေပုံ ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ခင်နိုင်သည် သားကို ဂရုစိုက်ဖို့ ကြိုးစားသည်။ သို့ရာတွင် မအောင်မြင်ချေ။ သားအား ခင်နိုင့်အပေါ် စိမ်းကားမှုသည် တဖြည်းဖြည်း ပို၍တိုးလာသည်။ အဲစကား အားသာသာ နေရှုံသာရှိ၏။ ခင်နိုင်က ခေါ်လျှင် မရဲတရဲလာသေးသည်။ ပွေ့ဖက် နမ်းရှုတ်လျှင် ဝတ်ကျေတန်းကျေပုံစံမျိုး ငြိမ်ခံသေးသည်။

နောင်ပိုင်းကျတော့ ဒီလိုမဟုတ်။

ခင်နိုင့်ကိုမြင်လိုက်သည်နှင့် သိသိသာသာရှောင်ထွက်သွားသည်။ ခင်နိုင် အိမ်ရှေ့မှာဆိုလျှင် နောက်ဖေးဘက်သွားနေသည်။ နောက်ဖေးမှာရှိလျှင် အိမ်ရှေ့မှာ နေသည်။ တစ်အိမ်တည်းမှာပင် သားမောင်က သူ့အမေကို ပုန်းရှောင်၍နေလေသည်။ ခင်နိုင်နှင့် တက်ပင်းတွေ့၍ ပွေ့ဖက်လျှင် အတင်းရုန်းကန်ထွက်ပြေးသည်။

ခင်နိုင်သည် သားမောင်၏အပြုအမူများကို ကြည့်၍ တစ်စတစ်စ ထိတ်လန့်လာသည်။ သားတစ်ယောက် မိခင်တစ်ယောက်အပေါ် ဒီလောက်စိမ်းကားလာခြင်းသည် သွေးရိုးသားရိုး မဟုတ်နိုင်။

တချို့အမေတွေဆိုလျှင် သားသမီးကို ရက်ရက်စက်စက် ကျဲရိုက် နှားရိုက် ရိုက်တတ်သည်။ အခန်းထဲ ထည့်ပိတ်လှောင်ထားခြင်း၊ ကြိုးနှင့်တုပ်ထားခြင်း၊ ထမင်း အငတ်ထားခြင်းတို့ဖြင့် နှိပ်စက်တတ်သည်။ သို့တိုင်အောင် သားသမီးများက စိတ်မနာကြ။

သားမောင်ကိုတော့ ခင်နိုင် တစ်ခါမျှ မရိုက်ခဲ့ဖူးချေ။ ချိတ်ထဘီကို ကတ်ကြေးဖြင့် ကိုက်ညှပ်သည့်ကိစ္စတစ်ခုတည်းသာ ရှိခဲ့ဖူး၏။ ထိုမျှလောက်နှင့် သားမောင်က အမှတ်ကြီးမှတ်ပြီး သူ့ကို စိတ်နာသွားသည် ဆိုခြင်းမှာ သဘာဝမကျ။ သားမောင်မှာ စိတ်ရောဂါတစ်ခုခု စွဲကပ်နေလေသလားဟု ခင်နိုင် သံသယဖြစ်သည်။

ထိုအချက်များကို ခိုင်မာစေသောဖြစ်ရပ်တစ်ခုလည်း ဖြစ်ပေါ်ခဲ့လေသည်။

တစ်ရက်တွင် အိပ်ခန်းထဲမှာ ခင်နိုင်မရှိဘူးအမှတ်နှင့် သားဝင်လာသည်။ သူကစားစရာသေတ္တာကို မွှေနေသည်။ ခင်နိုင်က အဝတ်အစားဗီရိုကို ဖွင့်ပြီး အင်္ကျီရှာနေခိုက်မို့ တံခါးနှင့်ကွယ်နေသဖြင့် သားက မမြင်ချေ။

ခင်နိုင်သည် သားကို အလစ်ဝင်ပြီး ပွေ့ဖက်ချင်စိတ်ပေါက်လာသည်။ ထို့ကြောင့် နောက်ဘက်မှ ခြေသံမကြားအောင် ဖွဖွသွားပြီး သိမ်းဖက်လိုက်သည်။

သားက ရုတ်တရက်မို့ မရုန်းသေး။ ငြိမ်နေသည်။ လှည့်မကြည့်ဘဲ…

'မမလှလှ၊ ဘာရဲတွ'

ဟု ပြောသည်။ ခင်နိုင်က…

'လှငွေ မဟုတ်ပါဘူး သားရဲ့၊ မေမေပါ'



ထိုအသံကြားတော့မှ သားမောင် ဆတ်ခနဲ ဖြစ်သွားသည်။ ဟင့်အင်း ဟင့်အင်း ဆိုပြီး အတင်းရုန်းကန်သည်။ ခင်နိုင်ကလည်း မလွှတ်။

'သားကလည်း… မေမေက ချစ်လို့ပါကွ'

'ချစ်နဲ့၊ ချစ်နဲ့'

'သားငယ်က မေမေ့ကို မချစ်ဘူးလား'

'ချစ်ဘူး'

ရုန်းရင်း ကန်ရင်း အော်သည်။

ခင်နိုင် မနေနိုင်တော့။ သားကို တင်းကျပ်စွာ ဖက်ထားရင်းက ပါးကို နမ်းလိုက်သည်။ သားမောင်သည် ရှောင်ရင်းတိမ်းရင်းက သူ့နှာခေါင်းနှင့် ခင်နိုင့်ပါးအဝ်မိသည်။ ခင်နိုင်က သဘောကျပြီး ရယ်မိသည့်အခိုက်မှာပင် သားမောင်က ခင်နိုင့်ပါးကို ဘအား ကိုက်ထည့်လိုက်လေသည်။

'အာ… သားသား၊ ဘယ်လိုလုပ်တာလဲ'

ခင်နိုင်က ပါးကို လက်နှင့်အုပ်လိုက်သည်။ သားမောင်က ရုန်းထွက်ပြေးသွား၏။ ခင်နိုင့်ပါးမှာ သားမောင်၏ သွားရာအကွင်းလိုက် ကျန်ရစ်ခဲ့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

စိတ်ရောဂါအထူးကုဆရာဝန်ကြီးသည် ငြိမ်းမောင်တစ်လှည့် ခင်နိုင်တစ်လှည့် ပြောပြနေသည့် အကြောင်းအရာများကို နားထောင်ရင်း လေးလေးနက်နက် စဉ်းစားနေပုံရသည်။ တစ်ချက်တစ်ချက်မှ သူသိလိုသည်များကို မေးရင်း စကားထောက်သည်။

'ထူးတော့ ထူးခြားတာ အမှန်ပဲ။ ဒီလိုအဖြစ်မျိုး တွေ့ရခဲတယ်။ ကိုယ့်ကိုဘယ်တစ်ယောက်ယောက်က စိတ်နာလောက်တဲ့ ကိစ္စတစ်ခုပြုဖူးလို့ အဲဒီလူကို မကြည့်ချင်မမြင်ချင်လောက်အောင် ပြင်းပြင်းထန်ထန်ခံစားနေရတဲ့လူမျိုးတွေ ကျွန်တော် တွေ့ဖူးပါတယ်။ ဒါပေမယ့် ကျွန်တော် ကြုံဖူးတာက အရွယ်ရောက်ပြီးတဲ့လူတွေပဲ။ ခုလိုကလေးတစ်ယောက်မှာ စိတ်ဝေဒနာစွဲကပ်တာမျိုးတော့ ကျွန်တော် မတွေ့ဖူးသေးပါဘူး'

ဆရာဝန်ကြီးက ငြိမ်းမောင်၏ပေါင်ပေါ်မှာထိုင်နေသော သားမောင်ကို ကြည့်သည်။ သားမောင်သည် သူ့အကြောင်း ပြောဆိုနေကြသည်ကို မသိ။ စားပွဲပေါ်မှာ စာရွက်ဖိသည့် ဖန်လုံးကြီးကိုသာ စိတ်ဝင်စားစွာ ကိုင်ကြည့်နေ၏။

'အခုလို မိခင်နဲ့ တူတူလာတဲ့အခါကျတော့ကော ဘာပြဿနာရှိလို့လဲ'

ဆရာဝန်ကြီးက မေးသည်။ ငြိမ်းမောင်က ဖြေသည်။

'သားက ကျွန်တော်နဲ့ အတူတူအပြင်ထွက်ရလို့ ပျော်နေတယ်ထင်တယ်။ သူ့အမေပါ ပါလာတာကို ပြဿနာတော့မလုပ်ဘူး။ သူ့အမေနားလည်း မကပ်ဘူး။ ဘာသိဘာသာ နေနေတာပဲ ဆရာကြီး'

'ခင်ဗျားတို့ အခုပြောပြခဲ့တာတွေဟာ အမှန်တွေချည်းပဲနော်'

'ဟုတ်ပါတယ်'

ငြိမ်းမောင်က နှုတ်မှပြော၍ ခင်နိုင်က ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုခုသိုဝှက်ချန်ထားတာများ ရှိသေးလား။ ခုနပြောသလို ကတ်ကြေးနဲ့ ရှယ်ခိုတယ်ဆိုတာမျိုးပေါ့လေ။ ကျွန်တော့်အနေနဲ့ အကြောင်းအချက်အားလုံးကို သိရဖို့လိုသေးတာမှာ ပိုပြီးအကျိုးရှိတာပေါ့။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပြစေချင်တယ်'

'စိတ်ဝေဒနာကိုကုတဲ့နေရာမှာ အမှုတစ်ခုကို စုံစမ်းထောက်လှမ်းရတဲ့ စုံထောက်အလုပ်လိုပဲဗျ။ အသေးအဖွဲ့ကအစ ဂရုစိုက်ရတယ်။ ခင်ဗျားတို့အတွက် အသေးအဖွဲ့လို့ ထင်ပေမယ့် ကျွန်တော့်အတွက် အရေးကြီးတဲ့ ထောက်ကူချက် ဖြစ်ချင်ဖြစ်နေနိုင်တယ်။ စုံထောက်အလုပ်ဆိုတာကမှ လက်ဗွေရာတို့လို သက်သေခံပစ္စည်းတို့လို အကောင်အထည်မြင်ရတဲ့ သဲလွန်စတွေရှိသေးတယ်။ ကျွန်တော်တို့က ဘာမှ လက်ဆုပ်လက်ကိုင်မရှိတဲ့ စိတ်ဆိုတဲ့အရာကို စုံစမ်းထောက်လှမ်းရတာ မဟုတ်လား'

ငြိမ်းမောင်က ခင်နိုင့်ကို တစ်ချက်လှမ်းကြည့်၏။ ခင်နိုင် နှုတ်ခမ်းကိုကိုက်၍ ခေါင်းစားနေ၏။ ထို့နောက်...

'ကိုမောင် အပြင်ခဏထွက်ပေးနိုင်မလား။ ဘယ်လိုမှတော့ သဘောမထားနဲ့။ ကိုမောင့်ရှေ့မှာ ပြောလို့ထွက်မှာ မဟုတ်ဘူး'

ငြိမ်းမောင်က ရပါတယ်ဟုပြောပြီး အခန်းအပြင်ထွက်သွားသည်။ သားမောင်ကလည်း ငြိမ်းမောင်နှင့်လိုက်သွား၏။ ခင်နိုင် ဘာမှမပြောသေးဘဲ အားယူနေရသေးသည်။

'ကဲ... ဆိုပါဦး'

ဆရာဝန်ကြီးက စကားစတော့မှ...

'ကျွန်မ ငယ်ငယ်က သိပ်မျက်နှာငယ်ခဲ့ရတယ် ဆရာ။ ကျွန်မတို့အဘိုးဟာ ငွေကြေးပြည့်စုံတဲ့ အရာရှိကြီးတစ်ဦးပါပဲ။ ကျွန်မတို့အမေက အဘိုးရဲ့ ရုံးက စာရေးကလေးတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးလို့ အဘိုးက စွန့်ပစ်ထားခဲ့ပါတယ်။ အဘိုးဆုံးတဲ့အခါမှာ ကျွန်မအမေ ရသင့်ရထိုက်တဲ့အမွေကို တခြားမောင်နှမတွေကမပေးဘဲ အပိုင်စီးလိုက်ကြတယ်။ ကျွန်မအဖေဆုံးတော့... ဒါနဲ့ဆရာ ကျွန်မ အခုပြောတာတွေက အခုကိစ္စအတွက် လိုမှ လိုအပ်ပါ့မလား'

'ပြောသာပြောပါ၊ လိုအပ်တဲ့အပိုင်း ရှိလာနိုင်ပါတယ်'

'ခုနပြောသလိုပေါ့လေ။ အဖေဆုံးတော့ ကျွန်မတို့ သားအမိနှစ်ယောက် ခိုကိုးရာမဲ့ ဖြစ်ခဲ့ကြရတာပေါ့။ အမေဟာ သူ့မာနနဲ့သူ နေခဲ့ပေမယ့် ကျွန်မရဲ့ ပညာရေးကို ငဲ့ကွက်ပြီး သူ့အစ်ကိုအိမ်မှာ သွားနေရတယ်။ သူတို့ တစ်အိမ်သား လုံးက ကျွန်မတို့ကို ဝိုင်းနှိမ်ကြတာပဲ။ နောက်ဆုံး မခံနိုင်တော့လို့ ကျွန်မတို့ဘာသာ ဖြစ်သလိုနေရင်း ပညာသင်ခဲ့ရတယ်။ အမေဟာ ကျွန်မကို လူရာဝင်အောင် အမျိုးမျိုး အပင်ပန်းခံ



ကြိုးစားရင်းက တစ်နေ့နေ့မှာ သူတို့ထက် သာတဲ့ဘဝရောက်အောင် ကြိုးစားဖို့ ဘဝဖွင့် သတိပေးခဲ့ပါတယ်'

ခင်နိုင် စကားကိုရပ်ပြီး ဆရာဝန်ကြီးကို အကဲခတ်သည်။ စိတ်ဝင်စားစွာ နားစွင့်နေကြောင်း တွေ့သဖြင့် ဆက်၍ပြောသည်။

'အမေသွင်းပေးခဲ့တဲ့ စိတ်ဓာတ်က ကျွန်မမှာ ခိုင်ခိုင်မြဲမြဲ စွဲနေတယ်။ ကျွန်မကိုယ်တိုင်ကလည်း ဟိုအိမ်မှာနေရင်းက မောင်နှမတစ်ဝမ်းကွဲပေမယ့် မတူမတန်သလို ဆက်ဆံခံရတာကို သိပ်နာခဲ့ပါတယ်။ ကျွန်မဘဝမှာ နံပါတ်တစ် အရေးအကြီးဆုံးက ငွေပွားတိုးတက်ပြီး သူတို့အပေါ် အထက်စီးကနေ ပြန်ကြည့်နိုင်ဖို့ပါပဲ။ ဒါဟာလည်း စိတ်ဝေဒနာတစ်မျိုးလို့ ပြောရမလားပဲရှင်'

ဆရာဝန်ကြီးက ပြုံးသည်။

'ကျွန်မ ကိုငြိမ်းမောင်နဲ့လက်ထပ်ခဲ့ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် သူ့ကို ကျွန်မချစ်လို့ယူခဲ့တာတော့မဟုတ်ပါဘူး။ ဒါပေမယ့် ခင်ပွန်းသည်တစ်ယောက်အနေနဲ့တော့ ကျေကျေနပ်နပ် လက်ခံခဲ့တာပါ။ သူဟာ လုပ်ငန်းစားအဆင့်လောက်ရှိပါတယ်။ စားဝတ်နေရေး မပူပင်ရဘူးပေါ့ ဆရာရယ်။ ဒါပေမယ့် ကျွန်မ ဖြစ်စေချင်တဲ့ အခြေအနေမျိုးတော့ မဟုတ်သေးဘူး'

'တစ်ခါတော့ ကျွန်မတို့ရုံးက နိုင်ငံခြားပညာတော်သင်လွှတ်ဖို့ ကိစ္စပေါ်လာတယ်။ ကျွန်မ အရွေးခံရဖို့ ကျိန်းသေလောက်ပါပဲ။ ဒါပေမယ့် အဲဒီအချိန်မှာ သားကို ကိုယ်ဝန်ရှိလာခဲ့လို့ သွားခွင့် မရခဲ့ပါဘူး။ ဒီကိစ္စဟာ ကျွန်မအဖို့ ဘယ်လိုမှမေ့လို့မရတဲ့ ဆုံးရှုံးမှုကြီးပါပဲ'

'ဟုတ်ပြီ၊ ဆက်ပါဦး'

'သားကို ကျွန်မ ချစ်ပါတယ်။ ဒါပေမယ့် သားကိုမွေးလိုက်ရလို့ နိုင်ငံခြားသွားဖြစ်တာဆိုတဲ့ အစွဲအလမ်းကလည်း ဘယ်လိုမှပျောက်ပျက်လို့မရဘူး။ မကောင်းမှန်းလည်း သိပါတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ ဖြစ်နေတာကိုတော့ ဘယ်လိုမှ ခေတ်နိုင်ဘူး။ နောက်ပြီး ကျွန်မဟာ နဂိုကတည်းက ကလေးတွေမွေးပြီး ပြုစုထိန်းကျောင်းရင်း အချိန်ကုန်ဖို့ ရည်ရွယ်ချက်လည်း မရှိခဲ့ဘူး။

'ကျွန်မသားကို သိပ်ဂရုမစိုက်ခဲ့မိဘူး။ ဒါဟာ သားကြောင့် ကျွန်မ ရည်မှန်းချက် အဟန့်အတားဖြစ်ရတယ်ဆိုတဲ့ အစွဲအလမ်းနဲ့ သားအပေါ် စိတ်နာနေခဲ့တာလား ဆိုတာတော့ ကျွန်မ မသိဘူး။ အခုအချိန်မှာ ကျွန်မ စိုးရိမ်တာကတော့ ကျွန်မရဲ့ စိတ်အစွဲအလမ်းကို သားက တစ်နည်းနည်းနဲ့ ရိပ်မိသွားပြီး ကျွန်မကို မုန်းသွားတာလား ဆိုတာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'လူတစ်ယောက်ရဲ့ အတွင်းစိတ်ကို တခြားတစ်ယောက်က သိဖို့ဆိုတာတော့ မလွယ်လှပါဘူး။ ဒါပေမယ့် လူတစ်ယောက်ရဲ့ စိတ်ဟာ သူ့အပြုအမူပေါ်မှာ ပေါ်လာတတ်တယ်။ တစ်ခါတစ်ခါ ကလေးတွေဟာ လူကြီးတွေမသိတာကို သိနေတတ်တာမျိုးလည်း ရှိနိုင်ပါတယ်။ ကဲလေ… ခင်ဖျား ခင်ပွန်းနဲ့ကလေးကို ခေါ်လိုက်ပါ။ ကျွန်တော် ပြောစရာ ဆိုစရာကလေး ရှိလို့'

ငြိမ်းမောင်နှင့် သားတို့ ပြန်ဝင်လာကြသည်။ ငြိမ်းမောင်ကို ရှောင်ခိုင်းပြီးမှ ပြောခဲ့ရသည့်အတွက် ခင်ခိုင် အနေရခက်မိသည်။ ငြိမ်းမောင်ကတော့ ထူးခြားဟန်မပြ။ ခင်ခိုင်က သူ့အပေါ် ဘယ်လိုသဘောထားသည် ဖြစ်စေ အရေးမကြီး။ ခုချိန်မှာ သားမောင်ကိစ္စတစ်ခုတည်းကိုသာ အာရုံစိုက်နေပုံ ရသည်။

ဆရာဝန်ကြီးက စကားစပြော၏။

'ဖြစ်ပျက်ခဲ့သမျှတွေကို ခြုံငုံသုံးသပ်ကြည့်ကြရအောင်။ ကိုငြိမ်းမောင်နဲ့ ပတ်သက်လို့တော့ ပြောစရာ မရှိလှပါဘူး။ မခင်ခိုင်ကိစ္စသာ ပြောရမှာပဲ'

ခင်ခိုင့်ကို တစ်ချက်ကြည့်သည်။ ခင်ခိုင် ခေါင်းငုံ့၍မနေဘဲ ဆရာဝန်ကြီးကို ပြန်ကြည့်၏။ တော်တော်တော့ စိတ်ခတ်နိုင်မာတဲ့အမျိုးသမီးပဲဟု ဆရာဝန်ကြီး စိတ်ထဲက မှတ်ချက်ချသည်။

'မခင်ခိုင်ဟာ ကလေးတွေနဲ့ လက်ပွန်းတတီးနေတတ်တဲ့ အကျင့်မရှိဘူး။ ဒါကြောင့် ကလေးကို သိပ်ဂရုတစိုက်မနေခဲ့ဘူး။ ကလေးနေမကောင်းလို့ ဆေးရုံတက်ရတဲ့အခါကျတော့ နေ့မအိပ်၊ ညမအိပ် ပြုစုယုယခဲ့တယ်။ ကလေးရဲ့စိတ်ထဲမှာ အစကတော့ မိခင်ဆိုတာ ဒီလိုပဲ ဘာသိဘာသာနေတတ်တာမျိုးလို့ ထင်နေပေလိမ့်မယ်။

'ဒါပေမယ့် မွေးရာပါအသိအရတော့ မိခင်ရဲ့ ယုယပိုက်ထွေးမှုကို မသိစိတ်က တောင့်တနေလိမ့်မယ်။ ဒီအချိန်မှာ ဆေးရုံတက်ရပြီး မိခင်ရဲ့ဂရုစိုက်မှုကို တစ်ချိန်လုံး ရတဲ့အခါ အလျင်ကတောင့်တခဲ့တာတွေကို အတိုးချပြီးခံစားလိုတဲ့ဆန္ဒတွေ ဖြစ်လာတယ်။

'ဆေးရုံကဆင်းလာပြီး မိခင်ရဲ့ယုယမှုနဲ့ ရုတ်တရက်ပြန်ကင်းကွာသွားတဲ့အခါကျတော့ စိတ်ဒုက္ခကို အပြင်းအထန်ခံစားခဲ့ရတယ်။ မခင်ခိုင် အပြင်ထွက်ခါနီး ထဘီကို ကတ်ကြေးနဲ့ ညှပ်ပစ်တယ်ဆိုတာ သူ တတ်နိုင်တဲ့နည်းနဲ့ ဆန္ဒပြတာပဲ။ သူ့စိတ်ဝေဒနာပေါက်ကွဲတဲ့အချိန်ပေါ့။ အဲဒီအချိန်မှာ မခင်ခိုင်က အော်ငေါက်ပြီး ကတ်ကြေးနဲ့ထိုးမယ့်သဘော ရွယ်လိုက်တော့ အရမ်းကြောက်သွားရာက သတိလစ်သွားတယ်။ အဲဒီမှာ စိတ်ရောဂါဝင်လာတာပါပဲ'

ဆရာဝန်ကြီး စကားခဏရပ်သည်။ ဆေးတံကို စားပွဲပေါ်တစ်ချက် နှစ်ချက်



ခေါက်ပြီး ဆေးဖြည့်သည်။ မီးညှိပြီး တစ်ဖွာ ဖွာသည်။ ဆေးတံမှ တငွေ့ငွေ့ထွက်ဆဲဖြစ်သော မီးခိုးများကို ကြည့်ရင်း…

'ကောင်းပြီ၊ တခြားကလေးတွေလည်း မိခင်ရဲ့ အအော်အငေါက် အရိုက်အနှက် ခံရဖူးတာပဲ။ သူတို့တော့ ဘာမှမဖြစ်ဘဲ ဒီကလေးကျမှ ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲ။ ဖြစ်နိုင်တာက ဒီကလေးဟာ နဂိုကတည်းက ဦးနှောက်ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ ရောဂါဖြစ်နေတယ်။ သူ့ဦးနှောက်ဟာ ပုံမှန်မဟုတ်ဘူး။ ဒါကြောင့် စိတ်ဝေဒနာဝင်လာရတယ်လို့ ကောက်ချက်ချရမှာပဲ။

'ဥပမာ ခပ်ရိုင်းရိုင်းပေးရရင် လူတစ်ယောက်ရဲ့ ပြင်းပြင်းထန်ထန် ရိုက်နှက်တာ ခံဖူးတဲ့ ခွေးတစ်ကောင် အဲဒီလူကို စွဲစွဲမြဲမြဲမှတ်ထားပြီး မြင်လိုက်တာနဲ့ ဟောင်သလိုပဲ။ ဒီကလေးရဲ့အသိဉာဏ်က နိမ့်ကျနေတော့ ဆင်ခြင်တုံတရားလည်း လျော့ပါးပြီး စိတ်ထဲ စွဲမိစွဲရာ စွဲသွားတာပဲလို့ ဆိုနိုင်တယ်'

ခင်ခိုင် သက်ပြင်းတစ်ချက် မသိမသာချသည်။

ငြိမ်းမောင်ကတော့ သူ့ပေါင်ပေါ်တင်ထားသော သားမောင်ကို ပို၍တင်းကျပ်စွာ ဖက်လိုက်မိ၏။

'ကဲ… ဘာကြောင့်ဖြစ်ရတယ်ဆိုတာတော့ ခန့်မှန်းလို့ ရပြီဆိုပါတော့။ ဘယ်လို ကုသမလဲ စဉ်းစားရအောင်'

ဆရာဝန်ကြီး ကားမှာ တခြားရောဂါကု ဆရာဝန်တွေလိုမဟုတ်။ လူနာရှင်ကိုပါ ကူ၍ စဉ်းစားဆုံးဖြတ်နိုင်းသည့် သဘောပါနေသည်။ စိတ်ရောဂါကုဆရာဝန်တွေဟာ ဒီလိုပဲလားမသိဟု ငြိမ်းမောင် တွေးသည်။

'ဒီကလေးမှာ ရောဂါနှစ်ခု ရှိနေတယ်။ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိတဲ့အတွက် တစ်ခုတည်းပဲလို့ ပြောလို့လည်းရတယ်။ ဒီတော့ ကျွန်တော့်အနေနဲ့ နှစ်ပိုင်းခွဲပြီး ကုချင်တယ်။ ပထမအပိုင်းအတွက်ကတော့ နျူရိုကပေးထားတဲ့ဆေးတွေ တိုက်နေတယ်မဟုတ်လား။ အဲဒီဆေးတွေပဲ ဆက်တိုက်ပါ။ ဦးနှောက်ဖွံ့ဖြိုးမှုရှိလာတာနဲ့အမျှ ဆက်စပ်ပတ်သက်နေတဲ့ စိတ်ဝေဒနာလည်း သက်သာလာမှာပဲ။

'ကျွန်တော့်အနေနဲ့ စိတ်ရောဂါနဲ့ ပတ်သက်တဲ့ဆေးတွေ ထပ်မပေးချင်တော့ဘူး။ ကလေးဖြစ်စေချင်တဲ့အခြေအနေတစ်ခုကိုဖန်တီးပေးပြီး ပတ်ဝန်းကျင်က ဝိုင်းဝန်းထိန်းသိမ်းပြုပြင်ပေးတဲ့နည်းနဲ့ ကုမယ်။ ဒီတော့ အခုကိစ္စမှာ အရေးအကြီးဆုံးက ခင်ခိုင်ပဲ'

ဆရာဝန်ကြီးက ခင်ခိုင့်ကို ကြည့်၍ ဆက်ပြောသည်။

'ကလေးကို သူ နေချင်သလိုနေပါစေ။ ကိုယ်ဖြစ်စေချင်တာကို အတင်းအကျပ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရော့ဘဲ့နဲ့ တဖြည်းဖြည်းချင်းစည်းရုံးယူပါ။ မခင်နိုင်အနေနဲ့ ကလေးကို သိပ်ချစ်တယ်ဆိုတာ တစ်စတစ်စသိလာအောင်လုပ်ပါ။ ကလေးကို ပတ်ဝန်းကျင်နဲ့လည်း ထိတွေ့ပါစေ၊ ဒါမှ တခြားမိခင်တွေဟာ သူတို့သားသမီးတွေကို ချစ်ကြတယ် သားသမီးတွေကလည်း အမေကိုချစ်ကြတယ်။ ဒါဟာ သဘာဝတရားပဲလို့ ကလေး သဘောပေါက်လာလိမ့်မယ်'

❑

'ကိုမောင်၊ ကိုမောင် ထစမ်းပါဦး'

ခင်နိုင်က အလန့်တကြားလေသံဖြင့် လှုပ်နှိုးသောကြောင့် ငြိမ်းမောင် လူးလဲသည်။

'ဘာလဲ၊ သားမောင် ဘာဖြစ်တာလဲ'

ဟု ချက်ချင်း ပြန်မေးသည်။

'သားမောင် အိပ်ရာထဲမှာ မရှိတော့ဘူး'

'ဟင်'

ငြိမ်းမောင် သူ့ဘေးကို ကြည့်၏။ သားမောင်မရှိ။ စောင်က ခြေရင်းမှာ လုံးထွေးနေသည်။

'ခုတင်ပေါ်ကများ ကျသလား'

'မဟုတ်ဘူး၊ မရှိဘူး'

ငြိမ်းမောင် ခုတင်ပေါ်က ဆင်းရင်း…

'အခန်းတံခါး ပွင့်နေပါလား'

'ဟုတ်တယ်။ ခင် အိမ်သာဝင်မလို့ထတော့ တံခါးပွင့်နေတာ တွေ့တယ်။ ဒါနဲ့ မီးဖွင့်ကြည့်တော့ သားမောင်ကို အိပ်ရာထဲမှာ မတွေ့တော့ဘူး'

ငြိမ်းမောင် ပျာသွားသည်။ အခန်းပြင်ထွက်ပြီး အိမ်ရှေ့တံခါးကို ပြေးကြည့်သည်။ တံခါးပိတ်လျက်သား ကန့်လန့်တွေထိုးလျက်သား။ ပြတင်းပေါက်တွေ လည်း တစ်ခုမှ မပွင့်။

နောက်ဖေးဘက် ပြေးကြည့်ပြန်သည်။ နောက်ဘက်တံခါးလည်း မပွင့်။ ရေချိုးခန်းထဲမှာလည်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ခင်နှင်းဘာ ရေချိုးခန်းထဲသို့ စိုးရိမ်ကြီးစွာ ဝင်ကြည့်သည်။ ငြိမ်းမောင်က…

'သားရေ၊ သားမောင်ရေ'

ဟု အော်ခေါ်သည်။

'ခေါကြီးတို့၊ လှငွေတို့ ထစမ်းပါဦး'

'ရှင်… ဦးဦး'

ဆိုပြီး လှငွေ အိပ်မှုန်စုံမွှား ပြေးထွက်လာသည်။

'သားမောင် ပျောက်နေလို့၊ ရှာစမ်း'

လှငွေက ခေါင်းကုတ်ပြီး…

'ဦးဦးတို့ သိတယ်မှတ်လို့'

ဟု ပြောသည်။

'ဘာသိတာလဲ၊ ဘာသိရမှာလဲ'

'သားမောင် ကျွန်မနဲ့ လာအိပ်နေတာလေ'

'ဟင်… ဟုတ်လား'

'ဟုတ်… ဟုတ်ကဲ့၊ ကျွန်မ အိပ်မလို့ မှေးမှေးဖြစ်နေတုန်း မမလှလှဆိုပြီး ကျွန်မဆီ ဝင်လာလဲ့တာ။ ကျွန်မက ဦးဦးတို့ သိတယ်မှတ်နေတာ။ အိပ်လည်း အရမ်းအိပ်ချင်နေတာနဲ့ သူ့ကိုဖက်ပြီး အိပ်ပျော်သွားတာ'

ခုမှ ငြိမ်းမောင် သက်ပြင်းချနိုင်သည်။ ခင်နိုင်ရောက်လာပြီး လှငွေနှင့် အိပ်ကြောင်း သိသွား၏။

'အို… မဟုတ်တာဘဲ'

'နေပါစေ၊ သူအိပ်ချင်တဲ့နေရာမှာ အိပ်ပါစေ'

ငြိမ်းမောင်က ပြောသည်။

မနက်ကျတော့ ငြိမ်းမောင်က သားကို မေးသည်။

'သားက မမလှလှနဲ့ ဘာဖြစ်လို့ သွားအိပ်တာလဲ'

'အိပ်ချင်လို့'

'ဖေဖေတို့နဲ့ မအိပ်ချင်ဘူးလား'

သားက ခေါင်းခါသည်။ ပြီးတော့ ခေါင်းညိတ်သည်။

ငြိမ်းမောင် နားလည်လိုက်၏။ သားငယ်သည် အဖေနှင့်အတူတူ အိပ်ချင်သည်။ အမေနှင့်တော့ မအိပ်ချင်။

ထိုကိစ္စ ခင်နိုင့်ကို ပြောပြသည်။ သို့ဖြင့် ခင်နိုင်သည် ခုတင်တစ်လုံးနှင့် တစ်ယောက်တည်း သီးခြားအိပ်ရလေတော့သည်။



သားနှင့် ငြိမ်းမောင်တို့ တစ်ခုတင် အိပ်ကြသည်။

ခင်နိုင်သည် ဆရာဝန်ကြီး အကြံဉာဏ်ပေးသည့်အတိုင်း လိုက်နာနေရသည်။ သားနားကို ကပ်ခွင့်မရ။ စကားလည်း မပြောရ။

တစ်ခါတစ်ခါ သားရေဟု အလစ်လှမ်းခေါ်ကြည့်သည်။ သားက ယောင်ပြီး လှည့်ကြည့်တတ်သည်။ ခင်နိုင်က ပြုံးပြသော်လည်း သားက တည်တည်ကြီး တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားတတ်၏။

ခင်နိုင်သည် သားကို ချစ်ကြောင်း မသိမသာ မြင်သာအောင် လုပ်ပြရသည်။ သား၏အင်္ကျီဘောင်းဘီကလေးတွေကို မီးပူတိုက်ပေးခြင်း၊ ကစားစရာ အသစ်အဆန်း ကလေးတွေ ဝယ်လာပြီး သား၏ခုတင်ပေါ်မှာ ချထားပေးသည်။ သားက ယူကစား နေပြီဆိုတော့မှ ငြိမ်းမောင်က အဲဒါ သားဖို့ မေမေဝယ်လာတာဟု ပြောသည်။

တစ်ခါတလေကျတော့ ဘက်ထရီနှင့်သွားသည့် ကားလေးဝယ်လာပြီး ခင်နိုင်က သူ့ဘာသာသူလွှတ်နေသည်။ ထိုအခါ သားသည် တစ်နေရာမှ ပုန်းပြီး ချောင်းကြည့်နေ တတ်၏။

ဒါကိုသိသော ခင်နိုင်က သားပုန်းနေရာနားသို့ ကားလေး တမင်လွှတ်လိုက် သည်။ ကားလေးကတစ်ခုခုနှင့်တိုက်မိပြီး ဆက်မသွားနိုင်ဘဲ တဂျီဂျီ အသံမြည်နေ သောအခါ သား မချင့်မရဲ ဖြစ်လာ၏။

ထိုအခါ ပုန်းနေရာမှလှစ်ခနဲထွက်လာပြီး ကားလေးကို ခင်နိုင့်ဘက် ဦးပြန်လှည့် ပေးသည်။ ခင်နိုင်ကရယ်၍…

'သား ကစားချင်ကစားလေ'

ဟု ပြောပြီး ရှောင်ထွက်ပေးလိုက်သည်။

ငြိမ်းမောင်ကလည်း သားကို မိခင်မေတ္တာပြသော ပုံပြင်များပြောပြသည်။ သား သည် လုံးစေ့ပတ်စေ့ နားမလည်သည့်တိုင် မိခင်တွေက သားသမီးကို ချစ်တတ် ကြောင်းကိုတော့ ရိပ်မိတန်ရာ၏။

နိုင်ငံခြားမှလာသော ကလေးစာအုပ်ကလေးတွေလည်း ဝယ်လာပေးသည်။ ထိုစာအုပ်များထဲတွင် သားအမိ ကစားနေကြပုံ၊ မိခင်က သားကိုလက်ဆွဲ၍ လမ်း လျှောက်နေပုံ၊ သားအမိ ပျော်ရွှင်နေကြပုံတို့ ပါသည်။

သားမောင်ကို ပတ်ဝန်းကျင်နှင့်လည်း ထိတွေ့စေသည်။ တခြားမိခင်များနှင့် သူတို့သားသမီးများ ဆက်ဆံရေးကို သားအနေဖြင့် သိရှိစေရန် ဖြစ်၏။

သူတို့အိမ်နှင့်ကပ်လျက်မှာက ကလေးမရှိ။ ညာဘက်အိမ်မှာ အဘိုးကြီး အဘွားကြီးလင်မယားနှင့် သူတို့၏သားနှင့်ချွေးမတို့သာ ရှိသည်။ သားနှင့် ချွေးမကလည်း

www.burmeseclassic.com

www.burmeseclassic.com



သားအဦး ခေသွန်းကား။

အဘဲဘက်က အိမ်ကျပြန်တော့လည်း ကလေးငယ်မရှိ။ လူပျိုပေါက်၊ အပျို ပေါက်တွေချည်း ရှိသည်။ လမ်းထဲရှိ တခြားအိမ်တွေကိုလည်း အလျင်က အဝင်အထွက် သိပ်မရှိခဲ့သဖြင့် သွားလည်လို့ မကောင်းချေ။

သို့ဖြင့် ငြိမ်းမောင် သူ့သူငယ်ချင်းများ၏ အိမ်သို့ သားကိုခေါ်သွားရသည်။ ထိုမိသားစုများ ပျော်ပျော်ပါးပါး သိုက်သိုက်ဝန်းဝန်းနေကြပုံများကို တွေ့မြင်စေသည်။

ဒီလို ဂရုတစိုက်ပြုစုခြင်းဖြင့် သား၏အခြေအနေမှာ အနည်းငယ်တိုးတက်လာ သည်ဟု ဆိုရမည်။ သားသည် ခင်နိုင့်နားကို မကပ်သေးသော်လည်း ခင်နိုင်က ချော့ကလက်များ ဝယ်လာပေးပြီးလျှင် အလျင်လိုမယူဘဲနေတာမျိုး မဟုတ်တော့ဘဲ ဆတ်ခနဲဆွဲယူပြီး လှည့်ထွက်သွားတတ်သည်။

ဒီထူးခြားမှုကလေးကိုပင် ငြိမ်းမောင်က ဝမ်းသာ၍မဆုံးချေ။ ခင်နိုင်ကတော့ သိပ်ဝမ်းမသာနိုင်။ သူသည် ဟိုအရင် သားအပေါ် ဘာသိဘာသာနေခဲ့စဉ်က ဘာမှ သတိမထားမိ။ ခုလို သားက သူ့အပေါ် ပြန့်စိမ်းကားလာတော့မှ အရှုံးခံစားလာရသည်။ သားတ သူ့ကို ရှောင်လေ သားနှင့် ရင်းရင်းနှီးနှီးနေချင်လေ ဖြစ်လာ၏။

တစ်ခါတစ်ခါ မချင့်မရဲဖြစ်လာပြီး သားကို အတင်းပွေ့ဖက်မွှေ့ရမ်းပစ်လိုက်ချင် သည့် စိတ်ကို မနည်းချုပ်တည်းထားရ၏။

ည သားမောင် အိပ်ပျော်သွားပြီဆိုမှ သား၏လက်မောင်းကလေးကို အသာ အယာ ပွတ်သပ်၊ ဆံပင်ကလေးကို ကိုင်ကြည့်၊ ပါးကလေးကို ခပ်ဖွဖွမွှေးရင်း…

'သားမောင်ကို မေမေ သိပ်ချစ်ပါတယ် သားရယ်'

ဟု သား၏ နားနားကပ်၍ တိုးတိုးကလေး ပြောရသည်။ ထိုအခါတိုင်း သူ မျက်ရည်စို့လေသည်။

❑

BURMESE CLASSIC .com

ဒီကြားထဲမှာပင် ပြင်သစ်ဆရာမက ခင်နိုင့်ကို အဆက်အသွယ် ပြုလုပ်လာသည်။ ပြင်သစ်သံရုံး ပြန်ကြားရေးဌာနကအလုပ်ကိစ္စ ဖြစ်၏။ ပြင်သစ်အတွင်းဝန်ကလည်း ခင်နိုင့်ကို သဘောကျပြီးသား ဖြစ်၍ ခင်နိုင် လုပ်လိုလျှင် အဆင်ပြေသည်ဟု ပြောသည်။ အလုပ်ဝင်ဖို့ သဘောတူလျှင် တစ်ပတ်အတွင်း အကြောင်းပြန်ရန်နှင့် လဆန်းတစ်ရက်နေ့ အလုပ်စဝင်ရန် ဖြစ်၏။

ခင်နိုင်က စဉ်းစားပါရစေဟု ပြောလိုက်သည်။

သူ့အဖို့ တော်တော်စဉ်းစားရမည့်ကိစ္စ ဖြစ်၏။ ဒီအလုပ်က သူ သိပ်လုပ်ချင်နေသော အလုပ်။ သူ့ရှေ့ရေးအတွက် ကြီးစွာအထောက်အကူဖြစ်စေမည့် ခြေလှမ်းတစ်လှမ်းလည်း ဖြစ်သည်။

သို့ရာတွင် သားကို ထည့်တွက်နေရ၏။ ခုမှ သားက သူ့အပေါ် စိတ်ပြန်ပြေ ခါစပဲ ရှိသေးသည်။ ဒီလိုအချိန်မှာ သူက အိမ်နှင့်ကင်းကွာနေပြန်လျှင် သားနှင့် ပြန်ပြီးအလှမ်းဝေးသွားမှာ စိုးရိမ်ရသည်။ သားနှင့် နီးနီးစပ်စပ်နေရလျှင် အလုပ်ကို စွန့်လွှတ်ရတော့မည်။ ကိုယ့်သားအရင်းနှင့် တစ်အိမ်တည်း တူတူနေပြီး မထိရ မကိုင်ရ စကားတောင် ဟဟမပြောရသော အခြေအနေကိုလည်း အခံရခက်လှပြီ။

အလုပ်ဝင်လုပ်လို့ အိမ်ကထွက်နေရမည်ဆိုလျှင် နည်းနည်းခံသာမလား၊ အလုပ်ခွင်ထဲ ရှိနေခိုက် မေ့မေ့ပျောက်ပျောက်နှင့် စိတ်သက်သာရာရမလား ဟူ၍လည်း မျှော်လင့်မိပြန်သည်။

နောက်ဆုံးတော့ ငြိမ်းမောင်ကို ဖွင့်ဟတိုင်ပင်လိုက်သည်။ ငြိမ်းမောင်ကတော့ ခပ်ရှင်းရှင်းပင် ပြောသည်။

'ကိုယ်ကတော့ သားရောဂါ သက်သာလာဖို့ကလွဲလို့ ဘာမှ မစဉ်းစားဘူး။

www.burmeseclassic.com

www.burmeseclassic.com



သား ခုလို ဘာကြောင့်ဖြစ်ရတယ်ဆိုတာလည်း ခင်အသိပဲ။ ဒါပေမယ့် ခင် ကြိုက်သလိုသာ ဆုံးဖြတ်ပါ။ ကိုယ်တော့ အကြံဉာဏ်မပေးချင်ဘူး'

ခင်နိုင် တစ်ခုတွေးမိပြန်သည်။ သားမောင်သည် သူ့ကို အိမ်မှာ အမြဲမြင်တွေ့နေရသဖြင့် ထူးထူးခြားခြား မထင်တော့။ ခုလိုပဲ ဘာသိဘာသာနေလို့ရမည်ဟု စိတ်ထဲမှာ စွဲချင်စွဲနေမည်။

အကယ်၍ သူအလုပ်ထွက်လုပ်လျှင် သူ အိမ်မှာမရှိတာကို သားသတိပြုမိမည်။ မြင်နေကျ လူတစ်ယောက်ကို မမြင်ရသဖြင့် သတိရစိတ်ပေါ်ချင်ပေါ်လာမည်။ ထိုအခါ သူ့ကို တွေ့ချင်မြင်ချင်သော တမ်းတစိတ်ဝင်လာမှ ပြန်လည်ချစ်ခင်မှု ဖြစ်ကောင်းဖြစ်လာမည်ဟူ၍ ဖြစ်၏။

သို့ရာတွင် ထိုစကားကို ငြိမ်းမောင်အားမပြောဖြစ်။ ပြောလျှင် အလုပ်လုပ်ချင်သောကြောင့် သက်သက်အကြောင်းပြသည်ဟု ထင်သွားနိုင်သည်။

ပြီးတော့လည်း ခုနပြောသလိုပင် သားက သူ့ကို ပြန်လည်ချစ်ခင်လာသည် ပင်ထား၊ ဟိုအလျင်ကလို အမေ့နားမှာ အမြဲကပ်ချင်သောဆန္ဒရှိလာလျှင် မိမိ အလုပ်ထွက်နိုင်ပါဦးမလား။ ထိုမေးခွန်းကို ငြိမ်းမောင်က မေးလာခဲ့လျှင်ကော ဘယ်လိုဖြေမလဲ။

နောက်ဆုံးတော့ ဒီအလုပ်ကိုမလုပ်တော့ရန် ဝမ်းနည်းစွာ ဆုံးဖြတ်လိုက်ရတော့သည်။

လက်လွှတ်လိုက်ရသော အခွင့်အရေးသည် သူ့အဖို့တော့ တော်တော်ကြီးမားသည်။ တသနမြောစရာ ကိစ္စဖြစ်နေ၏။

သူသည် ဘာကြောင့် ပထမတစ်ကြိမ် နိုင်ငံခြားသွားရမည့် အခွင့်အရေးကို စွန့်လွှတ်ခဲ့ရသည်။ ခုတစ်ခါ သူ့ဘဝအတွက် အရေးပါမည့် အခွင့်အလမ်းတစ်ရပ်ကို ထပ်မံ စွန့်လွှတ်လိုက်ရပြန်ပြီ။

ထိုအတွက် ဟိုးအရင်ကလို သားကြောင့်ဟူသော အစွဲအလမ်းမျိုးမဖြစ်ပေါ်ပါစေနှင့်ဟူ၍ ဆုတောင်းရပေမည်။

❑

သားမောင်နှင့် ခင်နိုင်တို့၏ ရေစက်သည် ထူးခြားဆန်းကြယ်လှသည်။ လူ့ဘဝကို ရဖို့ဆိုသည်မှာ ကြုံတောင့်ကြုံခဲ ဒုလ္လဘအခွင့်အရေးဟု ဆိုကြသည်။ ထို့အတူ မိခင်တစ်ယောက်၏ ဝမ်းထဲကို ဝင်စားခွင့်ရဖို့ ဆိုသည်မှာလည်း တကယ့်ကုသိုလ်ကံဝင်ဖြစ်၏။

အထူးသဖြင့် ယခုကာလကဲ့သို့ ပဋိသန္ဓေတားမြစ်နည်းမျိုးစုံ ပေါ်ပေါက်နေသောခေတ်တွင် အလွန့်အလွန်ကုသိုလ်ထူးမှသာ မိခင်တစ်ယောက်၏ ဝမ်းထဲမှာ ဖြစ်တည်ခွင့်ရလေသည်။

သားမောင်သည် ခင်နိုင်၏ ဝမ်းထဲတွင် တိုက်ဆိုင်ကြုံကြိုက်စွာ လူဖြစ်လာခဲ့သည်။ သို့ရာတွင် သူတို့နှစ်ယောက်သည် သဘောသဘာဝအရ သားအမိ ဖြစ်သော်လည်း တကယ့်သားအမိတွေလို ဆက်ဆံနေထိုင်ခွင့်မရအောင် ကံကြမ္မာက ဖန်တီးလာခဲ့သည်။

ယခုလည်း…

ခင်နိုင်က သားအတွက်ငဲ့၍ သူ အလွန်မက်မောသော လုပ်ငန်းတစ်ခု၊ အခွင့်အရေးတစ်ခုကို လက်လွှတ်ဆုံးရှုံးခံခဲ့ပြီးပါမှ အချည်းအနှီးဖြစ်ရမည့် အခြေအနေတစ်ရပ် ပေါ်ပေါက်လာခဲ့ပြန်သည်။

တစ်နေ့တွင် ငြိမ်းမောင်က သူ့ရုံးက မိတ်ဆွေတစ်ယောက်အိမ်သို့ သားကို ခေါ်သွားသည်။ သူ့မိတ်ဆွေသည် သဘောကောင်းသူ၊ မိသားစုအပေါ် သံယောဇဉ်ကြီးသူ၊ ပျော်ပျော်ပါးပါး သိုက်သိုက်ဝန်းဝန်း နေတတ်သူ ဖြစ်၏။

ဒီလိုအိမ်မျိုးကို သွားရလျှင် သားမောင်လည်း ပျော်လိမ့်မည်ဟုထင်သည်။ ထိုမိသားစု၏ သိုက်သိုက်ဝန်းဝန်းနေတတ်ပုံကို မြင်လျှင် သားမောင် အားကျ…သည်ဟု တွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာထင်သည်း ထိုအိမ်မှာ သားမောင်က ပျော်သည်။ မိတ်ဆွေ၏သားအငယ်နှင့် အတူသွားသည်။ ထိုကလေးက သားမောင်ထက် တစ်နှစ်လောက်ငယ်သည်။ သို့ရာတွင် စကားတွေ လည်လည်ပတ်ပတ်ပြောတတ်နေပြီ။ သားမောင်က သိပ်မပြောတတ်သေး။ သူကပဲ သားမောင်အပေါ် ဆရာလုပ်နေသည်။ သားမောင်ကလည်း သူခိုင်းတာ အကုန်လိုက်လုပ်သည်။ ဘာပဲဖြစ်ဖြစ် သားမောင်က ပျော်နေသည်။

'ကိုငြိမ်းမောင်ကလည်း ဒီသားတစ်ယောက်အတွက် ဒုက္ခပဲနော်'

မိတ်ဆွေကပြောသည်။ ကိုယ့်ထက်ငယ်သော ကလေးတစ်ယောက်ထံမှာ တပည့်ခံနေပြီး ကစားနေရရှာသည့် သားမောင်ကို ကြည့်၍ ငြိမ်းမောင် သက်ပြင်း မသိမသာချသည်။

'စိတ်တော့ မကောင်းဘူးပေါ့ဗျာ။ ဒါပေမယ့် ဒုက္ခလို့တော့ ကျွန်တော် မယူဆပါဘူး။ ဒုက္ခိတတစ်ယောက်ကို ပြုစုစောင့်ရှောက်ရတာ ကုသိုလ်ရပါတယ်။ ဒုက္ခိတတစ်ယောက်ကို တမင်တကာရှာဖွေပြီး စောင့်ရှောက်တာမျိုး လုပ်နိုင်ခဲ့ပါတယ်။ ကျွန်တော်ကတော့ သားမောင်ကို မွေးဖွားလာတာ ကျွန်တော့် တွက် ကုသိုလ်ရချင်လို့ တမင်ဖြစ်ပေါ်လာတဲ့ အခွင့်အရေးပဲလို့ စိတ်ကိုထားလိုက်တော့ ဖြေသာတာပေါ့လေ'

'ခင်ဗျားစိတ်ဓာတ်ကိုတော့ တကယ်ချီးကျူးတယ်ဗျာ။ ကျွန်တော်ဟာ ပျော်ပျော်နေတတ်တဲ့ လူပါပဲ။ ဒါပေမယ့် ခင်ဗျားလောက်တော့ စိတ်ကိုထားတတ်မယ် မထင်ဘူး'

မိတ်ဆွေ၏သားက ကစားနေရာမှ ငြိမ်းမောင်တို့နား ပြေးလာပြီး…

'ဖေဖေ၊ ဒီကောင်က စကားလည်း မပီဘူးဂျ'

ဟု သူ့အဖေကို ပြောသည်။

မိတ်ဆွေက ငြိမ်းမောင်ကို အားနာစွာကြည့်၏။ ငြိမ်းမောင်က ပြုံး၍သာနေလိုက်သည်။ ထိုစဉ်တွင် သားမောင်က…

'ရာရေတွာ၊ ကဂျားမယ်'

ဟု လှမ်းခေါ်သည်။ မိတ်ဆွေ၏ သားက…

'ဟော… တွေ့လား ဖေဖေ'

သားမောင်ကတော့ သူ့အကြောင်း ပြောမှန်းမသိ။ သွားဖြဲပြီး ရယ်ပြနေသည်။

မိတ်ဆွေ၏ဇနီးက ရေနွေးကြမ်းထပ်ဖြည့်ပေးရန် ခရားကို ယူလာသည်။ ထိုစဉ်တွင် မိတ်ဆွေ၏ သားအကြီးကောင် ကျူရှင်မှ ပြန်လာသည်။ သူ့အမေက လှမ်းကြည့်ပြီး…

'ဟဲ့… ဘယ်လိုဖြစ်တာလဲ'

အကြီးကောင်၏ အင်္ကျီဖြူမှာ ရွှံ့ဗွက်တွေ ပေပွနေသည်။ သူက ခေါင်းကုတ်လိုက် ဖင်ပွတ်လိုက် လုပ်နေပြီးမှ…



'ဟို… ဟိုကောင်က သားကို ရေမြောင်းထဲ တွန်းချလို့'

'ဘယ်ကောင်လဲ'

'ဟိုဒင်း… ကျော်စွာမြင့် အဲ…မဟုတ်ဘူး။ ဇော်ဇာကျော်လား မသိဘူး'

သူ့အမေက လက်ထဲမှ ရေနွေးခရားကို စားပွဲပေါ်ပြန်ချပြီး အကြီးကောင် ဆီ လျှောက်သွားသည်။

'ဘာဖြစ်လို့ ညာရသလဲ'

'မညာပါဘူး'

'မညာဘူး ဟုတ်လား၊ မင်း ရေမြောင်းထဲဆင်းပြီး ငါးဖမ်းတယ်မဟုတ်လား'

'ဟုတ်ပါဘူး'

'ညာတယ် ဟုတ်လား။ မင်းကို တွေ့တဲ့လူက လာတိုင်သွားပြီးပြီ။ ကြည့်စမ်း အင်္ကျီတစ်ထည်လုံး ရွှံ့တွေပေလို့၊ ဒီအင်္ကျီဟာ အသစ်စက်စက်၊ တစ်ခါမှ မလျှော်ရသေးဘူး။ ဒီနေ့မှ ထုတ်ဝတ်ပေးလိုက်တာ'

'သားလည်း အင်္ကျီမပေအောင်တော့ သတိထားတာပဲ။ ဇော်ဇာကျော်က…'

'တိတ်စမ်း၊ သူများကို ဆွဲမထည့်နဲ့။ အင်္ကျီပေသွားတာက အပြစ်တစ်ခု၊ ပိုဆိုးတာက ညာပြောတာပဲ။ ညာတာကို လုံးဝမကြိုက်ဘူးလို့ ပြောထားတယ် မဟုတ်လား'

'နောက်ကို…'

အကြီးကောင်စကားမဆုံးခင် သူ့အမေက တံခါးကြားထဲလက်နှိုက်ပြီး ပြန်ထုတ်လိုက်ရာ ကြိမ်လုံး ခပ်သေးသေးတစ်ချောင်း လက်ထဲပါလာသည်။

အကြီးကောင်က 'ဟာ…အမေ'ဟု ရေရွတ်လိုက်ချိန်မှာပင် သူ့အမေက တချွန်းချွန်း ရိုက်နေပြီ ဖြစ်၏။

'ကြောက်ပါပြီ အမေရ၊ နောက် မလုပ်တော့ပါဘူး'

အော်ရင်း ငိုရင်း ဖင်ပွတ်လိုက်၊ လက်ဖြင့်ကာလိုက်၊ လက်ကိုပါ ရိုက်မိသဖြင့် လက်ပြန်ရုပ်လိုက်။

'ကျွန်တော့်မိန်းမက တော်ရုံတန်ရုံ ဘာမှပြောတာမဟုတ်ဘူးဗျ။ တစ်ခါ တစ်ခါ စိတ်ထွက်လာပြီ ဆိုရင်တော့ မသက်သာဘူး။ ဒီကောင်ကလည်း နည်းနည်းဆိုးတယ် ဟေ့… တော်ပါတော့ကွာ'

မိတ်ဆွေက ပြောသည်။ တော်ပါတော့ဆိုသည့်နောက်ပိုင်း သုံးလေးချက် ဆက်ဆော်လိုက်သေးသည်။

ငြိမ်းမောင်သည် သားကို ဖျတ်ခနဲသတိရပြီး ငုံ့ကြည့်လိုက်၏။ သားမောင်သည် ရိုက်နှက်နေသည်ကို ကြည့်ရင်း မျက်လုံးကလေး ပြူးနေသည်။ ငြိမ်းမောင်

www.burmeseclassic.com

www.burmeseclassic.com



၏ လက်ကို ခပ်တွန့်တွန့်ကျစ်ဆုပ်ကိုင်ထားသည်။ သား၏ လက်ဖဝါးတွေက အေးစက်နေသည်။ ချွေးစေးတွေလည်း ပြန်နေ၏။

သားသိပ်ကြောက်သွားကြောင်း အိမ်ရှင်တွေမရိပ်မိခင် နှုတ်ဆက်ပြီး ထွက်ခဲ့ရသည်။ လမ်းမှာ အအေးဆိုင်တစ်ဆိုင်ဝင်၍ သားကိုရေခဲမုန့်ကျွေးသည်။ သား အကြောက်ပြေစပြုချိန်တွင် ...

'ပုံကောင်ကဆိုးလို့ သူ့အမေက ရိုက်တာကွ။ သားမောင်က မဆိုးဘူး မဟုတ်လား'

ခေါင်းညိတ်သည်။

'အေး ဟုတ်တယ်၊ သားကလိမ္မာတော့ မေမေက မရိုက်ဘူးပေါ့ကွာ။ မေမေက သားကို ချစ်လည်း ချစ်တယ် မဟုတ်လား'

သားက ဘာမှမပြော။ ခေါင်းညိတ် ခေါင်းခါခြင်းလည်း မပြု။ အကြောက်ပြေသွားဟန်တော့ ရှိသည်။

တုတ်ထိုးချော့ကလက် ဝယ်ကျွေးလိုက်သောအခါ ပုံမှန်အခြေအနေ ပြန်ဖြစ်သွားသည်။ ထိုအခါကျမှ အိမ်ပြန်လာခဲ့ကြ၏။

ငြိမ်းမောင်မှာ တွေးစရာတစ်ခု ပိုလာသည်။ သားအနေဖြင့် ပတ်ဝန်းကျင်ကို ထိတွေ့ရာတွင် အကောင်းရောအဆိုးပါ တွေ့ကြုံရမည် ဖြစ်၏။ အိမ်မှာ လိုလေသေးမရှိထားခြင်း၊ မရှုမငေါက်ဘဲ ဘာမဆိုအလိုကျ လုပ်ပေးခြင်းတို့ကြောင့် သားသည် အဆိုးကို မသိဘဲ ရှိနေသည်။

ထို့အတွက် သားကိုအလေ့အကျင့်ရအောင် ဆူပေးငေါက်ပေးလို့လည်း မဖြစ်။ အဆိုးနှင့်မကြုံရအောင် ပတ်ဝန်းကျင်နှင့်အဆက်ဖြတ်ထားလို့လည်း မဖြစ်။ လောကတွင် အကောင်းရော အဆိုးပါရှိကြောင်း သိအောင် တဖြည်းဖြည်းချင်း ထိတွေ့ပေးရမည်။

အိမ်အပြန်မှာ ဓာတ်ခဲဝင်ဝယ်လာကြသေးသည်။ သားမောင်၏ ကစားစရာ မော်တော်ကားလေးမှာ ဓာတ်ခဲအားကုန်သွားသောကြောင့် ဖြစ်၏။

သားမောင်သည် ဘာစိတ်ကူးရသည်မသိ။ ဒီနေ့မနက် ငါးနာရီလောက်ကတည်းက ထပြီး ကားလေးနှင့် ကစားနေလိုက်သည်မှာ ဓာတ်ခဲကုန်မှပင်ရပ်တော့သည်။

သားက ကားလေးသေသွားပြီဟု ပြောသဖြင့် ရယ်ကြရသေးသည်။

သားမောင်သည် ဓာတ်ခဲအသစ်ကို ဆုပ်ကိုင်ပြီး ခြေလှမ်းတွေသွက်နေသဖြင့် ကားနှင့်ကစားချင်နေကြောင်း ငြိမ်းမောင် သိသည်။

ထို့ကြောင့် အိမ်ရောက်ရောက်ချင်း ...

'ကဲ ... သားရဲ့ ကားလေးသွားယူ၊ ဖေဖေ ဓာတ်ခဲထည့်ပေးမယ်'



ဟု ပြောလိုက်သည်။

သားမောင်က အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။

...ကြမ္မာဆိုသည်မှာ တိုက်ဆိုင်မှုကို ဆိုလိုသလား မသိ။ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းသည် ...ရား၏အရေးပါသော အကြောင်းအချက်များ ဖြစ်၏။ လူတစ်ယောက် ကား...ခံရသည်မှာ ကားရှေ့တည့်တည့်သို့ စက္ကန့်ပိုင်းမျှစော၍ သို့တည်းမဟုတ် ...တ်ကျ၍ ရောက်ရှိသွားခြင်းကြောင့်ပင် မဟုတ်လား။

...ခုလည်း တိုက်ဆိုင်မှုက တိုက်ကျလွန်းလှသည်။ ထိုအခိုက်အတန့်ကလေးသည် ...င်ကာလ ကြာရှည်စွာအတွက် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေလေသည်။

ခင်ခိုင်သည် ဘုရားပန်းလဲမည်ဟု စိတ်ကူးသည်။ ပြီးလျှင် သားတစ်ယောက် ...မြန်ရောဂါပျောက်ကင်းပြီး မိမိကို ပြန်ချစ်လာပါစေဟု ဘုရားမှာ ဆုတောင်း...သည်။ အိမ်ရှေ့ပန်းအိုးတွေထဲက နှင်းဆီပန်းတွေမှာ ဒီနေ့ခူးဖို့ အနေတော်ဖြစ်နေ... သို့ဖြင့် ပန်းညှပ်ရန် ကတ်ကြေးသွားယူသည်။

အခန်းထဲက ကတ်ကြေးကိုင်ပြီးထွက်မည်အပြုတွင် ကစားစရာ ကားကလေး...ရန် ပြေးဝင်လာသော သားမောင်နှင့် ပက်ပင်းတိုးခြင်းပင် ဖြစ်လေ၏။

ခင်ခိုင်သည် လက်ကို အလျှင်အမြန်ရုပ်လိုက်သေးသည်။ သို့ရာတွင် နည်းနည်းလေး ...ောက်ကျသွား၏။

ကတ်ကြေး၏အဖျားက သားမောင်၏နဖူးကို ခတ်မိသွားသည်။ သားမောင်၏ ...ူးရှူးရှားအော်သံ၊ ကတ်ကြေးလွတ်ကျသွားသော အသံ၊ 'သားသား' ဆိုပြီး ...ခိုင်၏ ဆို့ဆို့နင့်နင့်ခေါ်သံတို့ကြောင့် ငြိမ်းမောင် ပြေးဝင်လာသည်။

'ဘာဖြစ်တာလဲ'

ခင်ခိုင်က သားကို အတင်းဖက်ထား၏။ ခေါင်းကို တွင်တွင်ယမ်းခါနေသည်။

သားမောင်က ခင်ခိုင့်ရင်ခွင်ထဲမှာ ပျော့ခွေနေပြီ။

ငြိမ်းမောင်သည် ခင်ခိုင်၏လက်များကို အတင်းဆွဲဖယ်ပြီး သားကို ပွေ့လိုက်သည်။ ...၏နဖူးပေါ်က သွေးစကို မြင်၏။

သားကတော့ သတိမေ့နေပြီ။

'သား၊ သား'

ငြိမ်းမောင် ရုတ်တရက် ဘာလုပ်ရမှန်းမသိ။

ဒေါ်ကြီးနှင့် လှရွှေ ပြေးလာသည်။ ထုံးစံအတိုင်း ဒေါ်ကြီးက လှရွှေကို ကြက်သွန်...ခိုင်းသည်။

ငြိမ်းမောင်ကလည်း စိတ်ကူးရလာပြီး သားမောင်ကို ဒေါ်ကြီးလက်ထဲ ထည့်၍

www.burmeseclassic.com

www.burmeseclassic.com

[illegible] သွားယူလာသည်။

[illegible]တော့ပေးလိုက်သောအခါ သားမောင်က အနည်းငယ်ညည်းညူပြီး [illegible] သားသည် လန့်ပြီး မူးမေ့သွားခြင်းသာဖြစ်သည်။ သတိလစ်ပြီး တက်သွား[illegible] မဟုတ်ကြောင်း သိလိုက်ရသည်။

ထိုအခါကျမှ ဒဏ်ရာကိုဆေးထည့်[illegible] ပြင်ဆင်ရတော့သည်။ ဒဏ်ရာက [illegible] မှုနည်းလှ၊ အရေပြား ရှသွားရုံသာဖြစ်သဖြင့် သွေးတိတ်အောင်လုပ်ပြီး ပလာစတာ[illegible] ကပ်ထားလိုက်သည်။

ခင်ခိုင်သည် ငြိမ်းမောင်တို့ လုပ်သမျှ ငေးကြည့်ရုံသာ ကြည့်နေနိုင်သည်[illegible] မှင်သက်မိပြီး ဆို့ဆို့နင့်နင့်ကြီး ဖြစ်နေသဖြင့် မလှုပ်မရှား ရှိနေ၏။

ငြိမ်းမောင်က သားကို အိပ်ရာပေါ်တင်လိုက်ပြီးနောက် ခင်ခိုင့်ဘက် လှည့်၍-

'ဘယ်လိုဖြစ်ရတာလဲ';

ဟု ထပ်မေးသည်။ ထိုအခါကျမှ ခင်ခိုင် လှုပ်ရှားလာပြီး…

'ပန်းတွေဖြတ်မလို့ ကတ်ကြေးယူပြီးထွက်အလာမှာ သားက အတင်းပြေး[illegible] လာတာ။ ခင်လည်း ရှောင်ဖို့ အချိန်မရလိုက်ဘူး'

ငြိမ်းမောင်က တက်တစ်ချက် ခေါက်လိုက်သည်။

'ဒီလောက် ဂရုစိုက်နေတဲ့ကြားထဲကကွာ။ နည်းနည်းလေးမှ အမှားမခံဘူးဆို[illegible] သိဖို့ကောင်းတယ်'

ခင်ခိုင် သားမောင်နားသို့ ကပ်သွားသည်။ သားမောင်က မှိန်းနေ၏။ ခင်[illegible] သည် သား၏လက်ကလေးကို ဆုပ်ကိုင်ပြီး…

'မေမေ တမင်လုပ်တာမဟုတ်ပါဘူး သားရယ်။ မေမေ တောင်းပန်ပါတယ်ကွ[illegible]

သားက တစ်ချက် ညည်းလိုက်သည်။

ခင်ခိုင့်လက်မောင်းကို ငြိမ်းမောင်က ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။ ခင်ခိုင်[illegible] လှည့်ကြည့်သည်။

'မင်း အပြင်ထွက်နေရင် ကောင်းမယ်။ သားသတိရလာလို့ မင်းကို မြင်[illegible] ပိုဆိုးသွားလိမ့်မယ်'

ခင်ခိုင့်ပါးပေါ်သို့ မျက်ရည်တစ်ပေါက်လိမ့်ဆင်းလာသည်။ ထိုမျက်ရည်စက်သ[illegible] မျက်လုံးအတွင်း ပြန်ဝင်၍မရတော့သကဲ့သို့ သားသည်လည်း…။

❑

သားသည် အိပ်ခန်းထဲက လုံးဝမထွက်တော့ချေ။ အိပ်ခန်းထဲမှာပင် ကစား[illegible] စားစရာတွေ အိပ်ခန်းထဲ ပို့ပေးရသည်။ ယုတ်စွအဆုံး ချေးသေးကိစ္စကို ပင် [illegible]န်းထဲမှာပင် ပြီးအောင် စီစဉ်ပေးရသည်။

ရေချိုးဖို့ကိစ္စမှာ ပြဿနာတက်ရသည်။ ငြိမ်းမောင်က မဖြစ်ဖြစ်အောင် စီစဉ် [illegible]သည်။ အစတွင် ရေပတ်တိုက်ပေးသည်။ နောက်တော့ ဇလုံကြီးကြီးဝယ်ပြီး [illegible]နိုင်အောင် လုပ်ပေးသည်။

ထူးခြားမှုကတော့ သားမောင်က ခင်ခိုင့်ကို လုံးဝအတွေ့မခံတော့ခြင်းပင် ဖြစ်၏။ [illegible]ခိုင့်ကို လှမ်းမြင်လိုက်သည်နှင့် အော်ဟစ်ပစ်တတ်သည်။

အရင်တစ်ခါက ခင်ခိုင့်ကို ကြောက်လန့်နေခဲ့ပုံမျိုးဖြစ်သော်လည်း ခုအချိန်ကျတော့ [illegible]သဖွယ် ပြုမူလာတော့သည်။ ခင်ခိုင့်ကို တွေ့သည်နှင့် 'သွား… သွား မလာနဲ့' [illegible] အနားမှာရှိသော အရာတစ်ခုခုနှင့် လှမ်းပေါက်မည့်ပုံ လုပ်တတ်သည်။

ခင်ခိုင်သည် အိပ်ခန်းထဲ လုံးဝဝင်လို့မရတော့။ ခင်ခိုင်၏ခုတင်ကို အပြင်ထုတ်[illegible]ရသည်။ သူ့အဝတ်အစားဗီရို၊ မှန်တင်ခုံများပါ အပြင်ကိုရွှေ့ပစ်ရသည်။

'အေးဗျာ၊ ကံဆိုးတာပဲလို့ ပြောရမှာပဲ။ အင်းလေ… စိတ်ဝေဒနာဆိုတာ ကိုက [illegible]ဆိုးတဲ့လူတွေမှာမှ ဖြစ်တတ်တာပဲကိုး။ ကျွန်တော်တို့ဟာ သိပ္ပံပညာသမား [illegible]ဆိုတာတော့ မှန်ပါတယ်။ စိတ်ရောဂါနဲ့ ပတ်သက်လို့ ဥစ္စာစောင့်တို့ ရိုးရာကိုင်တာတို့ [illegible]င်းသွင်းခံရတာတို့ ဆိုရင်တော့ သိပ္ပံနည်းနဲ့ ဖြေရှင်းပေးပစ်နိုင်ပါတယ်။ ကံတရား[illegible]တော့ သိပ္ပံပညာက လိုက်မမီသေးတာ ဝန်ခံရမှာပါပဲဗျာ။

'ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တို့ ထပ်ပြီးကြိုးစားကြည့်ကြသေးတာပေါ့[illegible] [illegible]ဆိုကတည်းက အခိုးချည်းမဟုတ်ဘဲ အကောင်းဘက်လှည့်[illegible]တတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဲဆောရှိပါတယ်။ ကျွန်တော်တို့ ကလေးကို စိတ်နဲ့ပတ်သက်တဲ့ ဆေးဝါး... ...အချိန်ကျပြီ ထင်ပါရဲ့'

ဆရာဝန်ကြီးပေးလိုက်သော စိတ်ငြိမ်ဆေးများကြောင့် သားမောင်၏ အခြေအ... ...လာသည်။ သူ့အမေအပေါ် အကြမ်းဖက်လိုသော စိတ်များလျော့ပါးသွား... ...သို့တိုင်အောင် ခင်ခိုင့်အပေါ် ကြည်ဖြူသော အပြုအမူများတော့ ဖြစ်မလာခဲ့...

ခင်ခိုင်သည် ယူကျုံးမရ ဖြစ်ရ၏။ ဘယ်ဘဝဝဋ်ကြွေးကြောင့် သူနှင့် သား... နုလိုအဖြစ်မျိုး ကြုံခဲ့ရသနည်း။ သားအမိအရင်းဖြစ်ပါလျက် မျက်နှာချင်းဆိုင်... မရသောအဖြစ်မျိုး ဘယ်မိခင်မှ ကြုံတွေ့ခဲ့ရလိမ့်မည်ဟု မထင်။ ဒါသည် သားမော... ကံဆိုးသောကြောင့်လား၊ မိမိ ကံဆိုးသောကြောင့်လား။

သားမောင်သည် အသိဉာဏ်နည်းပါးသည်ဖြစ်၍ မိမိလောက် ခံစားရမည်မဟုတ်... တွေးမိသည်။ တစ်ဖန် ခုလိုတွေးမိတာကိုက ကလေးအပေါ် အနိုင်ယူလိုခြင်း ဖြစ်... သလားဟု သူ့ကိုယ်သူ အပြစ်တင်ပြန်၏။

စဉ်းစားကြည့်။

အိမ်ထောင်ဦးဘဝကတည်းက နေလာခဲ့သောအခန်း။ သားမောင်တစ်သက်... အတူအိပ်လာခဲ့သော အိပ်ရာ။ ထိုနေရာသို့ မိမိဝင်ခွင့်မရှိတော့ပြီ။ ကိုယ့်အိမ်ထဲမှာ... ထိုအခန်းသည် ကိုယ့်အတွက် မဝင်ရသော နယ်မြေဖြစ်လာခဲ့ပြီ။

ဒါမျိုး ဘယ်သူကြုံဖူးသလဲ။

တစ်ချိန်က သားမောင်အပေါ် ဂရုမစိုက်ဘဲနေလာခဲ့သဖြင့် ဘုရားသခင်က ဒဏ်... ခတ်ခြင်းဟု ဆိုပါလျှင်လည်း ပြစ်မှုနှင့် ပြစ်ဒဏ်မမျှတပါ ဘုရားဟု အယူခံဝင်လိုသည်...

သို့ရာတွင် မြတ်စွာဘုရားသည် ခွင့်လွှတ်ခြင်းကိုသာ ဖြူရိုးထုံးစံရှိသည်။ ပြစ်ဒဏ်... ခတ်ခြင်းဟူ၍ မရှိ။

သို့ဆိုလျှင် ဘယ်သူက ဒဏ်ခတ်လေသနည်း။ ဘယ်အရာက စီမံလေသနည်း... ကံကြမ္မာကို ဘယ်သူကဖန်တီးသနည်း။ ဘယ်သူက ကြီးစိုးသနည်း။

ဘဝ ဝဋ်ကြွေးကို ပေးဆပ်ရသည်ဆိုလျှင်လည်း ထိုအကြွေးစာရင်းကို ဘယ်သူ... မှတ်တမ်းတင်ပါသနည်း။ မြီစားနှင့် မြီရှင်တို့၏ အလှည့်အစီအစဉ်ကို ဘယ်သူ... အကွက်ချပေးနေပါသနည်း။

❑

ခင်ခိုင့်မှာ အကျင့်တစ်ခုရှိသည်။ မိမိအမှားကို ကိုယ့်ဘာသာကျိတ်ပြီး ဖြစ်... ဖြစ်မည်။ နှုတ်ကတော့ ဝန်မခံချင်။ ဝန်ခံလိုက်ခြင်းသည် မိမိ၏ပျော့ညံ့ချက်... ထုတ်ဖော်ပြသရာရောက်သည်။ အရှုံးပေးရာကျသည်ဟု ထင်၏။



သူသည် ဘယ်တော့မှ အရှုံးပေးလိုက်ဖို့ စိတ်မကူး။ သို့တိုင်အောင် သူ့ခဲ့... အမြဲရှုံးခဲ့ရသည်။ သူ နိုင်ချင်သည်။

ငြိမ်းမောင်ကို သူနိုင်လို့မရ။ ငြိမ်းမောင်က အမှားကင်းသူဖြစ်၏။ ခုကိစ္စများ တွင်လည်း သူ့ဘက်က ချွတ်ယွင်းချက်ကြောင့်ဆိုတာ သိသည်။

သို့ရာတွင် ဒါကို အမှားလို့ဝန်မခံချင်။ အထူးသဖြင့် ငြိမ်းမောင်ကို ဝန်မခံချင်။ ငြိမ်းမောင်ဆီမှာ သူ အလျှော့ပေးလိုက်ရလျှင် တစ်သက်လုံး နှာလန်ထူနိုင်တော့မည် မဟုတ်ဟု ထင်နေသည်။

သားမောင်အပေါ် ဝတ္တရားပေါ့လျော့ခဲ့တာ မှန်သည်။ သို့ရာတွင် သားမောင် ခုလိုဖြစ်ရခြင်းသည် မိမိ ပယောဂအနည်းငယ်သာပါသည်။ အဓိကအကြောင်းရင်းမှာ သား၏ ဦးနှောက်ချွတ်ယွင်းသော ရောဂါကြောင့်သာ ဖြစ်သည်ဟု ယူဆသည်။

သို့ရာတွင် အားလုံးကတော့ မိမိအပေါ်သာ အပြစ်ပုံချချင်နေကြပေမည်။ နှုတ်က ဖွင့်ဟအပြစ်မပြောကြသည့်တိုင် မျက်လုံးအကြည့်များ၊ အပြုအမူများအရ သိသာနေ၏။ အိမ်မှာ အနိမ့်ဆုံးဖြစ်သော လှငွေကတောင် ပမာမခန့်လုပ်ချင်လာသည်ဟု သူ ထင်သည်။

သားမောင်သည် လှငွေနှင့်သာ တစ်ချိန်လုံးနေသည်။ အိပ်ရာမှနိုးလျှင် မမလှလှဟု လှမ်းအော်ခေါ်တတ်သည်။

ထိုအခါ လှငွေက မျက်နှာသစ်ပေး၊ မနက်စာကျွေး၊ နောက်ဖေးနောက်ဖီကိစ္စ လုပ်ပေးရသည်။ ပြီးတော့ သားက နေဦး၊ ကစားမယ်ဆိုလျှင်လည်း အတူတူ ကစားရသည်။

များသောအားဖြင့် သားနိုးသည့်အချိန်တွင် ငြိမ်းမောင်က အိပ်တုန်းဖြစ်၏။ ခင်ခိုင်က အခန်းထဲ ဝင်ခွင့်မရှိဘဲ ဘာမှမဆိုင်သည့် လှငွေလိုဟာမျိုးက အချိန်မရွေး ဝင်ထွက်ခွင့် ရှိနေသည်ကို ခင်ခိုင် ခံပြင်းလှသည်။ လှငွေက မိခင်နေရာကို ရောက်နေသည်။

ငြိမ်းမောင် အိပ်နေချိန်တွင် သားမောင်ခေါ်လို့ လှငွေအခန်းထဲဝင်သွားလျှင် သူ့စိတ်ထဲမှာ တင်းခနဲ ဖြစ်ဖြစ်သွားရသည်။ လှငွေက အဖိုးပေါက်ကလေးဖြစ်လာပြီး ရုပ်ကလေးကလည်း သနားကမား။

တစ်ညတွင် သန်းခေါင်ကျော်ကျော်လောက်မှ သားမောင်က···

'မမလှလှ ရာပါဦး'

ဟု တကြော်ကြော် အော်ခေါ်နေသည်။ ခင်ခိုင်သည် သူ့အခန်းထဲမှ ကြားနေရသည်။

ခဏကြာတော့ လာပြီ သားမောင်ရေဆိုသော လှငွေ၏အသံနှင့် ပြေးသွားသော ခြေသံကြားရသည်။ ညကြီး အချိန်မတော်ကျမှ။ သားမောင်၏ စကားပြော၊ လှငွေ...

www.burmeseclassic.com

www.burmeseclassic.com



ချောင်းဟန့်သံ ကြားရသည်။ ငြိမ်းမောင်၏အသံလည်း တစ်ခွန်းနှစ်ခွန်း ကြားရသည် ထင်၏။ ဘာတွေပြောကြသလဲတော့ သဲသဲကွဲကွဲ မကြားရ။ နောက်တော့ စကား ပြောသံတွေ တိတ်ဆိတ်သွား၏။

နာရီဝက်လောက်ကြာမှ လှငွေ အခန်းထဲက ပြန်ထွက်လာသံ ကြားရသည်။

ထိုညက ခင်နိုင် အိပ်မပျော်တော့။ အတွေးတွေ များစွာရှုပ်ထွေးနေသည်။ မတွေး ကောင်း တွေးကောင်းတွေလည်း ပါသည်။

နောက်တစ်နေ့ မနက်ကျတော့ လှငွေကို ခေါ်၍…

'နောက်ကို ညဘက်မှာ အိပ်ခန်းထဲမဝင်ရဘူး ကြားလား'

ဟု ပြောလိုက်သည်။

ထိုညကတော့ ဘာမှ ပြဿနာမဖြစ်။ နောက်တစ်ညကျတော့ သားမောင်က လှငွေကို အော်ခေါ်ပြန်သည်။ လှငွေနိုးသော်လည်း မသွားရဲ။ ခေါ်ဖန်များတော့ ငြိမ်းမောင် နိုးလာသည်။

'ဟော့ လှငွေ ခေါ်နေတာ မကြားဘူးလားဟ'

ဟု ငြိမ်းမောင်က လှမ်းပြောသည်။

လှငွေမှာ ထူးရအခက်၊ မထူးရအခက် ဖြစ်နေ၏။ လှငွေနှင့် တစ်ခန်းတည်း အိပ်သော ဒေါ်ကြီးက…

'ဟဲ့ လှငွေ'

'ရှင်'

'ဟိုမှာ ခေါ်နေတယ်လေ'

'ဟုတ်ကဲ့'

'ဘာ ဟုတ်ကဲ့လည်း၊ ယောင်ချာချာနဲ့ သွားလေ'

'အို… မသွားရဲဘူး'

'ဘာဖြစ်လို့ မသွားရဲရတာလဲ'

ခင်နိုင်အိပ်သော အခန်းနှင့်ကပ်လျက်ဖြစ်သဖြင့် ပြောသံဆိုသံ ကြားနေရသည်။ လှငွေက ခင်နိုင်တားမြစ်ထားကြောင်း တိုးတိုးတိတ်တိတ် ပြောပြဟန်တူသည်။ ဒေါ်ကြီးအသံကိုတော့ အတိုင်းသား ကြားလိုက်ရ၏။

'ဘယ်သူ ဘာပြောပြောအေ၊ ဂရုစိုက်စရာလိုလို့။ အလကားနေရင်း လျှောက် ရမ်းတာ။ သွားသာသွား၊ ကလေးထက် ဘယ်ဟာမှ ပိုအရေးမကြီးဘူး။ ကလေး က စိတ်ညစ်ခံလို့ရတာ မဟုတ်ဘူး'

ခင်နိုင် ဆတ်ဆတ်တုန်အောင် ဒေါသဖြစ်ရသည်။ တစ်ခုခု ပြန်ပြောလိုက်



ချင်သည်။ သို့ရာတွင် ငြိမ်းမောင် နိုးနေသဖြင့် မပြောဖြစ်တော့၊ သားမောင် အထိ… လိုက်ရမည့်ကိစ္စ ဖြစ်နေသာကြောင့်လည်း အောင့်ပြီး ငြိမ်နေလိုက်ရသည်။ တက်တက်… ခပ်ပြင်းပြင်းတော့ ခေါက်လိုက်မိ၏။

❑

မနက် ငြိမ်းမောင်ရုံးသွားသောအခါတွင် ခင်နိုင်က လှငွေကို ခေါ်လိုက်သည်။

'ညဘက် နင့်ကို အိပ်ခန်းထဲ မဝင်ရဘူးလို့ ပြောထားတယ် မဟုတ်လား'

'ဟုတ်ကဲ့'

'ဒါဖြင့် ညက ဘာဖြစ်လို့ ဝင်သလဲ'

'ဦးဦးက လှမ်းခေါ်လို့'

'နင်ကလည်း ဒီအခန်းထဲကို သိပ်ဝင်ချင်နေတယ် မဟုတ်လား'

'ဟုတ်ကဲ့'

'ဘာ… ဟုတ်ကဲ့တဲ့ ဟုတ်လား။ ကြည့်စမ်း ငါ့ကို ပမာမခန့်ပြောလိုက်တာ… ပေါ့လေ။ နင် ဘယ်သူ့အားကိုးနဲ့ ဒီလိုပြောရတာလဲ'

'ဟို ဟို သားမောင်၊ သားမောင်က အော်ခေါ်နေတာကိုး။ သားမောင် ခေါ်တ… မသွားရင် ဟိုအရင်လို တက်သွားမှာ စိုးလို့ပါ'

လှငွေက ခင်နိုင်မေးသည့်အဓိပ္ပာယ်ကို နားမလည်ဘဲ အရိုးခံအတိုင်း သူ စိတ်ထ… တာကို ပြောသည်။ ခင်နိုင် ဘာဆက်ပြောရမှန်းမသိ။ ပိတ်ရိုက်ပစ်လိုက်ချင်သော… စိတ်ကို အတင်းချုပ်နှိမ်ထားလိုက်ပြီး…

'နင်က သားမောင်ရဲ့ အမေဖြစ်ချင်နေတာလား လှငွေ'

'ရှင်'

လှငွေက ဘာမျှနားမလည်။ သားမောင်ရဲ့အမေ ဘာကြောင့် ဖြစ်ချင်ရမှာလဲ… ခေါင်းရှုပ်စွာ တွေးနေသည်။

'ခင်နိုင်'

ဒီမနက် ပြဿနာဖြစ်မည်မှန်းသိ၍ ခင်နိုင်က လှငွေကို လေသံမာမာနှင့် လှမ်း… လိုက်ကတည်းက နားစွင့်နေခဲ့သော ဒေါ်ကြီးဝင်လာပြီး ခင်နိုင့်ကို ခေါ်လိုက်သည်။ ခင်နိုင်က ဒေါ်ကြီးကို ခပ်စိမ်းစိမ်းကြည့်လိုက်သည်။ ဒေါ်ကြီးက…

'လှငွေနဲ့ ဘာမှမဆိုင်ပါဘူး။ သူက ခိုင်းတာလုပ်ရတဲ့လူပဲ။ လှငွေကို … မလုပ်ပါနဲ့'

'ဒေါ်ကြီးနဲ့ မဆိုင်ပါဘူး။ ဘာမှ ဝင်မပြောပါနဲ့'

'ဘာဖြစ်လို့ မဆိုင်ရမှာလဲ။ ညည်းဘာသာ အလိုမကျတိုင်း လျှောက်ရမ်းနေတာ…

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းခဲ့သင်္ဘောက် အပြစ်ရှာနေတာ'

'ခေဆိုင်ရှင် ဝင်မပြောနဲ့လို့ ကျွန်မ ပြောထားတယ်နော်'

ခင်နိုင့်လေသံက မာသည်။ ဒေါ်ကြီး မျက်နှာထားကလည်း တင်းသည်။

'ဒီမှာ ဒေါ်ကြီး၊ ကျွန်မအကြောင်း ကွယ်ရာမှာပြောတာတွေကို မသိဘူး မထင်နဲ့။ နောက်ပြီး လူကြီးပီပီ ပြောစရာရှိရင် ပြောင်ပြောင်ပြောပါ။ စောင့်မြောင်းတယ်ဆိုတာ သိပ်အောက်တန်းကျပါတယ်'

'ဟုတ်တယ်အေ၊ ကျုပ်တို့က အောက်တန်းစားပဲ။ ညည်းကတော့ မိုးပေါ်က ကျလာတဲ့ အထက်တန်းစားကိုး။ ငြိမ်းမောင်နဲ့ လက်မထပ်ခင်ကတည်းက ဂုဏ်နဲ့ဒြပ်နဲ့ တိုက်နဲ့ကားနဲ့ နေခဲ့တာကိုး၊ သိပါဘူးအေ့'

သူ ဆင်းရဲခဲ့သည်ကို ငေါ့လိုက်သဖြင့် ခင်နိုင် ဆတ်ဆတ်ခါနာသွားသည်။

'စကားပြောတာကြည့်ပြောပါ။ ဒီအိမ်မှာ ဘယ်သူကအိမ်ရှင်လဲဆိုတာ သတိထားစမ်းပါဦး'

'ညည်းက အိမ်ရှင်မအစစ်ကြီးပါအေ၊ ကျုပ်ဝန်ခံပါတယ်။ သိပ်ပြီးတော့ အိမ်ရှင်မပီသတဲ့ အိမ်ရှင်မ၊ ဟင်းဟင်း'

'ဒေါ်ကြီးစကားတွေ လွန်လာပြီနော်'

'ကျုပ်တို့က စာမတတ် ပေမတတ် အောက်တန်းစားမို့ လွန်တယ်ထားပါတော့။ ညည်းကကော အထက်တန်းစားစကားပြောလို့လား။ လှငွေကို သားမောင်ရဲ့အမေဖြစ်ချင်နေသလားလို့ မေးလိုက်တဲ့စကားဟာ ဘယ်အဓိပ္ပာယ်ရောက်သွားသလဲ။ ဒီလိုယုတ်ညံ့တဲ့စကားမျိုး ညည်းပါးစပ်က ထွက်ရက်သလား။ ဟော့… အိမ်ဖော်ဆိုပြီး တိုယ်နိုင်းချင်သလိုနိုင်း၊ ကိုယ်ပြောသမျှ ခံရမယ်ဆိုပြီး မတရားလုပ်လို့ မရဘူးအေ့။ သူ့မှာလည်း အပျိုအရွယ်၊ မိန်းကလေးအလျောက် သူ့ဂုဏ်သိက္ခာနဲ့သူ ရှိတာပဲ။ စော်ကားချင်တိုင်း စော်ကားလို့ရမယ်မထင်နဲ့'

ခင်နိုင်သည် ဘာမှ ပြန်မပြောနိုင်သေး။ ဒေါ်ကြီးက အချက်ကျကျပြောနေသဖြင့် ပြန်လည်ချေပဖို့ စကားကို ရုတ်တရက်စဉ်းစား၍မရ။ အသားတွေသာ တဆတ်ဆတ်တုန်နေသည်။ ဒေါ်ကြီးက မကျေနပ်သေး။ အပြီးသတ် ပိတ်ပြောလိုက်သည့်စကားက ခင်နိုင့်ကို ခါခနဲ ဖြစ်သွားစေသည်။

'ဟုတ်ပါ့တော်၊ လှငွေသာ ကလေးအမေရင်းဖြစ်ရင် ဘယ်လောက်ကောင်းမလဲလို့ တစ်ခါတစ်ခါ တွေးမိပါရဲ့။ အဲဒါဆိုရင် ငါ့မြေးလေး ခုလို ဒုက္ခရောက်မှာ မဟုတ်ဘူး'

'ဘာ'



ခင်နိုင် ပြာခနဲဖြစ်ပြီး စားပွဲပေါ်ရှိ ဆေးလိပ်ခွက်ကို ကောက်ကိုင်လိုက်သည်။ ဒေါ်ကြီးကိုတော့ ဘာမှမလုပ်။ နံရံဆီသို့ အားကုန်ပစ်ပေါက်လိုက်သည်။

ဝုန်းခနဲ မြည်သံ။

အခန်းထဲက သားမောင်လန့်ပြီးအော်သံ။ မမလှလှ ကြောက်တယ်၊ ကြောက်တယ်။

လှငွေသည် ခဏမျှ တွေရပ်နေပြီးနောက် လာပြီ သားမောင်ရေဆိုပြီး အိပ်ခန်းထဲ ပြေးဝင်သွား၏။

❑

www.burmeseclassic.com

www.burmeseclassic.com

ခင်ခိုင်သည် ဒီအိမ်မှာ သူ အကြီးအကျယ် ရှုံးသွားပြီဖြစ်ကြောင်း သိလိုက်၏။ သူသည် ရှုံးခဲ့ပေါင်းများသဖြင့် အရှုံးအကြောင်း ကောင်းကောင်းသိနေသည်။

ဘဝ၏ ရှုံးနိမ့်ခြင်းသည် စာမေးပွဲရှုံးခြင်းနှင့်လည်း မတူ။ စာမေးပွဲရှုံးခြင်းသည် ဆိုခြင်းမှာ မူလအတန်းတွင် ပြန်နေရခြင်းသာ ဖြစ်၏။

စီးပွားရေး ရှုံးနိမ့်ခြင်းဆိုသည်မှာလည်း မိမိအရင်းထဲက အချို့အဝက် သို့တည်း မဟုတ် အားလုံးရှုံးရခြင်းသာ ဖြစ်၏။ အရင်းသာမက အကြွေးတင်ခံရလျှင်ဝင် ပြန်ဆပ်နိုင်သည်။ ကြိုးစားရှာဖွေလျှင် အမြတ်ပြန်ရနိုင်သည်။

ဘဝ၏ အရှုံးကျတော့ ဒီလိုမဟုတ်။ ဆုံးရှုံးသွားသော အကြောင်းအချက်တစ်ခုကို ပြန်လည်ဖြည့်ဆည်း၍ မရနိုင်။ အကယ်၍ အနိုင်ရမှု ရှိလာလျှင်ပင် ထိုအနိုင်ရခြင်းသည် သီးခြားအောင်မြင်မှုတစ်ခုသာ ဖြစ်သည်။ အလျင်က ဖြစ်ပေါ်ခဲ့သောဆုံးရှုံးမှုကို ဖုံးလွှမ်းဖျောက်ဖျက်၍ မရနိုင်။ တစ်ခါရှုံးဖူးလျှင် ထိုအရှုံးသည် ထာဝရတည်ရှိ နေမည်ပင်ဖြစ်၏။ ထိုအရှုံးကား ထာဝရတည်ရှိနေမည်ပင် ဖြစ်၏။ ထိုအရှုံးတား ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေသောကြောင့်ပင် ဖြစ်တော့၏။

ခင်ခိုင်သည် အရှုံးတွေများခဲ့သည်။ ဘာပဲဖြစ်ဖြစ် တစ်ခါလောက်တော့ နိုင်ချင်သည်။ ရှုံးခဲ့တာတွေကို ချေဖျက်ခြင်းမပြုနိုင်သည်ပင်ထား၊ နိုင်ဖူးသည်ဆိုသော ဂုဏ်ကို လိုချင်သည်။

ငယ်စဉ်က သူများအိမ်မှာနေခဲ့ရပုံတွေ၊ တစ်ဝမ်းတည်းကွဲသော မောင်နှမအစ်ချင်း ဖြစ်သော်လည်း အိမ်စေနှင့် သူဌေးသားသမီးလို အခြေအနေချင်း ကွာခြားနေခဲ့ပုံတွေ အနိုင်းခံ အစေခံ အနှိမ်ခံခဲ့ရပုံတွေ၊ သူတို့နေသောတိုက်၊ သူတို့စီးသောကား၊ သူတို့ဝတ် သော ရွှေငွေရတနာ၊ သူတို့သုံးသောငွေများသည် အမှန်တော့ မိမိတို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ခွဲဝေပိုင်ဆိုင်ခွင့်ရှိမှန်း သိပါလျက် ဘာမျှ ခံစားခွင့်မရဘဲ ရှိနေခဲ့ရပုံတွေကို ပြန်တွေးမိတိုင်း ဘဝတွင် အနိုင်ရလိုစိတ်ကို တားမနိုင် ဆီးမရ ဖြစ်ရ၏။

အမျိုးတွေအိမ်မှ စွန့်ခွာထွက်လာပြီး သားအမိနှစ်ယောက်တည်း ရုန်းကန်ခဲ့ကြစဉ်က ချိုင့်ဘဲ့ရွာ နေခဲ့ရပုံများသည်လည်း မမေ့နိုင်စရာပင်။ ပညာရေးစရိတ်ကို အမိက ထား၍ တခြားစရိတ်တွေကို အစွမ်းကုန်ချွေတာရသည်။ ထမင်းအနပ်ပေါင်းများစွာကို ငါးပိရည်၊ တို့စရာနှင့် တစ်ခါတစ်ရံ ထမင်းကို ဆားဖြူးပြီး ကြက်သွန်တစ်ဥကိုက်၍ စားခဲ့ရသည်။ ထိုဒုက္ခများကပင် ခင်နိုင်၏စိတ်ဓာတ်ကို မာကျောစေခဲ့သည်။

ငြိမ်းမောင်နှင့်လက်ထပ်ပြီးသောအခါ သူ့ဘဝသည် အတော်အတန် တင့်တင့်တယ်တယ် ဖြစ်လာခဲ့သည်။ ရှေ့အတွက် မျှော်လင့်ချက်များ ဖြစ်ထွန်းစ ပြုလာသည်။

သို့ရာတွင် သားမောင်ကိုမွေးပြီးနောက်တွင် ထိုမျှော်လင့်ချက်များသည် တစ်ခုပြီး တစ်ခု ဆက်တိုက်ပျောက်ဆုံးကုန်သည်။

ခုဆိုလျှင် အိမ်မှာ အဆင့်အနိမ့်ဆုံး လုငွေကိုပင် သူ့အရှုံးပေးလိုက်ရပြီး သူနှင့် အိမ်သူအိမ်သားအားလုံးသည် တစ်သီးတခြားစီလိုဖြစ်နေသည်။ ဒေါ်ကြီးနှင့် အခေါ်အပြော ရှိတော့၊ မျက်နှာချင်းဆိုင်မိသည်နှင့် နှစ်ယောက်စလုံး တင်းခနဲ ဖြစ်ဖြစ်သွားကြသည်။ လုငွေကလည်း သူ့ကို ရှောင်သည်။ ဘာသိဘာသာ လုပ်နေသည်။

ငြိမ်းမောင်က သူ့ကို ပုံမှန်ပြောဆို ဆက်ဆံနေသော်လည်း သူတို့နှစ်ယောက်ကြားမှာ ရင်းနှီးမှုတွေ တစ်စတစ်စလျော့ပါးလာပြီဖြစ်ကြောင်း အလိုလိုသိနေသည်။ သူတို့သည် လင်မယားဖြစ်ပါလျက် တစ်သီးတခြားစီ အိပ်စက်ကြသည်။ လင်မယားတို့ သဘာဝနေထိုင်ပြုမူပုံမျိုး မရှိကြတော့။

ငြိမ်းမောင်သည် သားနှင့်သာ အနေများသည်။ ခင်နိုင်က သားအကြောင်းမေးလျှင် ဟက်ဟက်ပက်ပက်ဖြေကြားခြင်းမရှိဟု ထင်သည်။ လိုရင်းတိုရှင်း တိတိကျကျသာ ပြောသည်။

သူတို့သည် တစ်အိမ်တည်းအတူနေကြခြင်းနှင့် စာချုပ်စာတမ်းအရသာ လင်မယား အဖြစ် ဆက်လက်တည်ရှိနေကြခြင်း ဖြစ်လေ၏။

ဒီအိမ်ကြီးသည် သူနှင့်ဘာမှမသက်ဆိုင်တော့သလို ဖြစ်နေပြီး သားနှင့် ငြိမ်းမောင်တို့ အိပ်သောအခန်းတွင်းသို့ မဝင်ရ။ မီးဖိုခန်းသည် ဒေါ်ကြီး၏ ပိုင်နက်နယ်မြေ။ ထမင်းစားဖို့ ဝင်သွားလျှင် ဒေါ်ကြီးက ရှောင်ထွက်သွားသည်။ အိမ်မှာနေနေရလျှင် အကျဉ်းကျသလို ခံစားနေရသည်။

သို့ဖြစ်၍ ခင်နိုင်သည် အပြင်ထွက်နေသည့်အချိန်တွေ များလာသည်။ မနက် စောစောထွက်သွားပြီး ညမိုးချုပ်မှ ပြန်ရောက်လာသည်။ ပြင်သစ်ဘာသာ သင်တန်း



အတူတက်ခဲ့သည့် သူငယ်ချင်းတွေအိမ် လျှောက်သွားသည်။

တစ်ခါတစ်ရံ နိုင်ငံခြားဘာသာသိပ္ပံရှိ စာကြည့်တိုက်မှာ တစ်နေ့လုံး စာတွေ ဖတ်နေလိုက်သည်။

တနင်္ဂနွေတစ်ရက်တွင် ဆွေဆွေဦးအိမ်ကို ရောက်လာသည်။ သားမောင်ကို လာကြည့်ခြင်း ဖြစ်၏။

အခန်းထဲဝင်သွားသောအခါ သားမောင် ရုတ်တရက်မို့ သူ့အမေမှတ်ပြီး ဆတ်ခနဲ ဖြစ်သွားသေးသည်။ ခင်နိုင်မဟုတ်မှန်း သိတော့မှ ဆက်ကစားနေသည်။

ဆွေဆွေဦးက သားမောင်ဘေးမှာ ထိုင်ချလိုက်ပြီး...

'သားမောင်'

ဟု ခေါ်သည်။ သားမောင်က မော့ကြည့်သည်။

'ဒေါ်လေးကို မှတ်မိတယ် မဟုတ်လား'

သားမောင်က ခေါင်းခါပြသည်။

'ဟင်...မမှတ်မိဘူး။ ဟိုတလောလေးကပဲ လာသွားသေးတယ်လေ။ ချောကလက်လည်း ဝယ်လာတယ်လေ။ အခုလည်း သားမောင်အတွက် ဝယ်လာတယ်လေ'

ချောကလက်ဝေဖာတစ်ခု လှမ်းပေးသည်။ သားမောင်ကယူပြီး ခံစက္ကူကို ချက်ချင်းဖောက်၍ စားသည်။

'အခုကော မှတ်မိပြီလား'

'မှတ်မိတယ်'

'ဒေါ်လေး မေးမယ်။ သားမောင်ရဲ့နာမည် ဘယ်သူလဲ'

'တားမောင်'

'မဟုတ်ဘူးလေ၊ သားမောင်ဆိုတာက တစ်ခုလေ။ နောက်တစ်ခု ရှိသေးတယ်'

သားမောင်က စဉ်းစားနေသည်။ ပါးစပ်တလှုပ်လှုပ် ဖြစ်နေ၏။

'ဖော် ပါတယ်လေ'

'ဖော်... ငြိမ်း...'

'ဟုတ်ပြီ၊ ဖော်ငြိမ်း ဘာလဲ'

'ဖော်ငြိမ်း၊ ထိုင်'

'အဲ... ဟုတ်ပြီ၊ သားမောင်က သိပ်တော်တာပဲ။ အခုကစားနေတာ ဘာလဲဟင်'

'တင့်တား'

www.burmeseclassic.com

www.burmeseclassic.com



'ခြော်… တင့်ကားလေးကိုး။ ဘယ်လိုမောင်းတာလဲ ဒေါ်လေး မသိလို့'

သားမောင်က တင့်ကားလေးမှခလုတ်ကို နှိပ်လိုက်သည်။ တင့်ကားလေး ရွှေ့သွားသည်ကို ကြည့်ပြီး…

'ဟာ… တယ်ကောင်းပါလား။ ဒေါ်လေး လိုချင်လိုက်တာ၊ ပေးမလား'

'ပေးမယ်'

ဆိုပြီး တင့်ကားကို လှမ်းပေးသည်။ ပြီးတော့…

'မုန့်ပေး'

'မုန့်နဲ့တင့်ကား လဲမယ်ပေါ့လေ၊ နေပါစေ။ သားမောင်ပဲ ယူထားပါတော့ မုန့်လည်း ပေးမယ်ရှော့'

ဆွေဆွေဦးက ဝေဖာတစ်ခုထပ်ပေးသည်။ သားမောင် စားနေတုန်း…

'သားမောင်၊ ဒီအခန်းထဲမှာချည်းနေတာ မပျင်းဘူးလား။ သောင်းလည်း သောင်းတာပေါ့။ ဒေါ်လေးနဲ့ ပန်းခြံထဲမှာ သွားကစားရအောင် လိုက်မလား'

'အင့်၊ ဟင့်အင်း မလိုက်ဘူး'

'ဘာဖြစ်လို့လဲကွ၊ ပန်းခြံထဲမှာ လိပ်ပြာလေးတွေ ရှိတယ်။ သိပ်လှတာပဲ မကြည့်ချင်ဘူးလား'

'ကြည့်ဘူး'

ဆိုပြီး အခန်းအပြင်ဘက်ကို တစ်ချက် စောင်းကြည့်၏။

'အေးအေး၊ မကြည့်ချင်လည်း ပြီးရော။ ကောင်းကောင်း ကစားနေနော်'

ဆိုပြီး အပြင်ပြန်ထွက်လာခဲ့သည်။

ငြိမ်းမောင်က ကုလားထိုင်မှာ ထိုင်စောင့်နေသည်။

ဆွေဆွေဦးကဝင်ထိုင်သည်။ ဒေါ်ကြီး ဖျော်ပေးထားသောကော်ဖီကို ယူသောက်ရင်း…

'ခင်ကော၊ ဘယ်ရောက်သွားပြန်ပြီလဲ။ ခင်ရေ… လာပါဦး၊ ဒီမှာ စကားလေး ဘာလေး ပြောရအောင်'

အိမ်မှာဖြစ်ပျက်နေသည့် အခြေအနေကို ဆွေဆွေဦး မသိသေး။ ငြိမ်းမောင်နှင့် ခင်နိုင်တို့သည် မလွှဲမရှောင်သာသောကိစ္စမှလွဲ၍ ဟက်ဟက်ပက်ပက် စကားမပြောဖြစ်ကြတော့ကြောင်းကိုလည်း မသိသေး။ ထို့ကြောင့် ခင်နိုင့်ကို လှမ်းခေါ်နေခြင်း ဖြစ်၏။

ခင်နိုင်က သူ့အခန်းလေးထဲမှာ ရှိနေသည်။ ဆွေဆွေဦး အိမ်ထဲဝင်လာတော့ သူ့ကို မြင်သွားပြီးပြီ။ နှုတ်ဆက်စကားပြောပြီး ဆွေဆွေဦး သားဆီသွားနေတုန်း



ခင်နိုင်က သူ့အခန်းလေးထဲ ဝင်လာခဲ့သည်။ သူ့စိတ်ကူးမှာ အဝတ်အစား မြန်မြန် …ပြီး အရေးကြီးတဲ့ကိစ္စရှိလို့ဟု အကြောင်းပြကာ အပြင်ထွက်သွားဖို့ ဖြစ်၏။

အခု ဆွေဆွေဦးက လှမ်းခေါ်နေသဖြင့် မတတ်သာဘဲ ထွက်လာခဲ့ရသည်။

'ဘယ်လိုလဲ၊ ဆွေ့ကို အထူးစပယ်ရှယ်တွေ ကျွေးမလို့ သွားစီစဉ်နေတာလား။ …ပါ ထိုင်ပါဦး'

ဆွေဆွေဦးက နောက်သည်။

'ကျွေးပါတယ်'

ဟု ခင်နိုင်ကပြောရင်း ဝင်ထိုင်သည်။ ငြိမ်းမောင်က စီးကရက်တစ်လိပ် မီးညှိ…သည်။

'သားမောင်ရဲ့အခြေအနေကို နင် ဘယ်လိုမြင်သလဲ'

ဟု ဆွေဆွေဦးကို မေးသည်။

'မဆိုးပါဘူးဟ။ ဖစ်ဆစ်ကယ်အပိုင်းတော့ အားလုံးကောင်းပါတယ်။ ငါ နင်တို့ကို အကြံဉာဏ်ပေးချင်လို့ လာခဲ့တာပဲ။ ငါ ဆိုက်ခီရေးတရစ် ဆရာဝန်ကြီးနဲ့ တွေ့ခဲ့တယ်'

'ဘာပြောလိုက်သေးလဲ'

'နေပါဦး၊ ငါ့ဗိုက်ဖြည့်ပါရစေဦး'

ဆွေဆွေဦးက ပူတင်းပေါင်မုန့်တစ်ခုယူစားသည်။ တစ်ဝက်လောက် ကျန်သော …ကော်ဖီနှင့် မျှောချလိုက်ပြီးမှ…

'ငါ စိတ်ကူးတစ်ခုရတာနဲ့ ဆရာကြီးဆီသွားပြီး အကြံဉာဏ်တောင်းကြည့် …တာ။ ငါပြောတဲ့ ကုထုံးကို ဆရာကြီးကလည်း စမ်းကြည့်ချင်တယ်တဲ့'

ငြိမ်းမောင်က တစ်ခုခု ပြောမည်ပြုစဉ်…

'ဘာလဲ၊ ငါက ဂျိပ်စီမို့လို့ စိတ်ရောဂါနဲ့ဘာဆိုင်လဲ ပြောမလို့လား။ ငါက စိတ်ရောဂါကိုစိတ်ဝင်စားလို့ စာအုပ်တွေဖတ်ထားတာ။ စိတ်ရောဂါဆေးရုံကိုလည်း မကြာခဏ သွားလေ့လာတတ်တယ်။ ဒါကြောင့် ဆရာကြီးနဲ့ ခင်နေတာပေါ့'

'ကဲပါလေ၊ နင့်ကုထုံးကိုပဲ ပြောပါတော့'

ငြိမ်းမောင်က တောင်းဆိုသည်။ ခင်နိုင်ကတော့ ဘာမှ ဝင်မပြောဘဲ နားသာ ထောင်နေ၏။

'အမ်နီးရှားလို့ခေါ်တဲ့ အတိတ်မေ့ရောဂါကိုတော့ နင်တို့ ကောင်းကောင်းသိမှာပေါ့။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာ အမြဲပါနေတာပဲ။ အခု သားမောင်ဖြစ်နေတာက အတိတ်မေ့ရောဂါမဟုတ်ပေမယ့် တချို့အပိုင်းကလေးတွေက သွားဆင်နေတယ်။ သားမောင် အနေနဲ့ ခင့်အပေါ်မှာ…'

www.burmeseclassic.com

www.burmeseclassic.com



ခင်နိုင့်ထို့ ကြည့်၍ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော် ခင်ဟု ခွင့်တောင်း၏။

ခင်နိုင်က ရပါတယ် ပြောပါဟု ဆိုသည်။

'သားမောင်အနေနဲ့ ခင်နိုင့်အပေါ်မှာ မိခင်တစ်ယောက်အနေနဲ့ အသိအမှတ် မပြုဘူး။ သွေးထဲကတော့ အမေမှန်းသိတာပေါ့။ ဒါပေမယ့် အစွဲအလမ်းတစ်ခုက ဖုံးအုပ်ထားလို့ ခင့်ကို ရန်သူလိုသဘောထားနေတာယ်။ ဒီတော့ အဲဒီနေရာမှာ အတိတ် မေ့ရောဂါအကြောင်း နည်းနည်းပြောချင်တယ်။ အတိတ်မေ့ရောဂါရှင်တွေဟာ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်သူမှန်းမသိဘဲ ဖြစ်တတ်ကြတယ်မဟုတ်လား။ ကိုယ်နဲ့ အနီးစပ်ဆုံးလူကိုတောင် တစ်ခါမှ မသိခဲ့သလို ဖြစ်သွားတတ်ကြတယ်။ ဒီအခါမှာ ဘေးလူတွေက သူ့ကို အလိုက်အထိုက်ဆက်ဆံရင်း တဖြည်းဖြည်းရင်းနှီးအောင် လုပ်ပြီးမှ သူ့ဘဝအမှန်ကို တစ်စတစ်စ ပြန်မှတ်မိ ခအောင် လုပ်ယူရတယ်'

ငြိမ်းမောင် စိတ်ဝင်စားစွာနားထောင်ရင်း စီးကရက်အသစ်တစ်လိပ် မီးညှိသည်။ ခင်နိုင်သည် ငြိမ်သက်စွာ နားစွင့်နေ၏။

'ငါ့စိတ်ကူးက သားမောင်အနေနဲ့ ခင်နိုင့်အပေါ် လုံးဝမသိမမြင်ဖူးတဲ့ လူ တစ်ယောက်လို မေ့သွားအောင် အရင်လုပ်ချင်တယ်။ နင်တို့အတွက်တော့ ကသိ ကအောက်နိုင်မှာပဲလေ။ လုပ်ရမှာကတော့ ခင့်အနေနဲ့ တခြားမှာ ခဏသွားနေဖို့ပဲ'

ခင်နိုင်က ဖျတ်ခနဲ တစ်ချက်ကြည့်သည်။

'ဒီအိမ်မှာ ခင်မရှိတော့ဘူးဆိုရင် သားမောင်လည်း အခန်းအပြင်ထွက်လာမှာပဲ။ တဖြည်းဖြည်းနဲ့ ခင့်ကို သူမေ့သွားလိမ့်မယ်။ မေ့လောက်ပြီလို့ ယူဆရတဲ့အခါမှာ ခင့်ဓာတ်ပုံကိုပြကြည့်မယ်။ သားမောင်က မှတ်မိပုံမပြဘူးဆိုရင် ခင်က လူစိမ်း ဧည့်သည်တစ်ယောက်လို အိမ်ကိုလာရမယ်။ သားမောင်က မမှတ်မိတော့တဲ့အတွက် ကြောက်မှာမဟုတ်တော့ဘူး။ ဒီတော့မှ ခင်က သားမောင်နဲ့ ရင်းနှီးမှုရအောင် ကြိုးစား၊ သူက ချစ်လာအောင်လုပ်။ တဖြည်းဖြည်းနဲ့ မိခင်နဲ့သား ဆက်ဆံရေးမျိုးရအောင် လုပ်ယူရမယ်'

ငြိမ်းမောင်က ဆေးလိပ်ပြာခွက်ထဲ ထည့်ထားသော စီးကရက်မှ မီးခိုး တလူလူ ထွက်နေသည်ကို စိုက်ကြည့်နေ၏။ ခင်နိုင်ကလည်း ဘာမျှမပြော။ ဆွေဆွေဦးကပင်…

'အေးပေါ့လေ၊ မိသားစု တကွဲတပြားစီလည်း နေရဦးမယ်။ ခင့်အနေနဲ့လည်း သားမောင်ကိုမတွေ့ရဘဲ လနဲ့ချီပြီးနေရမယ်ဆိုတော့ တော်တော် ဒုက္ခကြီးတာပေါ့။ ဒါပေမယ့် သားမောင်အတွက် ကောင်းလာဖို့ကိုမျှော်လင့်ပြီး လုပ်ရမှာပဲလေ။ ကိစ္စ မရှိပါဘူးဟာ၊ နင်တို့လင်မယား အပြင်မှာချိန်းတွေ့ကြပေါ့'

ဆွေဆွေဦးက ပေါ့ပေါ့ပါးပါး ဖြစ်သွားအောင် ဟာသ လုပ်လိုက်သည်။ ငြိမ်းမောင်က



ခရယ်။

ခင်နိုင်ကတော့ ပြုံးလိုက်မိသည်။ ထိုအပြုံးသည် ထွက်ပေါက်တစ်ခုကို မြင်လိုက် သဖြင့် စိတ်သက်သာရာရသွားသော အပြုံးမျိုးများ ဖြစ်လေသလားဟု ခင်နိုင် သူ့ကိုယ်သူ သံသယဖြစ်သွား၏။

❑

www.burmeseclassic.com

www.burmeseclassic.com

ခင်နိုင်သည် သူ့ကိုယ်သူ အံ့သြသွားသည်။ ဒီလောက် တည်တည်ငြိမ်ငြိမ် ပြောနိုင်လိမ့်မည်ဟု မထင်ခဲ့သောကြောင့်ပင် ဖြစ်၏။

ပြီးတော့ ငြိမ်းမောင်အပေါ် သူထားသော သဘောထားအမှန်ကိုလည်း သိသာစေနိုင်ခဲ့လေသည်။ ငြိမ်းမောင်နှင့် စကားပြောရာတွင် သူ့ကိုယ်သူ ခါတိုင်းလို ခင်ဟု မသုံးနှုန်းဘဲ ကျွန်မဟူသော အသုံးအနှုန်းသည် နှုတ်မှ အလိုအလျောက် ထွက်ကျလာခဲ့လေသည်။

'ကျွန်မ နိုင်ငံခြားသွားတော့မယ်'

ငြိမ်းမောင် အံ့သြသလို ဖြစ်သွား၏။ နိုင်ငံခြားသွားမည်ဆိုသဖြင့် အံ့သြခြင်း မဟုတ်။ တစ်နေ့နေ့တွင် ဒါမျိုးဖြစ်လာမည်ဟု သူ တွက်ပြီးသားပင်။

သူ အံ့သြတာ ခုလိုအခါမှာ အချိန်ကိုက်စီစဉ်လိုက်ခြင်းနှင့် ထိုစကားကို ခင်နိုင်က နိဒါန်းတွေမပျိုးဘဲ တိုက်ရိုက်ပြောလိုက်ခြင်းကြောင့် ဖြစ်၏။ ဘယ်ကို သွားမှာလဲ၊ ဘယ်တော့လဲ၊ ဘယ်လောက်ကြာမှာလဲဆိုသောစကားတွေ ငြိမ်းမောင် မေးဖို့လိုသည်။ သို့ရာတွင် မမေးချင်တော့။

ခင်နိုင် ဆက်ပြောမှာကိုသာ စောင့်နားထောင်နေလိုက်သည်။

'ပြင်သစ်မှာ အလုပ်သွားလုပ်မယ်။ အစက ဒီလောက်ထိ မြန်မြန်သွားဖို့ မရည်ရွယ်ဘူး။ အလုပ်ကိစ္စက ရုတ်တရက် အဆင်ပြေလာလို့'

ခင်နိုင်က ခင်ပွန်းသည်တစ်ယောက်ကို တိုင်ပင်နှီးနှောဟန်ဖြင့် ပြောနေခြင်း မဟုတ်။ လူဝင်မှုကြီးကြပ်ရေးဌာနတွင် မိမိ၏ခရီးစဉ်ကို ရှင်းပြနေသည့်ဟန်မျိုးသာ ဖြစ်၏။

'ကောင်းပါတယ်၊ ဆုံးဖြတ်ပြီးရင် ဆက်လုပ်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းမောင်က ပြောလိုက်သည်။

ခင်နိုင့်အနေဖြင့်နည်းနည်းတော့ ထပ်ပြီးရှင်းပြဖို့လိုလိမ့်မည်။ သားမောင်က ရှိနေသေးသည် မဟုတ်လား။

ပြီးတော့ ငြိမ်းမောင်က ကောင်းပါတယ်ဟုပြောလိုက်သည့်စကားသည် အဓိပ္ပာယ် အမျိုးမျိုး ထွက်စေသည်။ မင်း အိမ်မှာမရှိတာကောင်းတယ်ဆိုသော အဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။ အားလုံးအဆင်ပြေဖို့အတွက် ကောင်းတယ်ဆိုတာလည်း ဖြစ်နိုင်သည်။

'ကျွန်မအနေနဲ့ တခြားမှာသွားနေဖို့ ဆွေဆွေဦးက အကြံပေးခဲ့တယ်မဟုတ်လား။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီအလုပ်ကိစ္စကပေါ်လာတာနဲ့ ကျွန်မလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်'

ခင်နိုင်က ပြေပြေလည်လည်ဖြစ်အောင် ပြောသည်။

ငြိမ်းမောင်က ပြုံးလိုက်၏။

ထိုအပြုံးသည် ကောင်းသောအလားအလာမဟုတ်ကြောင်း ခင်နိုင် သိပြီးသား။

'မင်းကို ငါ ချီးကျူးပါတယ်။ အခုလို အကျဉ်းအကျပ်ကြားထဲကတောင် ကိုယ်ဖြစ်ချင်တာကို ရအောင် ကြိုးစားနိုင်တဲ့အတွက်လည်း မင်းကိုယ်စား ဂုဏ်ယူပါတယ်'

ငြိမ်းမောင်သည် ထေ့တတ် ငေါ့တတ်သူတစ်ယောက် မဟုတ်။ ပြောစရာရှိလျှင် ပေါ်ပေါ်ထိုင်ထိုင် တည့်တည့်ကြီး ပြောတတ်သူတစ်ယောက် ဖြစ်သည်။ ထိုကဲ့သို့သော သူမျိုးက ခုလိုပြောလိုက်ခြင်းအတွက် ခင်နိုင် သိပ်နာသွားသည်။

'ကျွန်မကို ဒီလို ငေါ့စရာမလိုပါဘူး။ ကျွန်မဟာ သားကိစ္စကို ခုတုံးလုပ်ပြီး အမြတ်ထုတ်ရလောက်အောင် အောက်တန်းမကျသေးပါဘူး။ ကျွန်မ နေရာကနေ ဝင်ပြီး စဉ်းစားကြည့်ပါဦး။ ကိုယ့်သားအရင်းဖြစ်ပါလျက်နဲ့ အတူတူမနေရဘူး၊ မတွေ့ရဘူး၊ စကားမပြောရဘူးဆိုတော့ ကျွန်မ ဘယ်လောက်ခံစားရမယ်ဆိုတာ'

'ဒါတွေဖြစ်လာအောင် ဘယ်သူဖန်တီးခဲ့တာလဲ'

'တမင်ဖန်တီးခဲ့မှန်းသေချာလို့ကတော့ မင်းကို အသက်ရှင်လျက်တောင် မထားသင့်တော့ဘူး။ ဘာပဲဖြစ်ဖြစ် သားမောင် ခုလိုဖြစ်ရတာက မင်းကြောင့်ပဲ။ ဒီအတွက် မင်းပြန်ပြီး ပေးဆပ်ရမယ့်စားရှောင်ထွက်သွားဖို့ ကြိုးစားတယ်။ မင်းကို သားနဲ့မတွေ့ဘဲ နေဖို့ဆိုတာ အခိုက်အတန့်အားဖြင့်ပြောတာ။ နိုင်ငံခြားထိ သွားရှောင်နေဖို့ ပြောတာ မဟုတ်ဘူး။ အေးလေ ဒါတွေပြောနေလို့ အပိုပါပဲ။ မင်းက နိုင်ငံခြားသာသွားရမယ်ဆိုရင် ခုဘဝတင်မဟုတ်ဘူး။ နောင်ဘဝကျမှ သွားလို့ရမယ်ဆိုရင်တောင် နိုင်ငံခြားမှာ လူသွားဖြစ်ရပါစေလို့ ဆုတောင်းပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားမယ့် မိန်းမမျိုးပဲ'



ဒီလို စွပ်စွဲခြင်းခံရမည်ကို ခင်နိုင် တွက်ဆခဲ့ပြီးသား ဖြစ်၏။ သို့တိုင်အောင် တကယ်တမ်းအပြောခံလာရသောအခါ ခင်နိုင် ဆတ်ဆတ်ခါ နာမိပြန်သည်။

'ကျွန်မ သားကို ဘယ်လောက်ချစ်တယ်ဆိုတာ ရှင် မသိနိုင်ပါဘူး။ သိအောင် ပြောပြစရာလည်း မလိုဘူး။ တစ်နေ့နေ့ကျရင်…'

ငြိမ်းမောင်က လက်ကာပြသည်။

'တော်ပါတော့ ခင်နိုင်၊ သားကို မင်းတကယ်မချစ်ပါဘူး။ ဒါကြောင့်သာ ဒုက္ခိတသားကလေးကို ထားခဲ့ပြီး နိုင်ငံခြားကို ထွက်သွားရက်တာပေါ့'

'ဒီအတွက် ကျွန်မမှာ ရှင်းပြစရာ အဆင်သင့်ရှိတယ်။ ဒါပေမယ့် ရှင့်ကိုတော့ တစ်သက်လုံး ရှင်းမပြဘူးမှတ်ပါ'

'ငါကတော့ ပြောစရာရှိတာတွေ ပြောရလိမ့်မယ်။ ငါက သိပ်စကားများများ ပြောတတ်တဲ့လူမဟုတ်ဘူး။ အခုတစ်ခါတော့ ပြောရလိမ့်မယ်။ နောက်နောင် ပြောချင်မှ ပြောခွင့်ရတော့မှာကိုး'

ငြိမ်းမောင်၏စကားများသည် လိုရင်းလမ်းကြောင်းပေါ်သို့ ဦးတည်ရောက်ရှိလာပြီ ခင်နိုင်သည် ရင်ဆိုင်ဖို့ အသင့်ပြင်သောအားဖြင့် ကိုယ်ကို မတ်မတ်ထားလိုက်သည်။

'သားမောင်ကို မင်း မချစ်ဘူး။ မချစ်တာမှ မမွေးခင်ကတည်းက မချစ်တာ။ ဘာကြောင့်လဲဆိုတော့ သားမောင်ကိုယ်ဝန်ရှိချိန်နဲ့ မင်း နိုင်ငံခြားပညာတော်သင် သွားရမယ့်အချိန် တိုက်ဆိုင်နေလို့ပဲ။ အဲဒီတုန်းက ကိုယ်ဝန်ဖျက်ချဖို့အထိတောင် မင်း ကြိုးစားခဲ့သေးတယ်'

'ဘာ… ရှင်…'

'မငြင်းပါနဲ့။ ငါ အကုန်သိပြီးသားပါ။ အဲဒီတုန်းက တစ်ရက်မှာ မင်း ဆေးခန်း တစ်ခုကိုသွားတာ ကောင်းကောင်းမှတ်မိမှာပေါ့။ ငါလိုက်လာတော့ မင်းက စမ်းသပ်ခန်းထဲမှာ။ အပြင်က စာရေးကို မင်းနာမည်မေးလို့မရဘူး။ ဘယ်ရမလဲ၊ မင်းက မှတ်ပုံတင်စာအုပ်မှာ နာမည်ရင်းကိုမှ မပြောခဲ့ဘဲ။ ဒီတုန်းက ငါ့စိတ်ထဲမှာ အမှတ်တမဲ့ပဲ။

နောက် ဟိုတလောကမှ အဲဒီဆေးခန်းဟာ တရားမဝင် ကိုယ်ဝန်ဖျက်ချတဲ့ လုပ်ငန်းလုပ်နေလို့ သက်ဆိုင်ရာက အရေးယူလိုက်တယ်ဆိုတဲ့အကြောင်း သတင်းစာထဲမှာ ဖတ်ရတယ်။ မင်း အဲဒီဆေးခန်းကိုသွားတာဟာ ရိုးရိုးသားသား မဟုတ်ဘူး ဆိုတာ သိပ်ရှင်းတယ်'

'အဲဒီတုန်းက ဒီဆေးခန်းအကြောင်း ကျွန်မ မသိလို့သွားတာ။ ရုံးက သူငယ်ချင်း တစ်ယောက်ရှေ့မှာ နိုင်ငံခြားသွားဖို့ ကိစ္စလေးရှိလို့ အခက်အခဲဖြစ်ကြောင်းပြောမိလို့ အဲဒီသူငယ်ချင်းက သူ့မိတ်ဆွေဆရာဝန်နဲ့ ဆွေးနွေးကြည့်ပါဆိုပြီးခေါ်လို့ လိုက်သွားတာ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုနေရာထိမှ ထိုယ်ဝန်ကို အန္တရာယ်မရှိဘဲ ဖျက်ချပေးမယ်၊ ငါးရာလောက် ကျမယ်ပြောမှ ကျွန်မ ဒါမျိုးတော့ မလုပ်ချင်ကြောင်းပြောပြီး ပြန်ထွက်လာခဲ့တာ။ ကျွန်မသာ ဖျက်ချရှင်ရင် ကလေးရှိနေတဲ့အကြောင်း ရှင့်ကိုတောင် ဖွင့်ပြောစရာမလိုဘူး။ ရှင်မသိအောင် ဖျက်ချပစ်လိုက်မှာပေါ့'

'မင်းပြောသမျှ ယုံရမလိုပဲပေါ့။ ငါကတော့ မယုံချင်ဘူး။ သားမောင်ကို ကိုယ်ဝန်ရှိနေတုန်းမှာ မင်းဟာ ကိုယ်ဝန်ဆောင်တစ်ယောက်လို ဂရုတစိုက်မနေခဲ့ဘူး။ ပျက်ချင်ဖျက်တချပါ့စေဆိုပြီး ပေါ့ပေါ့ဆဆနေတဲ့ သဘောမျိုးတွေ တွေ့ခဲ့ရတယ်။ သားမောင်မှာ ဦးနှောက်ချွတ်ယွင်းတဲ့ ရောဂါပါလာတာဟာ ကိုယ်ဝန်ဆောင်ဘဝမှာ မင်း ဂရုမစိုက်ခဲ့လို့ဆိုတာ အဓိကအကြောင်းလို့ ပြောနိုင်တယ်'

ခင်နိုင် တစ်ခုခုဝင်ပြောဖို့ ပြင်သော်လည်း ငြိမ်းမောင်က ဝင်ခွင့်မပေးဘဲ

'မွေးလာပြီးတော့ကော မင်းဂရုမစိုက်လို့ သားမောင် မကြာခဏ ချူချာနေခဲ့တာပဲ မဟုတ်လား။ နောက်ပိုင်းအခြေအနေဆိုးလာတာတွေကကော…'

'ကျွန်မတစ်ယောက်တည်းပေါ့ အပြစ်ပုံချတာ လုံးဝမတရားဘူး။ နောက်ပိုင်းမှာ သားမောင်ကို ကျွန်မ ဘယ်လောက်ဂရုစိုက်ခဲ့သလဲ။ သားအတွက် ဘယ်လောက် ခံစားရသလဲ။ ဒါပေမယ့် တိုက်ဆိုင်မှုတွေကြောင့် ကံဆိုးခဲ့ရတာ ကျွန်မ မတတ်နိုင်ဘူး'

'အေး… ကံမကောင်း အကြောင်းမလှလို့ ခုလိုအဖြစ်ဆိုးရရှာတဲ့ သားကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးရမယ့်အစား မင်းက မင်းတစ်ယောက်တည်းအတွက် အကောင်းဆုံးဖြစ်မယ့်လမ်းကို ရွေးခဲ့တယ်မဟုတ်လား၊ ရတယ်။ ငါ မကန့်ကွက်ဘူး။ မင်း လွတ်လွတ်လပ်လပ် စိတ်အေးချမ်းသာသွားနိုင်အောင် ငါ စီစဉ်ပေးမယ်'

'ရှင် ဘာကို ဆိုလိုတာလဲ'

'မင်းကို ငါ ကွာပေးလိုက်မယ်'

'ရှင်က ကွာချင်နေတာလား'

'ငါပြောတဲ့စကားက ရှင်းပါတယ်။ ကွာပေးလိုက်မယ်၊ ဒါပဲ'

တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်းဆိုင်ကြည့်နေကြသည်။ တစ်ယောက်ကမှ စတင်၍ လွှဲဖယ်မသွားစတမ်း ကြည့်နေကြသည်။ ထို့နောက် ခင်နိုင်က…

'ကောင်းပြီ၊ ကွာပေးပါ'

ထိုအချိန်တွင် အခန်းထဲမှ သားမောင်က မီးသတ်ကားကလေးနှင့် ကစားနေရင်း ဥသြဆွဲသံမျိုး လုပ်နေသည်ကို ကြားလိုက်ရသည်။

❑

နိုင်ငံခြားကို သွားဖို့ တစ်ပတ်ခန့်လိုသေးသော်လည်း ဒီအိမ်ကို စွန့်ခွာထွက်သွားရန် ခင်နိုင် ဆုံးဖြတ်လိုက်သည်။ မနေ့ကပင် သူနှင့်ငြိမ်းမောင်တို့ ကွာရှင်းစာချုပ်ကို လက်မှတ်ထိုးခဲ့ကြသည်။

ငြိမ်းမောင်က မင်း ဘာလိုချင်သလဲ၊ ယူသွားဟု ပြောသည်။ ခင်နိုင်က…

'ဒီအိမ်ကလည်း ရှင့်အိမ်ပဲ။ ဘဏ်မှာရှိတဲ့ ငွေတွေကလည်း ရှင့်ငွေတွေပဲ။ ကျွန်မနဲ့ ဘာမှမပတ်သက်ဘူး။ ကျွန်မနဲ့ပတ်သက်တာ သားမောင်တစ်ယောက်ပဲ ရှိတယ်'

'သားမောင်ကိုတော့ မင်းယူသွားလို့ မရပါဘူး'

'ဟုတ်တယ်၊ ဒါပေမယ့် သားမောင်ဟာ ကျွန်မနဲ့ပတ်သက်တယ်ဆိုတာကတော့ ရှင် မြဲမြဲမှတ်ထားပါ'

ဟု ပြောခဲ့သည်။

ခင်နိုင်သည် မနက်အစောကြီးကတည်းက ယူဆောင်စရာရှိသော ပစ္စည်းတွေကို ထုပ်ပိုးနေသည်။ တကယ်တော့ ညကတည်းကဟုပင် ဆိုနိုင်သည်။ ညက တစ်ညလုံး သူ မအိပ်ခဲ့။

ငြိမ်းမောင်က ဘယ်လိုပဲ စွပ်စွဲခဲ့သည် ဖြစ်စေ၊ သားမောင်ကို သူ တကယ် ချစ်ကြောင်း သူ့ကိုယ်သူ ယုံကြည်သည်။ သားမောင်အပေါ် သူချစ်သည့် အချစ်ငြ တ…ကမျိုး။ သာမန်အားဖြင့် မသိသာဘဲ ငုပ်လျှိုးနေတတ်ပြီး အရေးအကြောင်း… ဒ…ဖင်းအထန်ပေါ်လာတတ်သည့် အချစ်မျိုး။ ဒါဟာ ပုံမှန်အတိုင်းမှ ဟုတ်ရဲ့လား… ဒိုကိုယ်တိုင်ကကော စိတ်ဝေဒနာတစ်ခုခု စွဲကပ်နေလေပြီလား။

သူသည် ဒီအိမ်ကို စွန့်ခွာပြီး နိုင်ငံရပ်ခြားကို ထွက်သွားဖို့ ဆုံးဖြတ်ပြီးပြီ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအောင်နှင့်သင် ကွာရှင်းခဲ့ပြီးပြီ။ သူသည် စိတ်ဓာတ်ပျော့ညံ့သူတစ်ယောက် မဟုတ်။ ငါလုပ်တာ မှားသွားပြီလားဟု နောင်တရနေတတ်သူ မဟုတ်။ ဆုံးဖြတ်ချက်ကို ပြင်ဖို့ စိတ်မကူး။ သွားကိုသွားမည်ပင် ဖြစ်၏။

သို့ရာတွင် သားမောင်နှင့် တကယ်တမ်းခွဲခွာရတော့မည်ဆိုသောအခါမှာတော့ အပြင်းအထန် ခံစားရသည်။ ဖြစ်နိုင်လျှင် သားကို တိတ်တခိုးယူ၍ ခေါ်သွားချင်သည်။ မဖြစ်နိုင်တာကို စိတ်ကူးမယဉ်တတ်သော သူ့အကျင့်ကြောင့်သာ ထိုအတွေးကို အလျှင်အမြန် မောင်းထုတ်လိုက်နိုင်ခြင်း ဖြစ်၏။

သူသည် သားမောင်ကိုထားရစ်ပြီး ထွက်ခွာသွားနိုင်သည့် စိတ်အင်အားကို တစ်ညလုံး မွေးမြူတည်ဆောက်ခဲ့သည်။

သူ့အဖို့ ယူဆောင်သွားစရာပစ္စည်း များများမရှိ။ နိုင်ငံခြားသွားရမည် ဖြစ်၍ များများလည်း မလိုအပ်ချေ။ လိုအပ်သော စာရွက်စာတမ်းများ၊ ပြင်သစ်ဘာသာ ဆိုင်ရာ စာအုပ်များ၊ လက်ဝတ်လက်စားအနည်းငယ်၊ လက်ဆွဲသေတ္တာတစ်လုံးစာ အဝတ်အစားများသာ ဖြစ်၏။

သတိတရအရေးထားယူသောပစ္စည်းကတော့ သားမောင်၏ဓာတ်ပုံ အယ်လ်ဘမ် ကလေးပင်။

နံနက်စာ စားချိန်လောက်မှာပင် ထုပ်ပိုးပြင်ဆင်ပြီးသွားသည်။

သို့တိုင်အောင် နောက်ထပ်တစ်နာရီလောက်ကြာအောင် အခန်းထဲမှာပဲ ထိုင်နေ မိသေးသည်။ သူ့စိတ်ဓာတ်ကို ကြံ့ခိုင်လာအောင် တည်ဆောက်သည်။

နောက်ဆုံးတွင် နှုတ်ခမ်းကိုကိုက်ပြီး ထရပ်လိုက်သည်။ လက်ဆွဲအိတ်နှင့် သားရေသေတ္တာကို တစ်ဖက်စီဆွဲပြီး အခန်းအပြင် ထွက်လိုက်သည်။

ဧည့်ခန်းမှာ ဘယ်သူမှမရှိ။ သူသည် ဒီအိမ်က တိတ်ဆိတ်စွာ ထွက်ခွာရမည် ဖြစ်၏။ သူ့ကို နှုတ်ဆက်စကားပြောမည့်သူ မရှိ။ လက်ဆွဲအိတ်တွေကို ခဏချပြီး သားမောင်၏အခန်းနား ကပ်သွားသည်။ တံခါးက စေ့ရုံစေ့ထား၏။ အနည်းငယ်ဟနေ သော ကွက်လပ်မှ သူ ချောင်းကြည့်လိုက်သည်။

သားမောင်သည် လှေ့ငွေ၏ပေါင်ပေါ်မှာ ခေါင်းအုံး၍ ပက်လက်လှဲနေသည်။ လှေ့ငွေ ပုံပြောနေ၏။

'ကြက်ကလေးက နည်းနည်းလေးပဲ အီးပေါက်ပါရစေ မေမေရယ်လို့ ပြော တော့ ကြက်မကြီးက မပေါက်ပါနဲ့ သားလေးရယ်။ ကြောင်ကြီး ကြားသွား[illegible]မယ်လို့ ပြောတာပေါ့။ ကြက်ကလေးကလည်း အောင့်လို့မရတော့ဘူးဆို[illegible] ကြက်မကြီးက ဒါလောက်တောင်ဖြစ်လှတာ ပေါက်ဟယ်လို့အပြော ကြက်[illegible]



သည်း ဘူဆိုပေါက်ချလိုက်တာ စဉ့်အိုးကြီး ငွမ်းခနဲကွဲသွားတော့သတဲ့။ အဲ··· ဒါနဲ့···'

သားမောင်က ပုံပြင်ကို သဘောကျပြီး တခစ်ခစ် ရယ်နေသည်။

ခင်နိုင့်ပါးပြင်က နွေးခနဲဖြစ်သွားသည်။ မျက်စိအမြင်အာရုံကလည်း မှုန်ဝါး သွား၏။ မျက်ရည်ရွှဲစိုသောပါးပြင်ဖြင့် တံခါးဘောင်ကို မှီအပ်လိုက်သည်။

အခန်းထဲကိုပြေးဝင်သွားပြီး သားကို ဖျစ်ညှစ်ပွေ့ဖက်၍ သားကို မေမေ သိပ်ချစ်ပါ တယ် သားရယ်။ တစ်နေ့နေ့ကျရင် မေမေ ပြန်လာခဲ့ပါမယ်ကွယ်။ ခုတော့··· ခုတော့ မေမေ့ကို ခွင့်လွှတ်ပါဦးတော့ သားမောင်ရယ်ဟု ပြောလိုက် ချင်သည်။

သားမောင်၏ တခစ်ခစ်ရယ်သံလေးကို လပေါင်းများစွာ ကြားယောင်နေပေ တော့မည်။

သူသည် မတ်မတ်ပြန်ရပ်လိုက်သည်။ မျက်ရည်ကိုသုတ်သည်။ မျက်နှာထားကို တင်းလိုက်သည်။ အိမ်ကထွက်ပြီးလျှင် နောက်ကို လုံးဝပြန်လှည့်မကြည့်ဘူးဟု ဆုံးဖြတ်လိုက်သည်။

ခြေလှမ်းဆိုသည်မှာ နောက်ပြန်လှမ်းရိုးထုံးစံမရှိ။ သို့ရာတွင် အလွမ်း၌ ခြေထောက်မပါရှိချေ။

❑

www.burmeseclassic.com

www.burmeseclassic.com

'မင်း စိတ်မကောင်းဖြစ်နေသလား ငြိမ်းမောင်'

ဒေါ်ကြီးက ကော်ဖီပန်းကန်နှင့် ရေနွေးကြမ်းအိုးကို စားပွဲပုလေးပေါ် တင်ရင်း မေးလိုက်သည်။

ငြိမ်းမောင်သည် အိမ်ရှေ့က ပန်းခြံထဲမှာ ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်တွေးငေးနေတာ အတော်ကြာသွားပြီ။

ဒေါ်ကြီး၏အမေးကို ပြန်မဖြေဘဲ ကော်ဖီပန်းကန်ကိုသာ လှမ်းယူလိုက်သည်။ ဒေါ်ကြီးက ဆေးလိပ်ခွက်ထဲမှာရှိနေသော စီးကရက်တိုများကို တစ်ချက် ကြည့်လိုက်ပြီး…

'ဆန်ဆုံစား ကံကုန်သွားပေါ့ကွယ်'

ငြိမ်းမောင်က တစ်ချက်စောင်းကြည့်ပြီး…

'ကျွန်တော်က သူ့ကို သတိရနေတယ်လို့များ ထင်လို့လား'

'နှစ်ပေါင်းများစွာ ပေါင်းလာတဲ့ မိန်းမပဲကွယ်။ လွယ်လွယ်နဲ့တော့ မေ့လို့ ဘယ်ရပါ့မလဲလေ'

'မေ့စရာလည်းမလိုဘူး။ သတိရစရာလည်းမလိုဘူး။ သူ့ကို ကျွန်တော် ဘယ်လိုမှ သဘောမထားဘူး။ အိမ်မှာ ရက်ရှည်လာပြီးတည်းသွားတဲ့ ဧည့်သည်တစ်ယောက် ပြန်သွားတယ်လို့ပဲ သဘောထားတယ်။ ကျွန်တော့်စိတ်ထဲမှာ သားမောင်ကို ဘယ်လို ပြုစုရမလဲဆိုတာပဲ စဉ်းစားတယ်'

'မင်းအနေနဲ့ နောက်အိမ်ထောင်ပြုဖို့ ကောင်းတယ်'

ဒေါ်ကြီးက ရုတ်တရက် ပြောလိုက်သဖြင့် ငြိမ်းမောင် အံ့သြသွားသည်။

'ဟာ… ဘာတွေပြောနေတာလဲ။ အဓိပ္ပာယ်မရှိတာ။ အမေအရင်းတောင်

www.burmeseclassic.com

www.burmeseclassic.com



ဒီလောကထဲမှာဖြစ်နေရင် မိထွေးဆို ပိုဆိုးမှာပေါ့'

'မိထွေးဆိုရင်တောင် ဒီလောက်တော့ ဆိုးမယ် မထင်ပါဘူးဟယ်'

'တော်စမ်းပါ ဒေါ်ကြီးရာ'

'ငါ တကယ်ပြောတာပါ။ မင်းယူချင်တဲ့ မိန်းမယူ။ ငါ ထိပ်ပေါ်တင်ပြီး တစ်သက်လုံး ကျွေးမွေးထားမယ်။ ငါ့မြေးလေးကို ချစ်တတ်ရင် ကျေနပ်ပါပြီ'

ပြောရင်းက ဒေါ်ကြီး အသံတွေတုန်လာသည်။ ဆက်ပြောလျှင် သူ ငိုတော့မည်။ ထို့ကြောင့် ငြိမ်းမောင်က…

'ဩော်… လှငွေကို ပြောလိုက်ပါ ဒေါ်ကြီး။ သားမောင်ကို ကျွန်တော့်ဆီ လွှတ်လိုက်ပါလို့၊ လိပ်ပြာကလေးတွေ ပြမယ်ပြောတယ်လို့'

ဟု ပြောလိုက်ရသည်။

❑

ခင်နိုင်မရှိတော့သည့်အခါကျမှ သားမောင် အခန်းပြင်ထွက်သည်။ လှငွေတို့ ဒေါ်ကြီးတို့လည်း သားကို အခန်းထဲမှာပင် ချေးသေးတည်ရ၊ ရေချိုးပေးရသည့် ဒုက္ခမှ လွတ်မြောက်သွားသည်။

ခင်နိုင် အိမ်မှာမရှိတော့သည့်အတွက် သားမောင်သည် အလွန်ပျော်ရွှင်လွတ်လပ် သွားပုံရသည်။ ကျန်းမာရေးလည်း ပိုကောင်းလာသည်။

ဉာဏ်စဉ်မမီသည့်ရောဂါမှာ ရှိမြဲဖြစ်သော်လည်း ခင်နိုင့်အပေါ် ဖြစ်ပေါ်နေသည့် အစွဲအလမ်းထားစရာမလိုတော့သဖြင့် ဝေဒနာတစ်ဝက် ပျောက်ကင်းသွားပြီဟု ဆိုကောင်းဆိုနိုင်စရာ ရှိသည်။

သားမောင်၏ပြောဆိုပြုမူပုံ အသိဉာဏ်များမှာ အနည်းငယ်တိုးတက်လာသည်။

စကားပိုပြောလာသည်။ သီချင်းတစ်ပိုင်းတစ်စ သင်ပေးလို့ ရလာသည်။

ငြိမ်းမောင်ကတော့ ခုမှ ပိုလို့တောင် ဂရုစိုက်သေးသည်။ သားက ညဆိုလျှင် အိပ်ရာထဲမှာ သေးပေါက်တုန်း ဖြစ်၏။ တစ်ရေးနိုးသည့်အခါတိုင်း သေးစိုသလား ထထစမ်းရတာက အလုပ်တစ်ခု။ စိုနေလျှင်ချက်ချင်းလဲပေး၊ စိုသည့် အိပ်ရာခင်းပေါ်မှာ အဝတ်ခံပေးနှင့် မညည်းမညူ လုပ်သည်။ တစ်ခါတလေ သားက အိပ်ရာထဲမှာ ချေးထွက်တတ်သေးသည်။ ထိုအခါကျလျှင်လည်း ညကြီးမင်းကြီးထ၍ မရွံမရှာ သုတ်သင်ပေးတတ်သည်။

မနက် ရုံးသွားခါနီးတိုင်း…

'သားမောင် ဖေဖေရုံးသွားတော့မယ်နော်။ ညနေ ဘာဝယ်ခဲ့ရမလဲ'

ဟု မေးသည်။



သားမောင်ကလည်း စိတ်ကူးရသည့်ရာ ပြောတတ်သည်။ တစ်ခါတလေ သားမောင် က ပါးစပ်ထဲတွေ့ကရာ မှာတတ်၏။ ငြိမ်းမောင်ကလည်း သားမှာသမျှ မရရအောင် ဝယ်သည်။ နွေခေါင်ခေါင် လိမ္မော်သီးမှာလျှင်လည်း သိမ်ကြီးဈေးက စတော်ဘ ရောင်းသည့် ဆိုင်တွေမှာ ဈေးကြီးပေးဝယ်လာသည်။ တစ်ခါတလေ တစ်ပတ်လောက် ဆက်တိုက် ဖိနပ်ချည်းမှာသည်။ ငြိမ်းမောင်ကလည်းဝယ်လာသဖြင့် ဖိနပ်တွေ အများကြီး ဖြစ်ချင်ဖြစ်နေသည်။

တစ်ရက်ကျတော့ သားမောင်က ခွေးချေးဝယ်ခဲ့ဟု မှာသည်။ သားက ပေါက်တရ တွေ့ကရာပြောသော်လည်း ငြိမ်းမောင်မှာ တစ်နေ့လုံး ခေါင်းကိုက်အောင် စဉ်းစားရသည်။ နောက်မှ အကြံရပြီး ချော့ကလက်တွေ ယ်၍ ခွေးချေးလို ရှည်မျောမျောဖြစ်အောင် ဆုပ်နယ်ပြီး ပေးရသည်။ သားမောင်ကတော့ သူ့ ဘာသာ ပြောချင်ရာပြောပြီး မေ့နေပြီ

ခွေခွေဦးက တစ်လတစ်ခေါက် နှစ်ခေါက် ကြုံသလိုဝင်လာပြီး သားကို လာ ကြည့်ပေးသည်။ ခင်နိုင်ထွက်သွားပြီး ပထမဆုံးအကြိမ်လာစဉ်က ခင်နိုင်မရှိတော့တာ သိသွားပြီး တော်တော်စိတ်မကောင်းဖြစ်သွား၏။

'ဘယ်လိုဖြစ်ကြတာလဲဟာ။ ငါ့ပယောဂများ ပါနေသလား'

ဟု မေးသည်။

'ဘာဆိုင်လို့လဲဟ'

'ခင့်အနေနဲ့ တခြားမှာ ခဏသွားနေလိုက်ပါလို့ ငါ အကြံပေးခဲ့တယ် မဟုတ်လား'

'မဆိုင်ပါဘူး။ နင်ပြောခဲ့တာက လပိုင်းလောက်ပဲဟာ။ အခုဟာက သူ့ဘာသာ သွားချင်လို့သွားတာ။ သားကို ခုတုံးလုပ်ပြီး သူ့ကိုယ်ကျိုး သူရှာသွားတာ။ တကယ်တော့ သူဟာ မိသားစုနဲ့နေတတ်တဲ့လူမျိုး မဟုတ်ဘူး။ သံယောဇဉ်ထားတတ်တဲ့လူလည်း မဟုတ်ဘူး။ သူ တကယ်ချစ်တာက သူ့ကိုယ်သူပဲ။ တစ်ကိုယ်ကောင်းသမားပဲ'

'ဒီလောက်လည်း ရင့်ရင့်သီးသီး မပြောပါနဲ့ဟာ။ ခင့်အကြောင်း ငါသိပါတယ်။ သူ့နေရာက စဉ်းစားကြည့်တော့လည်း…'

'ဒီမှာ ခွေခွေဦး၊ သူက သူ့နေရာက စဉ်းစားပေမယ့် ငါက ငါ့နေရာက စဉ်းစားတာမဟုတ်ဘူး။ သားမောင်နေရာက စဉ်းစားတာ။ တော်ပါတော့ဟာ။ ဒါတွေ ပြောမနေပါနဲ့တော့။ အားလုံးပြီးသွားပြီပဲ။ ငါနဲ့ ငါ့သားနဲ့ အဆင်ပြေ နေသားကျနေပြီ ဒါပဲပေါ့'

သားမောင်သည် အသက်ငါးနှစ်ကျော်လာပြီ။ ကျောင်းထားရမည့် အရွယ် ရောက်လာပြီ။ သို့ရာတွင် သားမောင်သည် ကျောင်းတက်နိုင်လောက်သည့် အခြေ အနေမရောက်သေး။ သုံးနှစ်သားအရွယ် အသိဉာဏ်လောက်သာရှိသေးသည်။ ခွေခွေဦး

www.burmeseclassic.com

www.burmeseclassic.com



နှင့် တိုင်ပင်ကြည့်တော့…

'ဉာဏ်စဉ်မမီတဲ့ ကလေးတွေကို ပြုစုတဲ့နည်း နှစ်မျိုးရှိတယ်ဟ။ တစ်မျိုးက သူတို့ရဲ့နောက်အဆင့်အတန်းနဲ့ ကိုက်ညီတဲ့အခြေအနေကို ဖန်တီးပြီး လိုက်လျောညီထွေ ဖြစ်အောင် လုပ်တဲ့နည်းပဲ။ ဥပမာ- အသက်ငါးနှစ်အရွယ်ကလေးက အသက်သုံးနှစ်သား အသိဉာဏ်လောက်ပဲရှိတယ်ဆိုရင် သုံးနှစ်သားလိုပဲသဘောထားပြီး ပြုမူဆက်ဆံရတယ်။

နောက်တစ်နည်းကတော့ တကယ်ရှိနေတဲ့ အသက်အရွယ်အတိုင်း ဆက်ဆံပြုမူပေးခြင်းအားဖြင့် ကလေးရဲ့စိတ်ဓာတ်အခြေအနေ မြင့်မားလာအောင် ဆွဲဆောင်တဲ့ နည်းပဲ။ ဒုတိယနည်းက သိပ်မလွယ်ဘူး။ အရမ်းဂရုစိုက်ရတယ်။ စိတ်ရှည်ရတယ်။ အချိန်ပေးရတယ်။ လူကြီးတစ်ယောက်ယောက် အမြဲလိုစောင့်ကြည့်ပြီး လိုသလို ပြုပြင်ပေးရတယ်။ ဒီနည်းက တို့ဆီမှာ သိပ်မလွယ်ဘူး။

ဒါမျိုးကလည်း ကိုယ်တစ်ယောက်တည်းနဲ့ မပြီးဘူးလေ။ ပတ်ဝန်းကျင်က ပါ ကလေးအပေါ် နားလည်သဘောပေါက်ပြီး ဝိုင်းဝန်းကူညီမှရတာ။ တို့ဆီမှာက ဒီရောဂါနဲ့ပတ်သက်တဲ့ ဗဟုသုတနည်းကြသေးတယ်။ ဒီလိုကလေးမျိုးကို ကူညီစောင့်ရှောက်ရတောင်းမှန်း သိပ်မသိကြသေးဘူး။ ကျပ်မပြည့်ဘူး၊ ဝမ်းတွင်းရူးကလေးဆိုပြီး သဘောထားတတ်ကြတာ။ အလွန်ဆုံးသနားတာလောက်ပဲ ရှိမယ်'

'ဒါဆို ငါ့သားကို ဘယ်လိုလုပ်ရမလဲ။ ကျောင်းမထားရတော့ဘူးပေါ့'

'အကောင်းဆုံးကတော့ သူ့ဦးနှောက်အဆင့်အတန်းနဲ့ညီတဲ့ အဆင့်မှာပဲ ထားရမှာပဲ။ ဒီတော့ ငါ အကြံတစ်ခုပေးမယ်။ နင့်သားကို မူကြိုကျောင်းမှာ ထားကြည့်' ❑

ခွေခွေဦး အကြံပေးသည့်အတိုင်း သားမောင်ကို မူကြိုကျောင်းမှာ သွားအပ်သည်။ အခြေအနေအရပ်ရပ်ကို ကျောင်းအုပ်ဆရာမကြီးအား ရှင်းပြရသည်။

'ကျွန်မတို့ကျောင်းမှာက ငါးနှစ်ပြည့်ပြီးတဲ့ ကလေးကို လက်မခံပါဘူး။ ဒါပေမယ့် ဦးငြိမ်းမောင်သားကိုတော့ တစ်မျိုးစဉ်းစားရမှာပေါ့လေ။ ဦးငြိမ်းမောင် ပြောတဲ့အတိုင်းဆိုရင် ကျွန်မလည်း ကိုယ်ချင်းစာမိပါတယ်။ ကျွန်မ တတ်နိုင်သလောက် ကူညီပါ့မယ်။ တစ်ခုပဲရှိတယ်။ ဦးငြိမ်းမောင်သားက လူကောင်ကြီးနေတော့ တခြားကလေးတွေကို အနိုင်ကျင့်တာမျိုးဖြစ်မှာ စိုးရိမ်တယ်'

'ဒါတော့ မဖြစ်စေရပါဘူး။ ကျွန်တော့်သားက ကလေးချင်း ရန်လိုတတ်တဲ့ အကျင့်မျိုး မရှိပါဘူး'

သားမောင်က မူကြိုကျောင်းမှာ အဆင်ပြေသည်။ ပျော်လည်း ပျော်ပုံရသည်။ အိမ်မှာကစားရင်း ကျောင်းကသင်ပေးသည့် ကဗျာတွေ၊ သီချင်းတွေ အော်ဆိုနေတတ်သည်။ စာသားတွေကတော့ မမှန်ချေ။ ဘာပဲဖြစ်ဖြစ် သားအဖို့ ပတ်ဝန်းကျင်နှင့် ထိတွေ့ခွင့်ရခြင်း၊ တခြားကလေးများနှင့် ပေါင်းသင်းဆက်ဆံခွင့်ရခြင်းသည် အမြတ်ဟု၍ပင် သဘောထားရသည်။

မနက်ဆိုလျှင် ငြိမ်းမောင်ရုံးသွားရင်း သားကို ကျောင်းဝင်ပို့သည်။ ကျောင်းဆင်းလျှင်တော့ လှငွေက သွားကြိုပေးသည်။

တစ်ရက်တော့ ကျောင်းမှာ သား၏အခြေအနေသိရအောင် ငြိမ်းမောင်ကိုယ်တိုင် သွားကြိုသည်။ အရင်ရက်တွေတုန်းက မနက်ကျောင်းပို့ပြီးလျှင် ရုံးချိန် မီအောင် သွားရသဖြင့် ဆရာမကြီးနှင့် စကားပြောဖို့ အချိန်မရ။ ဒီနေ့မှ ရုံးက နေ့တစ်ဝက်ခွင့် ယူပြီး သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



'အောင်ဇော်ငြိမ်းခိုင်က ကျောင်းမှာ အဆင်ပြေပါတယ်။ အစကတော့ သူက လူအောင်ကြီးလို့ တခြားကလေးတွေက ကြောက်နေကြသေးတယ်။ နောက်တော့မှ အဆင်ပြေသွားတာ။ သူက သဘောကောင်းတာကိုး'

ဆရာမကြီးက ပြောသည်။

ထို့နောက် သားမောင်တို့အတန်းဆီ ခေါ်သွားပြီး ပြသည်။

ကျောင်းဆင်းခါနီးပြီဖြစ်၍ အခန်းကျယ်ကြီးထဲမှာ ကလေးတွေ ပြေးလွှား ဆော့ကစားနေကြသည်။ သားမောင်ကို အလွယ်တကူပင်မြင်ရသည်။ တခြား ကလေးငယ်တွေကြားထဲမှာ မားမားကြီး ဖြစ်နေသောကြောင့်ပင်။

သားမောင်တို့အုပ်စုက စိန်ပြေးတမ်းကစားနေကြသည်။ သားမောင်က လိုက်ရသည့်အလှည့်ဖြစ်၏။ တခြားကလေးငယ်တွေက သားမောင်ကို မထိတထိ စပြေးပြေးကြသည်။

'ပေါပေါကြီးရေ စိန်၊ ပေါပေါကြီးရေ စိန်'

ဆရာမကြီးက…

'ဇော်ငြိမ်းခိုင်က သဘောကောင်းလို့ ကလေးတွေက ပေါပေါကြီးလို့ ခေါ်ကြတယ်'

'ဪ…'

ငြိမ်းမောင် ရယ်လိုက်ရသော်လည်း နည်းနည်းစိတ်မကောင်း ဖြစ်သွားသည်။ သားမောင်သည် သူ့ထက်ငယ်သော ကလေးတွေကြားထဲမှာတောင် လူပေါ်ကြီး ဖြစ်နေရပါကလား။

သားမောင်ကတော့ ဘာမှုမသိ။ ဟိုလူ့လိုက်ဖမ်း၊ ဒီလူ့လိုက်ဖမ်း လုပ်ရင်း ပျော်နေသည်။ ခပ်ပုပုသေးသေး ကလေးငယ်တစ်ယောက်က အတင့်ရဲစွာ အနီးကပ်ပြီး စသည်။

သားမောင်က မမြင်ချင်ယောင်ဆောင်နေရာမှ ဆတ်ခနဲလှည့်၍ ဖမ်းလိုက်သည်။ ချာတိတ်ကလေးက ကိုယ်ကို တွန့်လိမ်၍ အသံကလေး လွှတ်ရုံးရှောင်လိုက်သည်။ သားမောင် အရှိန်လွန်ပြီး ဟပ်ထိုးလဲကျသွားသည်။

ငြိမ်းမောင်က…

'ဟာ… လဲပြီ'

ဟု အော်လိုက်မိသည်။ သားမောင်ကတော့ လူးလဲထပြီး ဒူးခေါင်းကလေးကို ပွတ်ရင်း တဟဲဟဲ ရယ်နေသည်။ တခြားကလေးတွေက…

'ပေါပေါကြီး ရှုံးပါတယ်ဟေ့။ မီလည်း မိဘူး၊ ကရော် ကရော်'



ဟု စကြသည်။ သားက စိတ်မဆိုးဘဲ ဟိဟိဆိုရယ်၍ ခုန်ပေါက်ပြီး ကနေသည်။ ငြိမ်းမောင်ကို မြင်သွားသောအခါ 'ဖေ'ဟု အော်ပြီး ပြေးလာသည်။

'အိမ်ပြန်ရအောင် သား'

'ပြန်ဘူး၊ ကဂျားမယ်'

'လာပါသားရဲ့၊ ရေခဲမုန့် ဝင်စားကြမယ်လေကွာ'

ဆိုတော့မှ သူ့သူငယ်ချင်းတွေကို တာ့တာဟု နှုတ်ဆက်သည်။ ထို့နောက် ဆရာမကြီးဘက်သို့ လှည့်၍…

'မင်ဒရာပါ ဆရာမကြီး'

ဟု နှုတ်ဆက်သည်။

ဒီလိုနှင့် မူကြိုကျောင်းမှာ တစ်နှစ်ကြာသွားသည်။ စာတွေ၊ ကဗျာတွေ သိပ်မတတ်သော်လည်း တစ်ပိုင်းတစ်စရွတ်ဆိုနိုင်သည်။ ကကြီးခကွေး၊ အေဘီစီဒီတို့ကို ဟိုတစ်လုံးဒီတစ်လုံး လျှောက်ရွတ်တတ်လာသည်။ မူကြိုထားလိုက် ရသဖြင့် အထိုက်အလျောက် တိုးတက်မှုရှိလာသည်ဟု ဆိုရမည်။ စကားပြောသွက်လက်ခြင်းသည် အဓိက အောင်မြင်မှုပင် ဖြစ်၏။

နှစ်ကုန်ခါနီးတွင် ကျောင်းကပွဲ ပြုလုပ်သည်။ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် သားမောင်လည်း ဝင်ပြိုင်ရသည်။ သားမောင်သည် စင်မြင့်ပေါ်တက်လာပြီး မိုက်ခရိုဖုန်းရှေ့မှာ ရပ်သည်။

'သားနာမည်က ဇော်ငြိမ်းခိုင် ဖြစ်ပါတယ်။ သားဆိုပြမယ့် ကဂျာကတော့… သားဆိုပြမယ့် ကဂျာကတော့…'

ဆိုပြီး ဆက်မပြောနိုင်တော့။ သူ့မေ့သွားပြီ။ ခေါင်းကုတ်ပြီး ဟီးဟီးဟု ရယ်လိုက်သည်။ ပရိသတ် ဝေါခနဲ ဖြစ်သွား၏။

သားတို့ဆရာမက စင်မြင့်ပေါ် ပြေးတက်လာပြီး သားနားကပ်၍ တိုးတိုး ပြောလိုက်သည်။ သားက…

'ဟာ… ဒီကဂျာတော့ သားမရဘူးကွာ။ ဆိုဘူး'

ဟု ပြော၍ စင်အောက် ပြန်ဆင်းသွားလေသည်။

ငြိမ်းမောင်သည် မချိသွားဖြဲ လုပ်နေရသည်။

တိရစ္ဆာန်လေးတွေလို လုပ်ပြီး ကကြရာမှာတော့ မျောက်က ကရသော သားမောင်သည် အတော်ဆုံးဖြစ်နေ၏။ သူက မျက်နှာကိုလည်းရှုံ့မဲ့၍ သွားကို ဖြဲထားဆို မျောက်နှင့် တော်တော်တူသည်။ ခုန်လိုက်ပေါက်လိုက် ကျွမ်းထိုးလိုက်နှင့် အတော် ပြောင်မြောက်သဖြင့် ပရိသတ်များ တဝေါဝေါပွဲကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အလှည့်ပြီး၍ ကျောင်းသူကလေးတစ်ယောက် ဒေါင်းမလေးလို ကနေတုန်းမှာဘင် သားမောင်က စင်ပေါ်ပြေးတက်လာပြီး မျောက်လို ထပ်ကနေပြန်ရာ ပွဲခင်းတစ်ခုလုံး ဆူညံနေတော့၏။

သားမောင် မျောက်က ကတာတော်လို့ ဆိုပြီး ဆရာမကြီးက ပလတ်စတစ်ရေဘူးလေးတစ်ဘူး ဆုချလေသည်။ သားမောင်သည် ပျော်၍မဆုံး။

❑

သားမောင်သည် အသက်ခြောက်နှစ်ခွဲ ရှိလာသည်။ ငြိမ်းမောင်က အတန်းကျောင်းမှာ စမ်း၍ထားကြည့်မည်ဟု စိတ်ကူးသည်။

သားမောင့်နှင့်ပတ်သက်၍ ပညာရေးတွင် ငြိမ်းမောင်က သိပ်မျှော်လင့်မထားခဲ့။ စာရေးတတ် ဖတ်တတ်၊ အပေါင်းအနုတ် အမြှောက်အစားကလေးတတ်လျှင် တော်ပြီဟု ယူဆသည်။

သူတို့အိမ်နှင့် အနီးဆုံး မူလတန်းကျောင်းမှာပင် သွားအပ်သည်။ ကျောင်းအုပ်ကြီးက သားမောင်၏ မွေးစာရင်းကို ကြည့်၍…

'ခြောက်နှစ်ခွဲတောင် ရှိနေပြီ။ ငါးနှစ်ဆိုရင် လက်ခံတာပဲ။ မနှစ်က ဘာဖြစ်လို့ လာမအပ်တာလဲ'

ဟု မေးသည်။

ငြိမ်းမောင်က ဒီလိုပါခင်ဗျာဆိုပြီး သားမောင်အကြောင်း ပြောရပြန်သည်။ ကျောင်းအုပ်ကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်း နားထောင်နေသည်။

ငြိမ်းမောင်စကားဆုံးတော့ သားမောင်ကို တစ်ချက်ကြည့်သည်။ သားမောင်သည် ကျောင်းရုံးခန်းအပြင်ကို ငေးကြည့်နေသည်။ ပါးစပ်ကြီးဟောင်းလောင်း လှစ်ထားသဖြင့် ပါးစောင်မှ သွားရည်များစီးကျနေ၏။ ငြိမ်းမောင်က လက်ကိုင်ပဝါဖြင့် အလျှင်အမြန် သုတ်ပေးလိုက်ရသည်။

'အေးဗျာ၊ ထားကြည့်ပေါ့။ ကျွန်တော် ဒေါ်စိုးမြင့်အတန်းမှာ ထားပေးမယ်။ ဒေါ်စိုးမြင့်က စိတ်ရှည်တယ်။ သဘောလည်းကောင်းတယ်'

'ကျေးဇူးပါပဲ ဆရာကြီး'

ငြိမ်းမောင်သည် ကျောင်းမဖွင့်မီ ရက်ပိုင်းအတွင်းမှာ သားမောင်ကို ကကြိုး

www.burmeseclassic.com

www.burmeseclassic.com



ခတွေ့ရအောင် အပြင်းအထန် သင်သည်။ မရ။ သားမောင်သည် က၊ ခ၊ ဂ၊ ဃ၊ င ငါးလုံးတွဲအထိတော့ ရသည်။ စ၊ ဆ၊ ဇ၊ ဈ၊ ည ကို သင်လျှင် ရှေ့က အကြီးခတွေကို မေ့သွားသည်။

ကျောင်းစဖွင့်သည့်နေ့တွင် ငြိမ်းမောင်လိုက်သွားပြီး ဆရာမကိုအပ်ရင်း သားမောင် အကြောင်း ရှင်းပြရသည်။ ဆရာမကလည်း စိတ်နိုင်သမျှကူညီပါမည်ဟု ကတိ ပေးသည်။

သားမောင်သည် သူ့ယပ်တန်းကို မူကြိုမှာလိုပဲ မှတ်သဖြင့် ကြည်ကြည်ဖြူဖြူပင် နေရစ်ခဲ့သည်။ နောက်တော့မှ မူကြိုကျောင်းမှာလို စိတ်ရှိလက်ရှိ မကစားရသဖြင့် ကျောင်းမတက်ချင်ဘူးဟု ငြင်းဆန်လာသည်။

ငြိမ်းမောင်က ကစားစရာအသစ်တွေဝယ်ပေးပြီး ချော့ချော့မော့မော့ တက်ခိုင်း ရသည်။ သားမောင် ကျောင်းမှာ အဆင်မပြေတာတွေ မကြာခဏ ကြုံရသည်။

ဗိုက်နာနေသော်လည်း ဆရာမကို မပြောရဲသဖြင့် အောင့်ထားရာက ဘောင်းဘီထဲ ချေးထွက်ကျတာမျိုး။ ဆရာမက စာဆိုခိုင်းသော်လည်း မဆိုတဲ့နေတာမျိုး၊ သူအိပ်ချင် လျှင် စားပွဲပေါ်မှောက်ပြီး အိပ်နေတာမျိုး။

မုန့်စားဆင်းချိန်တွင် လူငွေက မုန့်သွားကျွေးတတ်သဖြင့် သားမောင်အတွက် မုန့်ဖိုးပေးဖို့ မလိုချေ။ သားမောင်ကတော့ တခြားကလေးတွေလို မုန့်ဖိုးလိုချင်သည် ဆိုသဖြင့် ငြိမ်းမောင်က တစ်နေ့တစ်ကျပ် အိတ်ထဲ ထည့်ပေးလိုက်သည်။ သားမောင်က ပိုက်ဆံမသုံးတတ်သေး။ သားမောင်အကြောင်းသိသော တချို့ကလေးတွေက ကျပ်တန် နှင့် တစ်မတ်စေ့ကို ညှာပြီး လဲချင်လဲတတ်သည်။

တစ်ရက်တွင် ငြိမ်းမောင်ကို ဆရာမက တွေ့ချင်သည်ဆိုသဖြင့် သွားရသည်။ ကိစ္စက...

'ဖြစ်ပုံကတော့ ဒီလိုပါ ငြိမ်းမောင်။ ဖော်ငြိမ်းခိုင်ကို တခြားကလေးတွေက ဝိုင်းဝိုင်းပြီး စတတ်ကြတယ်။ ကျွန်မအတန်းက ကလေးတွေကိုတော့ ပြောပြထားလို့ သူတို့မစကြပါဘူး။ ဒါပေမယ့် တခြားကလေးတွေကိုတော့ ကျွန်မလည်း အကုန် လိုက်မပြောနိုင်ဘူး။ အဲဒါ မနေ့က သူ့ကို စတဲ့ ကလေးတစ်ယောက်ကို ဖော်ငြိမ်းခိုင်က ခဲနဲ့ထုလိုက်တာ ခေါင်းပေါက်သွားတယ်။ အဲဒီကလေးရဲ့ အမေက လာတိုင်လို့'

'ကျွန်တော် စိတ်မကောင်းပါဘူး။ အဲဒီကလေးရဲ့မိဘကို ကျွန်တော်သွား တောင်း ပန်ပါ့မယ်။ ခေါင်းပေါက်သွားတဲ့အတွက်လည်း လိုအပ်ရင် ဆေးဖိုးဝါးခပေးပါ့မယ်။ ကျွန်တော့်သားကိုလည်း ဆုံးမပါ့မယ်'

'ကလေးကို ရိုက်တော့မရိုက်ပါနဲ့နော်။ ဖော်ငြိမ်းခိုင်ဟာ သိပ်သနားဖို့ ကောင်းပါ



ဘယ်။ သူ့ခမျာ ဘဝအကျိုးပေးမကောင်းရှာလို့ ခုလိုဖြစ်ရတာပါ။ တခြားကလေးတွေ ကိုလည်း အပြစ်ပြောလို့ ခက်ပါတယ်။ သူတို့ကလည်း ရောဂါသည် ကလေးတစ် ယောက်ကို စနာသနားရမယ်လို့ ဘယ်သိကြပါ့မလဲ။ အားလုံးကို နားလည်အောင် လိုက်ရှင်းပြဖို့လည်း မဖြစ်နိုင်ဘူးလေ'

'ကျေးဇူးတင်ပါတယ် ဆရာမရယ်။ တကယ်တော့ ကျွန်တော်လည်း ဆုံးမ ခယ်လို့ ပြောမယ့်သာပြောရတာပါ။ ကျွန်တော့်သားကို ရိုက်ဖို့နေနေသာသာ လေသံ မာမာနဲ့တောင် မပြောရက်ပါဘူး။ တကယ်လို့ သူ့ကြောင့် တခြားကလေးတွေအတွက် အနှောင့်အယှက် ဖြစ်ရတယ်ဆိုရင် သားကို ကျွန်တော် ကျောင်းက ထုတ်သွားပါ့မယ်'

'အို... ဒီလိုတော့ မလုပ်ပါနဲ့ဦးလေ။ ကျွန်မတို့ စောင့်ကြည့်ကြသေးတာပေါ့'

သို့ရာတွင် နောက်တစ်ကြိမ် အဖြစ်အပျက်က ပို၍ဆိုးသည်။ ငြိမ်းမောင် ရုံးက ပြန်လာသောအခါ သားမောင်ကို မျက်နှာ ဖူးယောင်ညိုမည်းလျက် တွေ့ရသည်။ ငြိမ်းမောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

'သား ဘာဖြစ်သလဲ'

ငြိမ်းမောင်က သားနားမှာ ထိုင်ချလိုက်ရင်း မေးသည်။

'သူတို့က သားကို ချတယ်ကွ'

'ဘယ်သူတွေလဲ'

'ဟိုကောင်တွေ'

လူငွေထွက်လာပြီး ဒီလိုဦးဦးဟု အစချီပြောပြသည်။ သုံးတန်းကျောင်းသား တွေက သားမောင်ကို အရူးလေး အရူးလေးဆိုပြီး ဝိုင်းလှောင်ကြသည်။

အစတော့ သားက သူ့ထက်ကြီးသူတွေမို့ ကြောက်ပြီး ဘာမှပြန်မလုပ်ရဲ။ သုံးတန်းကျောင်းသားတွေ အတင့်ရဲလာပြီး အင်္ကျီစဆွဲလိုက် ဘောင်းဘီစ ဆွဲလိုက် လုပ်လာသည်။ ကျောင်းသားတစ်ယောက်က ဘောင်းဘီကိုဆွဲချွတ်ဖို့ ကြိုးစားသဖြင့် သားမောင်က သဲနှင့် ကောက်ပက်သည်။

ထိုကျောင်းသား၏ မျက်စိထဲ သဲတွေ ဝင်ကုန်ရာမှစ၍ တခြားကျောင်းသား တွေက သားမောင်ကို ဝိုင်းထိုးကြကြိတ်ကြခြင်း ဖြစ်၏။

'တောက်'

ငြိမ်းမောင် တက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည်။ သို့ရာတွင် ဘယ်သူ့ ကို ဒေါသဖြစ်ရမှန်းမသိ။ သားကို ဝိုင်းဝန်းထိုးကြိတ်ကြသည့် ကလေးတွေကိုသူ ခွင့်လွှတ်နိုင်သည်။ သားကို ဒီလိုဖြစ်အောင် ဖန်တီးသည့်ကံကြမ္မာကိုသာ ဒေါသသင့် စရာပေတော့သည်။ သူသည်...

www.burmeseclassic.com

www.burmeseclassic.com



'သားရေ၊ မင်းအဖြစ်ကလည်း…'

ဆိုပြီး သားမောင်ကို တင်းကျပ်စွာ ဖက်ထားလိုက်မိသည်။ ခင်ခိုင်ကို ဖျတ်ခနဲ သတိရသည်။ ခုအဖြစ်အပျက်သည် ခင်ခိုင်နှင့် မဆိုင်သော်လည်း နာကြည်းစိတ် ဖြစ်ပေါ်လာမိသည်။

ဒေါ်ကြီးက နန္ဒင်းကျပ်ထုပ်ထိုးပေးဖို့ ရောက်လာသည်။

'သားလေးရေ၊ နာနာ သက်သာသွားအောင် ကျပ်ထုပ်လေး ထိုးလိုက်နော်'

ဟု ပြောသည်။ သားမောင်က ထိုးဘူးကွာဟု ငြင်းသည်။ ငြိမ်းမောင်က…

'ဖေဖေ လုပ်ပေးမယ်နော် သား'

ပြောတော့မှ ခေါင်းညိတ်သည်။

ငြိမ်းမောင်က သားမနာစေရန် ခပ်ဖွဖွဖိသည့်တိုင် သားက တစ်ချက် တစ်ချက် ညည်းသည်။ ဒေါ်ကြီးက…

'မင်း ဘယ်လိုသဘောရလဲ ငြိမ်းမောင်' ဟု မေးသည်။

'ဘာကိုလဲ'

'ကလေးကို ကျောင်းဆက်ထားသင့် မထားသင့်'

ငြိမ်းမောင် ဘာမျှပြန်မပြော။ ဒေါ်ကြီးကပဲ ဆက်၍…

'ငါ့သဘောပြောရရင်တော့ ဆက်မထားချင်တော့ဘူး။ ခုတိုင်းဆိုရင် ကလေး ကျောင်းမှာလည်း ပျော်မှာမဟုတ်တော့ဘူး။ ရှေ့ဆက်ပြီးတော့လည်း ဒီလိုပဲ အနိုင် ကျင့်ခံနေရဦးမှာပဲ။ ကလေးစိတ်ထိခိုက်သွားရင် ပိုဆိုးဦးမယ်။ ရေးတတ် ဖတ်တတ် ရုံတော့ အိမ်မှာ ဆရာခေါ်သင်ပေးလည်း ရတာပဲ'

ငြိမ်းမောင်က ထိုကိစ္စကို ဆွေဆွေဦးဆီဖုန်းဆက်၍ တိုင်ပင်သည်။ ဆွေဆွေဦး က…

'သားမောင်က စာကော တော်တော်တတ်ပြီလား'

'မတတ်ပါဘူးဟာ။ ကကြီးခကွေးကို ထစ်ထစ်ငေါ့ငေါ့နဲ့ ဆိုတတ်တာလောက်ပဲ။ ကြားထဲက လူကြီးက တစ်လုံးနှစ်လုံး ဝင်ထောက်ပေးရသေးတယ်'

'ကလေးရဲ့ ပညာရေးနဲ့ပတ်သက်လို့ နင် ဘယ်လောက်ထိ မျှော်မှန်းထားသလဲ'

'ခုပုံအတိုင်းတော့ စာမေးပွဲလည်း အောင်မှာမဟုတ်ပါဘူး။ အတန်းပညာတော့ မျှော်လင့်စရာ မရှိဘူး။ အရေးအဖတ်အတွက်တောင် တတ်ရင်ပဲ ကျေနပ်ရမှာပဲ'

'သားမောင်က ကျောင်းကို ဆက်တက်ချင်တဲ့ ဆန္ဒရှိပုံရသလား'

'မသွားချင်တော့ဘူး။ သူ တော်တော်ကြောက်သွားပုံရတယ်။ နေ့စဉ် အသေးအဖွဲ အစော်ကားခံရတာမျိုးတွေလည်း ရှိနေမှာပဲ။ တခြားကျောင်းသားတွေ ဝိုင်းနှိမ်တာ၊



အဖက်မတန်သလို ဆက်ဆံတာ'

'အေးလေ၊ ဒါဆိုလည်း အိမ်မှာပဲ ဆရာခေါ်ပြီးသင်ပေးပေါ့။ ကျောင်းမှာ အခုဖြစ်သလို ဆိုးဆိုးရွားရွားထပ်ဖြစ်လာရင် အရင်တစ်ခါလို ပြန်ဖောက်လာမှာ စိုးရတယ်။ ပညာရေးထက် ကျန်းမာရေးကို ဦးစားပေးရမယ့် အခြေအနေ ရောက်နေ တာကိုး'

ဒီလိုနှင့် သားမောင်ကို ကျောင်းထုတ်လိုက်ရသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းမောင်က လဟာပြင်ဈေးရှိ ဆေးဆိုင်မှာ သားအတွက် ဆေးသွားဝယ်ရင်း ဆေးခန်းအတွက် ဆေးလာဝယ်သော ဆွေဆွေဦးနှင့်ဆုံသည်။ ဆေးဝယ်ပြီး ထွက်လာကြသောအခါ ဆွေဆွေဦးက…

'ဆာတယ်ဟာ၊ တစ်ခုခု စားရအောင်'

'မစားတော့ပါဘူး။ ငါ သွားစရာရှိတယ်'

'ခဏလေးပါဟ၊ သားမောင်အကြောင်းလည်း ငါ့ကို ပြောစမ်းပါဦး။ လာ… ကော်ပြန့်စိမ်း ကောင်းတယ်'

ဆိုပြီး ဆိုင်ထဲဝင်သွားသဖြင့် ငြိမ်းမောင် လိုက်ထိုင်ရသည်။ တကယ်တော့ ငြိမ်းမောင်မှာ တခြားသွားစရာ ကိစ္စမရှိချေ။ ဆွေဆွေဦးနှင့် ဆိုင်မှာ နှစ်ယောက်တည်း မထိုင်ချင်သောကြောင့် ဖြစ်၏။

သူတို့နှစ်ယောက်သည် သားမောင်ကိစ္စနှင့်ပတ်သက်၍ ဆရာဝန်ကြီးတွေဆီ သွားတာတို့ ဘာတို့တွင် နှစ်ယောက်တည်း အတူသွားခဲ့ရတာတွေရှိသည်။ ဘေးလူတွေအမြင်မှာ မသင့်တော်ဟု ငြိမ်းမောင် ယူဆသည်။

ခင်ခိုင်လည်း မရှိရော ငြိမ်းမောင်က အမျိုးသမီးတစ်ယောက်နဲ့ တွဲနေရောဟု ဘေးလူတွေ အထင်လွဲမှာ စိုးသောကြောင့် ဖြစ်၏။

တကယ်တော့ သူတို့နှစ်ယောက်မှာ ငယ်သူငယ်ချင်းတွေဖြစ်သောကြောင့် တစ်ယောက်အပေါ် တစ်ယောက် မောင်နှမလို ရင်းနှီးနေကြခြင်းသာ ဖြစ်၏။ ဒါကို သူများတွေက သိချင်မှ သိမည်။

နောက်တစ်ချက်က ဒေါ်ကြီးကြောင့် ဖြစ်၏။ ဒေါ်ကြီးက ဆွေဆွေဦးနှင့် ငြိမ်းမောင်ကို သဘောတူနေသည်။ တစ်ခါတစ်ခါ အနှောင့်အသွားမလွတ်သောစကားတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေဦးကို ပြောတတ်၏။

'ငါ့ဘူမလည်း တစ်သက်လုံး အပျိုကြီးလုပ်သွားဖို့များ စိတ်ကူးနေသလားပဲ။ စိတ်ကူးနဲ့ တော်ရော့၊ အပျိုကြီးလုပ်ရတာ သိပ်ဒုက္ခရောက်တာ။ ငါ့ကြည့်ပါလား။ အခု ဒီအိမ်မှာ ကျွန်လာခံနေရတယ်။ ဒါတောင် ငြိမ်းမောင်က ကောင်းပေလို့။ စိတ်ကူးမလွဲနဲ့၊ ခုနေ သင့်တော်တာတွေ့ရင် အိမ်မြန်သာယူပစ်လိုက်'

ဆွေဆွေဦးကလည်း အပျိုကြီးပီပီ ဘာမျှမရိပ်မိဘဲ ပြန်နောက်နေသေးသည်။

'ယူချင်တာကတော့ တစ်ပိုင်းကို သေနေတာပဲ ဒေါ်ကြီးရဲ့။ ဒါပေမယ့် ကျွန်မကို ကြိုက်မယ့်လူ မရှိလို့'

'အလိုလေးအေရယ်၊ ဆရာဝန်မကြီးလည်း ဖြစ်၊ ရုပ်ကလည်း ချော၊ ညည်းသာ လိုချင်ရင် ခေါင်းခေါက်ရွေးလို့ ရပါတယ်'

'ဒါဆိုလည်း ဒေါ်ကြီးပဲ တာဝန်ယူပြီး ရှာပေးပါတော့'

'စိတ်ချ၊ စိတ်ချ ရှာပေးမယ်'

ငြိမ်းမောင်မှာ ကြားထဲကမျက်နှာပူနေသည်။ သူတို့အပျိုကြီးနှစ်ယောက် တစ်ယောက်စကားတစ်ယောက်နားမလည်ဘဲ စွတ်ရွတ်ပြောနေကြသော်လည်း ငြိမ်းမောင်က ဆွေဆွေဦးကို အားနာနေမိသည်။ ထို့ကြောင့် သူတို့နှစ်ယောက်တည်း ဆိုင်မှာ မထိုင်လိုခြင်း ဖြစ်၏။

ဆွေဆွေဦးကတော့ ဘယ်လိုမှ သဘောမထား။

ကော်ပြန့်စိမ်းတစ်ပွဲနှင့် မဝလို့ဆိုပြီး ကော်ပြန့်ကြော်တစ်ခု ထပ်စားသေးသည်။

'သားမောင် အိမ်မှာ စာသင်နေတာ ဘယ်လိုလဲ'

ဟု မေးသည်။

'မဆိုးပါဘူး။ ဒါပေမယ့် စာလာသင်တာက ဆရာမဖြစ်နေတာခက်တယ်'

'ဘာ… စာသင်တာ ဆရာမ မသင်လို့ ဘယ်သူက သင်ရမှာလဲ'

'ငါပြောတာက ယောကျ်ားဆရာ မဟုတ်တာကို ပြောနေတာ။ ဆရာမလေးက ငယ်လည်း ငယ်တယ်။ ရုပ်ကလေးကလည်း မဆိုးဘူး'

'အမယ်… နင်က ဘာအကြံနဲ့ ဒီဆရာမလေးကို ငှားရတာလဲ'

'ငါ ငှားတာမဟုတ်ဘူး။ ဒေါ်ကြီးပေါ့။ အဲဒါ ငါ့ကိုမတိုင်ပင်ဘဲ လုပ်လို့ ပြောလိုက်ရသေးတယ်'

'အဆင်ပြေရင် ပြီးရောပေါ့ဟာ'

'နင်ကလည်း နားဝေးလိုက်တာ။ ဒေါ်ကြီးကပဲ အဲဒီဆရာမလေးကို သဘောကျလို့ တမင်ရွေးထားတာ။ သူက အပျိုဟ။ ငါနဲ့ နီးစပ်ချင် နီးစပ်သွားအောင်



ဆိုတဲ့အကြံနဲ့'

'အမယ်… ဒေါ်ကြီးက အတော်လာပါလား'

'တော်စမ်းပါဟာ။ အဲဒါ ငါစိတ်ညစ်တာပေါ့။ ဖြုတ်ပစ်ဖို့ကလည်း အားနာစရာကောင်းတယ်။ သားမောင်နဲ့ကလည်း အဆင်ပြေနေတော့ ခက်တယ်'

'နင်ကပဲ နာရတယ် ရှိသေးလို့လား'

'သူ့အတွက် ပြောတာပါဟ။ ငါက တစ်ခုလပ်၊ ငါ့အိမ်ကို လာလာနေရတာ အားပတ်ဝန်းကျင်က တစ်မျိုးထင်ရင် သူ့သိက္ခာကျတာပေါ့'

'နင်က ရုံးသွားနေရတာ မဟုတ်လား။ သူနဲ့ဆုံလို့လား'

'သူကလည်း ရုံးတစ်ရုံးမှာ အလုပ်လုပ်သေးတယ်။ စနေ၊ တနင်္ဂနွေမှာ လာလာသင်တာ။ သူလာပြီဆိုရင် ငါ့မှာ တမင်ရှောင်ရှောင်ထွက်ရတာက အလုပ်တစ်ခု'

'သူက ချောတယ်ဆို'

'ချောတာ ဘာဖြစ်လဲ'

'နင့်ကို ငါတစ်ခုမေးဦးမယ်။ နင် နောက်ထပ် အိမ်ထောင်ပြုဖို့များ စိတ်ကူးရှိသလား'

'မဟုတ်တာ၊ ငါ လုံးဝ မစဉ်းစားဘူး'

'ကောင်းပါတယ်၊ ငါဝမ်းသာတယ်။ တကယ်တော့ နင်နဲ့ ခင်နိုင်နဲ့ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်ဆိုတာ ငါသိတယ်။ တစ်နေ့နေ့ ခင်နိုင် ပြန်လာတဲ့အခါ နင်တို့နှစ်ယောက်…'

'ဒါတော့ လုံးဝမဖြစ်နိုင်ဘူး။ သူ့ကို ငါတစ်သက်လုံး ဘယ်တော့မှ ပြန်ပေါင်းဖို့ စိတ်မကူးဘူး'

'နင်…ခင်နိုင့်ကို သတိမရဘူးလား'

'သိပ်သတိရတာပေါ့၊ သားမောင်ကို ဂရုမစိုက်ဘဲနေခဲ့တာတွေ၊ သူ့ကြောင့် သားမောင် ရောဂါပိုဆိုးခဲ့ရတာတွေ၊ သူ တစ်ကိုယ်ကောင်းဆန်တာတွေ၊ ဘယ်မေ့နိုင်ပါ့မလဲ'

❑

www.burmeseclassic.com

www.burmeseclassic.com

## ၆

ဆရာမလေး မသိန်းသိန်းထွန်းနှင့် သားမောင်တို့ အဆင်ပြေနေကြသည်။ ဆရာမလေးက သဘောကောင်းသည်။ မျက်နှာချိုသည်။ သားမောင်ကို အလိုလိုက်သည်။

သူသည် ကျောင်းဆရာမတစ်ယောက်တော့ မဟုတ်။ သို့ရာတွင် ကလေးကို စာသင်တတ်သည်။ သားမောင်၏အကြိုက်ကို အလိုက်အထိုက်လုပ်ရင်း တစ်လုံးစ နှစ်လုံးစ သင်သွားခြင်းဖြစ်၏။

သားမောင်က ကကြီး ခခွေးတို့ အေဘီစီဒီတို့ကို အစီအစဉ်အတိုင်း မဆိုတတ်။ အလွတ်မရ။ ထို့ကြောင့် ဆရာမလေးက သင်ရိုးစနစ်အတိုင်းမသင်ဘဲ သူ့စိတ်ကူးနှင့် သူထွင်၍သင်သည်။ အလွတ်ရဖို့ထက် စာလုံးကိုမြင်လျှင် ကကြီးမှန်း ခခွေးမှန်းသိဖို့ အရေးကြီးသည်ဟု သူက ယူဆသည်။ စာဖတ်ပြီဆိုကတည်းက အလွတ်ဖတ်ရမှာ မဟုတ်။ အက္ခရာစာလုံးတွေကြည့်ပြီး ဖတ်ရမှာ မဟုတ်လား။

ဆရာမလေးက သားမောင်ကို ကကြီးပုံကလေးတွေလုပ်တမ်း ကစားရအောင်ဆိုပြီး စက္ကူဖြင့် ကကြီးပုံကလေးတွေ ကတ်ကြေးနှင့် ညှပ်ပြသည်။

ပြဿနာတစ်ခုတော့ရှိသည်။ သားမောင်က ကတ်ကြေးမြင်လျှင် ကြောက်တတ်သော အစွဲရှိနေခြင်းပင်။ သို့ရာတွင် ဆရာမလေးက ထိုအစွဲကို ပျောက်အောင် ပြုလုပ်နိုင်ခဲ့သည်။

နောက်တော့ သားမောင်က သူလည်း ကကြီးပုံညှပ်ချင်သည်ဟု ပြောသည်။ ထိုအခါ ဆရာမက

'ညှပ်ရမယ်၊ ဒါပေမယ့် သားမောင်ဘာသာ ကကြီးရေးပြီး ညှပ်ရမယ်နော်' ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှာညီဖြင့် သားမောင် ကကြီးရေးတတ်သွားသည်။ ကကြီးတွေချည်း နှစ်ရက် သုံးရက် ရေးခိုင်းလိုက်သောအခါ ကကြီးကို မှတ်မိသွားသည်။ ဆရာမ သင်သည့် နည်းသာ သားမောင်နှင့် အံကိုက်သည်။

တစ်ခါတစ်ခါ သားမောင်ကို ပုံပြောပြရင်းက ဂဏန်းသင်္ချာကို သင်ပေးသည်။

'တစ်ခါက ယုန်ကလေးရယ်၊ မျောက်ကလေးရယ်၊ ရှဉ့်ကလေးရယ် ရှိကြသတဲ့၊ အားလုံး ဘယ်နှကောင်လဲ၊ လက်ထောင်ပြစမ်း။ ဟုတ်ပြီ ဒီလက်ညှိုးက ယုန်၊ လက်ခလယ်က မျောက်၊ လက်သူကြွယ်က ရှဉ့်၊ ဒီတော့ ဘယ်နှကောင်လဲ၊ တစ်၊ နှစ်၊ သုံး သုံးကောင် မဟုတ်လား'

တစ်ခါတလေတော့လည်း တစ်နေ့လုံး စာမသင်လိုက်ရ။ သားမောင်နှင့် အတူတူ ကစားနေရတာနှင့် အချိန်ကုန်သည်။

တချို့ရက်များတွင် ကသိကအောက် ဖြစ်စရာနှင့် ကြုံရသေးသည်။ သားမောင်က ဆရာမနှင့် ကစားနေရာမှ ငြိမ်းမောင်ကိုပါ အတူတူကစားဖို့ ခေါ်ခြင်းပင် ဖြစ်၏။

'ဖေ…လာကွာ၊ သားတို့နဲ့ ကစားမယ်'

'ဟာ…ဖေဖေမအားဘူးကွ၊ လှငွေကို ခေါ်ပါလား'

'ရဘူး၊ ဖေနဲ့ပဲ ကစားမယ်'

ဆိုပြီး အတင်းဆွဲခေါ်သည်။ ဆရာမလေးဘေးနားမှာ အတင်းထိုင်ခိုင်းသည်။ ပြီးတော့

'အီးအီး ဘယ်သူပေါက်၊ မောင်ပေါက်၊ ပေါက်တဲ့လူ မှန်မှန်ပြော၊ အီးဖိုး တရားဟော၊ ဟောလို့မကျေ သံပရာရည်၊ ဘွတ်ရွတ်ဒိုင်း၊ ဟာ… ဆာမ ပေါက်တယ်'

ဆရာမလေးက မျက်နှာရဲခနဲဖြစ်သွားပြီး ရှက်ရယ် ရယ်သည်၊ ငြိမ်းမောင်လည်း ဆရာမကို အားနာရင်း သူပါရှက်နေ၏။ သားက ဒီလောက်နှင့် မပြီးသေး။

'ဖေနဲ့ ဆာမနဲ့ ပုစွန်ဆိတ်ဆိတ်လုပ်ကွာ'

ဟု ခိုင်းနေပြန်သဖြင့်…

'ဟာကွာ…မင်းကလည်း'

ဆိုပြီး ငြိမ်းမောင် ထပြေးရသည်။ ထိုအခါမျိုးတွင် ဒေါ်ကြီးသည် တစ်နေရာရာမှ မသိမသာ အကဲခတ်ကြည့်နေရင်း ပြုံးပြုံးကြီး ဖြစ်နေတတ်၏။

ကြာလျှင်ခက်မည်ဟု ငြိမ်းမောင်တွေးသည်။ သားမောင်က ဆရာမအပေါ် သံယောဇဉ်တွယ်တာလာခဲ့လျှင် ဒီကြားထဲ ဒေါ်ကြီးကလည်း သူ့အကြံနှင့်သူ မကြာခဏ ဆာတီးပေးနေလျှင် ပြဿနာတွေ ရှုပ်လာနိုင်သည်။

ငြိမ်းမောင်အနေဖြင့် ဆရာမလေးကို မချစ်နိုင်ပါ။ လက်ထပ်ဖို့ဆိုတာတော့



စိတ်တောင်မကူး။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်း မဟုတ်သော်လည်း ဆရာမလေးအနေဖြင့် သားကို သံယောဇဉ်တွယ်လာရာမှ အဖေကိုပါ သံယောဇဉ်ဖြစ် ကောင်း ဖြစ်လာနိုင်သည်။ ဒါမျိုးလည်း မမဖြစ်စေချင်။

မိမိကဲ့သို့ တစ်ခုလပ်၊ ရောဂါသည် သားတစ်ယောက်၏ အဖေကို ယူပြီး ဘဝကို မမြှုပ်နှံစေချင်။ ပြီးတော့ သူ့အနေဖြင့် နောက်ထပ် အိမ်ထောင်ပြုချင်စိတ်လည်း မရှိတော့။

ထို့ကြောင့် ဆရာမလေးကို အလုပ်က ရပ်စဲပစ်ဖို့လည်း မဖြစ်နိုင်။ သားမောင်သည် ဆရာမလေးနှင့် အဆင်ပြေနေသည်။ ခြောက်လလောက်အတွင်းမှာ သိသိသာသာ တိုးတက်လာသည်။

'သ ရေးချ ဝစ္စနှစ်လုံးပေါက်သီး၊ သဝေထိုးမရေးချ သေတ်မောင်၊ သားမောင်' ဆိုသော စာလုံးပေါင်းကို ကောင်းကောင်းရနေပြီ။ ထိုစာလုံးကို ပေါင်းတတ်သည့်နေ့က သားမောင်သည် တစ်နေ့လုံး ဒါကိုပဲ အော်ဆို၍ နေခဲ့သည်။ ဆရာမက သားဖေဖေပြန်လာရင် ဆိုပြနိုင်အောင် လေ့ကျင့်ထားဟု ဆိုသောကြောင့် ဖြစ်၏။

သားက သူ့နာမည်ကို စာလုံးပေါင်းပြသောအခါ ငြိမ်းမောင် အလွန်ဝမ်းသာသွားသည်။ ဒေါ်ကြီးကတောင် ဒါလေးပေါင်းတတ်တာ သူ့သား ဘီအေအောင် ဘာလောက် ဝမ်းသာနေတာဟု ပြောခဲ့သေးသည်။

ငြိမ်းမောင်ကလည်း

'ဆရာမလေးက သိပ်စေတနာပါတာ၊ လခပေးတာလည်း ပေးတာပေါ့။ ကိုယ့်အပေါ် စေတနာထားတော့ ကိုယ်ကလည်း သိတတ်တဲ့အနေနဲ့ အင်္ကျီစလေး ဘာလေး ဝယ်ပေးလိုက်ပါ'

ဟု ပြောသည်။

ငြိမ်းမောင်က ငွေတစ်ရာပေးပြီး ဒေါ်ကြီးဘာသာ ကြည့်ဝယ်ပေးလိုက်ဟု ပြောရသည်။

သားမောင်သည် ဖေဖေဆိုသော စကားလုံးကိုလည်း စာလုံးပေါင်းတတ်လာသည်။ ထို့နောက်ဆရာမက မေမေဆိုသော စကားလုံးကို သင်သည်။ သားမောင်က

'မေမေဆိုတာ ဘာလဲ'

ဟု မေးသည်။

သားမောင်နှင့် သူ့အမေအကြောင်းကို ဒေါ်ကြီးပြောပြထားသဖြင့် ဆရာမ သိပြီးသားဖြစ်၏။ သူကတော့ အမေဆိုတာ ဘာလဲဟု သားမောင် သိသင့်သည်ဟု ယူဆသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်

'အမေဆိုတာ သားကိုမွေးတဲ့ မေမေပေါ့၊ ဟို…'

ဆိုပြီး ခင်နိုင့်ဓာတ်ပုံများ ရှိလို့ရှိငြား နံရံပေါ်မှာ ကြည့်သည်၊ မရှိ။

'သားမှာ မေမေရှိတယ် မဟုတ်လား'

'ရှိဘူး'

'ရှိပါတယ်'

'ရှိဘူး၊ သေပြီ'

'မသေပါဘူး သားရဲ့ ရှိပါတယ်၊ ဟိုး…ကိုသွား…'

'ဒီမှာဆရာမ'

ငြိမ်းမောင်သည် အိမ်ရှေ့ခန်းမှာ စာဖတ်နေရာမှ သားမောင်နှင့် ဆရာမတို့ စကားပြောနေသည်ကို နားစွင့်နေခဲ့သည်။ ဆရာမက ခင်နိုင့်အကြောင်း ပြောတော့မည်ထင်သဖြင့် အလျှင်အမြန် ဝင်ပြောလိုက်ခြင်း ဖြစ်၏။

ဆရာမက စကားတန်းလန်းနှင့်ရပ်ပြီး ငြိမ်းမောင်ကို လှမ်းကြည့်သည်။

'အဲဒီအမေဆိုတာ မသင်ရင်ကောင်းမယ်'

ငြိမ်းမောင်က ခပ်တည်တည်လှမ်းပြောသည်။ ဆရာမက ပြုံးလိုက်၏။

'အမေဆိုတာဘာလဲ၊ အမေဆိုတာဘာလဲဆိုတာတော့ သင်ပေးသင့်တယ် ထင်လို့ပါ ဦးငြိမ်းမောင်'

'သင်ချင်လည်း စာပဲသင်ပါ။ ဆရာမကို စာသင်ဖို့ခေါ်တာပါ'

ငြိမ်းမောင်လေသံက ခပ်ဆတ်ဆတ်။ ဆရာမသည် ရှိုးမသွားဘဲ ခပ်အေးအေး ဝင် ပြန်ပြောသည်။

'ဆရာမဆိုတာ စာတစ်ခုပဲ သင်ရတာမဟုတ်ပါဘူး'

'ကျွန်တော့်သားကိုတော့ စာပဲ သင်စေချင်တယ်'

'သူ့အမေနဲ့ပတ်သက်လို့ ကလေးကို ညာမပြောသင့်ပါဘူး။ သူ့အမေ သေပြီလို့ ကလေးကို ပြောထားတာဟာ တရားသဖြင့်မဟုတ်ဘူးလို့ ကျွန်မထင်တယ်။ သူ့ အမှန်အတိုင်း သိစေသင့်ပါတယ်'

ရိုးရိုးအေးအေးလေးဟု ထင်ခဲ့သောဆရာမသည် သူ့ကို တစ်ခွန်းချင်း တုံ့ပြန်နေသဖြင့် ငြိမ်းမောင် စိတ်တိုသွားသည်။

'ကျွန်တော့်မိသားစုအရေးကိစ္စမှာ ဆရာမအနေနဲ့ ဘာမှ ဝင်ရောက်စွက်ဖက်ခွင့် မရှိဘူး'

'ကျွန်မ ကလေးအတွက်ပြောတာ၊ ဦးငြိမ်းမောင်ဟာ ကလေးကို သူ့အမေနဲ့



တစ်သက်လုံး အဆက်အသွယ်ဖြတ်ထားဖို့ ကြိုးစည်တာ မတရားပါဘူး'

ငြိမ်းမောင်သည် ရုတ်တရက် ဘာမှ ပြန်မပြောနိုင်။ ဆရာမက သူ့ကို မတရားဘူးဟု ပြောသဖြင့် တုန်ခနဲဖြစ်သွားသည်။ ထို့နောက်

'နက်ဖြန်ကစပြီး ဆရာမ ဒီကိုလာဖို့ မလိုတော့ဘူး။ ဆရာမအတွက် သုံးလခ စာကို အိမ်ကို ပို့ပေးလိုက်မယ်'

'နေပါစေ၊ ကျွန်မငွေမလိုချင်ပါဘူး။ ကျွန်မ အခုပဲ သွားပါ့မယ်'

ဆရာမက သားမောင်၏ ခေါင်းကလေးကိုပွတ်၍ နှုတ်ဆက်သည်။ သားက ဘာမျှနားမလည်သဖြင့်

'ဆာမ၊ စာသင်မယ်လေ'

'နက်ဖြန်မှ ဆက်သင်မယ်ကွယ်'

ဟု ပြောပြီး ထွက်သွားသည်။

ငြိမ်းမောင်သည် သူပြောတာ လွန်သွားကြောင်း သိလိုက်၏။ ဒေါ်ကြီးကလည်း သူ့ကို အပြစ်တင်သည်။

သို့ဖြင့် ညနေစောင်းတွင် ဆရာမအိမ်သို့သွား၍ တောင်းပန်စကားပြောသည်။

'ကျွန်တော်ပြောခဲ့တာတွေကို မေ့လိုက်ပါ။ ဆရာမအနေနဲ့ ခါတိုင်းလိုပဲ အိမ်ကို လာခဲ့စေချင်ပါတယ်'

'ကျွန်မလည်း တော်တော်စိတ်မကောင်းဖြစ်သွားတယ်။ ကျွန်မဘက်ကလည်း လွန်သွားပါတယ်။ ဦးငြိမ်းမောင်တို့ မိသားစုအရေးကိစ္စကို ဝင်စွက်ဖက်မိသလို ဖြစ်သွားတာကိုး။ ကျွန်မ စေတနာနဲ့ပြောတယ်ဆိုပေမယ့် နောက်နောင် ဒါမျိုး သတိထားပါ့မယ်'

'သူ့အမေထွက်သွားတာ နှစ်နှစ်လောက်ရှိနေပြီဆိုတော့ သားလည်း မေ့နေပါပြီ၊ မေ့လက်စနဲ့ ဆက်မေ့တာပဲ ကောင်းပါလိမ့်မယ်ဗျာ'

ဆရာမအိမ်ကိုသွားရင်း ဆရာမအကြောင်း ပိုသိခဲ့ရသည်။ ငြိမ်းမောင် ထိုအိမ်မှာ ရှိနေစဉ်အတွင်း ဧည့်သည်တစ်ယောက် ရောက်လာသည်။ ဆရာမ အပါအဝင် အိမ်သူအိမ်သားများက ပျာပျာသလဲ ကြိုဆိုကြသည်။ ငြိမ်းမောင်နှင့်လည်း မိတ်ဆက် ပေးကြသည်။

ထိုသူကား ဆရာမနှင့် စေ့စပ်ကြောင်းလမ်းထားသော ဆရာမ၏ ချစ်သူဝင် ဖြစ်ပေ၏။ သူ့နာမည်က မန်းညိုဝင်းမောင်ဖြစ်၍ ဘားအံမြို့အနီး ကောကဒါးရွာမှာ မူလတန်းပြဆရာလုပ်နေသည်။ ပွင့်ပွင့်လင်းလင်းပြောတတ်သူ ဖြစ်သဖြင့် ဆရာမနှင့်သူတို့ နွေကျောင်းပိတ်ရက်တွင် လက်ထပ်ကြမည်ဟု ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို လက်ထပ်ပြီးရင် ဆရာမက ဟိုမှာလိုက်နေမှာပေါ့'

ငြိမ်းမောင်က သူ့သားအတွက် စိုးရိမ်ပြီး ပြောလိုက်သည်။ ဆရာမက ရိပ်မိသည်။

'ချက်ချင်းလိုက်မသွားနိုင်သေးပါဘူး။ ကျွန်မ အလုပ်ပြောင်းခွင့်ရမှ လိုက်လို့ရမှာပါ'

'ကျွန်တော့်အိမ်ကိုလည်း ဆရာလာလည်ပါဦး။ ဆရာမနဲ့ လိုက်ချင်လည်း လိုက်ခဲ့ပေါ့'

ဟု ဖိတ်ခဲ့သည်။

ဆရာမမှာ စေ့စပ်ပြီးသားလူရှိသည်ဟု ဒေါ်ကြီးကို ပြောပြလိုက်သောအခါ ဒေါ်ကြီး ဝက်လက်လန်သွား၏။

❑

မန်းညိုဝင်းမောင်နှင့် ဆရာမ သိန်းသိန်းထွန်းတို့ နွေကျောင်းပိတ်ရက်မှာ လက်ထပ်ကြသည်။ ဆရာမ၏အိမ်မှာပင် ဧည့်ခံပွဲပြုလုပ်ပြီး အုန်းနို့ခေါက်ဆွဲ ကျွေးသည်။ ငြိမ်းမောင်တို့ တစ်အိမ်သားလုံး သွားကြသည်။

ဆရာမသည် မင်္ဂလာသတို့သမီးပီပီ ဖြီးလိမ်းဝတ်စားထားသဖြင့် သားမောင်က အံ့ဩနေသည်။ ပြီးမှ

'ဆာမက လှတယ်'

ဟု ပြော၏။ မန်းညိုဝင်းမောင်က

'ဦးဦးရော မလှဘူးလားကွ'

ဆိုတော့ သားမောင်က ရှုံ့မဲ့၍

'လှဘူး'

အားလုံး ဝိုင်းရယ်ကြသည်။

မင်္ဂလာဆောင်ပြီးနောက် နွေကျောင်းပိတ်ရက်အတွင်း မန်းညိုဝင်းမောင်ထ ရန်ကုန်မှာပင် နေသည်။ ငြိမ်းမောင်တို့အိမ်ကို မကြာခဏ လာလည်တတ်သည်။ သူက ရိုးရိုးရှင်းရှင်း ပွင့်ပွင့်လင်းလင်း ပြောတတ်သူမို့ ငြိမ်းမောင်နှင့် အတော် ခင်မင်သွားကြသည်။

နောက်ပိုင်း ပြောမနာ ဆိုမနာ ရင်းနှီးလာကြသောအခါ ငြိမ်းမောင်က သူနှင့် ဆရာမကို ဒေါ်ကြီးက သဘောတူခဲ့ပုံကို ပြောပြသည်။

'အမယ်လေး၊ ကံကောင်းလို့ပါလား။ ကိုငြိမ်းမောင်သာ သိန်းသိန်းကို ကြိုက်ခဲ့ရင် ဖိုးခွားတို့ ကျွန်ရစ်ဖြစ်တော့မှာပါလား အမိုးရေ'

ဟု သူနဖူး သူရိုက်ရင်း မန်းညိုဝင်းမောင်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက နောက်လိုက် ပြောင်လိုက် ပျော်ပျော်ပါးပါးနေတတ်သဖြင့် ဒေါ်ကြီးတို့ ထအေးဖြီး ခင်နေသည်။ သားမောင်နှင့်လည်း အဖွဲ့ကျသည်။ သားမောင်က ဦးမန်း၊ ဦးမန်းနှင့် အတော်ခင်မင်နေ၏။

တစ်ခါက မန်းညိုဝင်းမောင်က သားကို စသည်။

'မင်း ယောက်ျားလေးလား၊ မိန်းကလေးလား'

'ယောက်ျား'

'ဒါဆို ဥရှိမှာပေါ့'

'ရှိတာပေါ့'

'ရှိရင် ဦးမန်းကို ပြစမ်း၊ ကြည့်ရအောင်'

'ဟာကွာ၊ ရှက်စရာကြီး'

'မရှက်ပါနဲ့ကွ၊ ပြစမ်းပါ'

'မပြဘူးကွာ'

'ဒါဆို ဥမရှိလို့ မပြတာဘဲ ဖြစ်ရမယ်'

'ရှိတယ်၊ ဒီမှာကြည့်ပါလား'

ဆိုပြီး သားမောင်က ဘောင်းဘီလှန်ပြသည်။

'ဟာ…ဟုတ်တယ်ဟေ့'

သားမောင်က ပြန်ပြောသည်။

'သား ပြပြီးပြီ။ ဦးမန်းလည်း ပြလေ'

'ဟိုက်…ပြဿနာပဲ။ ဒါတော့ မလုပ်ပါရစေနဲ့ကွာ'

'ရှိရင်ပြပေါ့'

'ဒုက္ခပဲ၊ ကိုယ့်အတတ်နဲ့ ကိုယ်စူးပြီ'

'ဦးမန်းမှာ ဥမရှိဘူး'

'ရှိပါတယ်ကွာ၊ အိမ်မှာ မေ့ကျန်ခဲ့လို့။ နောက်တစ်ခါလာမှ ပြမယ်၊ ဟုတ်လား'

မန်းညိုဝင်းမောင်သည် ရန်ကုန်မှာ နှစ်လခွဲလောက်နေပြီး ကျောင်းဖွင့်တော့ ဘားအံပြန်သွားသည်။

ဆရာမက နောက်ရှစ်လလောက်ကြာမှ အလုပ်ပြောင်းခွင့်ရသည်။

ထိုကာလများအတွင်း သားမောင်ကို စာဆက်သင်ပေးသည်။

ဆရာမသည် သားအပေါ် အတော်သံယောဇဉ်ဖြစ်သဖြင့် ဘားအံကို ထွက်ခွာမည့်နေ့က အိမ်ကိုလာ၍ မျက်ရည်လည်ရွဲ နှုတ်ဆက်ရှာသည်။ သားမောင်ကလည်း အသေအချာမသိသေးသော်လည်း သူ့ဆရာမငိုတာတွေ့သဖြင့် လိုက်ငိုသည်။



ဆရာမက ဘားအံကို လာလည်ပါရန် အထပ်ထပ် မှာသွားသည်။

သားမောင်ကို အမှန်အတိုင်း မပြောခဲ့ကြ။ ဆရာမက ဦးမန်းဆီ ခဏလိုက်သွားတာ၊ ပြန်လာမယ်ဟု ပြောထားကြသည်။

သားမောင်က ဆရာမ ပြန်လာသေးဘူးလားဟု မကြာခဏမေးသည်။ ကြာတော့လည်း မမေးတော့။ တစ်ခါတစ်ခါ မှိုင်မှိုင်နေတတ်သောကြောင့် သတိရနေတုန်းမှန်း သိသာသည်။

သားမောင်အတွက် ဆရာမအသစ်တစ်ယောက်ရှာသည်။ ဒီတစ်ခါ အသက်နည်းနည်းကြီးသော ဆရာမကို ရှာသည်။ ဆရာမက မဆိုးလှသော်လည်း သားမောင်က စိတ်ကြိုက်မတွေ့။ စာသင်တာကို လက်မခံ။ ယောက်ျားဆရာ ကျတော့လည်း စိတ်မရှည်။

သားသဘောကျအောင် အရင်ဆရာမ ဒေါ်သိန်းသိန်းထွန်းတို့အရွယ် ခပ်ချောချော ဆရာမမျိုးရှာသည်။ သို့ရာတွင် ထိုဆရာမသည် သားမောင်၏ သည်းညည်းကို မခံနိုင်။ သားမောင်သည် သူ့ဆရာမကိုသာ စိတ်စွဲလမ်းနေသည်။

ထို့အပြင် နောက်ထပ် ထပ်ငှားသော ဆရာမတွေက အရင်ဆရာမလို သားမောင်နှင့် မကိုက်သောကြောင့်လည်း ဖြစ်၏။

သို့ဖြင့် ငြိမ်းမောင် တစ်လှည့်၊ ဒေါ်ကြီး တစ်လှည့်၊ လှဌေး တစ်လှည့် ကြုံသလို သင်ပေးရသည်။ သို့ရာတွင် သူတို့က ကျွမ်းကျင်မှုမရှိသဖြင့် တိုးတက်မှု ဖြစ်မလာခဲ့ချေ။ ဆရာမသင်ပေးတုန်းက သားမောင်သည် အိမ်ရှိလူများ၏ နာမည်များ၊ နေ့စဉ် မြင်တွေ့နေရသော ပစ္စည်းများ၊ အမျိုးနှစ်ဆယ် သုံးဆယ်လောက်ကို စာလုံးပေါင်းတတ်နေပြီ ဖြစ်၏။ ခုတော့ တတ်ထားတာလေးတောင် တချို့ မေ့ကုန်ပြီ။

တကယ်တော့ သားမောင်၏ဦးနှောက်သည် မှတ်ဉာဏ်စွမ်းအား အလွန်ချို့တဲ့နေသည်။ ပုံမှန်လူတွေလို မှတ်သားပုံ နည်းစနစ်ဖြင့် မရ။ တစ်ခုခုကို မှတ်မိစေလိုလျှင် ၎င်းနှင့် ဆက်နွယ်ပတ်သက်နေသော အခြားတစ်ခုကို တွဲ၍ ပြရသည်။ သို့တည်းမဟုတ် အထပ်ထပ်အကြိမ်ကြိမ် ခေါင်းထဲရိုက်သွင်းရသည်။ ပြီးလျှင် မေ့မသွားအောင် အမြဲ သတိပေး အစဖော်ပေးရသည်။

သားမောင်ကို စာသင်ရသည်မှာ လူအများအတွက်ပြုလုပ်ထားသော နည်းစနစ်ဖြင့် သင်လို့မရ။ သူ့အတွက် သီးခြားစနစ်တစ်ခုတွင်ရသည်။ ထိုစနစ်မှာလည်း ပုံသေမဟုတ်၊ အဆင်သင့်သလို ပြောင်းလဲရသည်။ သားမောင်၏ စိတ် အခြေအနေကို ကြည့်၍ လိုက်လျောညီထွေအောင် ပြုပြင်ရသည်။

ထိုနည်းလမ်းကို ဆရာမ ဒေါ်သိန်းသိန်းထွန်းတစ်ယောက်တည်းသာ တတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆိုရလောက်ဖြစ်နေ၏။ ဆရာမ မရှိတော့သောအခါ သားမောင်၏ ပညာရေးမှာ ရေစုန်မျော ဖြစ်သွားပြန်လေသည်။

□

သားမောင် စာသင်ဖို့ကိစ္စ မရေမရာဖြစ်သွားသည့် နောက်ပိုင်းတွင် ငြိမ်းမောင်က သားကိုပို၍ အလိုလိုက်လာသည်။ စနေ၊ တနင်္ဂနွေဆိုလျှင် သားမောင် သွားချင်သည့်နေရာတွေ လိုက်ပို့သည်။ ပြီးတော့ စားချင်တာစား ဝယ်ကျွေးတတ်သည်။

တိရစ္ဆာန်ရုံထဲမှာဆိုလျှင် မျောက်ရှာကို သားက သဘောအကျဆုံး။ မျောက်တွေကို ငှက်ပျောသီး ပစ်ပစ်ကျွေးရတာကို အပျော်ဆုံးဖြစ်၏။ တစ်ခါ တစ်ခါ ကျွေးပြီဆိုလျှင်လည်း ဟိုကောင် မစားရသေးဘူး၊ ဟိုကောင် သေးသေးလေးက သနားပါတယ်၊ ဟော…လုသွားပြန်ပြီဆိုပြီး ထပ်ခါထပ်ခါ ဝယ်ကျွေးခိုင်းသဖြင့် ငွေသုံးလေးငါးဆယ် မကုန်ဘဲ မပြီးတတ်ချေ။ ကျားကို ငှက်ပျောသီးပစ်ပေးပြီး မစားရကောင်းလားဟု အော်ဟစ်ကြိမ်းမောင်းနေသဖြင့် ဘေးလူတွေက ဝိုင်းရယ်ကြသည်။ မိကျောင်းစီးချင်တယ် ဆိုသဖြင့် အခက်တွေ့ရသေးသည်။ ဆင်တွေကျွေးသည့် ကြံပိုင်းကလေးတွေကို သူလည်း စားချင်တယ်လုပ်သည်။ ကလေးစီးရထားကလေးကို အခေါက်ပေါင်း မရေတွက်နိုင်အောင် စီးသည်။

ကစားစရာဆိုင်တစ်ခုရှေ့မှာ ဖြတ်သွားမိစဉ် စက်ဘီးလိုချင်သည်ဆိုသဖြင့် BMX တစ်စင်း ဝယ်ပေးလိုက်ရသည်။ ငြိမ်းမောင်မှာ ငွေမပါသဖြင့် အခက်ကြုံရသေးသည်။ နောက်နေ့ ဝယ်ခဲ့ပါမည်ဆိုတာကို မရ။

နောက်ဆုံး ဆိုင်ရှင်ကိုတောင်းပန်ပြီး စက်ဘီးဖိုးငွေကို အိမ်လိုက်ယူပါ။ လူတစ်ယောက် အိမ်ကို ထည့်ပေးလိုက်ပါဟု ပြောရသည်။

အိမ်ရောက်တော့လည်း စက်ဘီးဖြင့် ရပ်ကွက်ထဲလျှောက်သွားချင်သည်။ ငြိမ်းမောင်က စက်ဘီးကိုနင်း၊ သူက ဘားတန်းက ထိုင်မည် လုပ်လာပြန်သည်။

ဘယ်လိုမှ ပြောမရသဖြင့် သူ့အလိုလိုက်ရ၏။ ကလေးစီးစက်ဘီးကို ငြိမ်းမောင် စီးရသဖြင့် ရယ်စရာ ဖြစ်နေသည်။ ရပ်ကွက်ထဲက လူတွေက သားမောင်အကြောင်း သိ၍သာတော်တော့သည်။

□

သားမောင်ကို မင်္ဂလာဆောင်တစ်ခု ခေါ်သွားမိသဖြင့် ချောက်ချားရသေးသည်။

မင်္ဂလာဆောင်က ကရဝိက်ခန်းမမှာဖြစ်၏။ ဟိုတယ်၏ ထုံးစံအတိုင်း မုန့်ပန်းကန်များကို စားပွဲပေါ်မှာ အဆင်သင့်ပြင်ထားသည်။ သို့ရာတွင် စားလို့ မရသေး။ သတို့သား သတို့သမီး ပွဲထွက်ပြီးနောက် မင်္ဂလာစကားတွေ ဘာတွေ ပြောဦးမည်။ ဒါတွေပြီးလို့



အခမ်းအနားမှူးက စားသောက်နိုင်ကြပြီဆိုမှ ရေခဲမုန့် တွေလာချ၊ လက်ဖက်ရည်ဖိုးတွေ လာချပေးပြီး စားသောက်ကြရမည်။

သားမောင်ကတော့ ထုံးစံတွေ ဘာတွေမသိ၊ စားပွဲမှာ ဝင်ထိုင်မိလျှင်ပင်

'ဟာ…ကိတ်မုန့်ကြီး'

ဆိုပြီး အဆော့တစ်ကိတ်တစ်ခုဆီ လက်လှမ်းလိုက်၏။ ငြိမ်းမောင်က သား၏ လက်ကို ဖမ်းဆွဲထားလိုက်ရပြီး

'သား၊ အခု မစားရသေးဘူးကွ၊ ခဏစောင့်ဦး'

'ဘာကို စောင့်ရမှာလဲ'

'သတို့သား၊ သတို့သမီးလာပြီးမှ'

'သူတို့က ဘာတွေလဲ'

'သူတို့က…အဲ…သူတို့က ဒီမုန့်တွေကို သူတို့ကျွေးမှ စားရမှာ'

'ဟာကွာ၊ ရှုပ်တယ်'

လက်လှမ်းမည် ကြံပြန်သဖြင့်

'နေဦးကွ၊ ရေခဲမုန့်လာဦးမှာ၊ အဲဒီကျမှ စားရမယ်'

'ဘယ်တော့လာမှာလဲ'

'ခဏပါကွာ'

သားမောင်သည် မုန့်တွေကို မျက်စောင်းတခဲခဲ လုပ်နေ၏။

'ဆာလှပြီကွာ၊ မလာကြသေးဘူးလား။ ဖေ…သွားခေါ်လိုက်ကွာ၊ မြန်မြန်လာခဲ့လို့'

ငြိမ်းမောင် ချော့မော့ထားရသည်။ ခဏကြာတော့ တစ်မျိုးလုပ်လာပြန်၏။

'တစ်ခုလောက် စားရင်တော့ ရပါတယ်ကွာ'

'မရဘူးသားရဲ့၊ သူများတွေ မြင်ကုန်မှာပေါ့။ ရှက်စရာကြီး'

သားမောင်က ငြိမ်းမောင်၏ နားနားကပ်၍ တိုးတိုးကလေး ပြောသည်။

'ဒီလိုလုပ်မယ်ကွာ။ မုန့်တစ်ခုလောက် တိတ်တိတ်ကလေးယူပြီး စားပွဲ အောက်ထဲ ဝင်စားမယ်'

'မလုပ်ပါနဲ့ကွာ၊ သားရယ် ခဏလေးပါကွာ'

ငြိမ်းမောင်နှင့် သားတို့ဖြစ်နေပုံကို တစ်စားပွဲတည်း ထိုင်နေသူများက ရိပ်မိကုန်ကြသည်။ ငြိမ်းမောင်ဘေးမှာ ကပ်ထိုင်နေသော လူကြီးတစ်ယောက်က

'အေးဗျာ၊ ဒီဟိုတယ်တွေကလည်း အနောက်တိုင်းပုံစံနဲ့ ကျွေးတာကိုး။ မုန့်တွေ ချထားပါလျက်နဲ့ မစားရဘူးဆိုတာ တော်တော်ခွကျတာပဲ။ ကျုပ်တို့ကတော့ မြန်မာဆီမီး မင်္ဂလာဆောင်တာပဲ ကြိုက်တယ်။ ရောက်တာနဲ့ တန်းထိုင် တန်းစားရတာပဲ။ အခုတော့

www.burmeseclassic.com

www.burmeseclassic.com



ထလေးခေါ်ပြာနဲ့ ကျုပ်တောင် နှိုက်စားချင်စိတ် ပေါက်လာပြီ'

ဟု ငြိမ်းမောင် နေသာထိုင်သာရှိအောင် ဖြေပြောပြောသည်။ မျက်နှာချင်းဆိုင်ရှိ မိန်းခလေးနှင့် သမီးနှစ်ယောက်ကတော့ သားမောင်နှင့် ငြိမ်းမောင်ကို ကြည့်၍ ပြုံးစေ့စေ့ ဖြစ်နေကြ၏။

ငြိမ်းမောင်တို့ရုံးမှ ညွှန်ချုပ်၏သားနှင့် သူတို့ရုံးနှင့် ဆက်စပ်နေသော ကော်ပိုရေးရှင်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၏သမီးတို့ လက်ထပ်ကြခြင်းဖြစ်၏။ ရုံးဌာနနှစ်ခုစလုံးမှ အရာရှိများ၊ ဝန်ထမ်းများ၊ ဆက်စပ်ပတ်သက်နေသော စက်ရုံများမှ စက်ရုံမှူးများ၊ အင်ဂျင်နီယာများ၊ နှစ်ဖက်သော ဂုဏ်သရေရှိ လူကြီးလူကောင်းများ ကြရောက်ချီးမြှင့်ကြသဖြင့် အလွန်စည်ကားတင့်တယ်သော မင်္ဂလာပွဲဖြစ်၏။

ငြိမ်းမောင်တို့သားအဖ နည်းနည်းအရောက်နောက်ကျသဖြင့် ရုံးက မိတ်ဆွေတွေနှင့် တစ်ဝိုင်းတည်း ထိုင်ခွင့်မရတော့။ ရုံးကလူတွေဆိုလျှင် သားမောင်အကြောင်း သိနေကြသဖြင့် ပိ၍ နေသာထိုင်သာ ရှိမည်ဖြစ်၏။

ဟိုဘက်စားပွဲမှာ ထိုင်နေသောမိတ်ဆွေတစ်ယောက်က လှမ်းခေါ်သဖြင့် ငြိမ်းမောင် လှည့်စကားပြောပြီး ဒီဘက် ပြန်အလှည့်တွင် မျက်နှာချင်းဆိုင်မှ မိန်းကလေးနှစ်ယောက်က ခေါင်းချင်းဆိုင်ပြီး ကျိတ်ရယ်နေကြသည်ကို တွေ့ရ၏။ သူတို့မျက်လုံးတွေက သားမောင်ဆီမှာ။

ငြိမ်းမောင် သားကို ငုံ့ကြည့်လိုက်သည်။ သားမောင်သည် အဆော့တစ်ကိတ် ပန်းကန်ကိုငေးကြည့်ရင်း သားမောင်က သွားရည်တွေကျလုလု ဖြစ်နေ၏။ ငြိမ်းမောင်က သားမောင်၏အင်္ကျီမှာ ချိတ်နှင့်တွယ်ထားသော လက်ကိုင်ပဝါဖြင့် သုတ်ပေးလိုက်ရသည်။

ခဏအကြာတွင် သားမောင်က ရေခဲမုန့်လာပါတော်ဗျို့ဟု မအောင့်အည်းနိုင်သောလေသံဖြင့် အော်လိုက်သည်။ အသံနည်းနည်းကျယ်သွားသဖြင့် တခြားဝိုင်းလေးငါးဝိုင်းက ကြားသွားပြီး ရယ်ကြသည်။

ငြိမ်းမောင်ကတော့ ဒါမျိုး ကြုံဖူးပေါင်းများပြီဖြစ်၍ ရှက်မနေတော့။ သားမောင်ကြောင့် မင်္ဂလာပွဲမှာ အနှောင့်အယှက်မဖြစ်အောင်သာ သားကို ချော့မော့ ထိန်းသိမ်းနေလိုက်၏။

သတို့သား၊ သတို့သမီး ပွဲထွက်လာသည်။ နှစ်ယောက်စလုံး ချောလှသူများဖြစ်၍ ပရိသတ်မှာ ငြိမ်ကျသွားပြီး ငေးကြည့်နေကြ၏။

ထိုစဉ်မှာပင် သားမောင်က

'ဖေ…သား သေးပေါက်ချင်တယ်'



ငြိမ်းမောင် မျက်လုံးပြူးသွား၏။

'ဟာ၊ ခဏလေးနေပါဦး သားရယ်'

'ထွက်တော့မယ် ဖေရ'

ငြိမ်းမောင်မှာ အတန်တန် ချော့မော့တောင်းပန်နေရသည်။

သတို့သား၊ သတို့သမီးတို့ကလည်း အခါတော်ပေးသီချင်းနှင့် ကိုက်ညီအောင် ဖြည်းဖြည်းချင်း လျှောက်နေကြ၏။

သားမောင်က ပေါက်ချလိုက်တော့မယ်၊ ပေါက်ချလိုက်တော့မယ်ဟု ပြောနေသဖြင့် ငြိမ်းမောင် အတော်ဒုက္ခရောက်နေသည်။

သတို့သား၊ သတို့သမီးနောက်မှာ ဆွေမျိုးသားချင်းတွေ တစ်သီကြီး ပါသေးသည်။

ငြိမ်းမောင်လည်း မတတ်သာတော့သဖြင့် သူတို့နေရာကို သတို့သား၊ သတို့သမီး လွန်သွားသည်နှင့် သားမောင်ကို လက်ဆွဲပြီး အိမ်သာဆီ ခပ်သုတ်သုတ် ပြေးရသည်။ ကံကောင်းထောက်မစွာဖြင့် မြေအောက်အိမ်သာသို့ မဆင်းမီ လှေကားထိပ်ကျမှ သားမောင် သေးထွက်ကျသွားလေ၏။

သတို့သား၊ သတို့သမီး နေရာယူပြီးနောက် မင်္ဂလာစကားပြောကြသည်။ ဆရာစိန်လွင်လေးက ဩဘာစာဖတ်ပြီး မင်္ဂလာစကား ဆက်ပြောသည်။ အပြောကောင်းသူ ဖြစ်သဖြင့် ပရိသတ်အားလုံး ငေးကြည့်နေကြ၏။ ထိုအခိုက်တွင် ငြိမ်းမောင် အမှန်တမဲ့ ဖြစ်သွားသည်။

သတိရသဖြင့် သားမောင်ဘက် လှည့်ကြည့်သောအခါ သူ့ကုလားထိုင်မှာ မရှိတော့။ ဆးဝေးသွားမှာလည်း မဟုတ်မှန်းသိသည်။ ဝရန်တာဘက်ထွက်လို့လည်းမရ။ ကြားမှ စားပွဲတွေ ခံနေသည်။

ငြိမ်းမောင် သတိရပြီး စားပွဲဘေးကို ဖုံးပြီးကျနေသည့် စားပွဲခင်းကို အသာလှန်ကြည့်သည်။ သားမောင်သည် စားပွဲအောက်ထဲဝင်၍ အဆော့တစ်ကိတ် တစ်တုံးကို စားနေခြင်းဖြစ်၏။

ငြိမ်းမောင်ကို မြင်သောအခါ တိတ်တိတ်နေဆိုသည့်သဘောဖြင့် လက်ညှိုးကို နှုတ်ခမ်းနားကပ်ထားသည်။ ခေါ်ထုတ်လိုက်လျှင် ပို၍ရုပ်ပျက်မည်ဖြစ်၍ အသာနေလိုက်ရသည်။

မုန့်ကုန်တော့မှ သားမောင်က တိတ်တိတ်ကလေး လျှိုထွက်ပြီး ကုလားထိုင်ခုံမှာ ဟန်မပျက် ပြန်ထိုင်နေသည်။

တကယ်တမ်း စားကြသောက်ကြသောအခါမှာလည်း ရှေ့က မိသားစုက ဟန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



[illegible] သားမောင်က မုန့်တွေ တစ်ခုပြီးတစ်ခု အလျှင်အမြန် စားပစ်လိုက်ရာ [illegible]ပါ ပါကုန်သည်။ မိန်းမကြီးမှာ ဟန်မဆောင်နိုင်တော့ဘဲ သားမောင်နှင့် အပြိုင် [illegible]စားသလောက်နီးပါး ဖြစ်သွားရသေးသည်။

သားမောင်က သူ့အတွက် ရေခဲမုန့်အပြင် ငြိမ်းမောင်ခွက်ကိုပါ ယူစားပြီး

'မဝသေးဘူး၊ ထပ်တောင်းဦး'

လုပ်နေသဖြင့် အပြန်ကျမှ ဆိုင်မှာ အဝစားပါဟု တောင်းပန်ထားရသည်။

ရှေ့က မိန်းမကြီးသည် သားမောင်ကို အမြင်ကတ်ဟန်ဖြင့် ခဏခဏကြည့်ကြောင်း ငြိမ်းမောင် သတိထားမိသည်။ နောက်ဆုံးကျန်သော ဆိတ်သားမုန့်တစ်ခုကို သားမောင်က လှမ်းယူမည်အပြု မိန်းမကြီးက ဆတ်ခနဲ အရင်ဦးအောင် ကောက်ယူလိုက်သည်။

သားမောင်က

'ဟာ…ကုန်ပါပြီ'

ဟု ပြော၏။

ကောင်မလေးတွေက တခစ်ခစ် ကိုက်ရယ်ကြသည်။ မိန်းမကြီးက သူ့သမီးတွေကို မျက်စောင်းတစ်ချက် မသိမသာခဲလိုက်ပြီး ဆိတ်သားမုန့်ကို ကိုက်ချလိုက်သည့်အချိန်တွင် သားမောင်က 'ဘူ'ခနဲ မြည်အောင် အီးပေါက်ချလိုက်လေသည်။
□

ငြိမ်းမောင်မှာ တခြားအပျော်အပါးမရှိ။ အားလပ်ချိန်တွင် သားနှင့်သာ နေသည်။ သားအလိုကျ လိုက်ဆောင်ရွက်ပေးနေရခြင်းသည်သာ သူ့အဖို့ ပျော်စရာ။ သားကစားပျော်ရွှင်နေခြင်းကို ထိုင်ကြည့်နေရတာသာ သူ့အဖို့ အပန်းဖြေစရာဖြစ်၏။

ဤသို့ဖြင့် သားမောင်နှင့် သူတို့၏ ဆက်ဆံရေးမှာ သားအဖလိုသာမက သူငယ်ချင်းခင်ဆွေတွေလိုပါ ဖြစ်နေ၏။ တစ်ခါတစ်ခါကျလျှင် ငြိမ်းမောင်က သားကို လူကြီးတစ်ယောက်လို ပြောဆိုဆွေးနွေးတတ်သည်။ သားကလည်း သူပြောသမျှကို ပေါက်ကရ ပြန်ပြောတတ်၏။

'သားရေ၊ ဖေဖေတို့အိမ်ရှေ့က သံဆန်ခါတွေကို ဆေးသုတ်ရအောင်ကွာ၊ ဘာရောင်သုတ်ရင် ကောင်းမလဲ'

'အမည်းရောင်သုတ်'

'ဟာကွာ၊ သံဆန်ခါတွေက မည်းနေလို့ လှသွားအောင် ဆေးသုတ်မလို့ မေးတာ သားရဲ့။ အမည်းရောင်သုတ်တော့ ဘာထူးမှာလဲ'

'ဒါဆိုရင်…'

သားမောင်က ဟိုကြည့် ဒီကြည့် ကြည့်ပြီး

'ဘွားဘွားကြီးအရောင်သုတ်'

'ဟေ'

ခပ်လှမ်းလှမ်းမှာ ထိုင်နေသော ဒေါ်ကြီးက

'အလိုတော်၊ ကျုပ်က ဘာရောင်မို့လို့လဲ'

'ဘွားဘွားကြီး ဆံပင်လိုမျိုး'

'ဩော်…မီးခိုးရောင်ပေါ့ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးက စိတ်မဆိုးသည့်အပြင်

'ကျုပ်မြေး ဘယ်လောက်ဉာဏ်ကောင်းသလဲ တွေ့လား'

ဟု ချီးကျူးလိုက်သေးသည်။

ရုံးအပြန် နောက်ကျလျှင်လည်း

'သားရယ်၊ ဒီနေ့ အစည်းအဝေးရှိနေလို့ကွ၊ ခြောက်လပတ် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးလေကွာ'

ဟု သားကို ပြောပြီး အစည်းအဝေးမှာ ဘာတွေ ဆွေးနွေးကြကြောင်း ရှင်းချင် ရှင်းပြနေ၏။

သားမောင်က ဘာမျှသိသည် မဟုတ်။ မုန့်တွေစားရလား၊ ဘာမုန့်ကျွေးလဲ၊ ချော့ကလက်ပါလား၊ ရေခဲမုန့် မကျွေးဘူးလား စသည်ဖြင့် ပြန်မေးတတ်၏။

ရုပ်မြင်သံကြား ကြည့်ကြသောအခါမှာလည်း ကြော်ငြာသတင်းလာလျှင် သားက ဒါဘာလဲ၊ ဟိုဟာကရော မေးလျှင် စိတ်ရှည်လက်ရှည် ရှင်းပြ၏။ ရေဂင်နှင့် ဂေါ်ဘာချက်တို့ ထိပ်သီးဆွေးနွေးပွဲ သတင်းပြသောအခါ သားမောင်က

'သူတို့က ဘာတွေလဲ'

ဟု မေးသည်။

'ဟို···အရပ်မရှည်ရှည်က အမေရိကန်သမ္မတ ရေဂင်တဲ့၊ အရပ်ပုပု ထိပ်ပြောင်ပြောင်က ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချက်လို့ ခေါ်တယ်'

'ဟာ···ထိပ်ပြောင်ရဲ့ခေါင်းမှာ ပွေးပေါက်နေတယ်'

'ပွေးမဟုတ်ပါဘူးသားရဲ့၊ အမှတ်ပါ'

'ပြီးရင် သူတို့နှစ်ယောက် လက်သီးထိုးမှာလား'

'မထိုးပါဘူးကွ'

'ဟင်···စကားပဲ ပြောနေကြမှာလား၊ လက်သီးထိုးခန်းမပါရင် ပျင်းစရာကြီး'

'သူတို့က ကမ္ဘာ့ခေါင်းဆောင်ကြီးတွေ သားရဲ့၊ သူတို့ ဆွေးနွေးတာ အဆင်ပြေရင် ငြိမ်းချမ်းရေးရမှာ'

'စကားများနေတာ ရှုပ်တယ်ကွာ၊ ကျားဗိုလ်ဆွဲလိုက်၊ ပြီးရော'

'သူတို့က သားလောက်မတော်ကြဘူးကွ၊ သားလို ဉာဏ်မကောင်းလို့ စကားကြော ရှည်နေကြတာပေါ့'

ငြိမ်းမောင်သည် တယ်လီဖုန်းကို တစ္ဆေတစ်ကောင်လို ချောက်ချားစွာ ကြည့်နေ၏။ ဒီနေ့တစ်နေ့လုံး သူ့စိတ်တွေ လေးလံနေသည်။ တယ်လီဖုန်းသံ မြည်လာသည့်အခါတိုင်း ဘာကြောင့်မှန်းမသိ ထိတ်ခနဲ ဖြစ်သွားတတ်သည်။

မနက်က ဆွေဆွေဦးနှင့် တွေ့သည်။ ဆွေဆွေဦးက ငြိမ်းမောင်အား ခင်ခိုင့်ဓာတ်ပုံပြကြည့်ရအောင်ဟု အကြံပေးသည်။

'ဘယ်လိုလုပ် ပြမှာလဲ'

'သူ့အမေကို သတိရသေးလား၊ မှတ်မိသေးလားလို့ပေါ့ဟာ'

'မှတ်မိတော့ရော၊ မမှတ်မိတော့ရော ဘာထူးလာမှာမို့လဲ'

'သူ့ရောဂါအခြေအနေ သိရအောင်ပေါ့ဟာ၊ ခင်ခိုင့်အပေါ်မှာ ဖြစ်နေတဲ့ အစွဲအလမ်း ရှိနေသေးလားဆိုတာ သိရတာပေါ့'

'ဘာဖြစ်လို့ အစဖော်ချင်ရတာလဲဟာ။ သားမောင် ခုအခြေအနေ အများကြီး ကောင်းနေပြီ။ ဉာဏ်စဉ်မမီတာကတော့ ထားလိုက်တော့။ တဖြည်းဖြည်း တိုးတက် လာမှာပဲ။ အကောင်းပကတိဖြစ်ဖို့ ငါ မမျှော်လင့်ပါဘူး။ သူကြီးလာလို့ လူတော့ သူတောထဲ အထိုက်အလျောက် တိုးဝင်နိုင်ရင် တော်နေပါပြီ။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ သားမောင်ရဲ့ဘဝဟာ သာယာချမ်းမြေ့တဲ့ အခြေအနေ ကလေးကို ရနေပါပြီ။ သူ့အမေကို ဘာကြောင့် သတိရစေချင်ရမှာလဲ'

'မဟုတ်သေးဘူး ငြိမ်းမောင်၊ ခင်ခိုင်ဟာ နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားတာ မဟုတ်ဘူး၊ တစ်နေ့နေ့ပြန်လာမှာပဲ။ အဲဒီအခါမှာ သားမောင်ကို လာတွေ့မှာပဲ၊ အဲဒီအခါမှာ ဘာတွေဖြစ်လာနိုင်သလဲဆိုတာ ကြိုပြီး တွက်ထားသင့်တယ်'

'မတွေ့ရဘူး၊ လုံးဝမတွေ့ရဘူး။ သူ့ကိုမြင်ရင် သားရောဂါ ပြန်ထောက်လာမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



'ဒါမျိုး ငါ အပြစ်မခံနိုင်ဘူး'

ဟု သူပြောခဲ့သည်။

ခင်ခိုင် နိုင်ငံခြားကို ထွက်သွားတာ လေးနှစ်ကျော်သွားပြီ။ ဒီကြားထဲမှာ ခင်ခိုင့်ကို လုံးဝမေ့နေပါသည်ဟုဆို၍တော့ ဖွင့်မငြင်းလိုပါ။ သူနှင့် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ပြီး သားတစ်ယောက်ပင် မွေးဖွားခဲ့သူတစ်ယောက်ကို အလွယ်တကူ မေ့ပစ်ဖို့ဆိုသည်မှာ မဖြစ်နိုင်။ မေ့ပစ်ဖို့ကြိုးစားလျှင်လည်း အိပ်မပျော်သဖြင့် ပျော်အောင်အတင်းလုပ်ယူသလိုသာ ဖြစ်လိမ့်မည်။

ခင်ခိုင့်ကို ခံဖန်ရံခါ သတိရတတ်သည်မှာ အမှန်ပင်။ လွမ်းဆွတ်တမ်းတစိတ်ဖြင့် သတိရခြင်းမျိုးတော့မဟုတ်။ သားကို စွန့်ပစ်သွားခဲ့သူ၊ တစ်ကိုယ် ကောင်းဆန်သူ၊ ရက်စက်သူအဖြစ် နာကျင်စွာ သတိရခြင်းမျိုးသာ ဖြစ်မည် ထင်၏။

အတူတကွ ပေါင်းသင်းနေထိုင်ခဲ့သည့် တစ်လျှောက်လုံး ခင်ခိုင့်ကို သူ လုံးဝ မခြောက်ခဲ့။ သို့ရာတွင် ခုတော့ သူစိုးရိမ်ထိတ်လန့်စိတ်ဝင်လာခဲ့ပြီ။ ခင်ခိုင့်အသံကို တစ်ဆင့်ကြားရမည်ဟု ယူဆသော တယ်လီဖုန်းကိုပင် သူ လန့်နေမိပြီ။

ဘာဆိုင်လို့လဲ။ ခင်ခိုင်က တယ်လီဖုန်းတက်လိမ့်မယ်လို့ ဘယ်လိုလုပ်သိသလဲ၊ မဖြစ်နိုင်ဘူး။ သူ ပြန်လာမှာမဟုတ်ဘူး။ ဖုန်းလည်း မဆက်ဘူး။ ဖုန်းဆက်လည်း ငါ ဖုန်းမကိုင်ဘူးဟု အရူးတစ်ယောက်လို ကစဥ့်ကလျား တွေးနေသည်။

တစ်ဝက်လောက်သောက်ပြီး ထိုးချေထည့်ထားသော စီးကရက်များက ပြာခွက်ထဲမှာ ခွေခေါက်လဲကျနေသည်။ သူ့လက်ထဲမှာလည်း ပြာတောင့်ရှည် နှင့် တစ်လိပ်။

'ကလင်…ကလင်' ဟု ခေါင်းလောင်းသံကြားရသည်။ ငြိမ်းမောင် ထိတ်ခနဲ ဖြစ်ပြီး ထရပ်သည်။

တယ်လီဖုန်းမှ မြည်သောအသံမဟုတ်။ တံခါးမှ အချက်ပေးခေါင်းလောင်း။ လှမ်းကြည့်လိုက်တော့ ဘာဂျာတံခါးအပြင်မှာ ဆွေဆွေဦး ရပ်နေသည်။

ငြိမ်းမောင်က သက်ပြင်းချလိုက်ပြီး

'ဆွဲဝင်ခဲ့ဟာ၊ သော့မခတ်ထားဘူး'

ဆွေဆွေဦးက တံခါးကို ဆွဲဖွင့်သည်။ နောက်ကို တစ်ချက်လှည့်ကြည့်၏။ သူတစ်ယောက်တည်း မဟုတ်။ နောက်မှာ…

ငြိမ်းမောင် ကိုယ်က တောင့်ခနဲဖြစ်သွား၏။

ခင်ခိုင်…။

မနေ့က ဆွေဆွေဦးပြောခဲ့သော စကားတွေကို သတိရသည်။ ခင်ခိုင်နှင့် ဆွေဆွေဦးတို့ အရင်တွေ့ပြီးမှ သူ့ကို ပြောခဲ့ခြင်းဖြစ်ကြောင်း ရိပ်မိလိုက်၏။



အိမ်ထဲသို့ လှမ်းဝင်လာသော ခင်ခိုင်ကို သူစိုက်ကြည့်နေသည်။ ခင်ခိုင်သည် တော်တော်ပြောင်းလဲသွား၏။ အသားအရေ ပိုပြီးစိုပြည်လာသည်။ ကိုယ်လုံးကိုယ်ခန္ဓာပို၍ ဖွံ့ဖြိုးလာသည်။ အဝတ်အစား အပြင်အဆင်အားလုံးသည် သားနားသွန်းလှ၏။ အိမ်က ထွက်သွားစဥ်ကထက် ပိုပြီးတော့တောင် နုပျိုလှပနေသည်ဟု ထင်ရသည်။

သို့ရာတွင် ခင်ခိုင့်အပေါ် တပ်မက်ချစ်ခင်သော စိတ်မျိုးကား ပေါ်ပေါက်မလာခဲ့။ သားရဲ့အမေပါလားဆိုသော အသိကြောင့် စိတ်လှုပ်ရှားမိသည်တော့ အမှန်ပင်။

'ထိုင်လေ ခင်'

ငြိမ်းမောင်ကဲ့သို့ပင် ပြန်၍ ငေးစိုက်ကြည့်နေသော ခင်ခိုင့်ကို ဆွေဆွေဦးက သတိပေးလိုက်သည်။ ခင်ခိုင်က ဝင်ထိုင်သည်။

'ကိုငြိမ်းမောင် နေကောင်းလား'

ဟု ခင်ခိုင်ကမေးပြီး အိမ်အတွင်းဘက်ကို မျက်စိကစား၍ ကြည့်သည်။ သားကို ရှာဖွေနေခြင်းဖြစ်ကြောင်း သိသာ၏။

ငြိမ်းမောင်က ဘာမှပြန်မပြော။ ဘယ်တုန်းကရောက်သလဲ၊ ဘာလဲမေးဖို့ သတိမရတော့။ သူ့စိတ်များသည် ထုံထိုင်းနေ၏။

'ခင်က မနေ့ကညနေက ရောက်တာ'

ဆွေဆွေဦးကပင် ဝင်၍ ပြောပြန်သည်။

ခင်ခိုင်သည်လည်း စိတ်လှုပ်ရှားနေပုံရသည်။ လက်ကိုင်အိတ်ထဲက ကင့်စီးကရက်ဘူးကို ထုတ်၍ တစ်လိပ်မီးညှိသည်။ ခင်ခိုင် ဆေးလိပ်တောင် သောက်တတ်နေပါပကော။ သွယ်လျလျလှပသောလက်ချောင်းများကြားမှ အဆင်ပြေစွာ ညှပ်ထားသော စီးကရက်ကို ငြိမ်းမောင်တစ်ချက်ကြည့်လိုက်သည်။

'ကျွန်မ သားနဲ့တွေ့ချင်တယ်'

ခင်ခိုင်က ပြောသည်။

'တွေ့ဖို့ မလိုပါဘူး'

ငြိမ်းမောင် ချက်ချင်းပြန်ပြောသည်။ အကြောက်အကန် ငြင်းဆန်သည့် လေသံ။

'ကျွန်မက သားမောင်ရဲ့ အမေပါ'

'မင်းကို ငါ အမေလို့ မသတ်မှတ်ဘူး'

'ငြိမ်းမောင်'

ဆွေဆွေဦးက ဝင်ပြောသည်။

'တွေ့ခွင့်ပေးလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'မသေနိုင်ဘူး၊ သူ့ကိုမြင်ရင် သားရဲ့အခြေအနေ ပြန်ဆိုးသွားလိမ့်မယ်'

'သေနိုင်ပါဘူး၊ ခင့်ဓာတ်ပုံ သားကို ပြဖို့ပြောတော့ နင်က ဓာတ်ပုံမရှိတော့ဘူးလို့ ပြောခဲ့တယ်မဟုတ်လား။ ဒါပေမယ့် နင်တို့မင်္ဂလာဆောင်တုန်းက ဓာတ်ပုံ ငါ့ဆီမှာ ရှိတယ်။ ငါ သားမောင်ကို ပြကြည့်ပြီးပြီ၊ သိပ် အံ့သြဖို့ကောင်းတယ် ငြိမ်းမောင်၊ သားက ခင်ခိုင့်ကို မှတ်မိတယ်'

'ဘာ'

'ဟုတ်တယ်၊ ငါက မှတ်မိလားဆိုတော့ ခေါင်းညိတ်ပြတယ်။ ဘယ်သူလဲဆိုတော့ မပြောနိုင်ဘူး။ သူ့စိတ်ထဲမှာ တစ်ချိန်က သိပ်ရင်းရင်းနှီးနှီးသိခဲ့တယ်ဆိုတဲ့ ခံစားမှုမျက်နှာ ပေါ်လွင်နေတာ သိသာတယ်။ နောက်ပြီး ခင်ခိုင့်ပုံကိုပြလို့ သူ့မှာ စုန်းတီးတဲ့ပုံစံမျိုး ပေါ်မလာဘူး။ လွမ်းရိပ် ဆွေးရိပ်သမ်းသွားသလိုပဲ'

ငြိမ်းမောင် တုန်လှုပ်သွားသည်။ ခင်ခိုင့်ရှေ့မှာ သူတုန်လှုပ်ကြောင်းမပြချင်သဖြင့် စီးကရက်တစ်လိပ် အမြန်မီးညှိသည်။ လက်တုန်နေသလား၊ စီးကရက် အဖျားသည် တဆတ်ဆတ်။

'တွေ့ခွင့်ပေးလိုက်ပါ ငြိမ်းမောင်၊ ခင်ဟာ သားမောင်ရဲ့ အမေအရင်းပါ။ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ခုချိန်မှာ သားနဲ့အမေတွေ့ဖို့ အခွင့်အရေးရှိပါတယ်'

ငြိမ်းမောင် ပေါက်ကွဲတော့သည်။ မီးညှိရုံသာ ညှိရသေးသော စီးကရက်ကို ပြာခွက်ထဲ ထိုးခြေလိုက်ပြီး

'နင်…နင်နဲ့ ဘာဆိုင်…'

ဆွေဆွေဦးအပေါ် ဒေါသပုံကျခါနီးမှာပင်

'ဒေါ်လေး၊ ဒေါ်လေး'

ဆိုပြီး သားမောင် ပြေးထွက်လာသည်။ ဆွေဆွေဦးကို ပြေးဖက်မည်ပြုပြီး ခင်ခိုင့်ကိုမြင်၍ ခြေလှမ်းတုံ့သွားသည်။ စူးစူးစိုက်စိုက် ကြည့်သည်။

ခင်ခိုင်မနေနိုင်တော့။ သားကို အတင်းဆွဲယူ ဖက်ထားလိုက်သည်။

'သား…သားရယ်…'

ခင်ခိုင် ငိုနေပြီ။ သူ့မျက်ရည်တွေက သား၏ဆံစများကို စိုစွတ်သွားစေသည်။ သားသည်လည်း တစ်ချက်ရှိုက်လိုက်သည်ဟု ထင်ရသည်။

ငြိမ်းမောင်သည် ဘာမှမပြောနိုင်ဘဲ ငေးစိုက်ကြည့်နေ၏။ ရုပ်ရှင်ဇာတ်ကားထဲကအဖြစ်အပျက်တစ်ခုကို ဝင်ရောက်စွက်ဖက်ခွင့်မရသည့် သဘောမျိုးလို ခံစားနေရသည်။ အတော်ကြာမှ

'သားမောင်'



သူက ခေါ်လိုက်သည်။

သားက လှည့်ကြည့်၏။ အလို…သားမျက်လုံးမှာလည်း မျက်ရည်တွေနဲ့ပါလား။

'သား…၊ ဒီကိုလာခဲ့'

သားမောင်က အမေကိုတစ်လှည့် အဖေကိုတစ်လှည့် ကြည့်သည်။ ခင်ခိုင်က သားကို မကြည့်သေး။

'မေမေလေ သားရဲ့၊ မေမေ့ကို မှတ်မိတယ်မဟုတ်လား'

သားမောင် ခေါင်းညိတ် ခေါင်းခါခြင်းမပြု။ ခင်ခိုင့်ကိုသာ ကြည့်နေသည်။ မှတ်မိကြောင်း သူ့မျက်နှာထားက ဖော်ပြနေ၏။

'သားမောင်၊ လာခဲ့လို့ ပြောနေတယ် မဟုတ်လား'

သားမောင်အပေါ် တစ်ခါမှ မပြောဖူးသော လေသံမာမာဖြင့် ငြိမ်းမောင် ပြောသည်။

သားသည် သူ့အမေ၏လက်ကို အသာဖယ်ရှားလိုက်ပြီး ငြိမ်းမောင်ဆီ ပြန်လာ၏။

ငြိမ်းမောင်က ကစားစရာတစ်ခုကို အလုခံရမည်စိုး၍ အတင်းဆုပ်ကိုင်ထားသော ကလေးငယ်တစ်ယောက်လို သားမောင်ကို တင်းကျပ်စွာဖက်ထားလိုက်မိသည်။

ခင်ခိုင်က လက်ကိုင်အိတ်ထဲက စက္ကူပါးလက်ကိုင်ပဝါတစ်ခုထုတ်၍ မျက်ရည်တွေကို တို့သုတ်လိုက်ပြီး

'ကျွန်မ သားကို လာခေါ်တာ'

ဟု ပြောလိုက်သည်။

'ဘာပြောတယ်'

'ကျွန်မ သားကို နိုင်ငံခြားခေါ်သွားမယ်။ နိုင်ငံခြားမှာ ခေတ်မီဆေးဝါးတွေ၊ ခေတ်မီနည်းပညာတွေနဲ့ သားကို အကောင်းပကတိဖြစ်အောင်ကုမယ်။ ဒီမှာ ဆက်နေရင် သားမောင်ရဲ့ဘဝ ဆုံးသွားမှာပဲ'

'ဘာ၊ မင်းက သားကို ဆေးကုပေးမယ် ဟုတ်လား၊ နိုင်ငံခြားမှာ ကုမယ် ဟုတ်လား။ သားတကယ်လိုနေတာ ဆေးဝါးမဟုတ်ဘူး။ နိုင်ငံခြားမကလို့ တခြားဂြိုဟ်မှာ သွားကုလည်း မရဘူး။ သားတကယ်လိုအပ်နေတာ မေတ္တာပဲ၊ အဲဒီမေတ္တာကို ငါပဲ ပေးနိုင်တယ်။ မင်းမပေးနိုင်ဘူး။ မင်း သားမောင်ကို ဘယ်တော့မှ ခေါ်သွားလို့ မရဘူး မှတ်ထားပါ'

'ကျွန်မ ရအောင်ခေါ်မယ်၊ ရတဲ့နည်းနဲ့ခေါ်မယ်။ ရှင့်ကို ကျွန်မတရားစွဲမယ်'

ဆွေဆွေဦးသည် တင်းမာလာသောအခြေအနေကို ဝင်ထိန်းရမှန်းမသိ ဖြစ်နေ၏။ သူ့ စိတ်ကူးခဲ့တုန်းက တစ်မျိုး။ သားနှင့် ခင်ခိုင်တို့ ပြေလည်လျှင် ငြိမ်းမောင်နှင့် ခင်ခိုင်ကိုပါ ပြေလည်အောင် သူကြိုးစားမည်။ မိသားစုတစ်စု ပြန်လည်ပေါင်းစည်းဘာ

www.burmeseclassic.com

www.burmeseclassic.com



သာယာချမ်းမြေ့သော အိမ်ထောင်ကလေးတစ်ခု ဖန်တီးစေမည်။

အိမ်ထောင်ရေးကိစ္စများကို နားမလည်ဘဲ ဝင်၍အကွက်ဆင်ခဲ့သော မိမိ၏ စေတနာသည်…၊

ခုတော့…။

□

တရားရုံးမှာ ခင်ခိုင်ဘက်က ပထမဆုံးတောင်းဆိုချက်မှာ သားနှင့် အခါ အားလျော်စွာ တွေ့ဆုံခွင့်ဖြစ်၏။ ငြိမ်းမောင်၏ရှေ့နေက တစ်ပတ်တစ်ခါ တွေ့ခွင့်ပြု လိုက်သည်။ ခွင့်မပြုခဲ့လျှင် ငြိမ်းမောင်ဘက်က အလွန်ဖြစ်သွားလိမ့်မည်ဟု ရှေ့နေ ဦးထွန်းအောင်က ပြောသည်။

တကယ်တမ်းတွင် ငြိမ်းမောင်က တွေ့ခွင့်မပေးစေချင်။ သားမောင်သည် ခင်ခိုင်နှင့် တစ်ခါတွေ့လိုက်လျှင် သံယောဇဉ် တစ်ရစ်တိုးသလို ဖြစ်နေ၏။

သားသည် ဟိုအရင်က သူ့အမေအပေါ် စိမ်းကားမုန်းတီးခဲ့မှုများကို လုံးဝ မေ့ လျော့သွားခဲ့ပြီဖြစ်၏။ ခင်ခိုင်သည် သူ့အဖို့ အမေသစ်တစ်ယောက်လို ဖြစ်နေသည်။ နည်းနည်း သိတတ်ခါစအချိန်၊ တခြားကလေးများမှာ အမေရှိသည်၊ သူ့မှာတော့ မရှိရကောင်းလားဟု အားငယ်စိတ် အားကျစိတ်ဖြစ်နေချိန်တွင် ခင်ခိုင်က ကွက်တိ အံကိုက် ဝင်ရောက်လာခြင်းပင်ဖြစ်၏။

ခင်ခိုင်ရောက်လာသည့်အခါတွင် သူပျော်နေသည်။ ငြိမ်းမောင်က သားကို ခင်ခိုင်နှင့် ထားရစ်ခဲ့ပြီး အပြင်သို့ ရှောင်ထွက်ပေးရသည်။

တစ်ခါတစ်ရံ ခင်ခိုင်က သားကို အပြင်ခေါ်ထုတ်သွားသည်။ ခင်ခိုင်နှင့် လိုက်သွား ပြီး ပြန်လာလျှင် သားမောင်သည် ကစားစရာတွေ၊ အဝတ်အစားတွေ၊ စားစရာတွေ တစ်ပွေ့တစ်ပိုက်ဖြင့် ပျော်ရွှင်စွာ ပြန်ရောက်လာတတ်သည်။

ခင်ခိုင်သည် နိုင်ငံခြားမှလည်း သားအတွက်ပစ္စည်းတွေ အမြောက်အများ ဝယ် လာခဲ့သေးသည်။ သားအကြိုက်ဆုံးက ကလေးစီးမော်တော်ဆိုင်ကယ်လေးပင် ဖြစ်၏။ သားမောင်က သိပ်သဘောကျသည်။ အချိန်ရှိသရွေ့ ထိုဆိုင်ကယ်လေးကို စီးနေ လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ခင်နိုင်လာသည့်အခါများတွင် ဒေါ်ကြီးတို့ လင်မယားတို့က စုစောင့်ခြင်း၊ ပြုစုစောင်းမြောင်းခြင်းများ ပြုလုပ်လေ့ရှိသဖြင့် ခင်နိုင်က သားကို အပြင်ခေါ်ထုတ်သွားသည်ကသာ များလေသည်။ သားကလည်း ခင်နိုင်နှင့် ကြည်ကြည်ဖြူဖြူ လိုက်ပါသွားလေ့ရှိသည်။

ဒါကိုမြင်တိုင်း ငြိမ်းမောင်၏ရင်မှာ အချိုးမင်ကဲဖြစ်ရသည်။ ဘာမျှ နားမလည် ရှာသည့် သားကိုတော့ အပြစ်မတင်ရက်။ ဆူပူကြိမ်းမောင်းခြင်းမပြုရက်။

ငြိမ်းမောင်သည် အရက်သောက်လေ့မရှိချေ။ လုံးဝမသောက်ဘူးတော့ မဟုတ်။ ဟိုးအရင်က မိတ်ဆွေ သူငယ်ချင်းတို့ ပွဲရှိလျှင် နည်းနည်းပါးပါး ဝင်သောက်တတ်သည်။ ခင်နိုင် အိမ်ကထွက်သွားပြီးနောက်တွင် သူ လုံးဝမသောက်တော့။ ခုအခါမှာတော့ သားမောင်ကို ခင်နိုင်အပြင်ခေါ်ထုတ်သွားသည့် နေ့တိုင်း သူ အရက်သောက် ဖြစ်နေသည်။

သူအရက်မူးပြီး ပြန်လာလျှင် သားမောင်က သူ့အမေနှင့် ဘယ်ကိုသွားသည်၊ ဘာတွေ စားခဲ့ရသည်၊ အမေက ဘာတွေပေးလိုက်သည် စသည်ဖြင့် အားရဝမ်းသာ ပြောတတ်သည်။

'အေး...ကောင်းတယ်၊ သိပ်ကောင်းတယ်ကွာ။ သားက သိပ်ပျော်နေတယ် ပေါ့ ဟုတ်လား'

'ပျော်တာပေါ့ကွာ၊ ဟာ...ဖေ့ ပါးစပ်က နံလိုက်တာ'

'ဟုတ်တယ်၊ ခါတ်ဆီစော်နံတယ်။ ဟာ...ဟုတ်ဘူးကွာ၊ စပရစ်စော်နံတယ်။ သားအနာဖြစ်ရင် ဆေးထည့်တဲ့ စပရစ်စော်နံတယ်'

'စပရစ်မဟုတ်ဘူး သားရဲ့၊ အရက်ကွ၊ အရက်'

'အရက် ဟုတ်လား၊ အရက်ဆိုတာ ဘာလဲ'

'သောက်ရတာကွ၊ မူးတယ်'

'ဘာဖြစ်လို့ သောက်တာလဲ'

'စိတ်ညစ်လို့ပေါ့ကွာ'

'ဘာဖြစ်လို့ စိတ်ညစ်တာလဲ'

မင်းက မင်းအမေနဲ့ လိုက်လိုက်သွားတာကိုးကွဟု သူပြောချင်သော်လည်း မပြောဖြစ်။

'စိတ်ညစ်လို့ မဟုတ်ပါဘူးကွာ၊ ပျော်လို့ပါ'

'အရက်သောက်ရင် ပျော်လား'

'ပျော်တာပေါ့ကွ'



'ဒါဆို သားလည်းသောက်ချင်တယ်'

'ဟာ...သောက်လို့ ဘယ်ရမလဲ၊ မကောင်းဘူး'

'ဖေကျတော့ ဘာလို့သောက်လဲ'

ဟော...အေး၊ ဖေဖေလည်း နောက်မသောက်တော့ပါဘူးကွာ။ သား မကြိုက်ရင် မသောက်တော့ပါဘူး'

နောက်ရက်များတွင် ငြိမ်းမောင် အရက်မသောက်ဖြစ်တော့ချေ။

❑

www.burmeseclassic.com

www.burmeseclassic.com

ခင်ခိုင်ဘက်က အဓိကတင်ပြသော သက်သေမှာ ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်ကြီး ဖြစ်၏။ ဆရာဝန်သည် တရားလိုပြသက်သေဖြစ်သော်လည်း ဘက်လိုက်မှုမရှိဘဲ ဆေးပညာရှုထောင့်ကသာ တိကျစွာထွက်ဆိုသွားသည်။ ခင်ခိုင်၏ အကျိုးဆောင် ဦးညိုတင် မေးမြန်းရာတွင်…

'ဒေါ်ခင်ခိုင်ရဲ့သားဖြစ်တဲ့ မောင်ဇော်ငြိမ်းခိုင်မှာ ဉာဏ်စဉ်မမီတဲ့ရောဂါ ရှိတယ်ဆိုတာ ဟုတ်ပါသလား'

'ဟုတ်ပါတယ်'

'ဒီရောဂါကို လုံးဝပျောက်ကင်းအောင် ကုလို့ရပါသလား'

'ဒါကတော့ ဆေးဝါးတစ်ခုတည်းနဲ့ မသက်ဆိုင်ပါဘူး။ ကာယကံရှင်၊ အဲ… လူနာရှင်တွေရဲ့ ပြုစုမှုပေါ်မှာလည်း မူတည်ပါတယ်'

'ဆရာကြီးအနေနဲ့ ဒီရောဂါမျိုးကို ကုဖူးတဲ့အတွေ့အကြုံ တော်တော်များမှာပေါ့'

'ဟုတ်ပါတယ်'

'လုံးဝပျောက်ကင်းပြီး ပကတိ လူကောင်းလိုဖြစ်သွားတဲ့ လူနာမျိုးရှိခဲ့ပါသလား'

'လူနာတွေဟာ ရောဂါဖြစ်တဲ့အခါမှာသာ ဆရာဝန်တွေဆီ လာကြတာပါ။ ရောဂါ ပျောက်ကင်းသွားရင်တော့ ပျောက်သွားတယ်ဆိုတဲ့အကြောင်း ဆရာဝန်တွေကို လာအကြောင်းကြားလေ့ မရှိပါဘူး'

'ဒီလိုရောဂါမျိုး ဖြစ်လာတဲ့အခါမှာ လုံးဝပျောက်ကင်းရပါစေမယ်လို့ ဆရာကြီး အာမခံနိုင်ပါသလား'

'ဒါတော့ အာမမခံနိုင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့တိုင်းပြည်မှာ ဒီလိုရောဂါမျိုးကို အထူးဦးစားပေးပြီး ကုတဲ့ အထူးကုဆေးရုံမျိုး ရှိပါသလား'

'မရှိပါဘူး'

'ဒါပါပဲ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်'

ငြိမ်းမောင်၏ အကျိုးဆောင် ဦးထွန်းအောင်က မေးမြန်းပြန်သည်။

'ဆရာကြီးခင်ဗျာ၊ အခု မောင်ဇော်ငြိမ်းခိုင်မှာ ဖြစ်ပေါ်နေတဲ့ရောဂါဟာ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ ရောဂါအများအပြားအနက်က တစ်ခုသာဖြစ်တယ်ဆိုတာ မှန်ပါသလား'

'မှန်ပါတယ်'

'ဒီရောဂါတစ်မျိုးတည်းအတွက် အထူးကုတဲ့ စပယ်ရှယ်လစ် ပါရဂူဘွဲ့မျိုး ရှိပါသလား'

'ဒီတစ်ခုတည်းအတွက်တော့ မရှိပါဘူး'

'ဒီရောဂါနဲ့ပတ်သက်တဲ့ အနောက်နိုင်ငံက ရုပ်ရှင်ကားတစ်ကား ရှိပါတယ်။ ချာလီလို့ခေါ်တဲ့ဇာတ်ကား ဆရာကြီး ကြည့်ဖူးပါသလား'

'ကြည့်ဖူးပါတယ်'

'ချာလီဇာတ်ကားထဲက ဇာတ်ကောင်ချာလီနဲ့ မောင်ဇော်ငြိမ်းခိုင်တို့ ရောဂါချင်းတူတယ်လို့ ပြောနိုင်ပါသလား'

'ယေဘုယျအားဖြင့် ဆိုနိုင်ပါတယ်'

'ချာလီဇာတ်ကားထဲမှာ ချာလီကို ဆရာဝန်တွေက ခွဲစိတ်ကုသဖို့ ကြိုးစားရာမှာ မအောင်မြင်ဘူးဆိုတဲ့အကြောင်း ပြထားမှုပါတယ်။ ဟုတ်ပါသလား'

'ဟုတ်ပါတယ်။ အဲဒီဇာတ်ကားပြတဲ့အချိန်ထိ ဟုတ်ပါတယ်။ ခုနောက်ပိုင်းတော့ သေသေချာချာ မပြောနိုင်ပါဘူး'

'ဒါနဲ့ခင်ဗျာ၊ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာဆေးပညာမှာ နိုင်ငံခြားက ဆရာဝန်တွေနဲ့ မြန်မာနိုင်ငံက ဆရာဝန်တွေ ဘယ်သူပိုတော်တယ် ထင်ပါသလဲ'

ဦးထွန်းအောင်၏မေးခွန်းမှာ ထိရောက်သွားသည်။ ဆရာဝန်ကြီးက ဆတ်ခနဲ ကိုယ်ကို မတ်လိုက်ပြီး

'သူတို့ဆီက ခေတ်မီနည်းပညာနဲ့ စက်ကရိယာတွေသုံးနိုင်တာကလွဲလို့ ပညာချင်းမှာတော့ ကျွန်တော်တို့ ကောင်းကောင်းယှဉ်ရဲပါတယ်'

'ကျေးဇူးတင်ပါတယ် ဆရာကြီး'

❑



ငြိမ်းမောင်ဘက်မှ အဓိကသက်သေမှာ စိတ်ရောဂါကုဆရာဝန်ကြီးဖြစ်၏။ ဆရာဝန်ကြီးက သားမောင်၏ရောဂါအခြေအနေနှင့်ပတ်သက်၍ စိတ်ပညာရှုထောင့်မှ ရှင်းလင်းထွက်ဆိုသွားပြီးနောက် ငြိမ်းမောင်၏ရှေ့နေ ဦးထွန်းအောင်၏ မေးခွန်းများကို ဖြေသည်။

'မောင်ဇော်ငြိမ်းခိုင်မှာ မိခင်ကို ကြောက်လန့်မုန်းတီးနေတဲ့ စိတ်အစွဲအလမ်း ရှိနေတယ်လို့ သိရပါတယ်၊ ဟုတ်ပါသလား'

'ဟုတ်ပါတယ်'

'အဲဒီစိတ်အစွဲအလမ်း ဘာကြောင့် ဖြစ်ပေါ်လာရတယ်ဆိုတာ ပြောပြနိုင်မလား'

'ကျွန်တော်ဆီ လာကုသတဲ့လူနာတွေက များပါတယ်။ ပြီးတော့ ဒီကလေး ကျွန်တော့်ဆီ လာပြခဲ့တာလည်း နှစ်အတော်ကြာသွားပြီဖြစ်လို့ အသေးစိတ်တော့ ပြောမပြနိုင်တော့ပါဘူး'

'ကောင်းပါပြီ။ ကျွန်တော်မေးတဲ့ မေးခွန်းတွေကိုပဲ ဟုတ်တယ် မဟုတ်ဘူး ဖြေစေချင်ပါတယ်။ ဒီကလေးမှာ ခုလို စိတ်အစွဲအလမ်း ဖြစ်ပေါ်လာရတာဟာ မိခင်အပေါ်မှာ သားအနေနဲ့ စိတ်နာစရာ အဖြစ်အပျက်တစ်ခုခု ဖြစ်ပေါ်ခဲ့လို့၊ ဒါမှမဟုတ် မိခင်အနေနဲ့ စိတ်နာစရာ ပြုမူခဲ့လို့ ဖြစ်ရတယ်ဆိုတာ ဟုတ်ပါသလာ'

'ဟုတ်ပါတယ်'

'ဒါဆိုရင် ဒေါ်ခင်ခိုင့်အနေနဲ့ သားအပေါ်မှာ ပြုစုထိန်းကျောင်းမှု ညံ့ဖျင်းတယ်လို့ ဆိုနိုင်တာပေါ့ဗျာ'

'ညံ့ဖျင်းတယ်ဆိုတာထက် ရောဂါနဲ့ပတ်သက်တဲ့ ဗဟုသုတနည်းပါးတယ်၊ ပြုစုမှုမကျွမ်းကျင်ဘူးလို့ ပြောတာက ပိုသင့်တော်ပါလိမ့်မယ်'

'ဪ…ဟုတ်ကဲ့။ ညံ့ဖျင်းတယ်လို့ပြောရင် စကားလုံးရင့်သီးတယ်ဆိုတာ ပေါ့လေ'

သားမောင်ရောဂါနှင့်ပတ်သက်၍ ခင်ခိုင့်အပေါ် အပြစ်ရောက်စေသည့် ဦးထွန်းအောင်၏ ကောက်ချက်များကို ခင်ခိုင့်ရှေ့နေ ဦးညိုတင် ခြေဖျက်ဖို့ ကြိုးစားသည်။ သူက ဆရာဝန်ကြီးကို မေး၏။

'မောင်ဇော်ငြိမ်းခိုင်အနေနဲ့ မိခင်ဖြစ်သူ ဒေါ်ခင်ခိုင်အပေါ်မှာ ဖြစ်ပွားနေတဲ့ စိတ်စွဲလမ်းမှုရောဂါနဲ့ပတ်သက်ပြီး ဒေါ်ခင်ခိုင်ရဲ့ အပြုအမူ မကျွမ်းကျင်မှုကြောင့်လို့ ဆိုပါတယ်။ ဒေါ်ခင်ခိုင်က ဒီအပြုအမူမျိုးကို တမင်လုပ်ကိုင်တယ်လို့ ထင်ပါသလား'

'တမင်လုပ်တာတော့ မဟုတ်ပါဘူး၊ မသိနားမလည်မှုကြောင့် ဖြစ်ရတာပါ၊

www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆိုင်မှုအကြောင်းတွေလည်း ပါပါတယ်'

'ဒီလို စိတ်ဝေဒနာမျိုး ဖြစ်ပေါ်လာတာဟာ ဒေါ်ခင်ခိုင်ရဲ့အပြုအမူက ပဓာန အကြောင်းမဟုတ်ဘူး။ ကလေးရဲ့ မွေးရာပါ ဦးနှောက်ချွတ်ယွင်းမှုရောဂါကသာ ပဓာနအကြောင်းအချက်ဖြစ်တယ်ဆိုရင် ဆရာကြီး လက်ခံနိုင်ပါသလား'

'ဒါက အခြေခံအကြောင်းရင်းပေါ့လေ။ ဉာဏ်စဉ်မမီတဲ့ ရောဂါအခံရှိလို့ စိတ်ဝေဒနာ အလွယ်တကူ ဝင်လာရတာပါ'

'ဆရာကြီးအနေနဲ့ ဒေါ်ခင်ခိုင်ကို ကလေးနဲ့မတွေ့ဘဲ ခွဲနေလို့ ကလေးမှာ အစွဲအလမ်းမရှိတော့ဘူးလို့ ယူဆရတဲ့အခါကျမှ ကလေးနဲ့တွေ့ဖို့ အကြံပေးခဲ့ တယ်ဆိုတာ ဟုတ်ပါသလား'

'ဟုတ်ပါတယ်၊ ဒါကလည်း ဒီလိုရှိ...'

ဆရာဝန်ကြီးက စကားဆက်ပြောမည်အပြုတွင် ဦးညိုတင်က ပြောခွင့် မပေးဘဲ နောက်ထပ် မေးခွန်းတစ်ခုကို ဆက်မေးသည်။

'အခုတစ်ခါ ဒေါ်ခင်ခိုင် ပြန်ရောက်လာတဲ့အခါမှာ ကလေးက မိခင်ရယ်လို့ မှတ်မိတယ်လို့ သိရပါတယ်။ ဒါ့အပြင် အရင်ကလို စိမ်းကားတဲ့ အပြုအမူတွေ မရှိတော့တဲ့ မိခင်အပေါ် ကြည်ဖြူချစ်ခင်တဲ့ လက္ခဏာ ပြနေပါတယ်။ ဒါဟာ ကလေးအနေနဲ့ မိခင်အပေါ်မှာ ဖြစ်ပေါ်နေတဲ့ စိတ်အစွဲအလမ်း မရှိဘူးလို့ ဆိုနိုင်တာပေါ့'

'ဆိုနိုင်ပါတယ်'

'ဒါဆို ကလေးရဲ့ရောဂါဟာ ပျောက်သွားပြီပေါ့'

'ဘယ်ရောဂါကို ပြောတာလဲ။ ကလေးမှာ ရောဂါနှစ်ခု ရှိပါတယ်၊ မွေးရာပါ ဦးနှောက်ချွတ်ယွင်းတဲ့ရောဂါနဲ့ စိတ်ဝေဒနာ'

'စိတ်ဝေဒနာကို ပြောတာပါ'

'ဆိုကောင်း ဆိုနိုင်ပါတယ်'

'ဆိုကောင်းဆိုနိုင်တယ် ဆိုတာက ရှင်းရှင်းပျောက်သွားပြီလို့ ပြောတာ မဟုတ်လား'

'စိတ်ဝေဒနာဟာ တခြားရောဂါတွေနဲ့ မတူပါဘူး။ ရှင်းရှင်းပျောက်သွားပြီလို့ ပြောလို့မရနိုင်ပါဘူး၊ စိတ်ဆိုတာ အချိန်မရွေး ဖောက်ပြန်တတ်ပါတယ်'

'အခု အခြေအနေမှာတော့ ကလေးရဲ့စိတ်အခြေအနေဟာ ကောင်းမွန်နေ တယ်ဆိုရင် လက်ခံနိုင်ပါသလား'

'ဟုတ်ကဲ့'

'ဒီအတိုင်းဆက်သွားရင် ကလေးဟာ စိတ်ရောဂါပြန်မဖောက်တော့ဘူးလို့ ထင်ပါတယ်၊ ဘယ်လို သဘောထားပါသလဲ'



'ကလေးရဲ့စိတ်ကို အနှောင့်အယှက်ဖြစ်အောင် စိတ်ဆင်းရဲအောင် ကြောက်လန့် အောင် မလုပ်ဘူးဆိုရင် ဖြစ်နိုင်ပါတယ်'

❑

ခင်ခိုင်က သားမောင်ကို ဂရုမစိုက်သဖြင့် သားမောင်မှာ ဝေဒနာဖြစ်ရသည်။ ခင်ခိုင်က မိခင်ဝတ္တရားမကျေပွန်ဟု ငြိမ်းမောင်တို့ဘက်က အဓိကစွပ်စွဲမည်ဖြစ်ကြောင်း ဦးညိုတင် သိသည်။ ထိုကိစ္စနှင့်ပတ်သက်၍ မေးလာသမျှ မေးခွန်းများကို ငြင်းဆိုရန် ခင်ခိုင်ကို မှာထားသည်။

'ဒေါ်ခင်ခိုင်အနေနဲ့ ကလေးကိုယ်ဝန်ရှိလာလို့ နိုင်ငံခြားသွားဖို့ကိစ္စပျက်သွားရတာနဲ့ ပတ်သက်ပြီး ကလေးအပေါ် ငြိုငြင်တဲ့စိတ်ဝင်နေတယ် မဟုတ်လား'

ဦးထွန်းအောင်က မေးသည်။

'မဟုတ်ပါဘူး'

'ဒါနဲ့ ဒေါ်ခင်ခိုင်ဟာ ဒီကိုယ်ဝန်ကို ဖျက်ချဖို့ ကြိုးစားခဲ့သေးတယ်လို့ သိရပါတယ်'

'ကန့်ကွက်ပါတယ်'

ဦးညိုတင် ကန့်ကွက်သည်။

'ဒီမေးခွန်းဟာ ကျွန်တော့အမှုသည်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေပါတယ်။ ကိုယ်ဝန်ဖျက်ချဖို့ ကြိုးစားတယ်ဆိုရင် ဘယ်လိုကြိုးစားတယ်ဆိုတာ တိကျတဲ့ အထောက်အထားရှိမှ မေးသင့်ပါတယ်။ အခုဟာက ယူဆချက် အတွေးသက် သက်သာဖြစ်တဲ့အတွက် ဒီမေးခွန်းကို ရုပ်သိမ်းပေးပါ'

ဦးထွန်းအောင်က

'ကောင်းပါပြီ၊ တခြားထပ်မေးပါ့မယ်။ ဒေါ်ခင်ခိုင်ရဲ့ ပြုစုထိန်းကျောင်းပုံ ညံ့ဖျင်း လို့ ကလေးရဲ့ရောဂါ ပိုဆိုးလာရတယ်လို့ဆိုရင် ငြင်းမလား'

'ငြင်းပါတယ်၊ ကျွန်မ ညံ့လို့မဟုတ်ပါဘူး။ သားကို ကျွန်မ အရမ်းဂရုစိုက် ခဲ့ပါတယ်။ ဒါပေမယ့် ကံအကြောင်းမလှလို့ သားရဲ့ရောဂါ ဆိုးခဲ့ရတာပါ'

ထိုအဖြေကို ခင်ခိုင်ဖြေနေစဉ် ငြိမ်းမောင်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။ ဦးထွန်းအောင် ဆက်မေးပြန်သည်။

'အိမ်ကနေ ခဏထွက်သွားပြီး ကလေးနဲ့မတွေ့ဘဲ ရှောင်နေလို့ ဆရာဝန်ကြီးက အကြံပေးခဲ့တယ်လို့ ဆိုပါတယ်၊ ဒါကြောင့် နိုင်ငံခြားကို ထွက်သွားခဲ့တာပါလား'

'ဒါလည်း ပါပါတယ်'

'ဆရာဝန်ကြီးက ခဏရှောင်နေဖို့သာ ပြောတာပါ။ ခုလို လေးငါးနှစ်ကြာ အောင်နေတာကတော့ ကလေးကိစ္စထက် ကိုယ့်အလုပ်ကိစ္စကို ဦးစားပေးသလို

www.burmeseclassic.com



ဖြစ်နေပါတယ်။ ကလေးမှာ ရောဂါအခြေအနေဆိုးနေမှန်းသိပါလျက်နဲ့ ပစ်ထွက်သွားသလို ဖြစ်မနေဘူးလား'

'မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မ ဟိုမှာ နေနေတာဟာ အလုပ်လုပ်နေတာပါ။ ကျွန်မရဲ့သားရှေ့ရေးအတွက် တစ်သက်လုံးအာမခံချက်ရှိအောင် အလုပ်လုပ်နေတာပါ။ အခု ကျွန်မအနေနဲ့ ပြင်သစ်နိုင်ငံမှာ အတော်အသင့်စုဆောင်းမိပြီး ဖြစ်နေပါပြီ။ သားကို ဟိုကိုခေါ်သွားပြီး ခေတ်မီဆေးဝါးနည်းပညာတွေနဲ့ ကုသပေးဖို့ ရည်ရွယ်ထားပါတယ်။ ဒါဆိုရင် သားဘဝမှာ လူတန်းစေ့အဆင့်မြင့်မြင့် နေသွားနိုင်ပါလိမ့်မယ်။ အဲဒီလို တစ်သက်လုံးကောင်းစားသွားဖို့ကိစ္စနဲ့ ယှဉ်လိုက်ရင် လေးငါးနှစ်လောက် ခွဲနေလိုက်ရတာဟာ အသေးအဖွဲလောက် ဖြစ်သွားမယ်လို့ ထင်ပါတယ်'

'ဒီလေးငါးနှစ်အတွင်း အိမ်ကို စာဘယ်နှစောင်လောက် ရေးပါသလဲ'

'တစ်လ တစ်စောင်လောက်ရေးပါတယ်။ ဖုန်းလည်း မကြာခဏဆက်ပါတယ်'

'မရေးဘူး၊ တစ်စောင်မှ မရေးဘူး'

ငြိမ်းမောင်က ထပြောလိုက်ခြင်းဖြစ်၏။

တရားသူကြီးရော ရှေ့နေများပါ ငြိမ်းမောင်ကို ဝိုင်းကြည့်နေကြသည်။ ခင်နိုင်ကလည်း ငြိမ်းမောင်ဘက် လှည့်၍

'ရှင့်ဆီရေးတာကို ပြောတာမဟုတ်ဘူး။ ရှင့်ဆီ ဘာလို့ရေးရမှာလဲ၊ ရှင်နဲ့ ကျွန်မ ကွာရှင်းပြီးပြီပဲ'

တရားသူကြီးက

'နေကြစမ်းပါဦး၊ ဦးငြိမ်းမောင် ခင်ဗျားကိုမမေးဘဲ ဝင်မပြောပါနဲ့။ ခင်ဗျားကို စစ်တဲ့အခါကျရင် ပြောပါ။ ဒေါ်ခင်နိုင်ကလည်း အကျိုးဆောင်က မေးတာပဲ ဖြေပါ၊ ဘေးလူနဲ့ စကားမပြောပါနဲ့'

ရှေ့နေ ဦးထွန်းအောင်က ဆက်မေးသည်။

'စာက ဘယ်သူ့ဆီရေးတာလဲ'

'ဒေါက်တာဆွေဆွေဦးဆီ ရေးတာပါ။ သားရဲ့ အခြေအနေတွေကို သူကလည်း စာပြန်ရေးပြီး အသိပေးခဲ့ပါတယ်'

ထိုကိစ္စများကို ငြိမ်းမောင်မသိခဲ့။ ဆွေဆွေဦးက ခင်နိုင်သွားခါစ လေးငါးလအတွင်းမှာတော့ စာလာကြောင်း ပြောဖူးသည်။ နောက်ပိုင်း မပြောဖြစ်ခဲ့။ ခင်နိုင့်အကြောင်း စကားစတိုင်း ငြိမ်းမောင်က မပြောဖို့ ပိတ်ပင်ခဲ့သောကြောင့်လည်း ဖြစ်နိုင်သည်။

□



ငြိမ်းမောင်ကို စစ်ဆေးရာတွင် ခင်နိုင့်ရှေ့နေ ဦးညိုတင်က သားမောင်၏ ရောဂါအခြေအနေနှင့် ပညာရေးကိစ္စကို အဓိကမေးသွားသည်။

'မောင်ဇော်ငြိမ်းခိုင်ဟာ ခုချိန်မှာ ဉာဏ်စဉ်မမီတဲ့ရောဂါ မပျောက်ကင်းသေးဘူးနော်'

'ဟုတ်တယ်'

'ဦးငြိမ်းမောင်အနေနဲ့ ဆရာဝန်ကြီးတွေဆီမှာ မှန်မှန်ပြရဲ့လား'

'ပြပါတယ်'

'အဲဒီလို ပြတယ်ဆိုတဲ့ ဆေးမှတ်တမ်းများရှိသလား။ စာအုပ်ပဲ ဖြစ်ဖြစ် စာရွက်စာတမ်းပဲ ဖြစ်ဖြစ်'

'ဆရာဝန်ကြီးတွေဆီမှာ စပြခါစကတော့ စာအုပ်ရှိပါတယ်။ နောက်ပိုင်းမှာ ဆရာဝန်ကြီးတွေနဲ့ ရင်းနှီးသွားလို့ စာအုပ်လည်း သတ်သတ်မှတ်မှတ် မထားတော့ဘူး'

'ရောဂါတစ်ခုအတွက် ဆေးမှတ်တမ်းဟာ အရေးအကြီးဆုံးပဲမဟုတ်လား'

'ဆရာဝန်ကြီးတွေကတော့ မှတ်တမ်းထားပါတယ်။ သူတို့ကလည်း လူနာရင်းဖြစ်နေလို့ သားအကြောင်း အကုန်သိနေပါပြီ'

'ဦးငြိမ်းမောင်ဆီမှာတော့ ဆေးမှတ်တမ်း မရှိဘူးပေါ့'

'မရှိဘူး'

'ဦးငြိမ်းမောင်ရဲ့သားဟာ အသက်ဘယ်လောက်ရှိပြီလဲ'

'ကိုးနှစ်ကျော်ပါပြီ'

'ဘယ်နှတန်းရောက်ပါပြီလဲ'

'တစ်တန်းမှ မရောက်သေးပါဘူး'

'ဟင်၊ ကျောင်းမထားဘူးလား'

ဦးညိုတင်က သိပြီးဖြစ်ပါလျက် ခုမှသိရသည့်ပုံမျိုး အံ့သြဟန်ဖြင့် မေးသည်။ ငြိမ်းမောင် တော်တော်အမြင်ကတ်သွားသဖြင့်

'ခင်ဗျားသိပြီးသားပဲ'

ဟု ခပ်ဆတ်ဆတ် ပြောလိုက်သည်။ ဦးညိုတင်က ပြုံးသည်။

'တရားသူကြီးသိအောင် ပြောပြဖို့လိုပါတယ်၊ ဘာဖြစ်လို့ ကျောင်းမထားရတာလဲ'

'ကျောင်းထားပါတယ်၊ ဒါပေမယ့် ကျောင်းက တခြားကလေးတွေက ကျွန်တော့်သားကို အရူးလေးဆိုပြီး ဝိုင်းစကြတယ်။ သားကမခံနိုင်လို့ ရန်လုပ်တဲ့အခါ ဝိုင်းပြီး ထိုးကြိတ်ကြပါတယ်။ ဒါကြောင့် ကျောင်းမှာဆက်ထားရင် ကျွန်တော့်သား အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုလာမှာ နိုးလို့ပါ'

'ဒါနဲ့ပဲ ကျောင်းကထုတ်ဖို့ ဦးငြိမ်းမောင်က ဆုံးဖြတ်လိုက်တယ်ပေါ့'

'ဟုတ်ပါတယ်၊ ဒါပေမယ့် အိမ်မှာ ဆရာမခေါ်သင်ပါတယ်'

'စာ တော်တော်တတ်ပြီပေါ့'

'မတတ်ပါဘူး။ သူ့မှတ်ဉာဏ်က စာသင်လို့ရလောက်အောင် မကောင်းဘူး'

'သြော်…သူ့ဉာဏ်အရည်အသွေးက တော်တော်နိမ့်နေတာကိုး'

❑

ထိုနေ့က တရားရုံးမှာ စစ်ဆေးမှုများကို ဆွေဆွေဦးလည်း လာရောက်နားထောင်သည်။ ပြီးတော့ ငြိမ်းမောင်နှင့်အတူ လိုက်လာ၏။ သူက

'နင်တို့အဖြစ်ကလည်းဟယ်၊ တရားဆိုင်ပြီး ဖြေရှင်းရတဲ့အထိဆိုတော့ မကောင်းပါဘူး'

'ဘယ်သူက တရားစွဲတာလဲ'

'နင်က သားမောင်ကို မပေးနိုင်ဘူးဆိုတာကိုး'

'သြော်…ငါက သူ့လက်ထဲ သားကို အသာတကြည်ထိုးအပ်ရမယ်ပေါ့ ဟုတ်လား'

'ဒီလိုသဘော မဟုတ်ပါဘူးဟာ။ နင်တို့ ဘာကြောင့် လမ်းခွဲခဲ့ကြသလဲ၊ သားမောင်ကြောင့် မဟုတ်လား၊ အခု သားမောင်ကလည်း ခင်နိုင့်ပေါ်ကြည်ကြည်ဖြူဖြူဖြစ်နေပြီပဲ။ ကလေးကို ခင်နိုင့်ကို ပေးလိုက်ရရင်လည်း နင့်အတွက် မကောင်းဘူး။ နင့်ဆီမှာ ထားရင်လည်း ခင်နိုင့်အတွက်မကောင်းဘူး။ အားလုံး ကောင်းဖို့အတွက်ကတော့ နင်တို့နှစ်ယောက်ပြန်ပေါင်းလိုက်ကြဖို့ပဲ'

'မဖြစ်နိုင်တာပဲ'

'နင်ကသာ လက်ခံမယ်ဆိုရင် ခင်နိုင့်ကို ငါပြောရင် ရပါတယ်'

'တော်စမ်းပါဟာ၊ သူက မိသားစု ပြန်ပေါင်းစည်းချင်တယ်ဆိုရင် မြန်မာပြည်ကို အပြီးပြန်လာမှာပေါ့။ အခုဟာက ခဏပြန်လာတာပဲ'

'ငါ ပွင့်ပွင့်လင်းလင်းပြောမယ်ဟာ၊ သူ နင့်အပေါ်မှာ သံယောဇဉ် မကုန်သေးဘူးလို့ ငါထင်တယ်။ ကလေးအတွက်လည်း ထည့်စဉ်းစားပါဦး၊ ကလေးဟာ အဖေတကွဲ အမေတကွဲနေရမယ်ဆိုရင်'

'ဒီလိုမိန်းမမျိုးနဲ့ ခွဲနေရတာက ငါ့သားအတွက် ပိုကောင်းပါလိမ့်မယ်။ သူ ငါ့အပေါ် သံယောဇဉ်မကုန်သေးဘူးဆိုတာလည်း မဖြစ်နိုင်ဘူး။ အခုအချိန်မှာ သားက ဂရုစိုက်နေတာဟာလည်း လူမြင်ကောင်းအောင် လုပ်ပြနေတာပါ။ တကယ်ချစ်လို့



မဟုတ်ပါဘူး၊ သားကို ခေါ်သွားချင်တယ် ဆိုတာလည်း ငါ့ဆီက သားကို လုယူချင်တာပါ။ ငါ ဒုက္ခရောက်ပြီး ကျန်ခဲ့တာကို မြင်ချင်တာပါ။ သားအပေါ်မှာ တကယ်စေတနာရှင်း မဟုတ်ပါဘူး၊ သူ့အကြောင်း ငါသိပါတယ်။ သူ့ကိုယ်သူ့တလွဲရှင် ဘယ်သူ့မှ ချစ်တတ်တဲ့ မိန်းမမဟုတ်ဘူး'

'နင်ဟာ သိပ်တယူသန်ပါလား ငြိမ်းမောင်'

'နင် အိမ်ထောင်ရေးကို ဘယ်လောက်နားလည်သလဲ။ နင် အိမ်ထောင်ပြုဖူးသလား၊ ချစ်သူထားဖူးသလား။ အချစ်ဆိုတာဘာလဲ နင်သိသလား။ ခင်နိုင်ဟာ ငါ့ကို ချစ်လို့ လက်ထပ်ခဲ့တာမဟုတ်ဘူး။ သူ့ကို တင့်တင့်တယ်တယ် ထားနိုင်တဲ့လူမို့လို့ ယူတာ၊ သူဟာ ဒီလောက်နဲ့လည်း တင်းတိမ်နိုင်တဲ့မိန်းမ မဟုတ်ဘူး။ ငါ့ကို သူ့ဘဝတက်လမ်းမှာ ခုတုံးအဖြစ် အသုံးချဖို့လောက်သာ သတ်မှတ်ထားခဲ့တာ။ ဒီမှာ ဆွေဆွေဦး အချစ်ဆိုတာ ကြက်ဥတစ်လုံးလိုပဲ၊ ကွဲသွားပြီးရင် အကောင်းအတိုင်းဖြစ်အောင် ပြန်လုပ်ယူလို့ မရတော့ဘူးဆိုတာ နင်မြဲမြဲ မှတ်ထားလိုက်'

❑

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့သည် တရားခွင်တွင် အရေးကြီးသော နေ့တစ်နေ့ဖြစ်၏။ သားမောင်ကို စစ်ဆေးသည့်နေ့ဖြစ်သောကြောင့်ပင်။ ခင်ခိုင့်ရှေ့နေ ဦးညိုတင်က သားကို မေးသည်။

'သားနာမည် ဘယ်သူလဲ'

'သားမောင်'

'တခြားနာမည်ရော ရှိသေးတယ် မဟုတ်လား'

'ဇော်ငြိမ်းခိုင်ပါ'

'မောက်ဇော်ငြိမ်းခိုင် အသက်ဘယ်လောက်ရှိပြီလဲ'

သားက လက်ငါးချောင်း ထောင်ပြသည်။

'ငါးနှစ် ဟုတ်လား'

သားက ဘယ်ဘက် လက်ငါးချောင်းပါ ထပ်ထောင်ပြီး

'ဒါလည်း ပါသေးတယ်'

'ဆယ်နှစ်ပေါ့၊ ဒါဆို စာတွေအများကြီး တတ်ပြီပေါ့'

'တတ်တယ်'

'ဘာတွေတတ်လဲကွာ'

'ကကြီး ခကွေးတို့၊ အေဘီစီဒီတို့ပေါ့'

'ဒါဖြင့် ဦးဦးကို ဆိုပြစမ်းပါ'

'ဘာလို့ ဆိုပြရမှာလဲ'

'ဆိုပြပါကွာ၊ ဦးဦး မတတ်လို့ပါ'

'လူကြီးဖြစ်ပြီး မတတ်ဘူးလား'

ဝိုင်းရယ်သံတွေ ထွက်ပေါ်လာသည်။ ဦးညိုတင်က ပြုံးပြီး

www.burmeseclassic.com

www.burmeseclassic.com



'ဦးဦးမေ့နေလို့ပါကွာ၊ သားပဲ ဆိုပြပါ'

သားက ဟီးကနဲ တစ်ချက်ရယ်လိုက်ပြီး

'သားလည်း မေ့သွားပြီကွာ'

'ဒါဆိုလည်း နေပါစေတော့ကွာ၊ ဦးဦး တစ်ခုထပ်မေးပါရစေဦး'

'ဟာ...ဦးဦးက သိပ်လျှာရှည်တာပဲ'

ရယ်ကြပြန်သည်။

'ဟုတ်တယ်ကွ၊ ဦးဦးတို့အမျိုးက လျှာရှည်တဲ့အမျိုး'

'ဒါဆို လျှာထုတ်ပြစမ်း'

ဦးညိုတင်ကလည်း တကယ်ကို လျှာထုတ်ပြလိုက်သည်။ သူ၏ စည်းရုံးရေး အောင်မြင်သွား၏။ သားမောင်က သူ့ကို သဘောကျသွားသည်။

'ဦးဦး တစ်ခုမေးမယ်၊ သားဖေဖေနဲ့ မေမေ ဘယ်သူ့ကို ပိုချစ်သလဲ'

'ကျွန်တော် ဒီမေးခွန်းကို ကန့်ကွက်ပါတယ်။ ဒါမျိုးမေးရင် ကလေးတွေဟာ ပါးစပ်ထဲတွေ့ကရာ ဖြေလေ့ရှိပါတယ်၊ စစ်မှန်တဲ့ အဖြေမရနိုင်ပါဘူး'

ဦးညိုတင် ဦးထွန်းအောင်ဘက်လှည့်၍ ခေါင်းညိတ်ပြပြီး

'တစ်မျိုးပြင်မေးပါ့မယ်၊ သားဖေဖေကို သားချစ်သလား'

'ချစ်တယ်'

'မေမေ့ကိုရော'

'ချစ်တာပဲ'

'သားဖေဖေနဲ့နေရတာ ပျော်ရဲ့လား'

'ပျော်တယ်'

'ဘာဖြစ်လို့လဲ'

'ဖေက မုန့်ဝယ်ကျွေးလို့'

'ဩ...ဟုတ်လား၊ မေမေနဲ့ လျှောက်လည်ရတာရော ပျော်လား'

'ပျော်တာပဲ'

'ဘာဖြစ်လို့လဲ'

'မေမေက မုန့်ဝယ်ကျွေးလို့'

'ဟာ...တယ်ဟုတ်ပါလား၊ ဒါနဲ့ သားမေမေက သားကို နိုင်ငံခြားခေါ်သွားမယ်လို့ပြောတယ် မဟုတ်လား'

သားက ခေါင်းညိတ်ပြသည်။

'သားအနေနဲ့ မေမေနဲ့ နိုင်ငံခြားကို လိုက်သွားချင်သလား'



'လိုက်ချင်တယ်'

မထင်မှတ်သောစကား။ ငြိမ်းမောင် မျက်လုံးပြူးသွားသည်။ အလျှင်အမြန် ထရပ်ပြီး

'ဟေ့ သား၊ ဘာတွေ လျှောက်ပြောနေတာလဲ'

ခင်နိုင်ကလည်း ထရပ်လိုက်သည်။

ဦးထွန်းအောင်က ငြိမ်းမောင်ကိုလက်ခွဲပြီး ပြန်ထိုင်ခိုင်းသလို ဦးညိုတင်တလည်း ခင်နိုင့်ကို လက်ပြ၍ ထိုင်ခိုင်းသည်။ ဦးညိုတင်က အောင်မြင်သောအပြုံး ပြုံးလိုက်၏။

တရားရုံးကအပြန် ကားပေါ်ရောက်ရောက်ချင်း ငြိမ်းမောင်မနေနိုင်တော့ဘဲ သားကို မေးသည်။

'သား ဘာတွေလျှောက်ပြောတာလဲဟင်၊ မင်းက မင်းအမေနဲ့လိုက်သွားတော့ မယ်ပေါ့ ဟုတ်လား။ မင်း ဖေဖေ့ကို မချစ်တော့ဘူးလား'

'ချစ်တာပေါ့'

'ချစ်ရင် ဘာလို့ မင်းအမေနဲ့ လိုက်သွားရမှာလဲ၊ ဖေဖေ့ကို တစ်ယောက်တည်း ထားခဲ့တော့မှာလား'

'မထားခဲ့ဘူးလေ၊ ဖေပါ နိုင်ငံခြားကို လိုက်ရမှာပေါ့'

'ဘာ...ဖေဖေပါ လိုက်ရမယ်၊ ဟုတ်လား'

'ဟုတ်တယ်၊ မေမေကပြောတယ်၊ သားရယ် ဖေဖေရယ် မေမေရယ် နိုင်ငံခြားကို လေယာဉ်ပျံကြီးနဲ့ အတူတူသွားကြမှာတဲ့'

ငြိမ်းမောင် သိလိုက်ပြီ။ ခင်နိုင်နှင့် သူ့ရှေ့နေတို့ အကွက်ဆင်ခဲ့ခြင်းပင်။ သားကို နိုင်ငံခြားသွားလျှင် မင်းအဖေပါလိုက်မယ်၊ ဒါကြောင့် ရုံးမှာ လိုက်မလား မေးရင် လိုက်မယ်လို့ပြောဟု သင်ပေးထားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

'တောက်၊ တော်တော်ကလိန်ကျတဲ့ မိန်းမ'

'ခင်ဗျားဗျာ၊ ဒါကို စောစောက သိအောင်လုပ်ထားဖို့ကောင်းတယ်'

ဦးထွန်းအောင်က ငြိမ်းမောင်ကို အပြစ်တင်သည်။

'ကျွန်တော်က ဘယ်လိုလုပ်သိမလဲဗျ'

'သူ့အမေက တစ်ပတ်တစ်ခါ လာခေါ်သွားပြီးပြန်လာတိုင်း ကလေးကို ဘာတွေ သွေးဆောင်ဖြားယောင်းတဲ့စကားမျိုး ပြောသလဲဆိုတာ မေးထားရမှာပေါ့။ ခုတော့ဗျာ ကျွန်တော်တို့က သူတို့အနေနဲ့ ကလေးကို သွေးဆောင်ပြီး ဒီလိုပြောခိုင်းပါတယ်လို့ ပြန်ပြင်ခိုင်းပေမယ့် သူတို့ဘက်က တစ်ကွက်သာသွားတာ အမှန်ပဲ'

ငြိမ်းမောင်ကတော့ ခင်နိုင့်ကိုအတော်ဒေါသဖြစ်နေသည်။ နောက်တစ်ခါ ရုံး

www.burmeseclassic.com

www.burmeseclassic.com



မှာတွေ့သောအခါ စိတ်မထိန်းနိုင်ဘဲ ခင်ခိုင့်လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ဆွဲရမ်းပြီး

'မင်း . . . မင်း တော်တော်လည်တဲ့ မိန်းမ'

'လွှတ်ပါ၊ ရှင် ကျွန်မကို ဆွဲလားကိုင်လား လုပ်ခွင့်မရှိဘူး'

ခင်ခိုင်က ရုန်းသော်လည်း ငြိမ်းမောင်က မလွှတ်၊ ဦးညိုတင်က

'ဦးငြိမ်းမောင် ကျွန်တော့်အမှုသည်ကို ဤနေရာမှာ ဘာမှ အောင်မလုပ်ဖို့ မေတ္တာရပ်ခံပါတယ်'

'ခင်ဗျားက ဘာလဲ'

ငြိမ်းမောင် ဦးညိုတင်၏ တိုက်ပုံအင်္ကျီကို ဆောင့်ဆွဲလိုက်မိသည်။ ဦးထွန်းအောင်က ငြိမ်းမောင်ကို ဝင်ဆွဲထားရသည်။

❑

ခင်ခိုင်တို့ဘက်က နောက်ဆွဲ အထုပ်သက်သေခံတစ်ခုတင်သွင်းသည်။ ဗီဒီယိုတိပ်ခွေတစ်ခုပင် ဖြစ်၏။

ထိုတိပ်ခွေမှာ ပြင်သစ်နိုင်ငံ မာဆေးမြို့ရှိ ကလေးသူငယ်များ စောင့်ရှောက်ရေးကျောင်းတစ်ကျောင်းအကြောင်း ရိုက်ကူးထားသော သတင်းကား ဖြစ်၏။

ထိုကျောင်းမှာ သားမောင်တို့လို ဦးနှောက်ချွတ်ယွင်းနေသော ကလေးများကို ခေတ်မီနည်းစနစ်များဖြင့် ဉာဏ်ရည်ဉာဏ်သွေး မြင့်လာအောင် ပြုစုပျိုးထောင်ပေးပုံ၊ စာသင်ပေးပုံ၊ ဆရာ ဆရာမများက အနီးကပ် စောင့်ရှောက်ကြပုံ၊ အချို့ ကလေးငယ်များ ကျောင်းကို ရောက်လာခါစအခြေအနေမှ တဖြည်းဖြည်းတိုးတက်ကောင်းမွန်ပြီး စာတတ်မြောက်လာပုံ၊ အတန်းကျောင်းများမှာပင် တက်ရောက်သင်ကြားလာနိုင်ပုံတို့ကို အသေးစိတ်ရိုက်ပြထားသည်။

ခင်ခိုင့်ရှေ့နေ ဦးညိုတင်က ထိုတိပ်ခွေကို ကိုးကား၍ သားမောင်ကို ပြင်သစ်သို့ ခေါ်သွားပြီးလျှင် ထိုကျောင်းမှာ ထားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ ထိုကျောင်းမျိုး မရှိကြောင်း၊ ထို့ကြောင့် သားမောင်အနေဖြင့် မိခင်နှင့် ပြင်သစ် ပြည်သို့ လိုက်သွားမှသာ ဘဝရေ့ရေး အားမခံချက်ရှိပြီး လူတန်းစေ့နေသွားနိုင်မည်ဖြစ်ကြောင်း၊ ကလေးကိုယ်တိုင်ကလည်း မိခင်နှင့်လိုက်လိုသောဆန္ဒရှိကြောင်း တိကျခိုင်မာစွာ လျှောက်လဲချက်ပေးသွားသည်။

ငြိမ်းမောင်၏ရှေ့နေ ဦးထွန်းအောင်မှာ ကြိုးစား၍ ချေဖျက်လျှောက်လဲခဲ့သော်လည်း ဦးညိုတင်၏ လျှောက်လဲချက်ကို မလွှမ်းမိုးနိုင်တော့ချေ။

သို့ဖြင့် တရားရုံး၏ စီရင်ချက်မှာ



'ကျွန်ုပ်တို့အနေဖြင့် စဉ်းစားရမည်မှာ မောင်ဇော်ငြိမ်းခိုင်၏ဆန္ဒကို လည်းကောင်း၊ ယင်းကလေးငယ်၏ ဘဝရေ့ရေး အားမခံချက်ရှိပြီး ၄င်းတွင် ဖြစ်ပေါ်နေသည့် ရောဂါဝေဒနာကို ပျောက်ကင်းစေနိုင်သည့် အခြေအနေမျိုး ဖန်တီးပေးနိုင်ရန် ဦးစားပေးရန် လိုအပ်ပေသည်၊ သို့ဖြစ်၍ . . .'

သားကို ခင်ခိုင် နိုင်ငံခြားသို့ ခေါ်သွားခွင့် ရရှိသွားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ဆယ့်လေးရက်ဆိုသော အချိန်ကာလသည် ဘယ်လို ကုန်သွားမှန်းမသိ။ မနေ့က တစ်ညအိပ်ပြီးနောက် ဒီနေ့ ဆယ့်လေးရက်ပြည့်သွားသည်ဟုတောင် ထင်မိသည်။ နေ့တွေ ညတွေကို သတိမထားဘဲ နေခဲ့သောကြောင့်ထင်သည်။

ဟုတ်လည်း ဟုတ်သည်။ သူ့အဖို့ နေ့သည်လည်းကောင်း၊ ညသည် လည်းကောင်း မရှိတော့။ သားမောင်သည်သာ နေ့၊ သားမောင်သည်သာ ည။ သားမောင်၏ မျက်နှာကို နေနှင့်လလို တလှည့်စီ ကြည့်နေခဲ့သည်။

တရားရုံးမှ စီရင်ချက်ချပြီးနောက် ရက်သတ္တသုံးပတ်အကြာတွင် ခင်ခိုင် နိုင်ငံခြားသို့ ထွက်ခွာမည်။ ငြိမ်းမောင်က သားကို ရက်သတ္တနှစ်ပတ်တိတိ ခေါ်ထားခွင့်ရသည်။ နှစ်ပတ်ပြည့်လျှင် သားမောင်အား ခင်ခိုင့်လက်သို့ အပ်ရတော့မည်ဖြစ်၏။

သားနှင့်အတူ နောက်ဆုံးနေခွင့်ရသော ကာလများတွင် ငြိမ်းမောင်သည် သားကိုသာ အရိပ်တကြည့်ကြည့်နေခဲ့သည်။ ရုံးကခွင့်ယူပြီး သားနှင့် အချိန်ပြည့်နေသည်။ သားလုပ်ချင်တာ မှန်သမျှ အကုန်လိုက်လုပ်ပေးသည်။

သားကတော့ ဘာမျှမသိသေး။ နိုင်ငံခြားသွားရတော့မည်ဆိုပြီး ပျော်နေသည်။ သူ့အဖေပါ နိုင်ငံခြားသို့လိုက်ပါမည်ဟု ယုံကြည်နေသည်။ ငြိမ်းမောင်သည် သားကို အမှန်အတိုင်း မပြောရက်။ သားအနေဖြင့် သူ့စိတ်ကူးနှင့်သူ ပျော်နေစေချင်သည်။

သားသည် ထိုရက်များအတွင်း နိုင်ငံခြားအကြောင်းကို ခဏခဏမေးသည်။ နိုင်ငံခြားမှာ ဘာတွေစားကြသလဲ၊ တိုက်နဲ့နေကြသလား၊ တဲနဲ့နေကြသလား၊ နိုင်ငံခြားမှာ ဆိုက်ကားရှိသလား၊ မရမ်းပြားရှိသလား၊ လေယာဉ်ပျံပေါ်မှာ အီးအီးပါချင်ရင် ဘယ်လိုလုပ်မလဲ၊ နိုင်ငံခြားမှာသိပ်ချမ်းတယ်ဆိုရင် မီးလှုံလို့မရဘူးလား။

နိုင်ငံခြားမှ ချော့ကလက်တို့ ရေခဲမုန့်တို့ သိပ်ပေါသည်ဟုသိရသဖြင့် သားမောင်

www.burmeseclassic.com

www.burmeseclassic.com



အချိန်စောင့်ပြီး နိုင်ငံခြားသွားဖို့ ဘယ်နှရက်လိုသေးလဲဟု ခဏခဏမေးသည်။

နိုင်ငံခြားသွားလျှင် ဝတ်သွားဖို့ အဝတ်အစားကို သူကိုယ်တိုင်ရွေးပြီး လှငွေအား နေ့စဉ် မီးပူတိုက်ခိုင်းနေသည်။ ဒါတွေကို မြင်ရကြားရသည့်အခါတိုင်း ငြိမ်းမောင် ရင်ထဲက အချိုတင်ကဲခံစားရသည်။

တစ်ခါတစ်ခါကျတော့ ငြိမ်းမောင်အတွေးတစ်မျိုး ပေါ်ပေါက်လာသည်။ သားမောင်က သူ့အပေါ် စိတ်နာကြည့်သွားအောင် လုပ်ပစ်လိုက်ဖို့ ဖြစ်၏။ အော်ငေါက်ပစ်တာမျိုး၊ ရိုက်နှက်ပစ်လိုက်တာမျိုး လုပ်လိုက်လျှင် သားက သူ့ကို စိတ်နာပြီး သူ့အမေနှင့်နေဖို့ ပိုပြီး စိတ်ပါသွားလိမ့်မည်ဟူ၍ ဖြစ်၏။ သို့ရာတွင် ဒါမျိုး သူမလုပ်ရက်။

သားမောင်သည် ညဆိုလျှင် ကောင်းကောင်းအိပ်လေ့မရှိ။ နိုင်ငံခြားရောက် လျှင် စက်ဘီးအသစ်ဝယ်စီးမည်။ စက်နှင့်သွားသော ကားကလေးဝယ်စီးမည်။ ချော့ကလက်တွေ ရေခဲမုန့်တွေစားမည် စသည်ဖြင့် မောလောက်အောင်ပြောပြီး နောက် နှစ်ခြိုက်စွာ အိပ်မောကျသွားတတ်သော သားမောင်၏မျက်နှာလေးကိုသာ တစိမ့်စိမ့် ငေးကြည့်နေတတ်သည်။

သူအိပ်လိုက်လျှင် သားမောင်ကို မြင်ခွင့်ရမည့်အချိန်ကလေးထဲက လျော့သွားမည်ကို စိုးသည်။ သားကို ကြည့်ခွင့်ရနိုင်သမျှ အချိန်လု၍ ကြည့်ချင်သည်။

ဒီနေ့ညသည် သားနှင့်အတူတကွ နောက်ဆုံးအိပ်စက်ရသည့်ညပင် ဖြစ်၏။ မနက်ဆိုလျှင် ခင်ခိုင်က သားကို လာခေါ်တော့မည်။ သားနှင့်သူ နောက်ထပ် မတွေ့တော့ဟု ဆုံးဖြတ်ထားသည်။ လေယာဉ်ကွင်းကိုလည်း လိုက်မပို့ချင်တော့။ သူ့ကို အပြီးတိုင် ခွဲခွာသွားသော သားကို သူကြည့်နိုင်စွမ်း ရှိမည်မဟုတ်။

တကယ်တော့ ဒီညသည် သားနှင့်အတူ အိပ်စက်ရသည်ဟုပြောလို့တောင်မရ။ သူမှ လုံးဝအိပ်စက်ခြင်းမရှိခဲ့ဘဲ သားကိုသာ တစ်ချိန်လုံး ငေးစိုက်ကြည့်နေသည်။

ခင်ခိုင်သည် သားကို တကယ်ဂရုစိုက်ပါ့မလား။ သူ သံသယဖြစ်နေသည်။ ဖြစ်နိုင်တာက သားကို သင်တန်းကျောင်းမှာ ကျောင်းအိပ်ကျောင်းစားထားလိမ့်မည်။

ထိုအခါ သားသည် တစ်ပြည်တစ်ရွာမှာ လူမျိုးခြားတွေကြားထဲမှာ မျက်စိသူငယ်နားသူငယ် ဖြစ်နေရလိမ့်မည်။ သားဘယ်လောက် အားငယ်ရှာမလဲ။ တခြားကျောင်းသားတွေက သားကို ဝိုင်းစကြလျှင်၊ ဝိုင်းဝန်း ထိုးကြိတ်ကြလျှင်...။

စဉ်းစားမိရင်း သူ မျက်ရည်လည်လာသည်။

ထိုအခိုက်တွင် သားမောင် အိပ်နေရာမှ ရုတ်တရက်လန့်ပြီးထငိုသည်။ အိပ်မက်ဆိုးတွေမက်သောကြောင့် ဖြစ်မည်ထင်၏။ ငြိမ်းမောင်က သားကိုဖက်ထားပြီး ချော့မော့သည်။ သား၏ ကိုယ်နွေးနွေးကလေး၏ အတွေ့အထိကို သူ မှတ်မိအောင် ကြိုးစား



မှတ်သားနေသည်။ သား၏ကိုယ်မှရရှိသော ပေါင်ဒါနှင့် သနပ်ခါးနံ့၊ ချွေးနံ့တို့ကို မက်မောစွာ ရှူရှိုက်နေမိသည်။

မနက်ကျတော့ သားအတွက် နောက်ဆုံးနှုတ်ဆက်ပွဲ နံနက်စာကို ဒေါ်ကြီးက စုံလင်စွာ ပြင်ဆင်ပေးထားသည်။ နိုင်ငံခြားမှာ မရနိုင်သော မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကောက်ညှင်းပေါင်း၊ အုန်းနို့သာကူ၊ နနွင်းမကင်း စသည်တို့ကို သားကြိုက်ရာ စားနိုင်အောင် ချပေးထားသည်။

သို့ရာတွင် သားမောင်က ဟက်ဟက်ပက်ပက်မစား။ ဟိုတို့ဒီတို့လုပ်ရင်း စိတ်မပါသလို ဝါးနေသည်။ ဒီနေ့မနက် သားကိုကြည့်ရသည်မှာ တစ်မျိုးဖြစ် နေ၏။ သိပ်မလန်းဆန်း။ ခါတိုင်းလို နိုင်ငံခြားအကြောင်းလည်း မပြောတော့။

အဖေနှင့် ခွဲရတော့မည်ဆိုတာ မပြောဘဲနှင့် အလိုလိုသိသွားလေသလား။ အိမ်ရှိ လူကြီးများ၏ မျက်နှာရိပ် မျက်နှာကဲကို ဖမ်းမိသွားလေသလား။

'စားလေသား၊ အားလုံး သားကြိုက်တာတွေချည်းပဲ'

ဒေါ်ကြီးက ပြောသည်။ သားက ခေါင်းခါပြ၏။

'သား ဘာဖြစ်သလဲဟင်၊ နေမကောင်းဘူးလား'

သားမောင်က ခေါင်းခါပြီး ငြိမ်းမောင်ကို မော့ကြည့်သည်။ တစ်ခုခု ပြောချင်နေပုံရသည်။

'သား ဘာပြောချင်လို့လဲ ပြောလေ'

သား၏ နှုတ်ခမ်းများ တရွရွလှုပ်လာသည်။

'ဖေ၊ သားတို့နဲ့ တူတူလိုက်ဘူးဆို'

'ဟင်...သားကို ဘယ်သူပြောသလဲ'

'မမ လှလှ'

'ဘာ၊ လှငွေ'

ငြိမ်းမောင်သည် လှငွေကို လှမ်းအော်ငေါက်မည်ပြုပြီးမှ စိတ်ပြောင်းသွားသည်။

'လိုက်မှာပါ သားရဲ့၊ ဒါပေမယ့် အခု တစ်ခါတည်းလိုက်မှာတော့ မဟုတ်ဘူးလေ။ ဟို...ကွာ၊ ဖေဖေက ဒီမှာ အလုပ်ရှိသေးတယ်မဟုတ်လား၊ အလုပ်ပြီးတော့ လိုက်လာမှာပေါ့'

'အကြာကြီးလား'

'မကြာပါဘူး သားရယ်'

ထိုစကားကို ငြိမ်းမောင် မျက်နှာလွှဲ၍ ပြောလိုက်သည်။ သူ့သားနှင့် မျက်လုံးချင်းဆုံ၍မကြည့်ရဲ။ သူ့မျက်နှာကိုလည်း သားမမြင်စေချင်။ သူ့အသံကိုတော့ သားမကြား

www.burmeseclassic.com

www.burmeseclassic.com



ခေနချင်လို့ရေ။

'သား သိပါတယ်ဖေရယ်'

'ဘာသိတာလဲ သား'

လှေငွေသည် ထမင်းစားခန်းအပြင်သို့ ပြေးထွက်သွားသည်။ ရှိုက်သံသဲ့သဲ့ တစ်ချက်တော့ လွင့်ပျံ၍ ကျန်ရစ်သည်။ ဒေါ်ကြီးသည့် တစ်ဘက်သို့ လှည့်သွား၏။

ထိုစဉ်မှာပင် လူခေါ်ခေါင်းလောင်းသံ ကြားလိုက်ရသည်။

'သားအမေလာပြီ သား၊ ဒီနေ့ သားအမေနဲ့ လိုက်သွားရမယ်'

ငြိမ်းမောင်က အမိန့်ပေးသည့်လေသံမျိုး အတင်းဟန်ဆောင်၍ ပြောလိုက်သည်။ သား တစ်စုံတစ်ရာ ပြန်မပြောနိုင်ခင် လာသားဆိုပြီး သားကို လက်ဆွဲ၍ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့သည်။

သားကို မြင်သောအခါ ခင်နိုင်က လက်ကို ဆန့်တန်းလိုက်သည်။

'သားရေ၊ မေမေတို့ ဒီနေ့ ပတ်စ်ပို့ကိစ္စပြီးရင် စထရင်ဟိုတယ်မှာ အီတလီ ခေါက်ဆွဲသွားစားကြမယ် သိလား'

သားမောင်က ဘာမျှပြန်မပြော၊ ခါတိုင်းလို မေမေလာပြီဆိုပြီး ပြေးသွားတာမျိုးမဟုတ်၊ ခင်နိုင့်ကို ငေးစိုက်ကြည့်နေသည်။ မျက်နှာကို အထပ်ထပ်မှတ်မိအောင် ကြည့်နေသည့်ပုံမျိုး။

သား၏ မျက်လုံးများသည် မျက်နှာကို ကြည့်နေရာမှ အောက်သို့ ရွေ့လျား ဆင်းသက်လာသည်။

ထဘီ။ ခင်နိုင်ဝတ်ထားသော ထဘီ။ ချိတ်လုံချည်၊ ငုဝါရောင်။ ဟိုးလွန်ခဲ့ သောအခါက သားမောင် ကတ်ကြေးနှင့် ကိုက်ညှပ်ပစ်ခဲ့သော လုံချည်နှင့် တစ်ဆင် တည်း။ တစ်ရောင်တည်း။

သားမောင်မျက်နှာပေါ်တွင် အပြောင်းအလဲတွေ လျှင်မြန်စွာ ဖြစ်ပေါ်လာသည်။ ခင်နိုင် မျက်မှောင်တစ်ချက် ကုပ်သွား၏။

'သား လာ၊ မေမေ့ဆီလာလေ'

'မလာဘူး'

'ဟင်…မေမေလေ သားရဲ့'

'မဟုတ်ဘူး၊ မလာဘူး၊ သွား သွား မလာနဲ့၊ သွား'

သားမောင်က တအားကျုံးအော်လိုက်ပြီးနောက် ချာခနဲလှည့်ထွက်ပြေးသွားသည်။ ခင်နိုင် အံ့အားသင့်နေ၏။ ဘယ်လိုဖြစ်တာလဲဟု ရေရွတ်ပြီးနောက် သူ့မျက်နှာက တင်းမာလာသည်။ ငြိမ်းမောင်ကို



'ရှင်…ရှင် သားကို ဘာတွေလျှောက်ပြောလိုက်သလဲဟင်'

'ငါ ဘာမှမပြောဘူး'

ခင်နိုင် ရှေ့တစ်လှမ်းတိုးလာသည်။ သူ့မျက်လုံးများသည် ဝင်းဝင်းတောက်လျက်

'ရှင် တော်တော်ယုတ်မာတဲ့လူ၊ ကျွန်မကို သားမုန်းသွားအောင် အရင်ကိစ္စတွေ အစဖော်ပြီး သွေးထိုးပေးတယ်။ ရှင်…ရှင်…ရှင့်ကို သိပ်မုန်းတယ်'

ဆိုသောစကားနှင့် ဖြန်းခနဲမြည်သွားသောအသံတို့သည် တစ်ပြိုင်တည်းလား၊ ရှေ့ဆင့်နောက်ဆင့်လားဆိုတာ အရေးမကြီး။ ငြိမ်းမောင်သည် လက်သီးကို ကျစ်ကျစ် ပါအောင်ဆုပ်ပြီး အံကြိတ်ထားသည်။ ဘာမျှ မလုပ်ဖြစ်။ သူ့စိတ်ထဲတွင်လည်း ခင်နိုင့်လိုပင် သားမောင်ဘာဖြစ်သွားပါလိမ့်ဆိုသော အတွေးက ကြီးစိုးနေသည်။

'ကျွန်မ သားကို မရ ရအောင်ခေါ်မယ်'

ဟု ပြောပြီး လှည့်ထွက်သွားသော ခင်နိုင့်ကိုတောင် သတိမပြုမိတော့။

သားဆီ သူပြေးလာခဲ့သည်။

သားမောင်သည် ဒေါ်ကြီးတို့အခန်းထဲမှာ။ ဒေါ်ကြီး၏ရင်ခွင်မှာ မျက်နှာအပ် ပြီး တရှိုက်ရှိုက်ငိုနေသည်။ ဒေါ်ကြီးက

'မသွားရပါဘူးကွယ်၊ သားလေး မသွားရပါဘူး'

ဟု တတွတ်တွတ် ရွတ်ဆိုနေသည်။

'သား'

ငြိမ်းမောင်က သားကို ဆွဲဖက်ထားလိုက်သည်။ သားက ရှိုက်သံတစ်ဝက်ဖြင့်

'သား သူနဲ့မလိုက်ချင်ဘူး၊ မလိုက်ချင်ဘူး၊ သားကို…သားကို ညက အိပ်မက် ထဲမှာ သူက…သူက…ကတ်ကြေးကြီးနဲ့ ထိုးတယ်၊ သား သူ့ကို မုန်းတယ်'

ငြိမ်းမောင်သည် သား၏ ခေါင်းကလေးကို သူ့ရင်မှာ အပ်ထားလိုက်၏။ သားမောင် သည် သူ့အမေအပေါ် မုန်းတီးသည့်စိတ် အစွဲအလမ်းဖြစ်ပေါ်လာခဲ့လေပြီတကား။

ငြိမ်းမောင်သည် သူတစ်ယောက်တည်း ရှိနေသလို တတွတ်တွတ်ပြောနေသည်။

'သားရယ် တရားဥပဒေဆိုတာ ဖေဖေတို့ ဘယ်လိုမှ လွန်ဆန်လို့မရတဲ့အရာပါ ကွာ။ တရားဥပဒေဆိုတာ လူတစ်ယောက်ရဲ့ နှလုံးသားကို မမြင်နိုင်ပါဘူး၊ နှလုံးသား အလိုထက် ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းရဲ့ အလိုကိုသာ လိုက်စမြဲပါကွာ။ အဲဒါဖြစ်ဖြစ် တရားဥပဒေအတိုင်း ဖေဖေတို့ လိုက်နာကြရတော့မယ်'

သူ့လေသံသည် ဆို့နင့်ကြေကွဲနေသည်။ နာကြည်းသံလုံးလုံး ပါဝင်နေသည်။ သားက

'တရားဥပဒေဆိုတာ ဘာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးသည်။

'တရားဥပဒေဆိုတာ လူတွေလိုက်နာဖို့ သတ်မှတ်ထားတဲ့ စည်းကမ်းပေါ့ကွာ'

'ဘယ်သူက လုပ်ထားတဲ့ စည်းကမ်းလဲ'

'မေမေတို့ လူတွေကပဲ လုပ်ထားကြတာပဲသား'

'အဲဒီတရားဥပဒေနဲ့ သားနဲ့ ဘယ်သူ့ကို ပိုချစ်သလဲဟင်'

ငြိမ်းမောင် ရင်ထဲမှာ ကျင်ခနဲဖြစ်သွား၏။ သား၏မျက်နှာကို ရင်ခွင်မှ ခွဲခွာလိုက်သည်။ ပါးနှစ်ဖက်ကို လက်နှင့်အပ်၍မော့စေပြီး

'သားကို မေမေ့အသက်ထက်တောင် ပိုချစ်ပါတယ် သားရယ်'

'ဒါဆို သားတို့ ထွက်ပြေးကြရအောင်'

သားမျက်လုံးတွေက တလက်လက်တောက်နေသည်။ မျှော်လင့်ခြင်းအရောင်များ။ ငြိမ်းမောင် ရင်ထဲလည်းကောင်း၊ ဦးခေါင်းထဲမှ လည်းကောင်း ပေါက်ကွဲသံများ ကြားရသလိုပင်။

မှန်၏။ တင်းကျပ်စွာထိန်းချုပ်ထားခဲ့သော ဆင်ခြင်ဉာဏ်အသိများ ပေါက်ကွဲ ပျက်စီးသွားခြင်း။

❑

ရှေ့နေဦးညိုတင်ကိုခေါ်ပြီး ခင်ခိုင်ပြန်ရောက်လာသောအခါ ငြိမ်းမောင်နှင့် သားတို့မရှိတော့။ ဒေါ်ကြီးကတံခါးဖွင့်မပေး။ အိမ်ထဲအဝင်မခံ။ တံခါးပေါက်ကပင် စကားပြောသည်။

'မရှိတော့ဘူး၊ သားအဖနှစ်ယောက် ညည်းနဲ့ဝေးရာ ထွက်သွားကြပြီ'

'ဘယ်ကို သွားသလဲ'

'ဘယ်သိမလဲ'

'ကျွန်မသားကို ကျွန်မ ပြန်ခေါ်ခွင့်ရှိတယ်'

'ဒါတွေ ကျုပ်မသိဘူး'

ဦးညိုတင်က

'သူတို့ဘယ်ကိုသွားတယ်ဆိုတာ ပြောပြပါအဒေါ်၊ ဒါဟာ တရားဥပဒေ ဆုံးဖြတ်တဲ့အတိုင်း ဆောင်ရွက်တာပါ'

'တရားဥပဒေပဲဖြစ်ဖြစ်၊ နတ်ရားဥပဒေပဲဖြစ်ဖြစ် ကျုပ်မသိဘူး'

'ကျွန်မ ရဲကို သွားတိုင်မယ်'

'ရဲမကလို့ ခေါပဏီတပ်ကြီးနဲ့ချီလာလည်း ကျုပ်မကြောက်ဘူး။ ကိုင်း သွားကြပါတော့၊ ညည်းမျက်နှာ ကြာကြာမကြည့်ပါရစေနဲ့'



ဒေါ်ကြီးဆီက လက်လျှော့ပြန်လာပြီးနောက် ဆွေဆွေဦးဆီ သွားကြသည်။ ဆွေဆွေဦးသည် တရားရုံးမှာ ခင်ခိုင်တို့ဘက်က သားကို လှည့်စားထွက်ဆိုခိုင်းသည့်ကိစ္စ သိပြီးကတည်းက ခင်ခိုင့်အပေါ် ခပ်တန်းတန်းဆက်ဆံနေသည်။ ခုလည်း ငြိမ်းမောင်တို့ ဘယ်ကိုသွားမည်ကို ခန့်မှန်းနိုင်သော်လည်း မသိပါဟု ဘူးကွယ်လွှတ်လိုက်၏။

❑

www.burmeseclassic.com

www.burmeseclassic.com

ကောကဒါရွာကလေးသည် ဘားအံနှင့်မဝေးလှ။ ကော့ကရိတ်သွားသည့် ကားလမ်းဘေးတွင် တည်ရှိသည်။ ရွာမှကြည့်လျှင် ဇွဲကပင်တောင်တန်းကို မြူတွေ ရစ်ဝိုင်းလျက် မြင်ရတတ်သည်။

ဇွဲကပင်တောင်ကြီးသည် သံလွင်မြစ်ဘက်မှကြည့်လျှင် တောင်တစ်လုံးတည်း ထီးထီးမားမား မြင်ရသော်လည်း ဒီဘက်ကပြန်ကြည့်သောအခါ တောင်စွယ်တောင် တန်းများအဖြစ် မြင်ရသည်။

ဇွဲကပင်တောင်ကြီးသည် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာမှ ကြည့်လျှင် ပုံသဏ္ဌာန်လေးမျိုး ကွဲပြားစွာမြင်ရသည့် ထူးခြားသော တောင်ကြီးပင်။

ဒီနယ်မြေတွင် မြေပြန့်လွင်ပြင်တွေလည်းပေါသည်။ တောင်တွေ တောတွေလည်း ပေါသည်။ မြေပြန့်ဆိုလျှင်လည်း တကယ်ပီပြင်သောမြေပြန့်။ ဘောလုံးကွင်းလို ညီညာပြန့်ပြူးနေသည်။ တောင်ဆိုလျှင်လည်း ပီပီသသ မြင့်မားမတ်စောက်သော ကျောက်သားပကတိတောင်ကြီးများ။

ဒါကြောင့်ပင် ဒီအရပ်က လူများသည်လည်း ရေမြေသဘာဝကို လိုက်၍ မြေပြန့်လို ဖြောင့်စင်းရှင်းလင်းသောစိတ်ထားနှင့် ကျောက်တောင်ကြီးတွေလို ကြံ့ခိုင်သောအားမာန် တို့ ယှဉ်တွဲနေကြခြင်းဖြစ်လိမ့်မည်ဟု ငြိမ်းမောင်တွေးမိသည်။

ကောကဒါရွာရှိ မန်းညိုဝင်းမောင်နှင့် ဆရာမသိန်းသိန်းထွန်းတို့အိမ်မှာ တည်းခိုကြသည်။ ငြိမ်းမောင်က သူတို့ရောက်လာရသည့်အကြောင်းကို ပွင့်ပွင့်လင်းလင်းဝင် ပြောပြသည်။ ဆရာမက

'ဒီလို ထွက်ပြေးလာတော့ရော လွတ်မှာတဲ့လား ဦးငြိမ်းမောင်ရယ်၊ အင်းလေ ကျွန်မလည်း မပြောတတ်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ပြေလို့မလွှတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမယ့် သားက မသိဘူးလေ။ အခုချိန်မှာ ကျွန်တော် ဘာမှမစဉ်းစားချင်ဘူး၊ သား လုပ်စေချင်တာကို လိုက်လုပ်ပေးမှာပဲ။ သားကို ကျွန်တော်က မချစ်ဘူးလို့ အထင်ခံရမှာကို သေရမှာထက် ကြောက်တယ်။ ကျွန်တော် ရှုံးသွားပြီလို့ ပြောချင်ပြောတော့'

မန်းညိုဝင်းမောင်က ခပ်ပြတ်ပြတ်ပင်

'ကျုပ်တော့ ကိုငြိမ်းမောင်လုပ်တာ မှန်တယ်လို့ထင်တယ်၊ ကလေးက သူ့အမေဆီ မလိုက်ချင်တော့ပါဘူးဆိုတာ ဘယ်ထည့်လို့ဖြစ်မလဲဗျ။ နောက်ပြီး နိုင်ငံခြားမှာ ဆေးသွားကုမှပျောက်မယ်ဆိုတာလည်း မယုံကြည်ဘူး။ မြန်မာကလေးတစ်ယောက်ဟာ နိုင်ငံခြားသွား ကြီးပြင်းရမယ်ဆိုတာကိုလည်း လက်မခံနိုင်ဘူး။ ဟိုမှာ ဘယ်လောက်ခေတ်မီတယ်ပြောပြော နှလုံးရောဂါတို့ ကင်ဆာတို့ကို ကုချင် ကုနိုင်မယ်၊ မြန်မာလူမျိုးတစ်ယောက်ဖြစ်နေတဲ့ စိတ်ရောဂါကို တခြားလူမျိုး ကုနိုင်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဒီမှာ ကိုငြိမ်းမောင် ခင်ဗျားတို့ ဒီရွာမှာလာနေဗျာ၊ ခင်ဗျားသားရောဂါ လုံးလုံးပျောက်သွားစေရမယ်'

မန်းညိုဝင်းမောင်ပြောလည်း ပြောလောက်ပေသည်။ သားမောင်သည် ဒီကိုရောက်ပြီးမှ ပျော်ပျော်ရွှင်ရွှင် လန်းလန်းဆန်းဆန်း ဖြစ်လာသည်။ သူ့ဆရာမနှင့် ပြန်တွေ့ရသောကြောင့်လည်း ဖြစ်၏။

ဆရာမကလည်း သူ့ကို နွေးထွေးစွာကြိုဆိုသည်။ ဟိုအရင်က သင်ပေးခဲ့သော ကဗျာတွေပြန်သင်ပြီး သံပြိုင်ရွတ်ဆိုကြသည်။ လတ်ဆတ်သောအသီးအနှံများကို စားရသဖြင့်လည်း သား၏ကျန်းမာရေး ပိုကောင်းလာသည်။

ပြီးတော့ ဒီရွာကကလေးငယ်များသည် သားကို ညီရင်းအစ်ကိုလို ဆက်ဆံကြသည်။ သူတို့နှင့်တန်းတူသဘောထားကြသည်။ ဝိုင်းစခြင်း၊ ဝိုင်းနှိမ်ခြင်း၊ အနိုင်ကျင့်ခြင်းများ မရှိ။

သူတို့သည် ဘားအံမြို့တစ်ဝိုက် လျှောက်လည်ကြသည်။ ဘုရားတွေ လျှောက်ဖူးကြသည်။ ရွှေယဉ်မျှော်စေတီရောက်တော့ ဖားနှင့် နဂါးရုပ်တုများကို ကြည့်ပြီး ဘားအံမြို့ပုံပြင်ကို ဆရာမက ပြောပြသည်။

သံလွင်မြစ်ထဲမှာ လှေစီးရင်း ရှုခင်းတွေကြည့်ကြသည်။ ဇွဲကပင်တောင်ကြီးပေါ်တက်ပြီး ပတ်ဝန်းကျင်ရှုခင်းကို အပေါ်စီးမှ ကြည့်ကြသည်။

တောင်ခြေရှိ ရေတံခွန်မှာ ရေကူးရတာကို သားက အလွန်ပျော်သည်။

သားပျော်နေတာကြည့်ပြီး ငြိမ်းမောင် သက်ပြင်းမကြာခဏချဖြစ်သည်။ ဒီလိုပျော်ရတာလေးကို သားဘယ်လောက်ကြာကြာ ခံစားရမလဲ။ သားကတော့ ဘာမှ



မသိ။

ဘာပဲဖြစ်ဖြစ် ပျော်ခွင့်ရသလောက်တော့ ပျော်ပါစေ။

❑

ဒီနေ့ ဘုရင့်ညီဂူသို့ သွားကြသည်။ မန်းညိုဝင်းမောင်တို့ လိုက်မပို့နိုင်ကြ။ သားက စက်ဘီးနှင့်သွားချင်သည်ဟုဆိုသဖြင့် ငြိမ်းမောင်က စက်ဘီးနင်းပြီး သားအဖ နှစ်ယောက် ထွက်လာကြသည်။ ခရီးက နည်းနည်းလှမ်းသော်လည်း သားအလိုကျ အတိုင်း လာခဲ့ခြင်းဖြစ်၏။

ဘားအံမြို့ထဲမှာ စားကြသောက်ကြပြီးနောက် ဆက်ထွက်ခဲ့ကြသည်။ ဘုရင့်ညီဂူရှိရာ ကျောက်တောင်အောက်တွင် ရေပူကန်ရှိသည်။ သားက ရေကူးချင်သည်ဆိုပြန်၏။

'အား…ပူတယ် သားရဲ့၊ သား ကူးနိုင်မှာမဟုတ်ဘူး'

သားက ရေကို လက်နှင့်စမ်းကြည့်ပြီး

'ရပါတယ် ဖေဖေ၊ သား ကူးချင်တယ်'

ငြိမ်းမောင်က ရေကူးလို့ ရ မရ မေးကြည့်သည်။ ရပါတယ်ဆိုသဖြင့် သားအဖ နှစ်ယောက် ဆင်းကူးကြသည်။ ကြာကြာမကူးနိုင်။ ပူသဖြင့် ပြန်တက်ခဲ့ကြသည်။

ကျောက်တောင်ကို ကပ်ဖောက်ထားသော လမ်းကလေးအတိုင်း ဘုရင့်ညီဂူရှိရာသို့ တက်ခဲ့ကြသည်။ လမ်းပြင်နေကြသော ဦးပဉ္ဇင်းတွေ၊ ကိုရင်တွေ၊ ကျောင်းသားလေးတွေကို ကျော်ဖြတ်ခဲ့ကြ၏။

ဂူကြီးက အတော်ကျယ်ဝန်းသည်။ အထဲမှာအေးစိမ့်နေသည်။ ဘုရားဆင်းတုတော်တွေ၊ ဘုရင့်ညီနောင်တို့၏ ရုပ်တုတွေ၊ ကျောက်ဂူအမိုးမှ ကျောက်ပန်းဆွဲတွေက အံ့မခန်းပင်။

သားမောင်က ဂူကြီးကို တအံ့တသြငေးကြည့်နေသည်။ ဂူကြီး၏အတွင်းပိုင်းမှာ တဖြည်းဖြည်း နိမ့်ပြီး မှောင်သွားသည်။ ဟိုဘက်မှာ ဘယ်လောက်ရှည်လျားစွာ ရှိသေးသည် မသိ။

အလှူခံပုံးထဲကို ငွေထည့်သည်။ ဖယောင်းတိုင်များပူဇော်၍ ဘုရားရှိခိုးကြသည်။ သားနှင့် မခွဲရပါစေနှင့်ဟု ငြိမ်းမောင် ကျိတ်၍ဆုတောင်းနေသည်။

သားက ဂူအတွင်းပိုင်းကို ကြည့်ပြီး

'ဟိုအထဲမှာ ဘာရှိသလဲ'

'မသိဘူးသားရဲ့၊ ဟိုးအဝေးကြီးထိ ဝင်သွားလို့ရတယ်'

'ဒါဆို သားတို့ကို ဘယ်သူမှမတွေ့အောင် အဲဒီထဲမှာ ဝင်ပုန်းနေရအောင်'

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအောင် စိတ်မကောင်းဖြစ်သွားသည်။

'အထဲမှာ စားစရာမရှိဘူး သားရဲ့၊ ကဲ…ပြန်ရအောင်'

ဘုရင့်ညီဝ္စ၏ ရာဇဝင်သမိုင်းစာအုပ်ကို ဝယ်ပြီး ငြိမ်းမောင်က ဖတ်၍ သားကို ချော့ပြုရင်း ပြန်ဆင်းလာကြသည်။

သားက ငြိမ်းမောင်၏လက်ကိုဆွဲ၍ လိုက်လာရင်း တစ်နေရာတွင် ဆုပ်ကိုင်ထားသော သားလက်က တင်းကြပ်သွားသည်။ ပြီးတော့

'ဟို…ဟိုမှာ…ဟိုမှာ'

ငြိမ်းမောင် သားပြရာသို့ ကြည့်သည်။ ရုတ်တရက် မှင်သက်မိသလို ဖြစ်သွား၏။ ဘယ်လိုလုပ်သိပြီး လိုက်လာနိုင်ကြသလဲ။ အတက်လမ်းအတိုင်း လာနေကြသော ဦးညိုတင်၊ ခင်နိုင်၊ ရဲအရာရှိနှင့် ရဲသားနှစ်ဦး။

ငြိမ်းမောင် ဘာလုပ်ရမည်ဟု မဝေခွဲနိုင်ဘဲ ကြောင်ကြည့်နေမိသည်။ ခင်နိုင်တို့ကလည်း လှမ်းမြင်ပြီး လက်ညှိုးထိုးပြကြသည်။ သားမောင်သည် ခဲလုံးတစ်လုံးကို ကောက်ကိုင်လိုက်၏။

'ဖေ၊ ရဲတွေက သားတို့ကိုဖမ်းတော့မယ်။ သူတို့ကို ခဲနဲ့ထုပြီး ခံချမယ်ကွာ'

'မလုပ်နဲ့သား'

'ဒါဆို သား သူတို့နဲ့လိုက်သွားရမှာလား'

ခင်နိုင်တို့လူစုသည် ရပ်နေကြရာမှ ခြေလှမ်းကို စလှမ်းပြီး တက်လာကြပြီ။ ငြိမ်းမောင် ရင်ထဲက၊ ခေါင်းထဲက တဒုန်းဒုန်းမြည်နေသည်။ ဆင်ခြင်တုံတရားကို ဆုပ်ကိုင်ထားပါလျက် မမြဲဘဲ လွတ်ထွက်သွားသည်။

'သား ပြေးနှင့်တော့၊ ပြေးလေ…ပြေး'

ငြိမ်းမောင်က ကျောက်ခဲကြီးနှစ်လုံးကို ကောက်ကိုင်လိုက်သည်။

'တက်မလာကြနဲ့'

ဟု လှမ်းအော်သည်။ ခြေလှမ်းတုံ့သွားကြသည်။

ခင်နိုင်က ပြန်အော်သည်။

'ကိုငြိမ်းမောင် သားကို အေးအေးဆေးဆေး ပြန်ပေးပါ'

'မပေးဘူးကွ၊ ငါအသေမှ သားကို မင်းရမယ်'

'ဦးငြိမ်းမောင် အဓိပ္ပာယ်မရှိတာတွေ မလုပ်ပါနဲ့'

ဦးညိုတင်က ဝင်ပြောသည်။ ရဲအရာရှိကလည်း

'ဦးငြိမ်းမောင် လက်ထဲက ကျောက်ခဲကို ချလိုက်ပါ။ ကျွန်တော် မေတ္တာရပ်ခံပါတယ်'



'ခင်ဗျား ကျွန်တော့်ကို ပစ်ချင်ပစ်လိုက်'

'မပစ်ပါဘူးဗျာ၊ ဒါပေမယ့် ကျွန်တော့်ဝတ္တရားအရ ခင်ဗျားဆီ ကျွန်တော် တက်လာခဲ့မယ်၊ ခင်ဗျား ခဲနဲ့ထုချင်လည်းထု၊ ကျွန်တော် ခံလိုက်မယ်'

ရဲအရာရှိက ခြေလှမ်းပြင်သည်။ ငြိမ်းမောင်က ကျောက်ခဲကိုင်ထားသော လက်ကို မြှောက်လိုက်၏။ ထိုစဉ်မှာ

'မလာနဲ့နော်၊ လာရင်ခုန်ချလိုက်မှာ'

သားမောင်၏အသံ ထွက်ပေါ်လာသည်။ အသံလာရာသို့ အားလုံးမော့ကြည့်လိုက်ကြ၏။ သားမောင်သည် ကျောက်တောင်စွန်းတစ်ခုပေါ်မှာ ရပ်နေသည်။ အောက်မှာက ချောက်ကြီး။

ရဲအရာရှိက ခြေလှမ်းတုံ့ပြီး ရပ်လိုက်ရသည်။ သားက ထပ်အော်သည်။

'သား ဘယ်သူနဲ့မှမလိုက်ဘူး၊ ဖေနဲ့ပဲနေမယ်။ သားကိုခေါ်သွားရင် ခုန်ချလိုက်မယ်'

'သား…မလုပ်နဲ့လေ'

ငြိမ်းမောင်ကအော်သည်။ သားမောင်သည် ရှေ့ကို တစ်လှမ်းတိုး၏။ နောက်ခြေတစ်လှမ်းဆိုလျှင်

'သား…မလုပ်ပါနဲ့၊ မေမေ သားကိုခေါ်မသွားတော့ပါဘူး။ သားဖေဖေနဲ့ သားနေရပါစေမယ်၊ မေမေ ကတိပေးပါတယ်။ ကိုငြိမ်းမောင် သားကိုခေါ်ပါဦး'

ခင်နိုင့်အသံသည် ကျောက်တောင်နံရံများမှ ပဲ့တင်ထပ်သွားသည်။ ငြိမ်းမောင်က

'သား အဲဒီမှာ ငြိမ်ငြိမ်လေးရပ်နေ၊ ဖေဖေလာခဲ့မယ်'

ဆိုပြီး သားဆီ ပြေးတက်သွားသည်။

ခင်နိုင်သည် နှုတ်မှတိုးတိုးကလေး ရေရွတ်လိုက်၏။

'မေမေ အရှုံးပေးပါပြီ သားရယ်'

❑

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဒုံလေဆိပ်အပေါ်ထပ်ရှိ စားသောက်ဆိုင်ထဲတွင် ငြိမ်းမောင်နှင့် ခင်နိုင်တို့ ထိုင်နေကြသည်။ လေဆိပ်ကိုလိုက်ပို့ဖို့ ခင်နိုင်က တောင်းပန်သောကြောင့် ရောက်ရှိနေခြင်း ဖြစ်၏။

သားမောင်သည် ငြိမ်းမောင်က အတန်တန်မှာထားသောကြောင့် ခပ်အေးအေး လိုက်လာသော်လည်း ခင်နိုင့်ကို မျက်နှာချိုမသွေးမဆိုင်။ ခုလည်း ခင်နိုင်နှင့်ဝေးရာ မှန်သားနံရံမှာသွားရပ်ပြီး လေယာဉ်ပျံများကို ကြည့်နေသည်။

သူတို့နှစ်ယောက်သည် ဘာစကားမှမပြောဘဲ မိနစ်ပေါင်းများစွာထိုင်နေခဲ့ကြသည်။ ခင်နိုင်က စကားစသည်။

'ကို...မောင်'

တစ်ချိန်က အမြတ်တနိုးခေါ်ဝေါ်ခဲ့သော အသုံးအနှုန်း၊ ငြိမ်းမောင် ဆတ်ခနဲဖြစ်သွား၏။

'ကိုမောင့်ကို ခင် တောင်းပန်ပါတယ်။ ဖြစ်ခဲ့သမျှအားလုံး ခင့်အမှားတွေချည်းပဲဆိုတာ အခုဝန်ခံခဲ့ပါတယ်။ အချစ်ဆိုတာ ခင်နဲ့မတန်ဘူးလို့များ ကံကြမ္မာက စီရင်ချက်ချထားလေသလားဟင်၊ အခွင့်အရေးတစ်ခုတော့ တောင်းပါရစေ ကိုမောင်'

သားကို တစ်ချက်လှမ်းကြည့်ပြီး

'တစ်နေ့နေ့ကျရင် ခင် ပြန်လာခဲ့ပါမယ်။ သားနဲ့ ပြီးတော့ ကိုမောင်နဲ့ အတူတူနေခွင့်ရချင်ပါတယ်။ ကိုမောင်က ခွင့်ပြုမယ်ဆိုရင်၊ သားကလည်း ခွင့်ပြုမယ်ဆိုရင်ပေါ့'

ငြိမ်းမောင်က ဘာမှပြန်မပြော။ ခင်နိုင် ထရပ်လိုက်သည်။

'ခင် သွားမယ်'

သားဆီသို့ ခင်နိုင် လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'သား'

သားက လှည့်ကြည့်သည်။

ခင်နိုင် စိတ်မထိန်းနိုင်တော့။ သားရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။ သားကို အတင်းဖက်ပြီး ပါးချင်းအပ်ထားလိုက်သည်။

'သားရယ်'

သားမောင်သည် ခဏမျှငြိမ်နေသည်။ ပြီးတော့ ခင်နိုင်၏ပါးပြင်ကို တအား ကိုက်ချလိုက်လေသည်။ ခင်နိုင့်ကို ဆောင့်တွန်းပြီး ရုန်းထွက်လိုက်သည်။

ခင်နိုင့်ပါးပြင်ပေါ်တွင် သွေးပေါက်များ စိမ့်ထွက်လာသည်။

'လုပ်ပါသားရယ်၊ လုပ်ပါ။ မေမေ့ကို သတ်ပစ်ရင်တောင် ကျေနပ်ပါတယ်။ မေမေ့ကို သားက အပြစ်ဒဏ်ခတ်လိုက်တာလို့ပဲ မေမေသဘောထားပါတယ်။

သားက ခင်နိုင့်ကို စိုက်ကြည့်နေရာမှ

'မကြီးမငယ်နဲ့ ငိုမနေနဲ့၊ နင်ငိုတော့ ငါသည်. ငိုချင်လာပြီ'

ဆိုပြီး ဟီးခနဲ ငိုချလိုက်သည်။ ထို့နောက် အငိုရပ်လိုက်ပြီး

'သူ…သူ သွားတော့မယ်၊ သူ သွားတော့ပါမယ်ကွယ်၊ ပျော်တယ်ကွယ်၊ ပျော်တယ်ကွယ်၊ ပျော်တယ်ကွယ်'

ခင်နိုင့်ကို လက်ညှိုးထိုးရင်း ပါးစပ်က သီချင်းလိုဆို၍ ကွေးနေအောင် ကသည်။ ခင်နိုင်၏ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်များသည် စို့ထွက်လာသော သွေးစများနှင့် ရောပေါင်းသွားသည်။

ခင်နိုင် ချာခနဲ လှည့်ထွက်သွား၏။

လေဆိပ် စစ်ဆေးမှုများပြီးတော့ လေယာဉ်ဆီသို့ လျှောက်သွားသည်။ နောက်ကို လှည့်မကြည့်မိအောင် စိတ်ကိုတင်းထား၏။ လေယာဉ်လှေကားပေါ်တက်သည်။

ဝင်ပေါက်တွင် တန့်ခနဲရပ်သည်။ လေဆိပ်ဝရန်တာဆီသို့ လှည့်မကြည့်ဘဲ မနေနိုင်တော့။

ဝရန်တာမှာ လူတွေအများကြီး။ ငြိမ်းမောင်နှင့်သားကို သဲသဲကွဲကွဲမမြင်ရသော်လည်း ရှိကို ရှိရမည်ဟု သိနေသည်။ သူ လက်ကို လေးလံစွာ ခပ်ဖြည်းဖြည်း မြှောက်လိုက်သည်။

ငြိမ်းမောင်သည် ဒီလောက်တော့ အသည်းမမာနိုင်။

'မင်း အမေကို လက်ပြလိုက်သား'

ဟု ပြောသည်။

သားက မတုန်မလှုပ်ငေးကြည့်နေသည်။ ခင်နိုင့်ကို လေယာဉ်မယ်ကလေးက



လာခေါ်သွားသည်။

လေယာဉ်ရွေ့လျားစပြုပြီ။ တဖြည်းဖြည်း ကွေ့ပြီး အနောက်ဘက်သို့ သွားသည်။ ထို့နောက် ပြန်ကွေ့၍ အရှေ့ဘက်သို့ ဦးတည်သည်။ အရှိန်ယူပြေးနေပြီးနောက် လေထဲပျံတက်သွားသည်။

ငြိမ်းမောင်သည် သားကို ငုံ့ကြည့်လိုက်၏။ သားမောင်သည် ခုကျမှ လက်ကို မြှောက်ပြီး ပြနေသည်။

လေယာဉ်ပေါ်ပါသွားသော သူ့အမေကို လက်ပြတာလား၊ လေယာဉ်ကြီးကိုပဲ လက်ပြတာလားဆိုတာတော့ သားမောင်ကိုယ်တိုင်သာ သိပေလိမ့်မည်။ သူ့မျက်လုံးများသည် ပုံမှန်ထက် ပို၍စွတ်စိုနေကြကြောင်းကိုတော့ သိသာသည်။

ငြိမ်းမောင်ကရော…။

တစ်စတစ်စ ဝေးကွာသေးငယ်သွားသော လေယာဉ်ပျံကြီးကို ဘာကြောင့် မမှိတ်မသုံ ငေးကြည့်နေမိပါသနည်း။

လေယာဉ်ပန်ကာတို့မည်သည် ပြောင်းပြန်လည်ပတ်လို့ရသလား၊ မရဘူးလား။ သူ မသိ…။

မင်းလူ

BURMESE CLASSIC .com

www.burmeseclassic.com